


www.burmeseclassic.com
ပုညခင်စာအုပ်တိုက်
ပုညခင်
ကမ္ဘာဦးပြဿနာ
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

ပုညခင်

# ကမ္ဘာဦးပြဿနာ

BURMESE
CLASSIC
.com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ကမ္ဘာဦးမှာ . . .
ယောကျ်ားနဲ့ မိန်းမရယ်လို့ နှစ်မျိုးနှစ်စား
ဖြစ်တည်လာပြီး ကတည်းက . . .
ချစ်တယ်ထင်ပြီး မုန်းကြ . . .
မုန်းတယ်ထင်ပြီး ချစ်ကြ . . .
ကိုယ်ကချစ်ပြီး သူကမချစ် . . .
သူကချစ်ပြီး ကိုယ်ကမချစ် . . .
အခုချစ်ပြီး နောက်တော့မချစ် . . .
အခုမချစ်ပေမယ့် နောက်တော့ချစ် . . .
ခုသူ့ကိုချစ်၊ နောက်တော့ နောက်တစ်ယောက် ပြောင်းချစ် . . .
. . . . . . . . . . . . . .
. . . . . . . . . . . . . .
. . . . . . . . . . . . . .
. . . . . . . . . . . . . .
ဒါတွေ . . . ဒါတွေဟာ ကမ္ဘာဦးကတည်းက ရှိခဲ့ပြီး
ခုထိလည်း မပြီးဆုံးနိုင်သေးတဲ့ . . .
နောက်လည်း ဘယ်တော့မှ ပြီးဆုံးသွားမှာမဟုတ်တဲ့
'ပြဿနာတစ်ခုပါ'
အဲဒီလို ပြဿနာတွေထဲက တစ်ခုကတော့ . . .

www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

"ဒီနေ့ကျမှ မိုးရွာရင်တော့ သေပြီ ဆရာ ..."

'ရှေးလက်ာ' သည် ကိုယ့်အခန်း မှန်ပြတင်းရဲ့ ဓာခန်းဆီးလေးကို ကပျာကယာ ဆွဲဖယ်ကာ ကောင်းကင်ဆီ မော့ကြည့်ရင်း စိုးရိမ်တကြီးလေး ရေရွတ်လိုက်မိလေသည်။

ကောင်းကင်ကြီးက အုံ့မှိုင်းနေလိုက်တာ ...။ မိုးက မကြာမတင် ရွာချင်နေပြီလား။ ဒါပေမယ့် 'မိုးဖြိုမြစဲ မိုးမဲမရွာ' ဆိုတဲ့ စကားလေးတော့ ကြားဖူးသားပဲ ...။ ကောင်းကင်က မဲနေပေမယ့် ရွာချင်မှရွာတာ၊ ကောင်းကင် ဖွေးဖွေးဖြူနေတုန်း ဖြုန်းဆို ရွာချပြီး မစဲနိုင်တော့တဲ့ မိုးတွေလည်း ရှိတာပဲမဟုတ်လား။

ရှေးသည် ကိုယ့်ဘာသာ စိုးရိမ်၊ ကိုယ့်ဘာသာ ဖြေတွေးလေးတွေးပြီး လက်ချောင်းကလေးတွေချင်း ယှက်၍ ခပ်မြန်မြန် လက်အုပ်ကလေးချီ၊ မျက်လုံးစုံမှိတ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မိုး မရွာပါနဲ့ဦး၊ မိုးမင်းကြီးရယ် မိုးမရွာပါနဲ့ဦး ..."

ဟု တတွတ်တွတ် ဆုတောင်းရေရွတ်လိုက်မိပြီးမှ အိမ်ရှေ့ ဝရန်တာဘက်သို့ ပြေးထွက်လာလေသည်။

ရှေးသည် ဝရန်တာထောင့်လေးမှာ ရပ်လျက် ခြံထဲသို့ ငုံ့ကြည့်လိုက်၏။ ခြံထဲမှာ အသင့်ရပ်ထားသော အနီရောင် အမိုးဖွင့် ပြိုင်ကားလေးကို တွေ့စဉ်မှာ ရှေးရဲ့ ခြေဖဝါးကလေး တွေသည် ဝရန်တာ အခင်းကျောက်ပြားတွေနဲ့ မထိတော့သလို မြောက်ကြွကြွ ခုန်ဆွဆွလေး ဖြစ်လာလေသည်။

ဒီနေ့တစ်နေ့လုံး ရှေးလက်ာ တစ်ယောက် ဂဏှာ မငြိမ် ယောက်ယက်တွေခတ်နေရတာဟာ အဲ့ဒီ ပြိုင်ကားလေး ကြောင့်ဖြစ်သည်။ ကားက ဘယ်အချိန်ရောက်မယ်ဆိုတာ မသိ တာမို့ ရှေးဟာ ထမင်းစားခန်းထဲဝင်ကာ စားချင်တာတွေ ဝင်စားလိုက်၊ အိမ်ရှေ့ ပြေးထွက်ကြည့်လိုက်၊ ရှေးအခန်းထဲမှာ အိပ်ရာထဲ လူးလိမ့်အိပ်လိုက်၊ ဝရန်တာဘက် ပြေးထွက်ကြည့် လိုက်နှင့် ဘာကိုမှ တည်တည်ငြိမ်ငြိမ် မလုပ်နိုင်ဘဲ ယောက် ယက်ခတ်နေခဲ့ရတာ ဖြစ်သည်။

"လှလိုက်တာ ... လှလိုက်တာ၊ အမိုက်စားပဲကွာ၊ လန်း တယ် ... လန်းတယ်၊ အရမ်းလန်းတယ်ကွာ ..."

ရှေးသည် ပါးစပ်က ပတွတ်ပတွတ် ရွတ်ချင်ရာ ရွတ်ကာ နှစ်ချက် သုံးချက်လောက် ခုန်ဆွခုန်ဆွလေးဖြစ်သွား





ပြီးမှ ဝရန်တာမှ ချာခနဲ လှည့်ကာ အိမ်အောက်ထပ်သို့ ပြေး ဆင်းလာလေသည်။

"အမလေး ... မမရှေး ... မမရှေး ... ဖြည်းဖြည်း ... ဖြည်း ဖြည်း ... ပိစိကို တိုက်မိပါ့မယ် မမရှေး ... အမလေး"

လှေကားထစ် လက်ရန်းတွေကို ဖုန်သုတ်နေသော အိမ်က ကလေးမလေး 'ပိစိ' သည် သူ့အရှိန်နှင့်သူ ဝရုန်းသုန်း ကား ပြေးဆင်းလာသော ရှေးကို မော့ကြည့်လျက် လန့်ဖျပ် အော်ဟစ် သတိပေးလိုက်သော်လည်း မမီဘဲ ရှေးက ပိစိကို ဝင်တိုက်မိသွားသည်။ သို့သော် ကိုယ့်ဘာသာ ပျော်မြူးနေသော ရှေးက ပိစိလက်ကို ဆွဲကာထူလိုက်ပြီး ပိစိကို လက်ဆွဲလျက်ပင် လှေကားထစ်တွေကို ဆက်၍နင်းကာ အရှိန်ဖြင့် ပြေးဆင်းသွား သဖြင့် ပိစိမှာ ရှေးနောက်သို့ ကိုးရိုးကားယား ပါသွားသည်။

ရှေးသည် ပိစိကို လက်ဆွဲလျက် မီးဖိုချောင်ဘက် သို့ ပြေးဝင်လာကာ ...

"မလုံးရေ ... အေးမြရေ ..."

"ရှင် ... မမရှေး ..."

"ရှေးကားလေး ရောက်နေပြီ၊ ရှေးမောင်းမယ့် ကားလေး ရောက်နေပြီ ..."

"ဟုတ်လား ... ပျော်စရာကြီးနော်"

"အေးပေါ့ ... ပျော်စရာကြီး"

"ပျော်စရာကြီးဟေ့ ... ပျော်စရာကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



ရှေးနဲ့ တရင်းတနှီး ပြောဆိုမြဲဖြစ်သော မလုံးနှင့် အေးမြက လက်ခုပ်လက်ဝါးတီးကာ ခုန်ဆွ ခုန်ဆွ လုပ်လိုက်ကြသည်။ ရှေးကလည်း မလုံးနှင့် အေးမြကို တစ်ဖက်စီ လက်တွဲကာ ခုန်ဆွ ခုန်ဆွ လုပ်လိုက်ပြန်သည်။ ထို့နောက် မလုံးနှင့် အေးမြက လက်ချင်းတွဲဆက်လိုက်ပြန်ရာ သုံးယောက်သား ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ကခုန်နေသလို မြူးတူးပျော်ရွှင်နေသည်။ ဒီအိမ်မှာ တောက်တိုမည်ရ လုပ်ရသည့် အငယ်ဆုံးမကလေး ပိစိကလည်း သုံးယောက်ရဲ့အလယ်သို့ ခေါင်းလျှိုဝင်ကာ ဆွတဆွတ လုပ်နေသည်။

ခဏနေမှ ရှေးက လက်ချင်းပြုတ်လိုက်ပြီး ...

"ကားရောက်လာလို့ ပျော်တာတော့ ဟုတ်ပါရဲ့၊ ခုနေ မိုးရွာချရင်တော့ ပွဲပျက်ပြီပဲ ..."

"မမရှေးက မိုးရွာထဲမှာ မမောင်းရဲလို့လား ..."

"ဘာလို့ မမောင်းရဲရမှာလဲ ... ၊ မိုးရွာတာလောက်တော့ အေးဆေးပဲ ..."

"ဒါဆို ဘာလို့လဲ ..."

"အေးမြ တော်းမ ... ၊ နင်တို့ သုံးယောက်လုံး တော်းတွေချည်းပဲ၊ အမိုးဖွင့် ပြိုင်ကား မောင်းပါတယ်ဆိုမှ မိုးရွာထဲ မောင်းလို့ အဆင်ပြေမလားဟဲ့ ..."

"မမရှေး ပြောတော့ဖြင့် မမရှေး မောင်းမယ့် ကားက အမိုးဖွင့်ပြီးတော့လည်း မောင်းလို့ရတယ်၊ အမိုး ပိတ်ပြီး





မောင်းလည်း ရတယ်ဆို ... ၊ မိုးရွာတာများ အမိုးပိတ်မောင်းရုံပေါ့၊ အလွယ်လေးပဲ ဥစ္စာ"

"ဒါတော့ နင်ပြောမှလား ပိစိရဲ့၊ ဒါပေမယ့် ငါက ပထမဆုံး ကိုယ့်ကားလေး ကိုယ်မောင်းသွားရမယ့်နေ့မှာ အမိုးလေးဖွင့်ပြီး ပဲများချင်သေးတာပေါ့၊ မိုးရွာထဲ အလုံပိတ်ပြီး မောင်းတော့ ဖီးငုပ်တာပေါ့၊ နေလေးလည်းသာမှ ငါ့ရဲ့နေကာမျက်မှန်အသစ်ကလေးကို တပ်ပြီး မောင်းလို့ရမှာဟ ..."

"သိပြီ ... သိပြီ၊ မမရှေး ပြောတဲ့ပုံစံမျိုး ရုပ်ရှင်တွေထဲမှာ တွေ့ဖူးတယ်၊ အရမ်းမိုက်တယ် ..."

အေးမြ ပြောနေဆဲမှာ မလုံးက ပြတင်းပေါက်ဘက်သို့ ပြေးသွားကာ ကောင်းကင်ဆီ မော့ကြည့်လိုက်ပြီး ...

"နေထွက်လာပြီ၊ နေထွက်လာပြီ၊ မမရှေးရေ ... မိုးမရွာတော့ဘူး၊ နေထွက်လာပြီ ..."

ဟု ဝမ်းမြောက်ဝမ်းသာ အော်ဟစ်လိုက်သဖြင့် ရှေးမှာ ဝမ်းသာလုံးဆို့သွားကာ ...

"အိုကေ ... အိုကေ ... ၊ ရာသီဥတုကတော့ ကိုယ့်ဘက်ပါလာပြီ၊ ကဲ ... သွားကြ ... သွားကြ၊ နင်တို့က ငါ့ကားလေးကို ဖုန်တစ်စက်မှမရှိဘဲ ပြောင်သထက်ပြောင်အောင် သွားသုတ်ပေးထားကြ၊ ရှေးကတော့ အပေါ်ထပ်တက်ပြီး သွားရှိုင်းလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပျော်လွန်းလို့ ဂဏှာမငြိမ် ဖြစ်နေသော ရှေးက စကားမဆုံးခင် မီးဖိုချောင်ထဲမှ ထွက်လာကာ လှေကားထစ်တွေကို တစ်ထစ်ကျော် နင်းတက်လာနေဆဲ ...

"ဝုတ် ... ဝုတ် ... ဝု ... ဝု"

"ဟယ် ... စနိုး ... အမလေး ... ကြည့်စမ်း ... ကြည့်စမ်း တစ်ကိုယ်လုံးလည်း ရွံ့တွေ ရေတွေ ပေပွနေပါလား၊ ပိစိရေ ... ငါ့စနိုးကို နင် သေသေချာချာ ကြည့်မထားဘူးလား ..."

ရှေးသည် ရှေးနောက်ကနေ တဝုဝု ဟောင်ရင်း လှေကားထစ်တွေပေါ် ပြေးတက်လာသော ရှေးရဲ့ အချစ်တော် ခွေးမလေး စနိုးကြောင့် နောက်ပြန်လှည့်ကာ စနိုးကိုယ်လေးကို ဆီးပွေ့ထားလိုက်ရင်း ပိစိကို လှမ်းအော်ပြောလိုက်သည်။ ပိစိသည် ရှေးအသံကြောင့် အူယားဖားယား ပြေးလာကာ ...

"ပိစိ သေချာကြည့်ထားပါတယ် မမရှေးရဲ့ ..."

"နင်ကြည့်ထားရင် စနိုးက ဒီလိုရုပ် ဖြစ်လာပါ့မလား၊ နင် သေချာကြည့်မထားလို့သာ ဒီလိုညစ်ပတ်ပေပွပြီး ခြံထဲကနေ တက်လာတာပေါ့"

"ခုနလေးကမှ ကြီးကြီးက လှေကားလက်ရမ်းတွေကို ဖုန်သုတ်ခိုင်းလို့ သုတ်နေရတာနဲ့ စနိုးကို မျက်ခြည်ပြတ်သွားတာပါ မမရှေးရဲ့၊ ပြီးတော့ စနိုးက ခုတလော အစားကောင်း စားဖို့ထက် ခြံထဲဆင်းဖို့ပဲ ဇောကပ်နေ





တာ၊ လစ်တာနဲ့ ခြံထဲဆင်းပြီး ဟိုဘက်ခြံထောင့်ကိုပဲ ပြေးပြေးသွားတာ ..."

"ဟိုဘက်ခြံထောင့်မှာ ဘာရှိလို့လဲ ..."

"သူ့လို အမွေးဖွားဖွားလေးနဲ့ ခွေးထီးလေးတစ်ကောင် ရှိတယ်လေ၊ ဟိုဘက်ခြံက မွေးထားတာ မကြာသေးဘူး၊ ပြီးတော့ ..."

"ပိစိ ..."

ရှေးက ပိစိစကားမဆုံးခင် ပါးကလေးတွေ ရဲကာ ဒေါသတကြီး အော်ပစ်လိုက်ပါသည်။

"နင်ကများ ငါ့စနိုးကို စွပ်စွပ်စွဲစွဲ ...၊ ငါ့စနိုးက အဲ့လို အစားမျိုး မဟုတ်ဘူးဟဲ့ ..."

ရှေးရဲ့ စကားကြောင့် ပိစိက ပါးစပ်ကို လက်ဖြင့် အုပ်ကာ ခိခနဲ ကျိတ်ရယ်လိုက်သည်။ ရှေးကတော့ ပိစိစကားကို မကျေချမ်းနိုင်သေးဘဲ ...

"ဒီမှာ ... ပိစိ ... နင် သေချာမှတ်ထား၊ ငါ့စနိုးက ဘယ်တော့မှ သူ့ဘက်က စမယ့် အစားမျိုးမဟုတ်ဘူး၊ ဟိုတလောက ခွေးတစ်ကောင် ခြံဝမှာ လျှောက်ပြန်သံပေးလုပ်နေတာတောင် တစ်ချက်ကလေး လှည့်ကြည့်တာ မဟုတ်ဘူး၊ သူ့ဣန္ဒြေနဲ့သူနေတာ၊ နင် ငါ့စနိုးကို အသရေမဖျက်နဲ့ ...၊ နော် ... စနိုးရယ် ... စနိုးတို့က ဒါမျိုး စိတ်မဝင်စားပေါင်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝု ... ဝု ... ဝုတ် ... ဝုတ် ..."

"အေးပါ ... အေးပါ ... စနိုး ဒါမျိုးမလုပ်တာ မမရှေး သိပါတယ်၊ အဲ့ဒီ ပိစိမက အလကား ..."

ရှေးက စနိုးကို ပွေ့ပိုက်ရင်း လူလို သဘောထားကာ စကားပြောနေတာမို့ စနိုးကလည်း ရှေးကို ပါးလျက်နားလျက်လုပ်နေသည်။ ပိစိကတော့ ခွေးမချစ်တတ်သူမို့ မမရှေးနဲ့ ခွေးနဲ့ အဲ့ဒီလောက် ပွတ်သပ်အရောဝင်နေတာကို အသည်းယားနေကာ ...

"မမရှေး ... မမရှေးကိုပါ ရွံ့တွေပေကုန်ဦးမယ်၊ ပိစိကိုပေး၊ စနိုးကို ပိစိ ရေချိုးပေးမယ် ..."

"နေပစေ ... ငါ့ဘာသာပဲ ချိုးပေးလိုက်တော့မယ်၊ နင်က စနိုးကိုကိုင်ရင် ညင်ညင်သာသာ ကိုင်တာမဟုတ်ဘူး၊ တော်ကြာ အမွေးတွေ ကျွတ်ကုန်ဦးမယ်"

ရှေးက စနိုးကိုပွေ့ကာ ရေချိုးခန်းဘက်သို့ ထွက်လာသည်။ ပြီးတော့ စနိုးကို ခွေးရှန်ပူဖြင့် သေချာ ရေချိုးပေး၊ ဒရိုင်ယာဖြင့် မှုတ်ပေး၊ ပေါင်ဒါဖြူးပေးပြီး စနိုးရဲ့ ခေါင်းပေါ်က အမွေးဖွားဖွားလေးကို ဖဲပြားလေးဖြင့် ချည်ပေးလိုက်ပါသည်။

ရှေးအချစ်တော် ခွေးမလေးဟာ ရှီဇူးအမျိုးအစားမို့ အမွေးရှည်ရှည်လေးတွေဖြင့် အရုပ်ကလေးတစ်ရုပ်လို ဖြူဖွေးလှပသည်။ ရှေးအလွန်ချစ်သော ခွေးမလေးမို့ စနိုးကို ရေချိုး၊ အစာကျွေး ... စသည့် ဝေယျာဝစ္စတွေကအစ ရှေးက မပျင်းမရိ





လုပ်ပေးမိမြဲပင် ...။ ခုလည်း ကားထွက်မောင်းဖို့ ဒီလောက် စိတ်အားထက်သန်နေချိန်မှာတောင် စနိုးကို ညစ်ညစ်ပတ်ပတ် ပုံစံဖြင့် မထားခဲ့ရက်နိုင်တာမို့ အမြန် ရေချိုးပေးရတာပင်။

ရှေးသည် စနိုးကို အလှပြင်ပေးပြီးတာနှင့် ရှေးကိုယ် ရှေး အလှပြင်ရဦးမှာမို့ ရေချိုးခန်းထဲဝင်ကာ ရေချိုးလိုက်သည်။ ရေချိုးရင်း သီချင်းတွေလည်း အော်ဟစ်ဆိုမိ၏။ ရေပန်းအောက်မှာ ဝင်ရပ်နေရင်းက 'မီးကို ကားဝယ်ပေးလို့ ကျေးဇူးတင်ပါတယ် မေမေ' ဟု ဗလုံးဗထွေးသံဖြင့် တစ်ချက်တစ်ချက် ထအော်လိုက်သေးသည်။

ရှေးရဲ့ မေမေဟာ ကျေးဇူးတင်စရာ အလွန်ကောင်းသော မေမေ ဖြစ်ပါသည်။ (တခြား မေမေတွေလည်း ကျေးဇူးတင်စရာ ကောင်းမှာပါ)။ မေမေက ပိုးဟပ်ဖြူကလေးလို ဖြူဖျော့ ပိန်နွဲ့လျက် ကျန်းမာရေး သိပ်မကောင်းရှာတဲ့ အမေဖြစ်ပေမယ့် ရှေးရဲ့ ပျော်ရွှင်မှုကိုတော့ အမြဲ ရှေးရှုနေတတ်ပါသည်။

မေမေဟာ မွေးရာပါ နှလုံးရောဂါသည် ဖြစ်ပေမယ့် ရှေးကို သူ့အသက်နှင့် အလောင်းအစားလုပ်ကာ မွေးထုတ်ပေးခဲ့ရှာပါသည်။ ရှေးဖေဖေကတော့ မေမေ အသက်နဲ့ရင်းပြီး မွေးပေးခဲ့တဲ့ ရှေးအနားမှာ ကြာကြာနေဖို့ ကံမပါလာလို့လားတော့ မသိ ... ရှေး အရွယ်မရောက်ခင်မှာ နောက်အိမ်ထောင်ပြုသွားခဲ့ပါသည်။ ခုတော့ ရှေး ဖေဖေဟာ နိုင်ငံခြားမှာ နေတာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်နှင့် သားသမီးတွေ ပွားစီးနေပြီဟု သတင်းကြားရသည်။

မေမေက ဘိုးစဉ်ဘောင်ဆက် ချမ်းသာသောမျိုးရိုးမှ ဆင်းသက်လာကာ အမွေတွေ တစ်ပုံတစ်ပင် ရထားသူမို့ ခုချိန်မှာ ယောကျ်ားလုပ်စာ မစားရလည်း ပြဿနာတော့မရှိပါ။ အိမ်တွေ ခြံတွေ ငှားစားထားသည့် ပိုက်ဆံက အလျှံအပယ် ရနေခဲ့လို့ပင် ...။

ရွေးဟာ အဖေ မရှိပေမယ့်လည်း ဖူးဖူးမှုတ် ချစ်ခင်အလိုလိုက်သော မေမေ့ မေတ္တာရိပ်မှာ မကြောင့်မကြ ကြီးပြင်းလာခဲ့ရသည်။ မေမေ့အစ်မဝမ်းကွဲ အပျိုကြီး ကြီးကြီး ဒေါ်ငွေမှုန်က အိမ်မှုကိစ္စတွေကိုစီမံခန့်ခွဲပေးပြီး အိမ်မှာ အိမ်အကူ မိန်းကလေး သုံးယောက် ရှိနေတာမို့ ရွေးဟာ ဘာအလုပ်ကိုမှ တပင်တပန်း လုပ်စရာမလိုခဲ့ပါ။

အိမ်အကူ မိန်းကလေး သုံးယောက်လုံးဟာလည်း ရုပ်ရည်ကလေး သန့်သန့်၊ ရိုးရိုးသားသားလေးတွေချည်းပဲမို့ တစ်ဦးတည်းသော သမီးပီပီ အဖော်မင်သော ရွေးက ပျင်းလျှင် သူတို့နှင့် ရောနှောအဖွဲ့ကျမိတာပင် ...။ ဒါကို ကြီးကြီးနဲ့ မေမေကလည်း မတားမြစ်ခဲ့ပါ ...။

ခုချိန်မှာ ရွေးအသက်က ၂၀၊ ကျောင်းလည်းပြီးပြီ ဆိုပေမယ့် ရွေးဟာ ကလေးဆန်ဆဲပင် ...။ ကြောင့်ကြမဲ့ ပျော်





ရွှင်စွာနေရသော ဘဝမို့ ရွေးကိုကြည့်လိုက်တိုင်း အမြဲပျော်ရွှင်တက်ကြွနေတာကိုပဲ မြင်ရလိမ့်မည်။

မေမေက ရွေးလိုချင်တာဆို ဖြည့်ဆည်းပေးမြဲဖြစ်ပေမယ့် ရွေး ကားမောင်းချင်တာကိုတော့ စိုးရိမ်တကြီး တားမြစ်ခဲ့ပါသည်။ ဒီက မိရွေးတို့ကလည်း ဒရိုင်ဘာ မောင်းသော ကားကို စီးရတာလောက် ပျင်းစရာကောင်းတာမရှိဟု သဘောထားသူမို့ ကားမောင်းချင်တာမှ ရှုပိုးထိုးနေခဲ့ပါသည်။

ဒီလိုနှင့် ရွေးဟာ ပထမဦးဆုံးအကြိမ်အဖြစ် မေမေ မကြိုက်သော အလုပ်ကို ခိုးလုပ်ဖြစ်ခဲ့ပါသည်။ အဲ့ဒါကတော့ မေမေ မသိအောင် ကားမောင်းသင်ခဲ့တာပင် ...။

ရွေးမှာ ကားမောင်းကျွမ်းကျင်သော မိန်းကလေး သူငယ်ချင်းတစ်ယောက် ရှိသည်။ ထိုသူငယ်ချင်းနဲ့ ရွေးဟာ Gift shop လေးတစ်ခု စပ်တူဖွင့်ထားခဲ့သည်။ ရွေးက ပိုက်ဆံထည့်တာများပြီး သူက လူအင်အားစိုက်ထုတ်တာ ပိုများသည်။ သူ့ကြိုးစားမှုကြောင့် ပန်းဆိုင်လေးနှင့် Gift shop လေး ပူးတွဲဖွင့်ကာ လူသိများ အောင်မြင်လာခဲ့တာပင်။

ရွေးက ဆိုင်ကိုသွားမည်ဟု အကြောင်းပြကာ ရွေးသူငယ်ချင်း 'ခက်' ဆီမှာ ကားမောင်းသင်ရသည်။ ခက်ကလည်း အချိန်လုကာ ရွေးကို ကားမောင်းသင်ပေးရင်း ...

"နင့်အမေသိရင်တော့ ငါ့ကို သတ်တော့မှာပဲ"

ဟု ခဏခဏ ပူပူပင်ပင် ညည်းရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ရှေး ကားမောင်းကျွမ်းကျင်လာကာ လိုင်စင်လည်း ရလာသော တစ်နေ့မှာတော့ အရဲစွန့်ကာ...

"ရှေး ကားမောင်းတတ်နေပြီ မေမေ ..."

ဟု မေမေ့ကို ပြောတော့ မေမေက သူ့ရင်ဘတ်သူဖိကာ ဖိုလှိုက် ဖိုလှိုက် ဖြစ်သွားပြီး ...

"အမလေး ... မသေကောင်း မပျောက်ကောင်း ဘယ်တုန်းကများ ကားမောင်းသင်လိုက်တာတုန်း"

ဟု အလန့်တကြား ထအော်ပါသည်။ ရှေးကလည်း မေမေ့အတွက် ရေတစ်ခွက် ပြေးခပ်လာကာ မေမေ့ကို အရင်သောက်ခိုင်းပြီး အနားကနေ ယပ်တောင် တဖျပ်ဖျပ်ခတ်ပေးနေရင်းက အကျိုးအကြောင်း ပြောပြရပါသည်။

အဲ့ဒီနောက် ရှေး ကားမောင်းကျွမ်းတဲ့အကြောင်း မေမေ ယုံအောင် အိမ်ကကားနဲ့ ခဏခဏမောင်းပြရင်းက ရှေး အလွန်လိုချင်တဲ့ ပြိုင်ကားလေးတစ်စီး ဝယ်ပေးဖို့အရေး အမျိုးမျိုး ဖားရ ချွဲရ ပလီခဲ့ရပါသည်။

ရှေး ကားမောင်းတတ်ပြီးနောက် ရက်ပေါင်း ၂၀၁ ရက်မြောက်နေ့ရောက်တော့မှ မေမေက ကားဝယ်ပေးဖို့ ခေါင်းညိတ်ခဲ့တာပင်။ ရှေးမှာ ပျော်လိုက်သည့် ဖြစ်ခြင်း။ မိုးကိုဒူးနဲ့တောင် ခုန်တိုက်ပစ်လိုက်ချင်သေးသည်။ အမိုးဖွင့် ပြိုင်ကားလေးကို ကိုယ်တိုင်မောင်းခွင့်ရရေးဟာ ရှေးရဲ့ ဖြူစင်သောငယ်အိပ်မက်ကလေးမို့ပင်။





ဒီနေ့မှာတော့ ရှေးရဲ့ အိပ်မက်ကလေးကို လက်ဝယ်ပိုင်ပိုင် ရရှိခဲ့ပြီမို့ ရှေးက စိတ်လှုပ်ရှား ပျော်မြူးနေခဲ့ရပါသည်။

ရှေးသည် ရေချိုးခန်းထဲကထွက်လာပြီး ကက်ဆက်ကို ပြေးဖွင့်လိုက်တော့ ရှေး အကြိုက် အေသင်ချိုဆွေရဲ့ သီချင်းမြူးမြူးလေးက ခုန်ပေါက်ထွက်လာသည်။

*"မိုးလင်းပြီးအိမ်ကနေထွက် ဧတရာလမ်းမလျှောက်၊ တကောက်ကောက်နဲ့ နင်လိုက်နေကျ အာရုံများလည်းနောက်၊ အိပ်စက်ဖို့ အခွင့်အရေးဟာလည်း အလိုလိုရင်းနဲ့ပျောက်၊ မစဉ်းစားဘူးနင်နားလည် ... ညာတာပါ နည်းနည်းလောက်၊ ကြာရင် ရူးလိမ့်မယ် x x x x"*

ရှေးသည် သီချင်းသံနှင့်အတူ စည်းချက်ကျကျလှုပ်ရှားကခုန်ရင်း ဗီရိုကိုဖွင့်ကာ အဝတ်အစားတွေထုတ်ပြီး ခုတင်ပေါ်သို့ ပစ်တင်လိုက်၏။ နေကာမျက်မှန် အသစ်ကလေးကိုလည်း ဘူးထဲမှ ထုတ်လိုက်၏။ ပြီးတော့ မျက်နှာကို နို့ရည်လေး လိမ်းရင်းလည်း လူက စည်းချက်နှင့်အညီ လှုပ်၏။ နှုတ်ခမ်းနီဆိုးရင်းလည်း လှုပ်၏။ အဝတ်အစားဝတ်၊ ခေါင်းဖြီး၊ မျက်မှန်တပ်ကြည့်၊ မှန်ရှေ့မှာ လှည့်ပတ်ကြည့်နေရင်းလည်း ခြေထောက်ကို နှံ့ကာ နှံ့ကာ ကနေ၏။ ရှေးတစ်ယောက်တည်း အခန်းထဲမှာ ယောက်ယက်ခတ် ကခုန်သောင်းကျန်းနေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



စနိုးကလည်း ရှေးခြေထောက်တွေကြားသို့ ဝင်ဝင်တိုးကာ လာရှုပ်နေပုံမှာ သူ့သခင်မလို ဝင်ကနေသလားတောင် ထင်ရသည်။

"ဟဲ့ ... ဟဲ့ ... မိစနိုးနော် ... ငြိမ်ငြိမ်နေစမ်း၊ တက်နင်းမိတော့မှာပဲနော်"

ရှေးမှာ ကောင်းကောင်းတောင် ထိုးထိုးထွန့်ထွန့် မလုပ်ရဘဲ သူ့ပဲကြည့်ရှောင်နေရသည်။

ရှေးက ရှေးရဲ့ ဆံပင်တွေကိုတော့ နဖူးပေါ်မှာ အုပ်အုပ်လေး ဖြီးချပြီး ဘေးစွယ်ရှည်ရှည်လေး နှစ်ဖက်ဆွဲချထားကာ နောက်ဆံပင်တွေကို စုပြီး ထိပ်နား မကျတကျမှာ ဆံထုံးပိစိလေးကို ဖြစ်သလို ကပိုကရိုလေး ရစ်ပတ်ထုံးလိုက်သည်။ ပြီးတော့ နားနှစ်ဖက်မှာ အဝါရောင် ကော်နားကွင်းကြီးကြီးကို ပန်လိုက်သည်။ ဘောင်းဘီရှည်ကျပ်ကျပ်လေးက အစိမ်း၊ တီရှပ်လက်ရှည်လေးက အဝါ ...။ ထိပ်ပိတ် **ရှူးဖိနပ်** အပါးလေးကလည်း အဝါ ...။ ကိုယ့်ကိုယ်ကိုတော့ Free style လေးနဲ့ လှလိုက်တာဟု ကိုယ့်ဘာသာ အမှတ်ပေးရင်း လည်သာအိတ်ပျော့ကြီးကို လွယ်ကာ အခန်းထဲက ထွက်လာတော့ စနိုးက ရှေးနောက်ကို ပြေးလိုက်လာကာ ပတပ်ရပ်ပြီး ကုပ်ကပ်တက်လာသည်။

"ဝုတ် ... ဝု ... ဝု ... အီ ... အီ ... အီ ..."

"ကဲ ... ဖြစ်ပြီ ... ဖြစ်ပြီ၊ စနိုးတို့ကတော့ ငါ အပြင်သွား





မယ်ဆို အမြဲလိုက်ချင်နေတော့တာပဲ၊ ကဲ ... ကဲ ... လာလိုက်ချင်လည်း လိုက်ခဲ့ ..."

ရှေးက စနိုးကို ကောက်ပွေ့ပြီး အပေါ်ထပ်မှ ပြေးဆင်းလာပါသည်။ ဧည့်ခန်းထဲမှာတော့ မေမေရော ကြီးကြီးပါ ရှေးကို စောင့်ကြိုနေသည်။

ရှေးက မေမေ့ရှေ့သို့ ခပ်မြန်မြန်လေး ပြေးသွားကာ လက်ဖဝါးလေးတစ်ဖက်ကို ဖြန့်၍ မေမေ့ဆီ ဆန့်တန်းလိုက်ရင်း ...

"မေ့ ... ကားသော့ပေးတော့ ..."

"အံမယ် ... ဒီလို လွယ်လွယ်နဲ့ ရမယ်မှတ်သလား၊ လာ မေ့နားမှာ ခဏထိုင်ဦး၊ ညည်းခွေးကို ခဏချထားလိုက်ပါဦးအေ ..."

လုပ်ပြီ ... မေတို့က လက်ချာရိုက်တော့မှာ။ သိသားပဲ ...။

မေက ရှေးလက်လေးတစ်ဖက်ကို လှမ်းဆွဲကိုင်ထားလိုက်ရင်း ...

"သမီးနဲ့ မေနဲ့ အပေးအယူတစ်ခုတော့ လုပ်ချင်တယ်"

"ဘာအပေးအယူလဲ မေ ..."

"မေက သမီး လိုချင်တဲ့ ကားလည်း ဝယ်ပေးတယ်၊ ကားမောင်းခွင့်လည်း ပေးတဲ့အတွက် သမီးဘက်ကလည်း မေ့ကို တစ်ခုခု ပြန်လုပ်မပေးချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှေးဘာပြန်လုပ်ပေးရမလဲ မေ၊ မေ ဘာလိုချင်လို့လဲ၊ မေ လိုချင်တာရှိရင် ရှေးစုထားတဲ့ ပိုက်ဆံနဲ့ ပြန်ဝယ်ပေးမယ်လေ ..."

မေက ပြုံးလိုက်ရင်း ...

"ပစ္စည်းမလိုပါဘူး သမီးရယ်၊ မေက စိတ်ချမ်းသာမှုပဲ လိုချင်တာ၊ သမီး မေ့ကို ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ပါဘူးဆိုတဲ့ ကတိ မပေးနိုင်ဘူးလား"

"ဟာ ... သိပ်ပေးနိုင်တာပေါ့ မေရဲ့၊ ဒါများ ဘာအပမ်းကြီးလို့လဲ၊ အခုလည်း မေ စိတ်ဆင်းရဲအောင် ရှေးဘာလုပ်လို့လဲ၊ မေ ကားဝယ်မပေးလည်း ရှေးက မေ့ကို စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်ဘူး"

"မေ့ကို ကတိပေးတယ်ပေါ့ ..."

"ပေးတာပေါ့ မေရဲ့၊ ပေးတယ် ... ပေးတယ်၊ ကတိ ... ကတိ ..."

"ညည်း ကားသော့ မြန်မြန်လိုချင်လို့ အလွယ်ပြောတာ မဟုတ်ပါဘူးနော်"

"ဩော် ... မဟုတ်ပါဘူး မေရယ်၊ ရှေးရဲ့ တကယ့်စိတ်ရင်းနဲ့ ကတိပေးတာပါ၊ ကြီးကြီးကို သက်သေထားပါတယ်၊ နော် ... ကြီးကြီး၊ ကြီးကြီး သက်သေလုပ်ပေးလိုက်နော် ..."





ရှေးက ကြီးကြီးကိုပါ လှည့်ပြောတော့မှ မေမေက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလာကာ သူ့နောက်မှာ ဖွက်ထားသည့် ကားသော့လေးကို ထုတ်ပေးလိုက်ပါသည်။

"ကဲ ... ရော့ ... ဒီမှာ ..."

"မေက ချစ်စရာကောင်းလိုက်တာ ..."

ရှေးက မေ့ပါးကို ရွှတ်ခနဲ လှမ်းနမ်းလိုက်တော့ ကြီးကြီးက ရှေးကို မျက်စောင်းထိုးကြည့်ကာ ...

"ညည်းတို့ အရွယ်လေးတွေဟာ ဘာမဆို ငါလုပ်နိုင်တယ်၊ ငါစွမ်းဆောင်နိုင်တယ်ဆိုတဲ့ သူရဲကောင်းလုပ်ချင်စိတ်နဲ့ ကိုယ့်ကိုယ်ကို ယုံကြည်ချက် လွန်ကဲနေတဲ့အရွယ်တွေပဲ ...၊ ငါ ကားမောင်းကျွမ်းတယ်ဆိုပြီး ဖွတ်ရွတ်မောင်းမနေနဲ့ဦး ... ကြားလား၊ ညည်းထက် ကျွမ်းကျင်တဲ့သူတွေတောင်မှ သတိမမူရင် ဂူတောင်မမြင်ဘူး၊ သေချာသတိထားပြီး မောင်း ..."

"ဟုတ်ကဲ့ပါ ကြီးကြီးရဲ့ ... အေးဆေးပါ"

"ကဲ ... ကြည့် ... ဒီလောက်ပြောနေတဲ့ကြားက အေးဆေးပါတောင် လုပ်လိုက်သေးတယ်၊ ညည်းတော့နော် ...ဟင်း ငါခေါက်မိတော့မယ်"

ကြီးကြီးက လက်ရွယ်တာမို့ ရှေးက ဖက်ကလေး ပုလိုက်ရင်း ...

"ကြီးကြီးရော မေမေပါ စိတ်ချပါ၊ ရှေး အရမ်းသတိထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး မောင်းမှာပါ၊ ရှေးကို သွားခွင့်ပြုပါ၊ စနိုးရေ... လာပော့၊ သွားရအောင်"

"ဟင် ... ညည်းက စနိုးကိုပါ ခေါ်သွားမလို့လား"

"ဟုတ် ..."

"ဖြစ်ပါ့မလားအေ ..."

"ဖြစ်ပါတယ် ကြီးကြီးရဲ့၊ အရင်လည်း ခေါ်သွားနေကျပဲဟာ"

"အရင်ကားက အလုံပိတ်လေ၊ အခုကားက ညည်းအမိုးဖွင့်မောင်းမှာ မဟုတ်လား၊ တော်ကြာ ခုန်ချထွက်ပြေးနေပါဦးမယ်ဟယ်"

"စနိုးက ရှေးနားမှာ ငြိမ်ငြိမ်လေး ထိုင်လိုက်နေကျပါကြီးကြီးရဲ့၊ ကားက အမိုးဖွင့်ထားတော့ လေတဖြူးဖြူးနဲ့ဆို သူ အရမ်းသဘောကျမှာ ..."

"ခွေးသဘောကျတာကို ညည်းကသိတယ်ပေါ့"

"သိတာပေါ့ ...၊ ရှေးက သူ့သခင်ပဲဟာ ..."

"သြော် ... သြော် ... အေးပါ ... အေးပါ၊ ညည်းဇာတ်ညည်း နိုင်တယ်ဆို ပြီးတာပါပဲ၊ ကဲ ... ကြွ ... ကြွ ..."

"ကျေးဇူးအများကြီး တင်ပါတယ်၊ ရှဲ့ရှဲ့ ... ရှဲ့ရှဲ့ ..."

ရှေးက ရှေးရဲ့ စနိုးလေးကို ကောက်ပွေ့ကာ ကားရှိရာသို့ အမြန်ပြေးထွက်လာခဲ့လေသည်။

❑ ❑ ❑



❀ ❀ ❀

ပျော်စရာကြီး။

"ကားမောင်းရတာ ပျော်စရာကြီးပါလားနော် ... ဟိဟိ"

ရှေးသည် ပျော်လွန်းလို့ လူက ပေါ့လွတ်ပြီး လေထဲ မျောသွားတော့မလိုတောင် ထင်ရ၏။

ခရမ်းဖျော့ရောင် နေကာမျက်မှန်အဝိုင်းကြီးအောက်က ခပ်ပျပျ မြင်နေရတဲ့ ရှေးရဲ့ မျက်လုံးလေးတွေသည် ပျော်ရွှင်မှုကြောင့် ရွှန်းစိုတောက်ပလျက်ရှိ၏။

ရှေးက ခြောက်လမ်းသွား ပြည်လမ်းနှင့် ကမ္ဘာအေး ဘုရားလမ်းကို ပတ်မောင်းပြီး ကိုးမိုင်ဘက်ကို မောင်းထွက်လာသည်။ ထို့နောက် မြို့ပြင်ဘက်သို့ ဆက်မောင်းလာခဲ့သည်။ မြို့ပြင်မှာ ကားခဏရပ်ကာ ကားပေါ်မှဆင်း၊ ကားကိုမှီရပ်ပြီး ခေါင်းကိုမော့ကာ လေဝဝရှူလိုက်သည်။ ပြီးတော့ ကားနှင့်တွဲ၍ ဓာတ်ပုံရိုက်ဖို့ သတိရကာ ကားဒက်ရှ်ဘုတ်ပေါ်က ရှေးရဲ့ ဟန်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုလှမ်းယူပြီး မျက်နှာရှေ့မှာ လက်ကိုဆန့်တန်းထုတ်ကာ မျက်နှာကို ဘယ်ဘက်ငဲ့လိုက်၊ ညာဘက်ငဲ့လိုက်၊ မျက်လုံးကို အပေါ်လှန်ကြည့်လိုက်၊ မျက်လွှာစင်းချလိုက်၊ ပြုံးလိုက်၊ ရယ်လိုက်၊ တည်လိုက်၊ လက်နှစ်ချောင်း ထောင်ပြကာ ပြောင်စပ်စပ်လုပ်လိုက်နှင့် အမျိုးမျိုး အိုက်တင်ပေး ဓာတ်ပုံရိုက်လိုက်သည်။ lover seat မှာ ပုံ့ပုံ့လေးထိုင်နေသည့် စနိုးကိုလည်း ဓာတ်ပုံတွေ ရိုက်ပေးလိုက်သည်။

သို့သော် ရှေးပုံက မျက်နှာချည်းပဲပါတာမို့ အားကမရ။ တစ်ကိုယ်လုံးရော ကားရော ပါချင်သေးတာမို့ ကားထဲက ရှေးလွယ်နေကျ လည်သာအိတ်ပျော့ကြီးကို လှမ်းယူကာ အထဲက sony ကင်မရာလေးကို ထုတ်ယူလိုက်သည်။ ကင်မရာကို ဖွင့်လိုက်ပြီးတော့ ဘယ်ကနေ ဘယ်လိုရိုက်ရပါ့မလဲဟု ဦးနှောက်စားသွားသည်။ ရှေးက ကင်မရာကိုကားဘောနက်ပေါ်တင်ကာ အော်တို ခလုတ်နှိပ်ပြီး ကင်မရာရှေ့သို့ အပြေးလေးသွားရပ်လျက် ခါးကိုနွဲ့၍ ခေါင်းကို ဘေးတစ်စောင်းမော့ကာ အိုက်တင်ပေးလိုက်သည်။ သို့သော် ... ကားနှင့်လူ တွဲရက်ပုံကောင်းကောင်းမရသေးတာမို့ ရှေးက အတင့်ရဲတယ်ပဲဆိုဆို ပေါတောတောလို့ပဲဆိုဆို မလှမ်းမကမ်းက မောင်းနှင်လာနေသော ကားတစ်စီးကို အပြေးလေး သွားတားလိုက်ပါသည်။

ရှေးကာ လှလို့လားတော့မသိ ... ဖင်ကောက် ဘင်





ကားလေးက သဘောကောင်းစွာဖြင့် ရှေးနားမှာ ကျွီခနဲ ရပ်သွားသည်။

"ဘာအကူအညီ ပေးရမလဲ ... ညီမလေး"

ဦးလေးကြီးတစ်ယောက်က အစွမ်းကုန်ပြုံးဖြီးကာ သူ့သမီးအရွယ်လေး ရှေးကို ညီမလေးဟု အားမနာ လျှာမကျိုးခေါ်ရှာ၏။ ရှေးကလည်း အားမနာ လျှာမကျိုးစွာဖြင့် ...

"ဦးလေးကြီး ... သမီးကို ဒီကားနဲ့တွဲပြီး ဓာတ်ပုံရိုက်ပေးစမ်းပါ"

"အိုကေ ... အိုကေ ..."

ဦးလေးကြီးက ဝမ်းမြောက်ဝမ်းသာစွာဖြင့် စိတ်ပါလက်ပါ ဓာတ်ပုံရိုက်ပေးရှာသည်။

"စနိုးနဲ့လည်း ရိုက်ဦးမယ်၊ စနိုး ... လာ ... လာ၊ ဓာတ်ပုံရိုက်မယ်၊ အိုက်တင်ပေးပါ"

ရှေးက စနိုးကို ပွေ့ချီခေါ်လိုက်ပြီး ရိုက်ပြန်သည်။

"စနိုးရေ ... ဓာတ်ပုံရိုက်တော့မယ်၊ ပြုံးလိုက်နော် ... ပြုံးလိုက် ..."

ဟု ရှေးက ပြောတော့ ဦးလေးကြီးက အူကြောင်ကြောင်ဖြစ်သွားကာ ...

"ညီမလေး ခွေးက ပြုံးတတ်တယ်လား"

"ပြုံးတတ်တာပေါ့ ... ဦးလေးကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရှေးက စနိုးရဲ့ ပါးနှစ်ဖက်ကို လက်ဖြင့်ဆွဲဖြဲ၍ ပြုံးသလိုပုံစံဖြစ်အောင် လုပ်ပေးလိုက်သည်။

ဦးလေးကြီးကလည်း ထိုင်ကာ ထကာ ကုန်းကာ ကွကာဖြင့် စိတ်ပါလက်ပါ ရိုက်ပေး၏။

ဓာတ်ပုံတွေ ရိုက်ပြီးသွားတော့ ဦးလေးကြီးက ပြုံးဖြီးဖြီး ရုပ်ကြီးဖြင့် အနားကပ်လာကာ ...

"ညီမလေး ... အစ်ကိုကြီးကို ဖုန်းနံပါတ်ပေးပါလား၊ ရှေ့ဆက် ခင်ကြရအောင်လေ ... နော် ... ညီမလေး"

"ခင်ရမှာပေါ့ ဦးလေးကြီးရယ်၊ ကားထဲမှာ သမီးလိပ်စာကဒ်ပါတယ်၊ ယူပေးမယ် ... ခဏစောင့်၊ စနိုးရေ ... နင်က နင့်နေရာ နင်ပြန်ထိုင်နော်၊ ဦးလေးကြီး ... ခဏနော်"

ရှေးက စနိုးကို ရှေးဘေးကခုံမှာ ပြန်တင်ပေးလိုက်ပြီး ကားတံခါးဖွင့်ကာ ရှေးနေရာမှာ အလျင်အမြန် ဝင်ထိုင်လိုက်သည်။ ဦးလေးကြီးက ပြုံးပြီး မျှော်လင့်နေချိန်မှာ ရှေးက ကားကို မောင်းထွက်လိုက်ရင်း ...

"ဦးလေးကြီးရေ ... တာ့တာ ဘိုင့်ဘိုင် ချဲရီးယို ..."

ဟု အော်ဟာစ်နှုတ်ဆက် တာ့တာပြရင်း လျှာထုတ်ပြောင်ပြခဲ့လေသည်။

ထိုဦးလေးကြီး ဆွေ့ဆွေ့ခုန် ကျန်ခဲ့တာကို နောက်ကြည့်မှန်ထဲကနေ လှမ်းကြည့်ရင်း ရှေးက ခေါင်းမော့ရယ်မောလိုက်မိသည်။ ပြီးတော့ စနိုးကို လှည့်ကြည့်ရင်း ...





"စနိုး ... တွေ့လား၊ အခွင့်အရေးရရင် လိုချင်တဲ့ လူကြီးတော့ ဆွေ့ဆွေ့ခုန် ကျန်ခဲ့ပြီ"

"ဝုတ် ... ဝု ... ဝု ..."

"အေး ... အေး ... စနိုးလည်း မြင်တယ်မဟုတ်လား"

"ဝု ... အီ ... အီ ..."

"စနိုးနား လာကပ်တဲ့ အထီးလေးတွေကိုလည်း အဲဒီလို ပညာပေးလိုက်နော် ... စနိုး၊ မမရှေးကို အတုယူ သိလား ဟား ... ဟား"

ရှေးက စနိုးကို လှမ်းလှမ်းပြောနေရင်း နောက်က ပါလာသည့် ဦးလေးကြီး ကားကို မျက်ခြည်ပြတ်သွားအောင် လမ်းသွယ်လေးတွေဘက်သို့ ကားကို ချိုးကွေ့လိုက်သည်။

ရှေးသည် လမ်းသွယ်ကလေးမှထွက်ကာ လမ်းမကြီးဘက်သို့ ပြန်မောင်းလာလိုက်၊ လမ်းသွယ်ကလေးဘက်သို့ ချိုးကွေ့ဝင်လိုက်ဖြင့် မောင်းလာနေဆဲမှာ ဖုန်းသံမြည်လာသည်။ ခက်ဆီက ဖုန်းပေါ့။ ရှေးသည် ခက်ကို ကြွားလိုက်ဦးမှပဲဟု တွေးကာ ဘယ်ဘက်လက်ဖြင့် ဖုန်းဖွင့်ကိုင်လိုက်သည်။

"ခက်ရေ ... ငါ အခု ဘာလုပ်နေလဲ သိလား ..."

"ဘယ်သိမှာတုန်း၊ ပြောပါဦး ..."

"ကားမောင်းနေတာဟဲ့၊ ကားမောင်းနေတာ၊ မေမေ ဝယ်ပေးတဲ့ ပြိုင်ကားအသစ်လေးကို မောင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကြွားပါ့ဟယ်၊ ငါ သင်ပေးလို့ မောင်းတတ်တဲ့သူက များ"

"ဟား ... ဟား ... ကျေးဇူးတင်ပါတယ် ကျေးဇူးရှင်ရယ်"

"အသံကိုက အပျော်လုံးဆို့နေတဲ့အသံနဲ့ ... နင် တစ်ယောက်တည်း မောင်းနေတာလား"

"စနိုးလည်း ပါတယ်"

"လူကို မေးတာဟဲ့ ..."

"လူကတော့ အီစကို တစ်ယောက်တည်းပေါ့၊ ငါ အခု မြို့ပြင်ဘက် ကားထွက်မောင်းပြီး ပြန်လာတာ၊ ငါ လူတစ်ယောက်ကို ဘာလုပ်ပစ်ခဲ့လဲ သိလား"

"ဟဲ့ ... တိုက်ပစ်ခဲ့မိလို့လား"

"နင့်အဘ၊ လူတိုက်မိရင် ငါ့အသံက ဒီလောက်မြူးနေပါ့မလားဟဲ့၊ လမ်းမှာ ကားတစ်စီးကို တားပြီး ဦးလေးကြီး တစ်ယောက်ကို ဓာတ်ပုံရိုက်ပေးခိုင်းပြီး သူနဲ့ဆက်မခင်ချင်လို့ အသာလေး လစ်ထွက်လာခဲ့တာ၊ အဲ့ဒီလူကြီးတော့ ဆွေ့ဆွေ့ခုန် ကျန်ခဲ့တာပဲ"

"မိရှေးတို့ကတော့ ရူးသလို ပေါသလိုနဲ့ ထင်ရာလျှောက်လုပ်တော့တာတာပဲဟယ် ..."

"ထင်ရာလုပ်တာ မဟုတ်ပေါင်ဟယ်၊ ပညာပြ ... ပြ ... ဟင် ..."

"ကျွီး ..."





"ဟဲ့ ... ရှေး ... မိရှေး ..."

ရှေးသည် ကိုယ့်ကားရှေ့သို့ ရိပ်ခနဲ ဝင်ရောက်လာသော တစ်စုံတစ်ရာကြောင့် ကျွီးခနဲ ဘရိတ်အုပ်ရင်း ဖုန်းကို လွှတ်ချပစ်လိုက်မိသည်။

ရှေးက တစ်ခုခုကို တိုက်မိသွားလား၊ မတိုက်မိဘူးလားဆိုတာ မသေချာတာမို့ ကားပေါ်ကဆင်းဖို့ ကားကို စက်သပ်ကာ ကားသော့ ဆွဲနှုတ်နေချိန်မှာပဲ ရှေးတို့အရွယ်ယောကျ်ားတစ်ယောက်က ရှေးနားသို့ အလွန်လျင်မြန်သော အရှိန်ဖြင့် ရောက်လာပြီး ရှေးလက်ကို ဆောင့်ဆွဲကာ ကားထဲမှ အကြမ်းပတမ်း ဆွဲထုတ်လိုက်လေသည်။

"ဟင် ... ရှင်က ဘာလဲ၊ ဒါ ဘာလုပ်တာလဲ၊ လွှတ် ... လွှတ်စမ်း"

"လာစမ်းပါကွာ ..."

"အမေ့ ..."

ထိုယောကျ်ားရဲ့ မျက်နှာမှာ နီရဲသလား၊ ညိုမည်းသလားတောင် မသိ ... အလုံးစုံ ကြေကွဲတင်းမာလျက် မျက်လုံးတွေပါလည်း နီရဲကာ မျက်ရည်ဝဲ့ စိုစွတ်လျက်ရှိတာကို အလန့်တကြား မြင်ရလေသည်။

ထိုသူသည် ရုန်းကန်နေသော ရှေးရဲ့ လက်တွေနာကျင်သည်သွားအထိ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် ရှေးကို ကားရှေ့ပိုင်းသို့ဆွဲခေါ်သွားကာ လက်ညှိုးထိုးပြလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် ... မင်း ဒီမှာကြည့်လိုက်၊ မင်း ဘာကိုတိုက်မိသွားလဲဆိုတာ ကြည့်လိုက်စမ်းပါ"

"ဟင် ..."

ရှေးသည် ကားရှေ့မှာ သွေးသံရဲရဲဖြင့် လဲနေသော ခွေးကလေးကို အတွေ့မှာ ရင်ထဲ ဆတ်ခနဲ တုန်ခါသွားသည်။ ဘုရားရေ ... သေသွားပြီလား ...။

ရှေးက ကိုယ့်ရင်ဘတ်လေး ကိုယ်ဖိကာ ခွေးလေးကို တုန်တုန်လှုပ်လှုပ် ငုံ့ကြည့်နေဆဲမှာပဲ သူက ခွေးလေးနားမှာ ဒူးထောက်ထိုင်ချလျက် ခွေးလေးကို ပွေ့ယူလိုက်လေသည်။ ခွေးလေးကတော့ သူ့ရင်ခွင်ထဲမှာ ငြိမ်သက်သွားလေသည်။

ရှေးသည် ကိုယ်လည်း ခွေးချစ်ရသူမို့ ခွေးချင်းစာနာကာ ဆို့နင့် မျက်ရည်ဝဲလာသည်။ သူကတော့ ...။ ဘုရားရေ ... သူငိုနေပါလား ...။

ခွေးလေးကို ငုံ့ကြည့်လျက် အသံမထွက်ဘဲ မျက်ရည်တွေတွေ စီးကျနေသော သူ့ကိုကြည့်ရင်း ရှေး ဘာလုပ်ရမှန်းမသိတော့တာမို့ အမှတ်တမဲ့ပင် သူ့ပခုံးတစ်ဖက်ပေါ်သို့ လက်ဖဝါးတစ်ဖက် လှမ်းတင်လိုက်ရင်း ...

"ရှေး တောင်းပန်ပါတယ်၊ ရှေး တမင် မရည်ရွယ် ..."

"တော်စမ်း ..."

ရုတ်တရက် သူက ရှေးရဲ့လက်ကို ပုတ်ထုတ်ပစ်လိုက်ပြီး မတ်တတ်ရပ်ကာ ရှေးကို ဆတ်ခနဲ လှည့်ကြည့်လိုက်





သည်။ အို ... သူ့မျက်ဝန်းထဲမှာ အမုန်းရိပ်တွေ အလျှံတညီးညီး တောက်လောင်လို့နေခဲ့သည်။

"မင်း ... မတောင်းပန်နဲ့၊ မင်း တောင်းပန်လို့လည်း ဘာမှဖြစ်မလာဘူး၊ မင်း ငါ့ကို ဘာပြန်လုပ်ပေးမလဲ၊ ငါ့ခွေးအတွက် မင်း ဘာပြန်လုပ်ပေးနိုင်မလဲသာ ပြော ..."

"ရှေးကို ဘာပြန်လုပ်ပေးစေချင်သလဲ၊ ရှေး ဘာလုပ်ပေးရမလဲ"

ရှေးက အထိတ်တလန့်လေး ပြန်မေးတော့ သူက နာကျင်သော မဲ့ပြုံးတစ်ချက် ပြုံးလိုက်ရင်း ...

"ငါ့ခွေးကို ပြန်ရှင်လာအောင် လုပ်ပေးလေ ..."

"ရှင် ..."

ရှေးသည် သူ့ကို အံ့လည်း အံ့သြ၊ စိတ်လည်း ဆင်းရဲသွားကာ ...

"သေသွားတာ ဟုတ်လို့လား၊ သေချာစစ်ဆေးရအောင် ဆေးခန်းပို့ပေးမယ်လေ ..."

"မရတော့ဘူးကွ၊ ငါ့ခွေးက သေနေပြီ၊ ဆေးခန်းပို့လည်း ပြန်ရှင်မလာတော့ဘူး"

"တိကုဆရာဝန်တောင် ရှင်အောင်လုပ်မပေးနိုင်ရင် ရှေးက ဘယ်လိုလုပ်ပေးနိုင်မလဲ၊ ရှေးက တန်ခိုးရှင်မှ မဟုတ်တာဘဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်း သူ့အတွက် တစ်ခုခုတော့ အလျှော်ပေးရမှာပေါ့"

သူက ခွေးကလေးကို ခဏချထားပြီး ရှေးထံသို့ နီးသထက်နီးအောင် လျှောက်လာလေသည်။ သူ့မျက်ဝန်းတွေထဲမှာ ဒေါသတွေ၊ အမုန်းတွေ ကြောက်စရာကောင်းအောင် တောက်လောင်လျက်ရှိတာမို့ ရှေးက ထိတ်လန့်လျက် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

သို့သော် သူက ရှေးလက်ကို အမိအရ လှမ်းဆောင့်ဆွဲလိုက်ပြီး တစ်နေရာသို့ ဆွဲခေါ်သွားနေသည်။

"ရှင် ... ဘာလုပ်တာလဲ၊ ဖယ် ... ဖယ်၊ လွှတ် ... လွှတ်"

ရှေးသည် ပလုံးဗထွေး အော်ဟစ်ရင်း သူ့လက်ထဲမှာ ဖက်ရွက်လေး တစ်ရွက်လို ပါသွားသည်။ ခဏကြာသော် သူက ထမင်းဆိုင်လေးတစ်ဆိုင်ရဲ့ ဘေးဘက်ရှိ ပလတ်စတစ်ရေစည်ပိုင်းကြီးတစ်ခုရှေ့မှာ ရပ်တန့်လိုက်လေသည်။ ရှေးက သူဘာလုပ်မှာပါလိမ့်ဟု မမှန်းဆနိုင်ခင်မှာပဲ သူက လျှပ်ပြက်သလိုပင် ရှေးရဲ့ နောက်စေ့တည့်တည့်က ဆံထုံးသေးသေးလေးကို ဆုတ်ဆွဲလိုက်ပြီး ရှေးရဲ့ခေါင်းကို ရေစည်ထဲသို့ ဖိနှစ်ပစ်လိုက်တော့သည်။

ရှေးသည် အမှတ်တမဲ့ အငိုက်မိစွာဖြင့် ရေထဲသို့ မျက်နှာအပ်ကျသွားကာ မခံမရပ်နိုင်အောင် ရေမွန်းသွားသည်။ အသက်ရှူကျပ်ကာ ကိုယ့်ကိုယ်ကို သေသွားတော့မလားဟုတောင်





ထင်လိုက်ရလျက် သွေးရူးသွေးတန်း ရုန်းကန်လိုက်သော်လည်း သူ့က ရှေးရဲ့ ခေါင်းကို မလှုပ်သာအောင် ဖိချုပ်ထားသည်။ ထိုအခိုက်မှာ ရှေးသည် သူ့ကို ခါးခါးသီးသီး မုန်းတီးသွားလေသည်။

ရှေးသည် အသိကင်းလွတ်တော့မည့်ဆဲဆဲတွင် သေရင်လည်း သေသွားပါစေတော့ဟု စိတ်ကိုလျှော့လိုက်ချိန်မှာ သူက ရှေးခေါင်းကို ရေထဲမှ ပြန်ဆွဲမလိုက်သည်။

"အား ... ဖူး ... ဖလူး ... အဟွတ် ... ဟွတ် ..."

ရှေးသည် မျက်လုံးဖွင့်ကြည့်လိုက်သော်လည်း မျက်လုံးတွေထဲ ဘာမှမမြင်အောင် ပြာနှမ်းနေကာ အသက်ရှူလို့ ချက်ချင်းမရဘဲ မောဟိုက်နေပြီးမှ အဆက်မပြတ် ချောင်းဆိုးလျက် ပါးစပ်ထဲမှ ရေတွေထွက်ကျလာသည်။ ထိုအချိန်မှာ စနိုးရဲ့ ဟောင်သံကိုကြားရသည်။

"ဝုတ် ... ဝုတ် ... ဝု ... ဝု ..."

ရှေးက မျက်လုံးတွေကို လက်ဖြင့်ပွတ်လျက် နှာခေါင်းထဲ နားထဲ မွန်သီးနေချိန်မှာ စနိုးက ရှေးရဲ့ ခြေထောက်တွေကို ကုပ်ကပ်တက်လျက် အဆက်မပြတ် ဟောင်နေခဲ့သည်။

"ဩော ... သခင်ချစ် ခွေးလေးတစ်ကောင်လည်း ပါလာတာကိုး၊ အတော်ပဲ ...၊ အလျော်ရပြီပေါ့ကွာ ..."

ရှေးသည် သူ့စကားကြောင့် ရင်ထဲဆောင့်ခုန်သွားကာ ခေါင်းကိုဘယ်ညာယမ်းခါလိုက်ပြီး မျက်လုံးတွေကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ သူ့ရဲ့ မျက်နှာကို အနီးကပ်မြင်ရလေသည်။ ရှေးသည် သူ့ကို ရွံ့ကြောက်ကြီးကြောက်လျက် ရှေးရဲ့ စနီးကို ပွေ့ချီဖို့ ခေါင်းငုံ့ ခါးကိုင်းလိုက်ချိန်မှာ သူက အရင်ဦးအောင် စနီးကို ဖျတ်ခနဲ ကောက်ချီလိုက်သည်။

"ရှင် … ဘာလုပ်တာလဲ၊ စနီးကို ပြန်ပေးပါ၊ စနီး … လာ … လာ"

"ဝုတ် … ဝုတ် … ဝုတ် …"

စနီးက တဝုတ်ဝုတ် ထိုးဟောင်လျက် ရုန်းကန်နေသော်လည်း သူက စနီးကို မလူးသာအောင် ပိုက်ပွေ့ထားလိုက်ရင်း …

"သေသွားတဲ့ ငါ့ခွေးလေးအတွက် မင်းခွေးကို အလျော်အဖြစ် ယူသွားလိုက်တော့မယ်လေ … ဟုတ်ပြီလား … အိုကေနော် …"

"ဟင့်အင်း … ဟင့်အင်း … မရဘူး၊ စနီးကို မပေးနိုင်ဘူး၊ စနီးကို လွှတ်ပေးပါ၊ စနီး … လာ … လာ … မမရှေးဆီ လာ …"

"ဝုတ် … ဝ … ဝ …"

ရှေး ခေါ်နေသဖြင့် စနီးကလည်း အဆက်မပြတ် ဟောင်ကာ အတင်းရုန်းနေ၏။ သူကလည်း စနီးကို လွှတ်မပေးဘဲ …

"မင်း မကျေနပ်လည်း ငါကတော့ ယူသွားရမှာပဲ"





ဟုပြောပြီး ရှေးရှေ့မှ လှည့်ထွက်သွားလေသည်။ ခေါင်းတစ်ပိုင်း ရေစိုနစ်လျက် ဆံပင်တွေ ထွေးရှုပ်စိုကပ်၍ ကြွက်စုတ်မျက်နှာလေးလို ဖြစ်နေသော ရှေးသည် သွေးရူးသွေးတန်းပင် သူ့နောက်သို့ပြေးလိုက်ခဲ့ကာ သူ့လက်ထဲက စနီးကို ဖွတ်အတင်းဝင်လုလိုက်လေသည်။ သို့သော် … သန်မာသော သူ့လက်များဖြင့် ချုပ်ကိုင်ထားသော စနီးကို ဘယ်လိုမှ လုမရပေ။ ရှေးသည် မျက်ရည်တွေလည်း ကျလာကာ စနီးကို လုမရသည့်အဆုံးမှာ သူ့လက်တွေကို ထုရိုက်ကုတ်ခြစ်လိုက်မိရင်း …

"ရှင် မရက်စက်ပါနဲ့၊ တောင်းပန်ပါတယ်၊ စနီးကို ပြန်ပေးပါ … ကျွန်မရဲ့ စနီးကို ပြန်ပေးပါ"

ဟု တစာစာ တောင်းပန်ရင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေသည်။

သူကတော့ ရှေးကို နည်းနည်းလေးမှ သနားပုံမရဘဲ ပခုံးတွန့်ကာ ထိမထင် ပြုံးလိုက်ရင်း …

"မင်းခွေးကို သူများယူသွားရုံလေးနဲ့တောင် ဒီလောက်ခံစားနေရရင် ကိုယ့်ရှေ့မှာ ကိုယ့်ခွေးလေး ကားတိုက်ခံရပြီး သေသွားတာကို မျက်ဝါးထင်ထင် မြင်လိုက်ရတဲ့ သူ့အဖို့ ဘယ်လောက်ခံစားရမယ်ဆိုတာ မင်း စဉ်းစားကြည့်ပါ"

"ရှင် ခံစားရမယ်ဆိုတာ ရှေး စာနာပါတယ်၊ ရှေးလည်း တမင် ရည်ရွယ်ခဲ့တာမှ မဟုတ်တာရှင် …၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှေး မှားပါတယ် ... ရှေး မှားသွားပါတယ်၊ ရှေး အရမ်းပျော်ပြီး မိုးမမြင် လေမမြင်ဖြစ်နေလို့ ခုလိုဖြစ်ရတာပါ"

"မင်းဘာသာ သေအောင်စာနာ၊ သေအောင် တောင်းပန်၊ သေအောင် နောင်တရနေလည်း ငါ့ခွေးလေးက ပြန်ရှင်မလာတော့ဘူး၊ မင်းရဲ့ပျော်ရွှင်မှုကြောင့် အပြစ်မရှိတဲ့ ငါ့ခွေးလေး အသက်ဆုံးရတဲ့အတွက် မင်းဘဝမှာ တစ်သက်လုံး ပျော်ရွှင်မှု မရပါစေနဲ့လို့ ငါဆုတောင်းခဲ့တယ် ..."

သူက ရှေးမျက်လုံးတွေကို စူးစူးရှရှ စိုက်ကြည့်၍ ပြောလိုက်ပြီး စနိုးကိုပိုက်ကာ ရှေးရှေ့မှ ထွက်ခွာသွားလေသည်။

ရှေးသည် သူ့ဆုတောင်းလား၊ ကျိန်စာလားမသိသော စကားတစ်ခွန်းကြောင့် ရင်ဝမှာ စူးအောင့်သွားကာ နေရာမှာပင် ကြောင်တောင် ရပ်ကျန်နေခဲ့မိသည်။

သူကတော့ စနိုးကို တစ်ဖက်၊ သူ့ခွေးလေးကို တစ်ဖက် ပွေ့ပိုက်ရင်း ဟိုးရှေ့ လမ်းသွယ်ကလေးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ရှေးသည် ယိုင်နဲ့သော ခြေလှမ်းများဖြင့် ရှေးရဲ့ကားလေးဆီသို့ ခေါင်းငိုက်စိုက်ဖြင့် ပြန်လျှောက်လာခဲ့သည်။ ကားပေါ်မှာ ထိုင်မိသောအခါ ကားစတီရင်ရာပေါ်သို့ မျက်နှာအပ်ချလိုက်ပြီး ရှိုက်ကာ ရှိုက်ကာ ငိုကြွေးလိုက်မိလေသည်။

ရှေး မျက်လုံးတွေထဲမှာ ရှေးရှေ့မှာတင် သေဆုံး





သွားသော ခွေးလေးကို မြင်ယောင်သည်။ သူ့သခင်ရဲ့ အမုန်းဖြင့် တောက်လောင်သော မျက်ဝန်းများကို မြင်ယောင်သည်။ ရှေးဘဝမှာ တစ်သက်လုံး ပျော်ရွှင်မှု မရပါစေနဲ့ဟူသော သူ့စကားက ရှေးနားထဲမှာ အကြိမ်ကြိမ် ပဲ့တင်ထပ်နေသည်။

တကယ်ပဲ ရှေး လုပ်မိတဲ့အပြစ်ကြောင့် တစ်သက်လုံး မပျော်နိုင်တော့ဘူးဟုတောင် ထင်လာမိသည်။

ရှေးက ငိုရှိုက်နေဆဲမှာပဲ ဖုန်းသံမြည်လာသည်။ ဖုန်းက အကြာကြီးမြည်နေသော်လည်း ရှေးက ဖုန်းကိုင်ဖို့ သတိမရ။ နောက်မှ သတိဝင်လာကာ ဒါ ခက်ရဲ့ဖုန်းပဲ၊ သူနဲ့ ဖုန်းပြောရင်း ဖုန်းကျသွားတာမို့ စိတ်ပူနေမှာပဲဟုတွေးကာ ဖုန်းဖွင့်ကိုင်လိုက်ရသည်။

"ခက် ..."

"ဟဲ့ ... ရှေး၊ အမယ်လေးဟယ် ... စိတ်ပူလိုက်ရတာ၊ ဖုန်းပြောရင်း အလန့်တကြားသံနဲ့ ပြတ်ကျသွားတော့ တစ်ခုခုနဲ့ တိုက်ပြီလို့ပဲ အောက်မေ့လိုက်တာ၊ နင့်ဖုန်းကို ဆက်တိုက်ခေါ်တာလည်း ခေါ်မရတော့ စိတ်တွေပူပြီး နင့်အိမ်ကိုတောင် လှမ်းအကြောင်းကြားမိတော့မလို့ ..."

"ခက် ... ငါ့ကိုလာခေါ်ပါ၊ ငါ အခု ကားမမောင်းနိုင်တော့ဘူး"

"ဟင် ... နင် ... နင် ... အက်ဆီးဒင့် ဖြစ်လို့လား၊ နင် ငိုနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ငါ ဘာမှမဖြစ်ပါဘူး၊ ငါ့ကို လာခေါ်ပေးပါ၊ ငါ အခု ( ... ... ) နားက လမ်းသွယ်ထိပ်မှာ ..."

❑ ❑ ❑



❀ ❀ ❀

"ရှေးရယ် ... နင့်မျက်နှာကလည်း သွေးဆုတ်နေလိုက်တာ၊ အဲ့ဒီလောက်ကြီး ခံစားမနေစမ်းပါနဲ့ဟာ ..."

ခက်က ရှေးရဲ့ ရေစိုဆံပင်တွေကို သုတ်ပေးနေရင်းက မှန်ထဲက ရှေးမျက်နှာကို လှမ်းကြည့်ရင်း ပြောလိုက်ပါသည်။ ရှေးသည် ထူးဆန်းစွာပင် ထုံပေနေသောစိတ်ဖြင့် မှန်ထဲက ကိုယ့်ရုပ် ကိုယ်ငေးကြည့်နေရင်း ...

"ငါ ... ငါ ... တကယ်ပဲ သူ့ကျိန်စာမိသွားပြီထင်တယ်၊ ငါ့စိတ်တွေ တစ်မျိုးကြီးပဲ၊ အရမ်းလေးလံထိုင်းမှိုင်းပြီး ဘာခံစားချက်မှ ရှိမနေသလိုပဲ ..."

"နင် လန့်သွားလို့ပါ၊ ခဏနေ ပုံမှန်အတိုင်း ပြန်ဖြစ်သွားမှာပါ၊ ဒီလူကလည်း မိုက်ရိုင်းလွန်းပါတယ်ဟာ၊ မတော်တဆဖြစ်တဲ့ကိစ္စအတွက် မိန်းကလေးတစ်ယောက်ကို တုံ့ပြန်ပုံက ပြင်းထန်လွန်းတယ်၊ ရှေမွန်းပြီး အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှုရပ်သွားရင် ဘယ်လိုလုပ်မလဲ၊ သေမယ့်ဘေးက သီသီလေး လွတ်လာသလိုပဲ"

"ငါ့မှာလည်း အပြစ်ရှိခဲ့တာကိုး၊ ငါ့ပျော်ရွှင်မှုကြောင့် သူ့ခွေးလေးခမျာ ..."

"ကိုယ့်ကိုယ်ကို အပြစ်တင်တဲ့အတွေးမျိုးတွေ မတွေးစမ်းပါနဲ့ဟယ် ...၊ နင် အပြစ်လုပ်မိတယ်ပဲထား၊ နင့်ကို သူ ပြန်လုပ်သွားတာနဲ့၊ နင့်ခွေးလေးကို ပေးလိုက်ရတာနဲ့ ဆို သူ့အပြစ်ကတောင် ပိုများနေပါပြီ"

"ငါ ... သူ့ကို အရမ်းလည်း မုန်းတယ်၊ အရမ်းလည်း ကြောက်တယ်"

"ထားလိုက်စမ်းပါဟာ၊ သူ့အကြောင်း စဉ်းစားမနေနဲ့တော့ ..."

ခက်က မစဉ်းစားနဲ့ဟုပြောသော်လည်း ရွှေး အာရုံထဲမှာတော့ သူ့ပုံရိပ်တွေက ပျောက်မရဘဲ တစ္ဆေလို ကပ်ရှားငြိတွယ်နေလေသည်။ မျက်ခုံးထူထူထင်းထင်းအောက်က ခက်ထန်သော မျက်ဝန်းညိုများကို တစ်ခါမြင်ယောင်တိုင်း တစ်ခါကြက်သီးထရသည်။ သူ့ဘေးခွဲဆံပင် ညိုတိုတိုက လည်ကုပ်ထောက်သည်အထိ ရှည်ကာ မျက်နှာဘေးမှာ ခပ်အုပ်အုပ်စင်းကျနေသည်။ ဘောင်းဘီရှည်အဖြူရောင်နှင့် ရှပ်အင်္ကျီအစိမ်းရောင်ပေါ်မှာ အနီရောင် ဝေ့စ်ကုတ်အတိုလေးကို ကြယ်သီးဖွင့်ပြီး





ဝတ်ထားသဖြင့် ထင်းလင်းတောက်ပစူးရှနေကာ ပိုပြီး လန့်စရာကောင်းနေသည်ဟု ထင်သည်။

"နောက်ဆိုရင်တော့ ကားမောင်းရင်း ဖုန်းမပြောနဲ့ပေါ့ ရွှေးရယ်"

ခက်ကပြောတော့ ဘာ့ကြောင့်မှန်းမသိ ရွှေး ရင်ဝမှာ တလှပ်လှပ်တုန်ကာ ...

"ငါ ကားမောင်းလို့ မရတော့ဘူး"

"ခုနကိစ္စကြောင့် ခဏတစ်ဖြုတ် လန့်သလိုဖြစ်သွားတာပါ၊ တစ်ရက် နှစ်ရက်ဆို ပြန်မောင်းနိုင်မှာပါ"

ခက်က ရွှေးကို ဖျောင်းဖျအားပေးနေသော်လည်း ရွှေးစိတ်က လန်းဆန်းမလာပေ ...။

ရွှေးဆံပင်တွေကို ခက်က ရေသုတ်ပေး၊ ဒရိုင်ယာနှင့် မှုတ်ပေးပြီး ကော်ဖီပူပူလေး ဖျော်တိုက်ကာ ခဏနားစေပြီးနောက် ရွှေး ကားကိုမောင်းကာ အိမ်သို့ပြန်ပို့ပေးလေသည်။

ရွှေး အိမ်က လူကြီးတွေကတော့ ရွှေး ဘာဖြစ်လာတယ်ဆိုတာ မသိ၊ အရင်လိုပဲ ခက် အိမ်လည်လိုက်လာသည်ဟုသာ ထင်ကြ၏။

မေမေက စနီးကို မတွေ့တာမို့ ...

"ဟဲ့ ... သမီး ... စနီးရော ဘယ်မလဲ ..."

ဟု မေးလျှင် ရွှေး ချက်ချင်းမဖြေနိုင်ဘဲ အကြောင်းကြောင်းဖြစ်နေတာမို့ ခက်က ...



www.burmeseclassic.com

www.burmeseclassic.com



"စနိုးကို ခက်အိမ်မှာ ခဏခေါ်ထားတယ် အန်တီရဲ့၊ အဟဲ ... ခက်အိမ်က ခွေးလေးနဲ့ မျိုးစပ်ပေးမလို့လေ"

ဟု ယုတ္တိရှိအောင် ဝင်ပြောရသည်။

မေမေက စနိုးအကြောင်း ဆက်မမေးတော့ဘဲ ရှေးကိုကြည့်ကာ ...

"ငါ့သမီးလေး တော်တော်မှ ပျော်ခဲ့ရဲ့လား"

ဟု ဆီးမေးတော့ ရှေးက အပူရုပ်ကို ဟန်လုပ်ကာ ...

"ပျော်တာပေါ့ မေရဲ့၊ အရမ်းပျော် ..."

ဟုခပ်မြူးမြူးလေး ပြန်ပြောရသည်။ ကြီးကြီးကတော့ ရှေးကို ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"အန္တရာယ်ကင်း ဘေးရှင်းရော ရှိရဲ့လား၊ လမ်းမှာ တစ်ခုခုတော့ ဖြစ်မလာပါဘူးနော်၊ ညည်းပုံစံကြည့်ရတာ နွမ်းဖတ်ဖတ်နဲ့ ..."

"ရှေး ဘာမှမဖြစ်ပါဘူး ကြီးကြီးရဲ့၊ ကားအမိုးဖွင့်ပြီး အကြာကြီးမောင်းလို့ လေတိုက်ပြီး ကပိုကရို ဖြစ်လာတာပါ"

ရှေးက ပြုံးပြုံးလေး ဟန်ဆောင်ပြောပြီး မောပန်းစွာ အိမ်ထဲသို့ ဝင်လာခဲ့သည်။ ရှေးကိုတွေ့တော့ ပိစိတို့ မလုံးတို့က ရှေးဆီ ဝမ်းသာအားရ အပြေးကလေး လာကာ ...





"မမရှေး ... မမရှေး ... ဘယ်အထိမောင်းခဲ့လဲ၊ ဓာတ်ပုံတွေ ဘာတွေကော ရိုက်လာသေးလား ..."

ဟု ဝမ်းသာအားရ ဝိုင်းမေးလိုက်ကြပြန်သည်။ သူတို့ရှေ့မှာတော့ ရှေးက ဟန်ဆောင်ဖို့မလိုတော့တာမို့ သူတို့ကို ပြုံးတုံးကြောင်တောင်လေးသာ ကြည့်ကာ ဘာမှပြန်မပြောတော့ဘဲ အပေါ်ထပ်သို့ နွမ်းလျစွာ တက်လာခဲ့သည်။

"မမရှေး ဘာဖြစ်လာလည်း မသိဘူးတော့ ..."

ပိစိတို့က တစ်ယောက်နှင့်တစ်ယောက် လက်တို့ကာ ရှေးကို ငေးကြည့်ကျန်ခဲ့ကြသည်။

အခန်းထဲရောက်တော့ ရှေးက ခုတင်ပေါ် ပစ်လှဲကာ မောလျပျော့ခွေနေခဲ့သည်။ ခက်ကတော့ ရှေးကို ချော့မော့အားပေးပြီး ပြန်သွားခဲ့သည်။

ထိုနေ့မှစကာ ရှေးရဲ့ပျော်ရွှင်မှုတွေအားလုံး ပျောက်ဆုံးသွားပြီလားဟုတောင် ထင်ရလေသည်။

အမြဲတမ်း လန်းဆန်းတက်ကြွစွာ နေတတ်သော ရှေးသည် မကြာခဏဆိုသလို ငူငူငိုင်ငိုင်လေး ငေးတွေးနေသည်။ တစ်ခါတလေ သီချင်းလေး ဘာလေး နားထောင်ပြီး ရွှင်လန်းလာခဲ့ရင်တောင်မှ ဟိုလူ့အကြောင်း တွေးမိတာနှင့် ငြိမ်ကုပ်သွားတတ်သည်။

ရှေးသည် သုံးလေးရက်လောက် အပြင်မထွက်၊ ခက်ဆီလည်း မသွားဘဲ အိမ်မှာပဲ အခန်းအောင်းကာ ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ပိစိတို့ကလည်း ရှေးကို ဘာမှမမေးရဲကြဘဲ ရှေးရဲ့ အရိပ်အကဲကိုကြည့်ကာ အချင်းချင်း တီးတိုးထင်မြင်ချက်တွေ ပေးကြသည်။ မေနှင့် ကြီးကြီးက ...

"မိရှေး ခုတလော ငြိမ်လှချည်လား၊ ကားထွက်မမောင်းတော့ဘူးလား"

ဟု မေးလျှင် ရှေးက ...

"နေ့တိုင်း မောင်းနေရင် ရိုးသွားမှာစိုးလို့ပါ မေရယ်"

ဟု အကြောင်းပြ ဆင်ခြေပေးရသည်။

တကယ်တော့ ရှေး ကားမောင်းရမှာကို အလွန်ကြောက်ရွံ့နေခဲ့မိတာ ဖြစ်သည်။ ကားနားသို့ ကပ်သွားရုံနှင့်ပင် ရှေးရဲ့ ခြေဖျား လက်ဖျားလေးတွေ အေးစက်စက် ဖြစ်လာတတ်တာမို့ အိမ်ထဲသို့ ပြန်ဝင်လာရစမြဲ ဖြစ်သည်။

ရှေးသည် ထိုအဖြစ်ကို မကျေနပ်ပေ ...။ ဘာလို့ ဒီလောက် ကြောက်နေရမှာလဲ။ ရှေး ကားပြန်မောင်းချင်ပြီလေ။ အရင်လို ပျော်ပျော်ရွှင်ရွှင် ပြန်နေချင်လှပြီ။ ရှေး ကားမမောင်းတာ ကြာရင် အိမ်ကလည်း ရှေး တစ်ခုခု ဖြစ်နေပြီဟု ရိပ်မိလာကြလိမ့်မည်ဖြစ်သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီး နှစ်ပတ်အကြာမှာတော့ ရှေးသည် ကားပြန်မောင်းတော့မည်ဟု သတ္တိမွေးကာ ဂိုထောင်ရှေ့မှာ ရပ်ထားသော ကားဆီသို့ ခပ်သွက်သွက် လှမ်းလာခဲ့လေသည်။





အချိန်က ညအချိန်ဖြစ်သည်။ အိမ်သားအားလုံးလည်း အိပ်မောကျနေချိန်ဖြစ်သည်။ ထိုညက ကောင်းကင်မှာ လကလေး တစ်ခြမ်းသာလျှက် ရှိသည်။

ရှေးသည် ရှေး ကားပြန်မောင်းဖို့ ခက်ခက်ခဲခဲ ပင်ပန်းတကြီး ကြိုးစားနေရတာကို အိမ်ကလူတွေမြင်မှာစိုးတာမို့ ညဘက်မှသာ ကားနားသို့ ကပ်လာရဲခြင်းဖြစ်သည်။ အရင်နေ့တွေကတော့ ကားဆီသွားမည်ကြံလိုက်တိုင်း ချွေးစေးတွေပြန်၊ ခြေဖျား လက်ဖျားတွေ အေးလာတတ်တာမို့ လက်လျှော့ထားခဲ့ရတာဖြစ်သည်။

ရှေးသည် ညရိပ်အောက်တွင် အားတင်းလျှက် ကားဆီသို့ လှမ်းသွားနေခဲ့သည်။ ကားနှင့် တဖြည်းဖြည်း နီးကပ်လာတော့ ရှေးရဲ့ ခြေလှမ်းလေးတွေက နှေးကွေးလာသည်။ ပိုပိုပြီးနီးလာတော့ မသိမသာ ဒူးတုန်လာသည်။ ရှေးက ဇွတ်ပင် အားတင်းလျှက် ရှေ့ဆက်လှမ်းသောအခါ ဒူးတဆတ်ဆတ်တုန်လျှက် တစ်ကိုယ်လုံး ချွေးတွေနစ်နေအောင် ထွက်လာလေသည်။

ရှေးသည် ဒီတစ်ခါတော့ အားမလျှော့၊ နောက်ပြန်မလှည့်တော့ဘဲ ကားဆီသို့ တရွေ့ရွေ့ တိုးလာနေသည်။ နှစ်မိနစ်နှင့် ရောက်နိုင်သည့် အကွာအဝေးကို မိနစ်နှစ်ဆယ်လောက် အချိန်ကြာအောင် လျှောက်သွားပြီးမှ ကားနားမှာ ရပ်မိသည်။

ရှေးက ကားတံခါးကို အေးစက်သော လက်များဖြင့် ဆွဲဖွင့်ပြီး မောင်းသူခုံမှာ ဝင်ထိုင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးသည် ကားစတီယာရင်ကို ကိုင်လိုက်၏။

ထိုအချိန်မှာပဲ ရှေးရဲ့ လက်တွေသည် တဆတ်ဆတ် တုန်လာကာ ကားစတီယာရင်ကို ငြိမ်အောင် ကိုင်လို့မရတော့တာကို အံ့ဩတုန်လှုပ်စွာ သိလိုက်ရလေသည်။

ရှေး ဘယ်လိုပဲ ကြိုးစား ကြိုးစား မရတော့ဘူး။

ခွေးကို တိုက်ပစ်ခဲ့မိတဲ့အတွက် ရှေးစိတ်မှာ trauma ရခဲ့ပြီ။

အဲ့ဒီစိတ်ကြောင့် ရှေး ဒီတစ်သက် ကားမောင်းနိုင်မှာ မဟုတ်တော့ဘူးဆိုသည့် အသိနှင့်အတူ ရှေးက ကားစတီယာရင်ကို နဖူးနှင့် တိုက်ကာ တိုက်ကာ ငိုကြွေးလေသည်။

ဒီအဖြစ်ကြီးကို ရှေး မုန်းသည်။

ဟိုလူ့ကို ရှေး အရမ်းမုန်းသည်။

စနိုးကိုတော့ ရှေး လွမ်းလှသည်။

ရှေးလက်ဘဝဟာ အခု တကယ်ပဲ သူ့ကျိန်စာသင့်ကာ ပျော်ရွှင်မှုတွေ ပျောက်ဆုံးသွားရတော့မှာလား ...။

❑ ❑ ❑



❀ ❀ ❀

နောက် နှစ်ရက်ခန့်ကြာတော့ ခက်က ရှေးဆီ ဖုန်းဆက်လာကာ ...

"ဟဲ့ ... ရှေး နင် ဒီလိုချည်း ငြိမ်ကုပ်နေတာ ကြာရင် နင့်အိမ်က ရိပ်မိလာလိမ့်မယ်၊ စနိုးကိစ္စကိုလည်း အမှန်အတိုင်း ပြောမပြချင်သေးဘူး မဟုတ်လား၊ စနိုးကိုဆို အရမ်း သဲသဲလှုပ်နေတဲ့ နင်က စနိုးကို ငါ့ဆီပေးထားပြီး ငါ့ဆီလည်း မလာဘူးဆိုရင် ယုတ္တိကမရှိတော့ဘူး၊ ခဏနေ ငါ နင့်ကိုလာခေါ်မယ်၊ အဆင်သင့်ပြင်ထား၊ အပြင်လေးဘာလေးသွား၊ ရှော့ပင်လေး ဘာလေးထွက်ရအောင် ...၊ ဒါမှ အာရုံလန်းသွားမှာ"

"ငါ ... ငါ ... ကားမမောင်းနိုင်တော့ဘူးလေ ခက်ရယ်"

"နင် မမောင်းနဲ့လေ၊ ငါမောင်းပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ငါ တစ်သက်လုံး ကားမောင်းလို့ ရမယ်မထင်တော့ဘူး”

“အဲ့ဒီကိစ္စကို ခဏ မေ့မေ့ပျောက်ပျောက်နေလိုက်ပါ၊ အချိန်အတိုင်းအတာတစ်ခုကို ကျော်ဖြတ်ပြီးရင် ပြန်မောင်းလို့ ရမှာပါ”

“ဟင့်အင်း … ဘယ်တော့မှ ရတော့မှာမဟုတ်ဘူး …”

ရှေးက ပြောပြောဆိုဆို ချုံးပွဲချငိုပြန်ရာ …

“ဟဲ့ … ငိုမနေနဲ့၊ ဘာမှမထူးဘူး၊ ငါ အခုလာခဲ့မယ်”

ခက်က ဖုန်းချသွားသည်။

ခက်က တက္ကဆီငှားလာပြီး ရှေးကို လာခေါ်သည်။ မေမေတို့ ရှေ့မှာတော့ …

“ရှေးရေ … နင့်ကားလေး ငါလည်းမောင်းကြည့်မယ်နော်”

ဟု ပြောပြီး နှစ်ယောက်အတူ အိမ်မှထွက်လာခဲ့ကြသည်။

ထိုနေ့ တစ်နေ့လုံး ရှေးတို့ ဈေးလျှောက်ဝယ်ဖြစ်ကြသည်။ Capital Hyper Mart မှာ ဈေးဝယ်ပြီး အပြင်ပြန်ထွက်လာတော့ ကားပါကင်သို့ လျှောက်လာဆဲမှာ မလှမ်းမကမ်းဆီက လူတစ်ယောက်ကို လှမ်းမြင်လိုက်ရလေသည်။

ရှေးသည် အနားက ခက်ရဲ့လက်ကို ဆုပ်ကိုင်လိုက်မိရင်း …





“ခက် … ခက် … ဟိုလူ … ဟိုလူ …”

ဟု ပြောရင်း စကားမဆက်နိုင်အောင် ထစ်ငေါ့တုန်လှုပ်နေသည်။

ထိုသူက စနိုးကို ကြိုးဖြင့်ဆွဲကာ ရပ်ထားသော ကားတစ်စီးဆီသို့ လျှောက်သွားနေသည်။ စနိုးက သူ့နောက်သို့ ကောင်းကောင်းမလိုက်ဘဲ ပေကပ်ကပ်လုပ်လေရာ သူက စနိုးကို လှည့်ကြည့်ပြီး ခြေထောက်နှင့် တစ်ချက် လှမ်းကန်လိုက်လေသည်။

ရှေးသည် ထိုမြင်ကွင်းကြောင့် ရုတ်တရက် ရင်ပွင့်ကွဲသလို ဖြစ်သွားကာ …

“စနိုးရေ … စနိုး၊ စနိုးရေ …”

ဟု အော်ခေါ်လိုက်မိရင်း ခက်နံဘေးမှ လှစ်ခနဲ ပြေးထွက်လာကာ စနိုးရှေ့မှာ ဒူးထောက်ထိုင်ချလျက် စနိုးကို ကြုံးပွေ့ချီလိုက်သည်။

“စနိုး … စနိုးရယ်၊ မမရှေး လွမ်းလိုက်ရတာ …”

“ဝုတ် … ဝုတ် … ဝု … ဝု … ဝုတ် … အီ … အီ …”

ရှေးကလည်း အတင်းဖက်၊ စနိုးကလည်း ရှေးကို ကုပ်ဖက်တက်ကာ ရှေးမျက်နှာကို လျှာနဲ့ အဆက်မပြတ် လျက်နေလေသည်။ သို့သော် … ချက်ချင်းဆိုသလိုပင် စနိုးကို ဆွဲလုခံလိုက်ရပြီး …

“သူများတကာ ခွေးကို ဘာတွေ လာပလီနေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟု သူက မထိတရီ မေးလိုက်သည်။ ရှေးသည် ဒေါသဖြင့် ဆတ်ဆတ်တုန်လာကာ ...

"ရှင့်ခွေးလို့မှတ်ရင်လည်း ကြင်ကြင်နာနာ စောင့်ရှောက်ပါလား၊ ဘာလို့ ခြေထောက်နဲ့ ပိတ်ကန်သေးလဲ၊ ရှင်လို ရက်စက်ကြမ်းကြုတ်တဲ့ လူမျိုးရဲ့ လက်ထဲမှာ စနီးကို ကြာကြာထားရင် သက်ဆိုးရှည်မှာတောင် မဟုတ်ဘူး၊ ရှင့်ကို တိရစ္ဆာန် ညှဉ်းပန်းနှိပ်စက်မှုနဲ့ တရားစွဲလို့ရရင် စွဲပစ်လိုက်ချင်တယ်"

"ဒါဆို ... ငါကလည်း မင်းကို တိရစ္ဆာန် သတ်ဖြတ်မှုနဲ့ ပြန်စွဲမှာပေါ့ အမိရဲ့၊ သွားစမ်းပါ ... ငါ့ခွေးနဲ့ ခပ်ဝေးဝေးမှာ နေစမ်းပါ"

"ကျွန်မ စနီးကို အခု ပြန်ပေးပါ"

ရှေးက ဒေါသဖြင့် အော်ပြောလိုက်တော့ သူက ခဏငြိမ်သွားပြီးမှ ခေါင်းတစ်ချက် ဆတ်လိုက်ရင်း ...

"စဉ်းစားပေးမယ်လေ၊ မင်းရဲ့ တောင်းဆိုမှုကို လိုက်လျောဖို့ သင့်မသင့် စဉ်းစားပေးမယ်၊ မင်း ဖုန်းနံပါတ် ကိုယ့်ကိုပေးလိုက်၊ ကိုယ် ဆုံးဖြတ်ပြီးရင် မင်းဆီ လှမ်းဆက်လိုက်မယ်"

ရှေးက သူ့စကားကြောင့် ကောက်ရိုးတစ်မျှင် ဆွဲမိတဲ့ ရေနစ်သူလို အားတက်သွားကာ ဘာဘာညာညာ မစဉ်းစား





တော့ဘဲ ရှေးဖုန်းနံပါတ်ကို ရွတ်ပြလိုက်သည်။ သူကလည်း နှစ်ခေါက် သုံးခေါက် ပြန်ရွတ်ကြည့်ကာ မှတ်သားလိုက်ရင်း ...

"အိုကေ ... ကိုယ် မှတ်မိပြီ၊ စဉ်းစားပြီးရင် ဆက်လိုက်မယ်လေ၊ ဩော် ... ဒါနဲ့ မင်းနာမည်က ဘယ်သူများပါလိမ့် ..."

"ရှေးလက်ာ ..."

"ကိုယ့်နာမည်က ယုဂန်တဲ့၊ မှတ်ချင်တဲ့ ဆန္ဒရှိရင် မှတ်ထားလိုက်ပါ၊ ကဲ ... ဂျိုလီရေ ... သွားကြရအောင်"

"ဘာ ... ဘာ ... ရှင် စနီးကို ဘယ်လိုခေါ်လိုက်တယ်"

"ဂျိုလီလို့ ခေါ်တာလေ ..."

"ရှင် ကျွန်မခွေးကို နာမည်မဖျက်နဲ့၊ သူ့နာမည်က စနီးရှင့် ..."

"မင်းလက်ထက်တုန်းက စနီး ဖြစ်နေပေမယ့် ကိုယ့်လက်ထက်မှာတော့ ဂျိုလီပဲလေ၊ ကိုယ့်ခွေး ကိုယ်ကြိုက်တဲ့ နာမည် ပေးပိုင်ခွင့် ရှိတာပဲ ..."

"ကျွန်မက ကျွန်မခွေးကို နှင်းကလေးလို ဖြူစင်အေးချမ်းတဲ့ အဓိပ္ပာယ်နဲ့ စနီးလို့ ပေးထားတာရှင့်၊ ကျွန်မပေးတဲ့ နာမည်မှာ အဓိပ္ပာယ်ရှိတယ်၊ ရှင့်နာမည်က ဘာကြီးလဲ၊ အင်ဂျလိနာဂျိုလီရဲ့ နာမည်ကြီး မဟုတ်လား၊ အဲ့ဒါ သူများ မိန်းမ နာမည်ကြီးပဲ၊ ဂျိုလီဆိုတာ ဘာရက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပဲ၊ ကျွန်မ စနိုးက ဘယ်သူ့မိန်းမမှ မဟုတ်ဘူး၊ အပျိုရှင့် အပျို . . . ”

“ဟုတ်လား . . . ဒါဆိုလည်း ယောကျ်ားပေးစားရတာပေါ့၊ မနက်ဖြန်ကျရင် ကိုယ့်သူငယ်ချင်းရဲ့ ခွေးနဲ့ အိမ်ထောင်ချပေးဖို့တောင် စီစဉ်ပြီးသွားပြီ . . . ”

“ရှင် စနိုးကို အပျိုရည်မဖျက်နဲ့ . . . ”

“ဟဲ့ . . . ရှေး . . . ”

ရှေးသည် စိတ်လိုက်မာန်ပါ အော်ပြောလိုက်မိပြီးမှ ခက်က ဆွဲဆိတ် သတိပေးလိုက်တာမို့ ကိုယ့်စကားကို ရှက်သွားကာ ပါးနှစ်ဖက်ပင် ရဲရဲတွတ်လာသည်။

ယုဂန်ကတော့ ဘာမှမပြောဘဲ ပြုံးစိစိဖြင့် လှည့်ထွက်သွားတော့သည်။

❏ ❏ ❏



❀ ❀ ❀

ရှေးသည် သူဖုန်းဆက်မည့်အချိန်ကို အချိန်တိုင်းသာ စောင့်မျှော်နေခဲ့ရသည်။ သူ့ဖုန်းကို မျှော်မိသဖြင့် သူ့အကြောင်း မစဉ်းစားဘဲလည်း နေလို့မရ၊ သူ့ရုပ်ကို မမြင်ယောင်ဘဲလည်း နေလို့မရချေ . . . ။ ရှေးသည် အကြောက်တရားနှင့်အတူ သူ့ဖုန်းသံကို မျှော်လင့်နေခဲ့ရတာဖြစ်သည်။

သူနဲ့တွေ့ပြီး သုံးရက်အကြာမှာတော့ သူက ရှေးထံသို့ ဖုန်းဆက်လာခဲ့သည်။ ဖုန်းဆက်သည့်အချိန်ကိုလည်းကြည့်ဦး . . . လူတကာ အိပ်မောကျနေသည့် ည နှစ်နာရီခွဲအချိန်ကြီး ဖြစ်သည်။

ရှေးသည် ဖုန်းသံကြောင့် အိပ်မောကျနေရာမှ နိုးထလာရကာ အိပ်ချင်မူးတူးဖြင့် ဖုန်းဖွင့်ကိုင်လိုက်သောအခါ . . .

“ဟဲလို . . . ရှေးလက်ာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ရှေးသည် သူ့အသံကြောင့် မျက်လုံးတွေ ချက်ချင်း ပြူးကျယ်လာကာ ဆတ်ခနဲ ထထိုင်လိုက်မိရင်း ...

"ရှင် ... ရှင် ... ယုဂန် မဟုတ်လား"

"မင်းက ကိုယ့်အသံကို တရေးနိုး ကြားရင်တောင် မှတ်မိတယ်ဆိုပါတော့ ..."

"သူများတကာ အိပ်မောကျနေတဲ့ အချိန်မျိုးမှာမှ ယဉ်ကျေးမှုမရှိ ဖုန်းဆက်တယ်ဆိုမှတော့ ရှင်လိုရိုင်းစိုင်းတဲ့ လူကလွဲလို့ ဘယ်သူရှိဦးမလဲ ..."

"မင်းပဲ ကိုယ့်ဖုန်းကို မျှော်နေခဲ့တာ မဟုတ်ဘူးလား"

"ရှင့်အသံကို မကြားချင်ပေမယ့် စနိုးကို ပြန်ရမလားဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ စောင့်နေခဲ့တယ်လေ ..."

"မင်း စောင့်နေမှန်းသိလို့ ကိုယ် ဆက်လိုက်တာပဲလေ"

"ဆက်ရင်လည်း လူတကာ နိုးကြားနေတဲ့အချိန်မှာ ဆက်ပါလား"

"ကိုယ်တရေးနိုးတဲ့အချိန်မှာ မင်းကို အဖြေအရမ်းပေးချင်လာလို့ ဆက်လိုက်တာ ..."

"ဘာ ..."

"ဘာဖြစ်လို့ စွတ်ရွတ်အော်နေတာလဲ၊ မင်းပဲ မင်းခွေးလေးကို ပြန်ပေးဖို့ တောင်းဆိုထားတယ်မဟုတ်လား၊ မင်း တောင်းဆိုလို့ ကိုယ် စဉ်းစားပေးပြီး အခု အဖြေ





ပေးမလို့ ဆက်လိုက်တာလေ၊ ဘာတွေတလွဲတွေးနေတာလဲ ..."

"ကဲ ... ပြော ... ပြော ..."

"ကိုယ် မပြောချင်တော့ဘူး၊ ဂျူလီပဲ ပြောလိမ့်မယ်၊ ဂျူလီ ... လာ ... လာ၊ နင့်သခင်ကို ပြောစရာရှိတာ ပြောလိုက်တော့ ..."

"ဝုတ် ... ဝု ... ဝု ... ဝုတ်"

သူက ဖုန်းကို စနိုးမျက်နှာနား ကပ်ပေးလိုက်ပုံရသည်။ စနိုးရဲ့ ဟောင်သံကို ကျယ်ကျယ်လောင်လောင် ကြားရလေသည်။

ရှေးသည် ဝမ်းနည်းမျက်ရည်စို့လာကာ ...

"စနိုး ... စနိုးရေ ...၊ မမရှေးအသံ ကြားရလား၊ စနိုး အခု မအိပ်သေးဘူးလား၊ အရင်တုန်းကဆို မမရှေး အိပ်ရာပေါ်မှာ စနိုး အိပ်နေတဲ့အချိန်လေ၊ ဟိုလူယုတ်မာက စနိုးကို ဘာတွေ ဘယ်လို နှိပ်စက်ထားလို့ စနိုး ခုထိ အိပ်မပျော်သေးတာလဲ ..."

"ဝုတ် ... ဝု ... ဝု ..."

"ဒီလူယုတ်မာတော့ စနိုးကို ပိတ်ကန်ပြီး နှိုးလိုက်တာပဲ ဖြစ်မယ်၊ ဟဲ့ ... ယုဂန် ... ငါပြောတာ ကြားလား၊ ခွေးကို သွားလွှဲချမနေနဲ့၊ လူလူချင်း စကားပြောမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



စနိုးက ဒေါသဖြင့် အော်လိုက်သည်။ ချက်ချင်းလိုပင် စနိုးအသံက ကိုးသွားကာ သူ့ငှက်ဆိုးထိုးသံက ပေါ်လာသည်။

"ရှေးလက်ာ ... ဂျူလီ ပြောတာ ကြားတယ်မဟုတ်လား၊ ဂျူလီကပြောတယ်၊ သူ့သခင်သစ်က သေသွားတဲ့ ခွေးလေးကို တစ်သက်လုံး ပြန်မရနိုင်တော့တဲ့အတွက် သူ့ကို တစ်သက်လုံး ခေါ်ထားလိုက်ဖို့ ဆုံးဖြတ်ပြီးပါပြီတဲ့၊ ဒါ့ကြောင့် သူ့ကိုမျှော်လင့်မနေဘဲ မေ့ပစ်လိုက်ပါတော့တဲ့၊ သူ့သခင်အသစ်က ဆိုးပေမယ့် သူ့သခင်ဟောင်းရဲ့ မိုက်ကြေးမိုက်ပစ်ကို ပြန်လည်ပေးဆပ်ရင်း သူ မပျော်နိုင်တဲ့ ဘဝမှာပဲ ပျော်အောင် ကြိုးစားနေထိုင်သွားပါတော့မယ်တဲ့၊ သူ့သခင်သစ် စီစဉ်ပေးတဲ့ အိမ်ထောင်ဘက်ကိုလည်း မချစ်မနှစ်သက်ပေမယ့် လက်ခံလိုက်ပါတော့မယ်တဲ့ ..."

"တောက် ... လူယုတ်မာကြီး၊ ရှင်က စနိုးနဲ့ ဘဝအတူမို့လို့ စနိုးစကားကို နားလည်နေတာလား"

"ဒေါသတွေ သိပ်ထွက် မနေစမ်းပါနဲ့၊ မင်း လုပ်ခဲ့တဲ့ အပြစ်အတွက် ဒီလောက်လေး ပေးဆပ်လိုက်ရတာ တန်တောင်မတန်သေးပါဘူး၊ မင်းခွေးကို ခုနေ ငါသေသွားတောင် မင်း ပြန်မရဘူးလို့ မှတ်ထားလိုက်ပါ၊ အဲ့ဒါ ငါ မင်းကိုပေးမယ့် အဖြေပဲ၊ မင်း စိတ်ဆင်းရဲသွားအောင်





တမင် ရိုချင်လို့ မင်းခွေးအသံကို မင်းကြားအောင် လုပ်ပေးလိုက်တာ ... သိပြီလား၊ ဒါပဲ ..."

"တောက် ..."

သူ ဖုန်းချသွားတော့ ရှေး ရင်တွေတုန်ကာ ပြန်အိပ်မရတော့ဘဲ ငုတ်တုတ် မိုးလင်းသွားခဲ့ရသည်။

ခါးခါးသီးသီး မုန်းတီးရလွန်းလို့ ရူးသွားမလားတောင် ထင်ရလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

"မုန်းလိုက်တာ တူးခါးနေတာပဲဟယ်"

"မုန်းနေသရွေ့တော့ မမေ့နိုင်ဘဲ ဖြစ်နေလိမ့်မယ် ရှေး၊ နင် သူ့အပေါ် ဘယ်လိုမှ သဘောမထားတဲ့စိတ်နဲ့ မနေနိုင်ဘူးလား"

"ဒီလောက် မုန်းစရာကိစ္စတွေ လုပ်ထားတဲ့သူကို ဘယ်လိုသဘောမှ မထားဘဲတော့ ဘယ်နေနိုင်ပါ့မလဲ ခက်ရယ်"

"ခက်ဆိုတဲ့ နာမည်ကို နင့်လွှဲပေးလိုက်ဖို့တောင် ကောင်းနေပြီ၊ နင် တော်တော် ခက်ပါလား ရှေးရယ်၊ အဲ့ဒီကိစ္စကို မေ့ထားလိုက်စမ်းပါ"

"မေ့ချင်ပေမယ့် မေ့လို့မှမရတာ ..."

"မုန်းလို့ မေ့မရ၊ မေ့မရလို့ စွဲလမ်းသွားရင် ဘယ်လိုလုပ်မလဲ"





"သူလို ရက်စက်ကြမ်းကြုတ်တဲ့ လူမျိုးကို စွဲလမ်းမိရင် ငါ ရူးလို့ပဲ ခက် ...၊ ငါ အဲ့ဒီလောက်တော့ မရူးဘူးသိလား ..."

ရှေးက ခက်ကို ခပ်ဆတ်ဆတ်လေး ပြန်ပြောလိုက်မိလေသည်။ ရှေးသည် စနိုးကို ပြန်မရနိုင်တော့ဘူးဟု နားလည်လက်ခံလိုက်ပြီဖြစ်သော်လည်း ထိုအဖြစ်အပျက်ကိုတော့ မမေ့နိုင်ဘဲ မကြာခဏ သတိရနေခဲ့မိသည်။ တစ်နေ့မှာ သူ စိတ်ကောင်းဝင်ပြီး စနိုးကို ပြန်ပေးလာနိုး မျှော်ကိုးနေခဲ့မိသည်။

ထိုအဖြစ်အပျက်များ မဖြစ်ပျက်ခင်ကတော့ ရှေးလက်ာဆိုသော မိန်းကလေးသည် စိတ်ထဲမှာ ဘာကိုမှ သယ်ဆောင်မထားဘဲ စိတ်နှလုံး ကြည်လင်သန့်စင်စွာ နေထိုင်ခဲ့သူဖြစ်သည်။ ခုချိန်မှာတော့ ရှေးစိတ်သည် တစ်ခုခုကို လေးလံစွာ သယ်ဆောင်ထားရသလို ပင်ပန်းနေခဲ့ရသည်။

အရင်လို မပျော်ရွှင်နိုင်တော့တာဟာ သူ့ကျိန်စာကြောင့်များလား။ ရှေးကို ကျိန်စာသင့်ခဲ့ပြီလား ...။

"ကဲ ... ရှေး ... ငြိမ်ထိုင်ပြီး လျှောက်တွေးမနေစမ်းနဲ့၊ ထ ... ငါ့အလုပ်တွေ ကူဦး၊ အော်ဒါမှာထားတဲ့ ပန်းစည်းတွေ ရှိတယ်၊ နှင်းဆီနဲ့ ကြယ်တာရာပန်း တစ်စည်းကို နင် သေချာပြင်ပေးလိုက် ...၊ လှလှလေးပြင်နော်၊ စိတ်တွေ တောင်ရောက်မြောက်ရောက်နဲ့ ပေါက်ကရ လျှောက်မလုပ်နဲ့၊ ဆိုင်နာမည် ပျက်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ရှေးက ခက်ခိုင်းသည့် အလုပ်တွေကို ဝင်လုပ်ပေးရင်း အတွေးဆိုးတွေကို မောင်းထုတ်ပစ်လိုက်သည်။

ခက်ပြောသလိုပဲ တစ်ချိန်မှာတော့ ဒီအဖြစ်အပျက်ဟာ ရှေး မှတ်ဉာဏ်ထဲက ပျောက်သွားရမှာပါဟု တွေးလျက် ရှေးက သက်ပြင်းကလေး ချလိုက်လေသည်။

နောက် ရက်အနည်းငယ်အကြာ မနက်ခင်းတစ်ခုမှာတော့ ရှေးသည် ရှေးတို့အိမ်အပေါ်ထပ် ဝရန်တာမှာ ရပ်၍ လေညင်းခံနေရင်း တစ်ဖက်ခြံကို လူသစ်တွေ ပြောင်းလာတာကို လှမ်းမြင်ရလေသည်။ ထိုအိမ်ကြီးရဲ့ မူလပိုင်ရှင်တွေဟာ လွန်ခဲ့သော ခြောက်လလောက်က ထိုအိမ်ကိုရောင်းကာ ပြောင်းသွားခဲ့ကြပြီး ခုမှ ပိုင်ရှင်အသစ်တွေ ရောက်လာတာဖြစ်မည်။

ပစ္စည်းတွေ တင်သည့် ကားကြီးတွေသာ တစ်စီးပြီး တစ်စီး ခြံထဲဝင်လာကာ ပစ္စည်းတွေ သယ်ချနေတာ တွေ့ရပေမယ့် ပိုင်ရှင်နဲ့တူသည့် သူတွေကိုတော့ မတွေ့ရသေးချေ။

ရှေးသည် ထိုမြင်ကွင်းကို အမှုမဲ့ အမှတ်မဲ့ပင် လှမ်းကြည့်နေလိုက်ပြီးမှ အိမ်ထဲသို့ ပြန်ဝင်လာခဲ့လေသည်။

အဲ့ဒီ အချိန်ကတော့ ဟိုဘက်ခြံကို လူသစ်တွေ ပြောင်းလာတဲ့ကိစ္စဟာ ရှေး ဘဝအတွက် အမှုမဲ့အမှတ်မဲ့ သဘောထားစရာ အရေးမကြီးသည့်ကိစ္စဟုသာ ရှေးက ထင်ခဲ့မိပါသည်။

သို့သော် …

❑ ❑ ❑



❀ ❀ ❀

ထိုနေ့ ညနေက ရှေးသည် ရှေးတို့လမ်းသွယ်ရဲ့ တစ်ဖက်ထိပ်မှာ အမြဲရောင်းနေကျ ဝက်သားတုတ်ထိုးကို စားချင်စိတ် ပေါ်လာတာမို့ လမ်းထိပ်သို့ လမ်းလျှောက်ထွက်ခဲ့သည်။

ဝက်သားတုတ်ထိုး စားပြီး အပြန်မှာ ရှေးက လူသစ်တွေ ပြောင်းလာသည့် ခြံရှေ့မှ ဖြတ်လျှောက်လာဆဲ ခြံထဲမှ ခွေးဟောင်သံကို ကြားရလေသည်။

"ဝုတ် … ဝုတ် … ဝု၊ အီ … အီ … ဝုတ် … "

ရှေးသည် ပထမတော့ ထိုခွေးဟောင်သံကို အမှတ်တမဲ့ပင်။ အသံလာရာဆီသို့လည်း လှည့်မကြည့်မိဘဲ ဆက်လျှောက်လာခဲ့သည်။ ခြံရှေ့ကနေ ကျော်လွန်လျှောက်လာပြီးမှ စိတ်ထဲ ထင့်ခနဲဖြစ်သွားကာ စနိုးများလားဟု တွေးမိသွားသည်။ ခွေးဟောင်သံကလည်း အဆက်မပြတ်ဆိုသလို ထွက်ပေါ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးသည် ခပ်မြန်မြန် နောက်ပြန်လှည့်လာကာ ခြံတံခါးနားသို့ ချဉ်းကပ်သွားလိုက်ပါသည်။

"ဝုတ် ... ဝုတ် ... ဝု ... ဝု ..."

"ဟင် ... စနိုး၊ စနိုးပါလား"

စနိုးက ရှေးကို မှတ်မိဟန်ဖြင့် အဆက်မပြတ် ဟောင်ရင်း ခြံတံခါးသံတိုင်တွေကြားကနေ တိုးထွက်ဖို့ ကြိုးစားနေသည်။

"စနိုး ... စနိုး ... လာ ... လာ"

"ဝုတ် ... ဝုတ်"

ရှေးကခေါ်လေ စနိုးကလည်း ခြံထဲကနေ ထွက်လာဖို့ အတင်းတိုးကာ ကြိုးစားလေ။ သို့သော် ... ဘယ်လိုမှ ထွက်လာလို့မရဘဲ သံတိုင်တွေကြားမှာ ကြပ်ညပ်နေသည်။ ထိုအခိုက်မှာ ...

"ဂျိုလီရေ ... ဂျိုလီ ဘယ်ရောက်သွားပြီလဲ"

ခြံထဲကနေ ထွက်ပေါ်လာသော အသံဟာ ယုဂန်ရဲ့ အသံတော့ မဟုတ်ပေ ...။

"ကြည့်စမ်း ... ဂျိုလီ၊ နင်က ထွက်ပြေးဖို့ ကြိုးစားနေတာလား၊ နင့်သခင်သိရင် ငါ့ကိုသတ်လိမ့်မယ်ဟဲ့ ..."

အိမ်ဖော်ဟုထင်ရသော အမျိုးသမီး ဝဝကြီးတစ်ယောက်က ခြံတံခါးဆီသို့ ခပ်သွက်သွက် လျှောက်လာနေသည်။

"လာစမ်း ... လာစမ်း၊ ပြေးမယ်မကြံနဲ့ ..."





ထိုအမျိုးသမီးက စနိုးကို ပွေ့ချီလိုက်ပြီး ခြံပြင်က ရှေးကို မသင်္ကာသလို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။ ရှေးက လက်ခနဲ အကြံတစ်ခုပေါ်လာကာ ထိုအမျိုးသမီးကို ပြုံးပြလိုက်ရင်း ...

"ခွေးလေးက ချစ်ဖို့ကောင်းလို့ ရပ်ကြည့်နေမိတာ ...၊ အစ်မ ခွေးလားဟင် ..."

"အစ်မက ခွေးမဟုတ်ဘူး၊ လူ ... လူ ..."

"အဟင်း ... အစ်မကလည်း၊ ဒါ ... အစ်မရဲ့ ခွေးလေးလားလို့ မေးတာပါ အစ်မရဲ့ ..."

"အစ်မ ခွေးမဟုတ်ဘူး၊ ဒီအိမ်ပိုင်ရှင် သူဌေးသားရဲ့ ခွေး"

"ခွေးလေးက လှလိုက်တာ၊ ဘာအမျိုးအစားလဲ မသိဘူးနော်"

"အဲ့ဒါတော့ အစ်မလည်း မသိဘူး၊ အစ်မက ဒီအိမ်က အိမ်ဖော်၊ မောင်ယုဂန်က သူ အပြင်သွားတုန်း သူ့ခွေးကို ထိန်းသိမ်းပေးပါဆိုလို့ ထိန်းပေးနေရတာ၊ အလုပ်ရှုပ်လိုက်တာ မပြောပါနဲ့တော့ ..."

ဒါဆို ဒီအိမ်ကို ပြောင်းလာတဲ့ မိသားစုဟာ ယုဂန်တို့ မိသားစုဆိုတာ သေချာပြီပေါ့ ...။ ကံကြမ္မာက အဲ့ဒီလောက်တောင် ကျိစယ်ရသလား ...။ ဂြိုလ်ဆိုးဝင်တယ်ဆိုတာ ဒါမျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရှေးသည် အလွန်အမင်း စိတ်ဆင်းရဲသွားသော်လည်း အိမ်ဖော်အမျိုးသမီးရှေ့မှာ မျက်နှာချိုလေး သွေးထားရင်း ...

"သူ့ အမွေးလေးတွေက အရမ်းလှတာပဲနော် အစ်မ၊ ကျွန်မ သူ့ကို ခဏလေး ကိုင်ကြည့်လို့ရမလားဟင် ..."

အမျိုးသမီးက ရှေးကို ခြေဆုံးခေါင်းဆုံး အကဲခတ်သလို ကြည့်လိုက်ပြီးမှ ...

"ကဲ ... ကိုင် ... ကိုင်"

ဟု ပြောရင်း စနီးကို ခြံစည်းရိုးနားသို့ ကပ်ပေးလိုက်သည်။

ရှေးက သံတိုင်တွေကြားထဲသို့ လက်လျှိုကာ စနီးရဲ့ အမွေးလေးတွေကို ပွတ်သပ်ပေးလိုက်ရင်း ...

"အပြင်ကနေ လှမ်းကိုင်တာ အားမရလိုက်တာ အစ်မရယ်၊ သူ့ကို တစ်ခါလောက် ချီခွင့်ပေးပါလားဟင်၊ အရမ်းချစ်စရာကောင်းလို့ ခဏလေး ချီထားချင်လို့ပါ"

"ဒါတော့ မဖြစ်ဘူးထင်တယ်၊ မောင်ယုဂန်က ဂျိုလီ့ကို ဘယ်လူစိမ်း လက်ထဲမှ မထည့်ဖို့မှာထားတယ်"

"ပိုင်ရှင် သဘောမတူဘဲနဲ့ ခွေးကို ခိုးပြေးတတ်တဲ့ ခွေးသူခိုးတွေ ရှိတတ်လို့ စိုးရိမ်ပြီး ပြောတာနေမှာပါ၊ ကျွန်မကို ကြည့်ပါဦး ... ကျွန်မက ခွေးသူခိုးပုံ ပေါက်နေလို့လား ..."





အမျိုးသမီးက ရှေးကို ခြေဆုံးခေါင်းဆုံးကြည့်လိုက်ရင်း ...

"ခွေးသူခိုးပုံတော့ မပေါက်ပါဘူး၊ ဒါပေမယ့် သူခိုးပုံမပေါက်ဘဲ ခိုးတတ်တဲ့သူတွေလည်း လောကမှာ အများကြီး ရှိတာကွယ် ..."

ရှေးက ဘာဆက်ပြောရမှန်းမသိဘဲ စိတ်ညစ်သွားမိသည်။ သို့သော် ရုတ်တရက် ဆိုသလိုပင် အကြံရကာ ...

"ဟင် ... အစ်မ၊ အစ်မ ဆံပင်တွေက ..."

ရှေးက ထိုအမျိုးသမီးရဲ့ ခေါင်းကို လက်ညှိုးထိုးရင်း မျက်လုံးပြူးကလေးဖြင့် အံ့ဩသလို ပြောလိုက်တာမို့ သူမက သူ့ဆံပင် သူပြန်ကိုင်ကာ ...

"ဘာ ... ဘာဖြစ်လို့လဲ"

"လှလိုက်တာ အစ်မရယ် ... အစ်မ ဆံပင်တွေက အရမ်းလှတယ်နော်၊ ဆံပင်ကြီးကို မည်းနက်ပြီး ရှဲအိနေတာပဲ၊ ဆံပင်သားလည်း အရမ်းထူတယ်၊ အစ်မကို အားကျလိုက်တာ၊ ဒီမှာ ကျွန်မဆံပင်တွေကိုကြည့်ပါဦး ... ဆံပင်ရောင်က အစ်မလို နက်ရှဲမနေလို့ အရောင်ဆိုးထားရတယ်၊ ဆံပင်က အစ်မလို ထူပြီးမလှတော့ အရှည်ထားချင်ပေမယ့် မထားနိုင်ဘဲ စတက်ပဲ ခုတ်ထားရတယ်"

ရှေးစကားကြောင့် အမျိုးသမီးက ဂုဏ်ယူပြုံးလေးပြုံးလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် ဒီဆံပင်က ဘယ် အလှပြင်ဆိုင်မှာမှ သွားသထားတာ မဟုတ်သေးဘူး၊ အုန်းဆီပဲ လိမ်းပြီး တရော်ကင်ပွန်းနဲ့ပဲ လျှော်ထားတာ၊ ခုခေတ် ကောင်မလေးတွေများ ကြည့်လိုက်ရင် ကြွက်ကိုက်ခံထားရသလို မညီမညာ အမွှာ အမွှာ ဆံပင်တွေနဲ့၊ ဆံပင်ရဲ့ ကောင်းခြင်းဆိုတာ ဘယ်မှာသွားရှာရမှန်းကို မသိတော့ဘူး"

"ဟုတ်တာပေါ့ အစ်မရယ်၊ ကောင်းခြင်းငါးဖြာထဲမှာ ဆံပင်၏ကောင်းခြင်းဆိုတာလည်း ပါတယ်မဟုတ်လား၊ အစ်မကတော့ တကယ့်ကို ဆံပင်၏ကောင်းခြင်းနဲ့ ပြည့်စုံတဲ့ မိန်းမပါပဲ"

"အဟင်း ... ဟင်း ... ဟင်း"

အမျိုးသမီးက သူ့ခေါင်းကိုဆတ်ခနဲခါကာ ကျောဘက်က သူ့ဆံပင်တွေကို ရင်ဘတ်ပေါ်ရောက်အောင် လုပ်လိုက်ပြီး သဘောအကျကြီး ကျနေဆဲ ...

"အစ်မ ... ခြံတံခါးဖွင့်ပြီး အပြင်ခဏထွက်ခဲ့ပါလားဟင်၊ အစ်မဆံပင်တွေကို အနီးကပ်ကြည့်ချင်လို့ ..."

အမျိုးသမီးက မဆိုင်းမတွပင် ခြံတံခါးဖွင့်ထွက်လာကာ ...

"ကဲ ... ကြည့် ... ကြည့်"

ဟုပြောပြီး သူ့ရဲ့ ချွေးစော်နံနေတဲ့ ခေါင်းကြီးကို ရွှေဘက်သို့ ယိမ်းပေးလိုက်သည်။ ရွှေမှာ အသက်ရှူအောင့်





လျက် မျက်နှာကို နောက်သို့ယိမ်းကာ နှာခေါင်းလေးရှုံ့လိုက်ရင်း ...

"အနီးကပ်ကြည့်တော့ ပိုလှတယ်နော်၊ ဒါပေမယ့် အစ်မက ဆံပင်ရင်းကနေ ကလစ်နဲ့ ညှပ်ထားတော့ ဆံပင်အလှက သိပ်မပေါ်ဘူးဖြစ်နေတယ်၊ ကလစ်ဖြုတ်ပြီး ဖြန့်ပြပါလား၊ အစ်မ လက်မအားရင် ခွေးကို ကျွန်မ ခဏပေးထားပြီး ကလစ်ဖြုတ်လိုက်လေ၊ ပေး ... ပေး ... အစ်မ ခွေး ..."

အမျိုးသမီးက ရှောရှောရှူရှူပင် စနီးကို ရွှေ လက်ထဲ ထည့်ပေးလိုက်ပြီး ဆံပင်ညှပ်ကလစ်ကို လက်နှစ်ဖက်ဖြင့် နောက်ပြန်ကိုင်ကာ ဖြုတ်နေဆဲ ရွှေက စနီးကိုပွေ့ကာ အမြန် ပြေးထွက်လာလေသည်။

"ဟင် ... ဒါ ဘာလုပ်တာလဲ၊ သူခိုး ... သူခိုး ... ခွေးသူခိုး"

အမျိုးသမီးက ဆံပင်ဖားလျားဖြင့် အော်ဟစ်ခုန်ပေါက်နေသော်လည်း အလွန်ဝသော သူ့ခန္ဓာကြောင့် ရွှေကို မီအောင် ပြေးမလိုက်နိုင်ရှာပေ ...။

ရွှေက ရွှေကို ခြံနီးချင်းမှန်း သိမှာစိုးတာမို့ ခြံထဲသို့လည်း မဝင်ဘဲ လမ်းကျဉ်းတစ်ခုထဲသို့ အရှိန်ဖြင့် ပြေးဝင်သွားချိန်တွင် ...

"ဘုတ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အင့် ..."

ရှေးသည် လူတစ်ယောက်ကို တိုက်မိကာ လဲပြိုသွား၏။ သို့သော် ချက်ချင်းပင် စနိုးကို ကျစ်ကျစ်ပါအောင် မွေ့ကာ ပြန်ထလိုက်ပြီး ဆက်ပြေးဖို့ ခြေလှမ်းပြင်ချိန်မှာ ရှေးရင်ခွင်ထဲက စနိုးကို လုယူခြင်းခံလိုက်ရလေသည်။

"ဒါ ... ဘာလုပ်တာလဲ၊ ဒါ ကျွန်မခွေး၊ ပြန်ပေး ... ဟင် ရှင် ... ယုဂန် ..."

ရှေး တိုက်မိသွားသူဟာ ယုဂန်။ ရှေး ခွေးကို လုသူဟာ ယုဂန် ...။ အလွန် အင်မတန် မုန်းတီးရပါသော ယုဂန် ...။

"မင်း ငါ့ခွေးကို ခိုးပြေးလာတာ မဟုတ်လား ခွေးသူခိုး မလေးရဲ့"

"ရှင်သာ ခွေးသူခိုး ..."

"ငါက ခွေးသူခိုးဆိုရင် မင်းက ခွေးသတ်သမား ..."

"ရှင့်ပါးစပ် ပိတ်ထား ..."

"အော်ဟစ်မနေနဲ့ ... ကျက်သရေတုံးတယ်၊ နေစမ်းပါဦး မင်းက ဘယ်ကဘယ်လို သတင်းအနံ့ရပြီး ငါ့အိမ်သစ်အထိ ရောက်လာရတာလဲ၊ တော်တော် အနံ့ခံကောင်းတာပဲ၊ သတင်းကို ပြောပါတယ်"

"တောက် ..."

ရှေးသည် သူ့ကို ဘာမှဆက်ပြောမနေတော့ဘဲ





သူ့လက်ထဲက စနိုးကို ပြန်ဆွဲလုလိုက်၏။ သူကလည်း ပြန်ဆွဲလုလေရာ စနိုးက နှစ်ယောက်ကြားမှာ တကိန်ကိန် အော်ဟစ်နေရှာသည်။

ရှေးက စနိုးကို သနားတာမို့ ဆက်မလုတော့ဘဲ သူ့ရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့သည်။

ရှေးအဖြစ်က ဘယ်လောက်တောင် ဇာတ်နာသလဲဆို နောက်နေ့တွေမှာလည်း တစ်ဖက်ခြံက ခွေးဟောင်သံကြားတိုင်း ခေါင်းထောင်ထောင်ကြည့်မိရ၏။ ဘယ်သူတွေ ကိုယ့်ကို ဘယ်လောက်ပဲ မကောင်းပြောပြော ဂရုစိုက်မနေနဲ့ ဆိုသော စကားကို "ခွေးဟောင်တိုင်း ခေါင်းထောင်မကြည့်နဲ့"ဟု တင်စားပြီး ပြောလေ့ရှိတာကိုတော့ ရှေး ကြားဖူးပါ၏။ သို့သော် ... ခုတော့ ရှေးသည် ခွေးဟောင်တိုင်း ခေါင်းထောင်မကြည့်ဘဲ မနေနိုင်ချေ။

ရှေးသည် လူလုံးတော့ ထွက်မပြရဲ ...။ ရှေးကို ဒီဘက်ခြံကမှန်း သိသွားမှာကြောက်သဖြင့် ခြံထဲတောင် မဆင်းရဲဘဲ သိုသိုသိပ်သိပ်လေး နေနေခဲ့ရသည်။

သူနဲ့ ဝေးချင်ပါရက်နဲ့ ခုလောက်နီးနီးကပ်ကပ် ပြန်ဆုံရတာဟာ ဆိုးဝါးတဲ့ အမှန်းရေစက်ပဲ ဖြစ်လေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

နောက် နှစ်ရက်အကြာ မနက်ခင်းမှာ ရှေး အိပ်ရာက နိုးထလာတော့ တစ်အိမ်လုံးအလုပ်တွေရှုပ်နေတာကို တွေ့ရသည်။

တစ်အိမ်လုံးက ရှိရှိသမျှ ခန်းဆီးလိုက်ကာတွေကို လဲလှယ်တပ်ဆင်ခြင်း၊ ဧည့်ခန်းထဲက ပန်းအိုးတွေထဲကို ပန်းအသစ်ထိုးခြင်း၊ ထမင်းစားခန်းထဲကို ကြွေပန်းကန်ဆက်အသစ်တွေ ရောက်လာခြင်း … စသည့် အလုပ်တွေကို မလုံးတို့ ပိစိတို့နှင့်အတူ ကြီးကြီးပါ ဝင်၍ လုပ်ဆောင်နေပြီး မေမေကလည်း တက်ကြွရွှင်လန်းစွာ ညွှန်ကြားလျက် ရှိသည်။

အပေါ်ထပ် အိပ်ခန်းကနေ ညဝတ်ဘောင်းဘီတို၊ အင်္ကျီပွတွန့်တွန့်ကလေး ဝတ်လျက်သား ကပိုကရို ပုံစံလေးဖြင့် ဆင်းလာနေသော ရှေးသည် အိမ်အောက်ထပ်မှာ ယောက်ယက်ခတ်နေသည့် ပိစိတို့ကို လိုက်ကြည့်ရင်း …





"ဝါး … တစ်အိမ်လုံးကို တောက်ပြောင်နေတာပါလား၊ အလှူများ လုပ်မလို့လား"

"ဧည့်သည်လာမှာမို့လို့တဲ့ မမရှေးရဲ့ …"

"ဧည့်သည်က တော်တော် အရေးကြီးတဲ့ ဧည့်သည်မျိုး ဖြစ်မယ်ထင်တယ် မမရှေး …၊ တစ်ခါမှ အိမ်အလုပ် ဝင်မလုပ်ဖူးတဲ့ မမရှေး မေမေတောင်မှ ကိုယ်တိုင်ဝင်လုပ်နေတယ်၊ ကြီးကြီးဆိုလည်း မနက်ကတည်းက ပျာယာခတ်နေတာပဲ …"

"မမရှေး မေမေက ပြုံးပြုံး ပြုံးပြုံးနဲ့ ပျော်လည်းပျော်နေပုံရတယ်"

တစ်အိမ်လုံးက မေမေ ပျော်ရွှင်တက်ကြွနေတာကို သတိထားမိနေသည်။ တကယ်လည်း မေမေ့မျက်နှာက ပျော်တပြုံးပြုံး ဖြစ်နေတာမို့ ရှေးတောင်မှ အံ့သြယူရသည်။

ကွဲကွာနေတာ ကြာတဲ့ မိတ်ဆွေတွေ လာလည်မှာမို့လို့ ထင်ပါရဲ့လေဟု တွေးကာ ရှေးကတော့ ညနေကျရင် ဘယ်ကို စတေးရှောင်ရင် ကောင်းမလဲဟုသာ စဉ်းစားမိသည်။

"ညနေအတွက် ဟင်းကောင်းကောင်းတွေလည်း အများကြီး ချက်မှာ မမရှေးရဲ့၊ မမရှေးတော့ ဝါးကြောတွေ့ပြီပဲ …"

"ဝါးကြောရှိလည်း မပျော်နိုင်ပေါင်ဟယ်၊ ငါက ခဏနေ စတေးရှောင်တော့မှာ …"



www.burmeseclassic.com

www.burmeseclassic.com



"မမရှေးက ဘယ်သွားမှာမို့လို့လဲ"

"ခက်နဲ့အတူတူ ဆိုင်သွားထိုင်မှာပေါ့၊ အိမ်ကို လူကြီး ဧည့်သည်တွေလာရင် အာရုံနှောက်လွန်းလို့ ...၊ ဧည့်သည် တွေ ရောက်လာတာနဲ့ မေမေနဲ့ ကြီးကြီးက ငါ့ကို အိမ် ရှေ့ခေါ်ထုတ်ပြီး ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးရော၊ ငါ့အကြောင်းတွေကို ငါ့မျက်နှာရှေ့ထားပြီး ပြောကြရော၊ လူကြီးတွေကလည်း ငါ့ကို ဘယ်နှစ်တန်းရောက်ပြီလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ၊ ဘာအလုပ်တွေ လုပ်နေလဲ၊ ရည်းစားရော ရှိပြီလား၊ အိမ်ထောင်ပြုဖို့ စိတ်မကူးနဲ့ဦး နော်၊ အမေကို ကျေးဇူးဆပ်ပြီးမှ အိမ်ထောင်ပြုဆိုတာမျိုး တွေ ဟိုမေး ဒီစမ်း ဟိုပြော ဒီပြော၊ ပြီးတော့ ရှိသေး တယ် ... ဟဲ့ သူလေးက ငယ်ငယ်တုန်းက ဟိုလိုလေး လေ၊ ဒီလိုလေးလေ ဆိုတာမျိုး ငယ်ကျိုးငယ်နာ ဖော် တတ်ကြသေးတယ်၊ သူတို့ချင်းလည်း ချေးခြောက်ရေနှူး ကြ၊ ဆွေမျိုးစပ်ကြနဲ့ ငါ့မှာ လူကြီးတွေကြားမှာ အနေက လည်း ခက်၊ ထလည်းမသွားရဲ၊ အမြဲ အခက်တွေ့တွေ့ နေရတာ၊ အဲ့ဒါကြောင့် အိစကိုက စောစောစီးစီး စထား ရှောင်တော့မှာ ..."

ရှေးက မလုံးတို့ကို ပြောပြီး အပေါ်ထပ်သို့ ပြန် လှည့်အတက် ...

"သမီးရေ ... ရှေး ..."





"ရှင် ... မေမေ"

"လာခဲ့ ... မေ့ဆီ ခဏလာခဲ့ဦး"

"ဟုတ် ..."

ရှေးက ကိုယ့်ဆံပင်လေးတွေကိုကုပ်ရင်း အောက် ထပ်သို့ ပြန်ဆင်းလာခဲ့ရသည်။ မေမေက ရှေး လက်ကလေး တစ်ဖက်ကို လှမ်းဆွဲဆုပ်ကိုင်လိုက်ပြီး ...

"လာ ... မေနဲ့လိုက်ခဲ့၊ သမီးကို ပြစရာရှိတယ်"

ဟု ပြောရင်း သူ့အခန်းဘက်သို့ လျှောက်သွား တာမို့ ရှေးက မေခေါ်ရာ လိုက်ပါလာရပါသည်။

အခန်းထဲရောက်တော့ ရှေးက မေ့ ခုတင်ပေါ်သို့ အိခနဲ ပစ်ထိုင်ချလိုက်သည်။ မေက ဗီရိုထဲက အထုပ်ကြီးအထုပ် ငယ်တွေကို ထုတ်ယူလိုက်ပြီး ...

"ဒါက သမီးဖို့၊ ဒါလည်း သမီးဖို့ ..."

"ဟယ် ... လှလိုက်တာ ..."

ရှေးသည် မေ ထုတ်ပြလိုက်သည့် ပစ္စည်းတွေကို ကြည့်ရင်း ဝမ်းသာလုံးဆို့သွားသည်။

မေက ရယ်ဒီမိတ် စကဒ်ရှည်ရှည်လေးနှင့် ကုတ် အင်္ကျီဆန်ဆန် အင်္ကျီလေးကို ဖြန့်ပြရင်း ...

"ဒီဝတ်စုံလေးက စင်ကာပူ ရောက်နေတဲ့ မေ့မိတ်ဆွေ တစ်ယောက်ဆီ လှမ်းမှာပြီး ဝယ်ပို့ခိုင်းထားရတာ၊ မေ့



www.burmeseclassic.com

www.burmeseclassic.com



သမီးအတွက် အထူးစပါယ်ရှယ်ပေါ့၊ သမီးဆိုဒ်အတိုင်း မှာပေးလိုက်တာ”

“ရှေး ကြိုက်လိုက်တာ မေရယ်၊ ဒါမျိုး ဒီဇိုင်း ဒီမှာ မတွေ့မိသေးဘူး၊ မေက သိပ်ခေတ်မီတယ်”

“ဒီမှာ … ဒါလေးကလည်း သမီးအတွက်ပဲလေ …၊ မေ စုထားတဲ့ စိန်ဖြူသန့်လေးတွေကို ကတ်တလောက်ထဲက ပုံပြပြီး ပန်းတိမ်မှာ အပ်ပေးထားတာ”

မေက ကတ္တီပါဘူးနီလေးကို ထောက်ခနဲ ဖွင့်ပြလိုက်သည်။ ဖြူလဲ့နေသည့် လော့ကတ်သေးသေးလေး၊ နားဆွဲ လှလှလေး …။ လက်စွပ်နှင့် ဟန်းချိန်းကလေးတွေက ရှေး အကြိုက် ဒီဇိုင်းလေးတွေပင်။ ရှေးက သေးကွေးမှုန်မွှားသည့် ပစ္စည်းတွေကိုသာ သဘောကျတာမို့ မေက သေးသေးလေးတွေ လုပ်ထားသော်လည်း တစ်လုံးစိန်လေးတွေကိုသာ ပလက်တီနမ် အပါးလေးခတ်၍ လုပ်ထားတာမို့ တန်ဖိုးက သေးမည်မထင်ပါ။ လော့ကတ်အတွက် စိန်တစ်လုံး၊ နားဆွဲနှစ်ဖက်အတွက်က နှစ်လုံး၊ လက်စွပ်အတွက် တစ်လုံး၊ ဟန်းချိန်းမှာက ကြိုးမျှင် ကလေးကနေ တွဲလွဲကျနေသည့် စိန်တစ်လုံး၊ စုစုပေါင်း ငါးလုံး တောင်မှပင် …။

ရှေးက ဘူးထဲက ပစ္စည်းတွေကို တစ်ခုပြီးတစ်ခု ယူဝတ်ရင်း …

“လှလိုက်တာ … လှလိုက်တာ၊ ဒီပစ္စည်းလေးတွေနဲ့ ဟို





ဝတ်စုံကို ဝတ်ဖို့ လမ်းရှာဦးမှပဲ၊ ခုနေ မွေးနေ့ပွဲဖြစ်ဖြစ် ပွဲတစ်ခုခုသွားစရာရှိရင် သိပ်ကောင်းမှာပဲ၊ ရှေး ဝတ်ချင် လှပြီ …”

“စိတ်ချ …၊ ဒီညနေပဲ ဝတ်ခွင့်ရတော့မှာ …”

“ဟင် … ညနေ ဘာပွဲရှိလို့လဲ မေ …”

“သမီးအတွက် အရမ်းအရေးကြီးတဲ့ ပွဲတစ်ခုရှိတယ်လေ၊ ဒီပွဲမှာ သမီးကို ပွဲထုတ်ရမှာ၊ ဒီပွဲက သမီးရဲ့ပွဲ …”

ရှေးက မေမေ့ကို စွေကြည့်လိုက်ရင်း …

“အံမယ် … ဟုတ်လို့လား၊ မေ့ပွဲမဟုတ်ဘူးလား၊ မေ့ ရည်းစားဟောင်း လာလည်မှာမို့လို့ ဒီလောက် ပျော်တာပြုံး ပြုံး ဖြစ်နေတာမဟုတ်လား”

“ကောင်မလေး … အမေကို မဟုတ်တရုတ်တွေ ပြော မနေနဲ့ …”

“မဟုတ်တရုတ် မပြောရရင် မဟုတ်ကုလားပဲ ပြောရ မလား”

“လူကြီးကို လာနှောက်မနေနဲ့ …၊ မေပြောတာ သေသေ ချာချာ နားထောင်”

“ဟုတ် …”

ရှေးက ခုတင်ပေါ်မှာ တင်ပျဉ်ခွေထိုင်ကာ ပေါင် ပေါ် တံတောင်ဖြင့်ထောက်၊ လက်ပေါ် မေးပြန်ထောက်ထား လိုက်ရင်း ခေါင်းလေး ဆတ်ခနဲ ညိတ်ပြလိုက်သည်။ မေက



www.burmeseclassic.com

www.burmeseclassic.com



ရှေး နှဖူးပေါ်က ဆံပင်လေးတွေကို သပ်တင်ပေးနေရင်း ...

"မေ အခုပြောမယ့် စကားက သမီးအတွက် အံ့ဩစရာ လန့်စရာ ဖြစ်ချင်ဖြစ်လိမ့်မယ်၊ ဒါပေမယ့် စိတ်ကို အေးအေးထားပြီး မေ အကျိုးအကြောင်း ရှင်းပြပြီးတဲ့အထိ နားထောင်ပေးစေချင်တယ်"

ရှေးက မေ့စကားကို ငြိမ်နားထောင်နေလိုက်သည်။

"တကယ်တော့ ညနေကျရင် မေတို့အိမ်ကို လာမယ့် ဧည့်သည်တွေက မေနဲ့ ခမည်းခမက်တော်ရမယ့် မိသားစုပဲ သမီး"

"ခမည်းခမက် !"

ရှေးသည် ရုတ်တရက်တော့ နားမလည်။ မေ ဘာကိုဆိုလိုမှန်း မသိ ...။

"မေ ဆိုလိုတာက ညနေကျရင် သမီးနဲ့ သဘောတူထားတဲ့ သူနဲ့ သူ့မိသားစုဝင်တွေ လာကြလိမ့်မယ်လို့ ပြောတာ ..."

"သမီးနဲ့ သဘောတူတာ !၊ ဘာကို သဘောတူတာလဲ"

"သမီး အိမ်ထောင်ဖက်အဖြစ် သမီးနဲ့ လက်ထပ်ပေးမယ့် သူကို ပြောတာလေ ...၊ မေ့သမီးက တော်တော် နားဝေးပါလား"

ရှေးသည် မေ့စကားကြောင့် ရုတ်တရက် ရှော့ခ်ရချင်သလို ဖြစ်သွားသည်။ ဘလိုင်းကြီး ဆိုင်းမဆင့် ဗုံမပါ။





ဒါမျိုးကိစ္စ တစ်ခါမှ စကားမစဖူးဘဲ ခုမှ ရုတ်တရက်ကြီး ပေါ်ပေါက်လာတဲ့ ပြဿနာ ...။ ရှေး ကြိုတွေးမထားမိတဲ့အရာ။

ရှေးသည် ချက်ချင်းပင် ခေါင်းကိုမူးလောက်အောင် အဆက်မပြတ် ဘယ်ညာယမ်းခါလိုက်မိရင်း ...

"မဟုတ်တာတွေ မကြံစည်ရဘူးလေ မေ၊ ဒီလိုကိစ္စမျိုးက ရှေးနဲ့ အဝေးကြီးမှာလေ၊ ရှေးက ငယ်ငယ်လေးပဲ ရှိသေးတာလေ"

မေက သက်ပြင်းချလိုက်ရင်း ...

"မေပြောတာ နားထောင်ဦးလေ မိရှေးရယ်၊ မေ့ဆန္ဒက ခုချက်ချင်းကြီး လက်ထပ်ပေးဖို့လည်း မဟုတ်သေးပါဘူး၊ သမီးတို့ လူငယ်ချင်းတွေ့ပေးပြီး တစ်နှစ်တန်သည် နှစ်နှစ်တန်သည် အချိန်ယူပြီးမှ လက်ထပ်ကြဖို့ပါ ...၊

"သူတို့မိသားစုနဲ့ မေတို့မိသားစုက ရေစက်ပါတယ်၊ သမီး ငယ်ငယ်တုန်းက မန္တလေးမှာ အိမ်နီးချင်းတွေအဖြစ် ချစ်ချစ်ခင်ခင် နေလာခဲ့ကြတာ ...၊ အဲ့ဒီနောက်ပိုင်းမှာ နှစ်တွေအကြာကြီး ကွဲကွာသွားခဲ့ကြတယ်၊ သူတို့ ရန်ကုန်ပြောင်းလာတာ ကြာပြီဆိုပေမယ့် မေတို့နဲ့ ပြန်မဆက်သွယ်မိကြဘူး၊ ခု ... ဘယ်လိုပုံစံနဲ့ ပြန်ဆုံရတယ်ဆိုတာ သမီး သိရင် အရမ်းအံ့ဩသွားလိမ့်မယ်၊ မေ့မှာ သူတို့နဲ့ပြန်တွေ့တော့ အပျော်လွန်ပြီး သတိလစ်မတတ်တောင် ဖြစ်ရတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ ငယ်ငယ်က ကြီးလာရင် ပေးစားမယ်လို့ အပြောင်အပြက်လိုလို ပြောထားတဲ့ စကားကို ကောင်လေးရဲ့ အဘွားက လုံးဝ မမေ့ဘူး၊ သမီး အရွဲလေး အရွယ်တုန်းက ကောင်လေးအဘွားက သမီးကို သိပ်ချစ်ခဲ့တာလေ ...၊ ကောင်လေး အမေကလည်း မေ့သူငယ်ချင်း၊ သူတို့က အခု သမီး အရွယ်ရောက်လို့ ဘယ်လိုပုံစံလေး ရှိနေမလဲဆိုတာ တွေ့ချင် မြင်ချင်နေကြတယ်၊

"မေက ဟိုးအရင်ကတည်းက သူတို့မိသားစုရဲ့ မျိုးရိုးဂုဏ်ကို သိပ်သဘောကျခဲ့ရတာ ...၊ သူတို့က မြန်မာစစ်စစ်၊ ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းကြီးတယ်၊ တစ်မျိုးလုံး တစ်ဆွေလုံး ပညာတတ် သူဌေး သူကြွယ်ချည်းပဲ၊ ရုပ်ရည်တွေကလည်း သန့်ပြန့်ပြီး အဆင့်အတန်းမြင့်တဲ့ပုံတွေ ထွက်နေကြတာ ...၊ ထက်လည်း ထက်မြက်ပြီး ဉာဏ်တွေလည်း ကောင်းကြတယ်၊ အကျင့်စာရိတ္တ ပျက်ယွင်းတာတွေလည်း တစ်ယောက်မှ မပါဘူး ...၊

"မိန်းကလေး တစ်ယောက်အတွက် ကိုယ့်အိမ်ထောင်ဖက်ရဲ့ မျိုးရိုးဟာ အရေးကြီးတယ် သမီး၊ တခြားဟာတွေကို ကိုယ်လိုက်ပြီး ပြုပြင်ပြောင်းလဲလို့ ရချင်ရမယ်၊ ဖြစ်တည်ခဲ့ပြီးသား မျိုးရိုးကိုတော့ လိုက်ပြီးပြင်လို့ မရနိုင်ဘူးလေ ...၊

"အိမ်ထောင်ပြုတယ်ဆိုတာ နှစ်ယောက်တည်းနဲ့





ပြီးတဲ့ကိစ္စမှမဟုတ်တာ၊ သမီးသဘောနဲ့ သမီး ယောကျ်ားတစ်ယောက်နဲ့ ချစ်ကြိုက်လာပြီပဲ ဆိုပါစို့ ...၊ အဲ့ဒီယောကျ်ားရဲ့ မျိုးရိုးဟာ ဘယ်လိုရှိတယ်ဆိုတာ သမီး ဂဃနဏ မသိနိုင်ဘူး၊ ခုခေတ်မှာ မိန်းကလေးတွေ အိမ်ထောင်ပြုကြရင် ဒီအချက်ကို ထည့်စဉ်းစားဖို့ မေ့လျော့နေကြတာ များတယ် ...၊

"မျိုးရိုးညံ့တဲ့သူနဲ့ သမီး အိမ်ထောင်ပြုလိုက်ရင် သမီးမွေးလာတဲ့ သားသမီးလေးတွေဟာ အဲ့ဒီ မျိုးရိုးညံ့ညံ့လူတွေနဲ့ အဘိုး အဘွား ... ဦးလေး ဒေါ်လေးတွေ တော်စပ်ပတ်သက်ရတော့မယ်၊ ငုပ်ဗီဇဆိုတာလည်း ရှိတော့ တစ်ဆက်ဆက်က ငုပ်နေတဲ့ ဉာဏ်ရည်နိမ့်တဲ့ ဗီဇဆိုတာမျိုးတွေက ကိုယ်မွေးတဲ့ သားသမီးဆီမှာ ပြန်ပေါ်လာရင်လည်း အခက်ပဲ ...၊

"အဲ့ဒါတွေကြောင့် မေက သမီး အရွယ်ရောက်ကတည်းက မေ့သမီးလေး မျိုးရိုးညံ့တဲ့သူနဲ့ အိမ်ထောင်ကျမှာ အရမ်းကြောက်ခဲ့ရတယ်၊ ဒါ့ကြောင့် သမီးကို မျိုးကောင်းရိုးကောင်း ယောကျ်ားမျိုးနဲ့ အိမ်ထောင်ကျစေချင်ခဲ့တယ်၊ မေက ကျန်းမာရေးလည်း မကောင်းတော့ မေ တစ်ခုခုဖြစ်သွားရင် သမီးအတွက် စိတ်ချခဲ့ချင်တယ်"

ရှေးက အားတက်သရော ပြောနေသည့် မေ့ကို ငေးကြည့်နေမိရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ဒါတော့ ဒါပေါ့ မေရယ်၊ ဒါပေမယ့် အိမ်ထောင်ပြုဖို့ ကိစ္စကို သမီး စိတ်မဝင်စားသေးလို့ပါ”

“ကောင်လေးနဲ့ တွေ့လိုက်ပြီးရင် စိတ်ဝင်စားရင် စိတ်ဝင်စားလာမှာပေါ့ သမီးရယ်၊ တွေ့တာတော့ တွေ့ကြည့်လိုက်ပါနော်၊ နော် ... သမီး”

ရှေးက ကလေးတစ်ယောက်လို ပူဆာနေသော မေ့ကို သနားကာ ခေါင်းညိတ်လိုက်ရသည်။

မေ့ အခန်းထဲက ပြန်ထွက်လာတော့ ရှေးမျက်နှာကလေးဟာ စူပုပ်ပုပ်လေး ဖြစ်လာသည်။ ရှေးသည် အပေါ်ထပ်သို့ အပြေးကလေး တက်လာပြီး ခက်ဆီ ဖုန်းခေါ်လိုက်သည်။

“ခက် ... ငါတော့ အကြီးအကျယ် ပြဿနာတက်နေပြီ”

“ဘာတုန်း၊ ဘာဖြစ်တာတုန်း၊ ပြောဦး ...”

“ငါ့ကို မေမေက ယောကျ်ား ပေးစားမလို့တဲ့ ...”

“မြတ်စွာဘုရား၊ အသစ်ပါလား၊ ရုတ်တရက်ကြီး နင့်အမေ ဘာစိတ်ကူးတွေ ပေါက်လာတာလဲ”

“သိပါဘူးဟယ်၊ စိတ်ညစ်ပါတယ်၊ ဒီနေ့ညနေ အဲ့ဒီမိသားစုတွေ လာကြမှာတဲ့၊ စိတ်ညစ်ပါတယ်”

“အခု စိတ်ညစ်နေပေမယ့် နင့် သတို့သားလေးက ချောချောလေးဆိုရင် နင် ပျော်ချင်ပျော်သွားမှာပေါ့ ...”

“ဘယ်လောက်ချောချော ဒီအချိန်မှာတော့ အိမ်ထောင်ရေးကို စိတ်မဝင်စားပါဘူး ခက်ရယ် ...”





“တွေ့တော့ တွေ့ကြည့်လိုက်ဦးပေါ့ဟယ် ...၊ နင် ချစ်ချင်လည်း ချစ်သွားမှာပေါ့၊ နင့်နှလုံးသားလေးက အသစ်စက်စက်လေးပဲဟာ ...”

“ငါ့နှလုံးသားက မသစ်တော့ပါဘူး၊ ချစ်ရမယ့်သူ ရှိပြီးသား ...”

“ဟယ် ... ငါလည်း မသိရပါလား”

“SS 501 အဖွဲ့က ကိုရီးယား စတားလေး ကင်ဟာန်ဂျွန်က ငါချစ်ရတဲ့သူပေါ့ ...”

“ရူးလည်း ရူးပါ့ဟယ်”

“ခု တကယ်ရူးချင်နေတာကတော့ အမှန်ပဲဟယ်၊ ညနေရောက်မှာတောင် ကြောက်နေမိတယ်”

ရှေးက တိုးတိုးလေး ညည်းညူလိုက်ရင်း ဖုန်းချလိုက်မိသည်။ ခက်ကို ရင်ဖွင့်ပြောပြလိုက်ရပေမယ့် ရှေးစိတ်ထဲမှာတော့ ပေါ့မသွားချေ။

ရှေးသည် ခုချိန်မှာ အနှောင်အဖွဲ့ကင်းစွာ လွတ်လွတ်လပ်လပ်သာ နေလိုသည်။ ရှေးပတ်ဝန်းကျင်မှာ အကောင်အထည်ရှိနေတဲ့ ယောကျ်ားလေးတွေထက် F 4 အဖွဲ့ထဲက ကိုရီးယား မင်းသားလေးတွေကို သဲသဲလှုပ် ချစ်ချင်ချစ်နေမည်။ မွေးပွရုပ်လေးတွေကို တပ်တပ်မက်မက် ဝယ်စုပြီး ဖက်အိပ်ချင်အိပ်နေမည်။ ကိုယ်နဲ့ ဘယ်လိုမှ တွေ့ဆုံစရာမရှိတဲ့ ရုပ်ရှင်မင်းသားလေး တစ်ယောက်ကို အဝေးက လှမ်းစိတ်ကူးယဉ်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူ့မာတ်ပုံတွေ၊ သူ့အခွေတွေ စုပြီး အရှုးထချင်ထမည်။ ဘာကို မှန်းမသိ မှန်းဆရမ်းရော်ကာ လွမ်းချင်လွမ်းမည်။ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်မှာ တစ်သက်လုံး နားခိုလိုက်ဖို့တော့ စိတ်ကူး မရှိသေးချေ။

ရှေးသည် တွေးရင်း တွေးရင်း စိတ်ညစ်လာကာ အိပ်ရာပေါ်သို့ ဒိုင်ဗင်ထိုးချလိုက်ပြီး ခြေထောက်နှစ်ချောင်းကို မိုးပေါ်ထောင်၍ ယက်ကန်ယက်ကန်လုပ်ရင်း လက်တွေကလည်း မွေ့ရာကို ထုရိုက်နေလိုက်မိသည်။ ဒီတော့မှပဲ စိတ်က နည်းနည်း ပြေလာသည်။

မေမေက 'ကောင်လေး' လို့ ထည့်ထည့်ပြောတဲ့ အဲ့ဒီလူကရော ရှေးလို စိတ်မညစ်ဘူးလား။ မငြင်းဘူးလား ...။ ဒီအိမ်ကို ဆွေပြ မျိုးပြလိုမျိုး လိုက်လာရမှာကို ဒင်းက မရှက် ဘူးလား။

ရှေးသည် ညနေကျရင်တော့ ဒင်းမျက်နှာကို လုံးဝ မကြည့်ဘဲ ခေါင်းငုံ့နေလိုက်မည်ဟု ဆုံးဖြတ်ချက်ချလိုက်၏။ ညနေ မြန်မြန်မရောက်ပါစေနဲ့ဟု ဆုတောင်းရင်း ညနေရောက် မှာကို ကြောက်နေမိ၏။

ရှေး ဘယ်လောက်ကြောက်ကြောက် နေမင်းကြီး ကို ဆွဲထားလို့မရတာမို့ နေမင်းက အနောက်သို့ ယွန်းကာ ညနေသို့ ရောက်လာခဲ့သည်။





ရှေးသည် မေမေ ဆင်သည့် အဝတ်အစားတွေကို ဝတ်လျက် ဧည့်ခန်းထဲမှာထိုင်ရင်း ဧည့်သည်တွေ ရောက်လာ မည့်အချိန်ကို စောင့်နေရ၏။ ရှေးအတွက်တော့ ဒါဟာ ဝဋ် ဆင်းရဲတစ်ခုပဲဖြစ်သည်။

ရှေးသည် မပျော်သောစိတ်ဖြင့် ထိုင်နေရင်းကပင် ယုဂန်ကို သတိရလာမိ၏။ ရှင့်ဆုတောင်းကတော့ ပြည့်ပါရဲ့ ယုဂန်ရယ် ...။ ရှေး ဘဝတစ်လျှောက်လုံး မပျော်ရွှင်ရတော့ ဘူးထင်ပါရဲ့ ...။ မချစ်မနှစ်သက်တဲ့ သူကိုသာ ယူလိုက်ရရင် ရှေးရဲ့ ပျော်ရွှင်မှုတွေအားလုံး ပျက်စီးဆုံးရှုံးရတော့မှာ ...၊ မယူ ပြန်ရင်လည်း မေမေက စိတ်ဆင်းရဲရမှာ ...။ ရှေးက ရှေး တစ်သက် မေမေ့ကို စိတ်ဆင်းရဲအောင် မလုပ်ပါဘူးလို့ ကတိ ပေးပြီးသားလေ ...။ ကတိတည်ဖို့အတွက် ရှေးရဲ့ ပျော်ရွှင်မှုကို ချနင်းရတော့မှာ။

ရှေးသည် ယုဂန်ကိုလည်း မုန်းမိ၏။

တစ်ဖက် မိန်းကလေးက ကြည်ဖြူမယ်၊ မကြည် ဖြူမယ်မသိဘဲ မျက်နှာပြောင်ပြောင်နှင့်ပါလာမည့် 'ကောင်လေး' ဆိုသူကိုလည်း မုန်းနေမိ၏။

ထိုအခိုက်မှာ အိမ်ရှေ့ဆီက ကားဟွန်းသံကြား ရပြီး ဆင်ဝင်အောက်မှာ ကားတစ်စီး ရပ်လာတာကို သိလိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှေးက သူတို့ကို ကြည့်လည်း မကြည့်ချင်၊ သူတို့ကြည့်လာမှာကိုလည်း မကြိုက်တာမို့ ဆံပင်တွေကို မျက်နှာဘေး တစ်ဖက်တစ်ချက်သို့ ဆွဲချလိုက်ပြီး ခေါင်းကို တအားငုံ့ချထားလိုက်သည်။

"ဟော ... သော်တာတို့ လာကြပြီ၊ မမရေ ... သော်တာတို့ လာကြပြီ ..."

မေမေက ကြီးကြီးကို လှိုက်လှဲဝမ်းမြောက်စွာ လှမ်းပြောသံ ကြားရ၏။ တစ်ဆက်တည်းမှာ ကြီးကြီးအသံကလည်း စည်စည်ဝေဝေ ထွက်ပေါ်လာပြန်၏။

"သော်တာတို့ကတော့ အရင်အတိုင်း လှမြဲလှဆဲပဲဟော့"

"မမရေ ... အန်တီသိုက်လည်း ပါတယ်၊ အန်တီသိုက်ကို တွဲပါဦး ..."

"တွဲရလောက်အောင် အန်တီ မအိုသေးပါဘူး မြတ်ရယ်၊ ညည်းကလည်း ပိန်လိုက်တာအေ ..."

"ပိန်ဆို ကျန်းမာရေးကမှ သိပ်မကောင်းဘဲ အန်တီရယ်၊ သော်တာ့ကို အားကျတယ်၊ သော်တာက အရမ်းကျန်းမာရေး ကောင်းတယ်၊ ငယ်ငယ်ကထက် မဆိုစလောက်ကလေး ဝနေတာကလွဲရင် တင်းတင်းရင်းရင်းနဲ့ ကြည့်ကောင်းနေတုန်းပဲ"

"မမြှောက်ပါနဲ့ မြတ်ရယ်၊ မြတ်ကမှ တကယ့် စလင်း





လေး၊ ခုခေတ်က မော်ဒယ် ပိန်ပိန်လေးတွေခေတ် မဟုတ်လား"

"သော်တာတို့ကတော့ တစ်ဖက်သား စိတ်ချမ်းသာအောင် ပြောကို ပြောတတ်တာပါ"

"ဟဲ့ ... ဟိုကားပေါ်က ကားမောင်းလာတာ ကောင်လေး မဟုတ်လား"

"ဟုတ်တယ်လေ ... မမငွေရဲ့"

"အံမယ်လေးဟယ် ... ထွားလာလိုက်တာ၊ ချောလာလိုက်တာ၊ တို့တွေ ပါးစပ်ဖျားက ကောင်လေး ကောင်လေးနဲ့ တဖွဖွခေါ်ပြီး ချီခဲ့ ထိန်းခဲ့ရတာ ဒီကောင်လေးလား ..."

"ဒါနဲ့ မြတ်ရေ ... မြတ် သမီးကလေးကော ..."

"ဟိုမှာလေ ... ဧည့်ခန်းထဲမှာ ထိုင်နေတာ မြတ် သမီး"

"ကြည့်စမ်းပါဦး ... ကြည့်စမ်းပါဦး၊ အရွယ်ရောက်လာလိုက်တာနော်၊ ငယ်ငယ်တုန်းက သော်တာ့လက်ထဲမှာ ခဏခဏ သေးပေါက်ချပြီး အချစ်စမ်းခဲ့တဲ့ ကောင်မလေးလေ ...၊ မေမေ ... မေမေ မြေးတော်ချင်တဲ့ ကောင်မလေးကို ကြည့်ပါဦး ..."

မေမေ ဒေါ်မြတ်မြတ်မြင့်၊ ကြီးကြီး ဒေါ်ငွေမှုန်နှင့် သားအမိဖြစ်ဟန်တူသော ဧည့်သည်တွေရဲ့ စကားသံတွေက လှိုက်လှဲ ပျော်ရွှင်နေသလောက် ရှေးမှာတော့ နားတွေအူကာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကျဉ်းကြပ်လာသည်။ ဘာတဲ့ ... ရှေးကိုများ ငယ်ငယ်တုန်းက ခဏခဏ သေးပေါက်ချပြီး အချစ်စမ်းတဲ့ ကောင်မလေးတဲ့။ ငယ်ကျိုးငယ်နာ ဖော်ကြပြန်ပြီ။ ရှေး စိတ်ပိန်လှပါသည်။

ထိုသို့ ရှေး စိတ်ပိန်နေချိန်တွင် ...

❑ ❑ ❑

ယုဂန်သည် ခေါင်းငုံ့ငုံ့၊ မှုန်တေတေ မျက်နှာထားဖြင့် ဧည့်ခန်းထဲသို့ လိုက်ဝင်လာခဲ့ရင်း မေမေတို့ သဘောတူတယ်ဆိုတဲ့ ကောင်မလေးကို ကြည့်ချင်စိတ်တောင် မရှိတာမို့ မျက်နှာခပ်လွှဲလွှဲနှင့်ပင် ဆိုဖာတစ်လုံးပေါ်မှာ ဝင်ထိုင်လိုက်ပြီး ဧည့်ခန်းနံရံက ပန်းချီကားချပ်တွေကို စိတ်ဝင်စားသလိုလိုနှင့် တောင်ကြည့် မြောက်ကြည့် လုပ်နေလိုက်လေသည်။ ပြီးတော့ ဧည့်ခန်းအလယ်စားပွဲပေါ်က မဂ္ဂဇင်းတစ်အုပ်ကို လှမ်းယူကာ ငုံ့ဖတ်နေလိုက်သည်။

မေမေတို့ ဖွတ်ခေါ်လို့သာ၊ ဘွားဘွားကလည်း သူ့စကား နားမထောင်လျှင် သွေးတိုးတော့မလိုလို ဖြစ်နေလို့သာ လိုက်လာရပေမယ့် အဲဒီ ကောင်မလေးနဲ့ အိမ်ထောင်ပြုဖို့ ကိစ္စကိုတော့ လုံးဝ စိတ်မဝင်စားပါ။

ကိုယ့်ခွေးကလေး သေလို့ စိတ်ဆင်းရဲရတဲ့အထဲမှာ ဒီကိစ္စကြီးက တစ်မှောင့်ဟုသာ သဘောထားပါသည်။





မေမေတို့မှာတော့ သိဟောင်းကျွမ်းဟောင်းတွေနဲ့ ခြံနီးချင်းအဖြစ် ပြန်ဆုံရလို့ဟုဆိုကာ ပျော်မဆုံး မော်မဆုံး ...။

ဘွားဘွား ဒေါ်ခင်ခင်သိုက်ကလည်း ...

"မြတ်ရဲ့ သမီးလေးကို ငါ့မြေး ယုဂန်နဲ့ ပေးစားပြီးမှ ငါသေမှာ"

ဟု တဖွဖွဆိုခဲ့၏။

မေမေ ဒေါ်သော်တာသိုက်ကတော့ ...

"လိုက်ခဲ့ပါ သားရယ် ... မင်းမလိုက်ရင် မင်းအဘွားက သွေးတိုးတော့မှာ၊ ခုတလော မေမေက သွေးပေါင်တွေလည်း တက်တက်နေတာ၊ သူ သွေးတိုးပြီး တစ်ခုခုဖြစ်ရင် မင်း တရားခံဖြစ်နေမယ်၊ မင်းအဘွားက မြတ်ရဲ့ သမီးလေးကို တုန်နေအောင်ချစ်ခဲ့လို့ ခုလို ဆန္ဒပြင်းပြနေတာပါ၊ မေမေက သမီး မမွေးတော့ မြတ်ရဲ့ သမီးလေးကိုပဲ သူက မြေးလိုသဘောထားပြီး လက်ပေါ်က မချစတမ်း ချီပိုးထိန်းကျောင်းနေခဲ့တာ ..."

မေမေ နားချလွန်းလို့သာပေါ့။ သူ့သဘောအတိုင်းဆို ကိုယ်မသိတဲ့ မိန်းကလေးတစ်ယောက်အိမ်ကို လာလည်စရာ အကြောင်းမရှိပါ။

"သားရေ ... သရက်သီးဖျော်ရည်လေး သောက်လိုက်ပါဦး၊ သားငယ်ငယ်က သရက်သီး ကြိုက်တတ်တာ သတိ



www.burmeseclassic.com

www.burmeseclassic.com



ရလို့ စိန်တစ်လုံး သရက်တွေဝယ်ပြီး ဗလန်နာနဲ့ ဖျော်ထားပေးတာ ...”

ဖျော်ရည် ဖန်ခွက်ကို သူ့ရှေ့မှာ လာချပေးသော အန်တီ့ကိုတော့ အားနာပါးနာ ပြုံးပြရပါသည်။ သူတို့က ကိုယ့်ကို ချစ်ခင်ထိန်းကျောင်းခဲ့ကယ်ဆိုပေမယ့် ပိစိကွေးလေးတုန်းက ကိစ္စတွေကို သူ ဘယ်လိုလုပ် မှတ်မိနိုင်ပါတော့မလဲ ...။

ဤသို့ဖြင့် ...

ယုဂန်က မျက်နှာခပ်လွှဲလွှဲဖြင့် ထိုင်နေချိန်တွင်

ရှေးသည်လည်း ယုဂန်ကို မကြည့်စတမ်း ခေါင်းငုံ့နေခဲ့ပါ၏။

အဘွား ဒေါ်ခင်ခင်သိုက်ကတော့ ရှေးရှေ့မှာ လာရပ်လျက် ရှေးကို ငုံ့ကြည့်ကာ ရှေးမျက်နှာနားမှာ ကွယ်ကာနေသည့် ဆံပင်တွေကို လက်နှင့် ဖယ်ကြည့်လိုက်ရင်း ...

“မြေးမလေးက လှလိုက် ချောလိုက်တာဟယ်၊ သော်တာရေ....ညည်း ချွေးမလောင်းကလေးကို ကြည့်ပါဦး၊ ချောလိုက်တာမှ မှုန်ညက်နေတာပဲဟဲ့ ...”

ဒေါ်သော်တာသိုက်ကလည်း ရှေး နားကပ်လာကာ ရှေးရဲ့ ဆံပင်တွေကို သိမ်းဖယ်၍ ကြည့်ပြန်သဖြင့် ရှေးမှာ မျက်လွှာလေးပင့်၍ မအီမလည်လေး ပြုံးပြရ၏။

အဘွားက ရှေးလက်ကလေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ကြည့်နေရင်း ...





“လက်ကလေးတွေကလည်း ငယ်ငယ်တုန်းကလိုပဲ ဖောင်းဖောင်း ချွန်ချွန်လေးတွေဟဲ့ ...၊ မြေး ... ပြောစမ်း ... ဘွားကို မှတ်မိရဲ့လား ...”

ရှေးက အူကြောင်ကြောင်လေး ခေါင်းခါပြမိ၏။

“အေးပေါ့လေ ... အဲဒီတုန်းက မြေးက အရမ်းငယ်သေးတော့ ဘယ်မှတ်မိပါ့မလဲ ...”

အဲ့ဒီနောက်တော့ ဧည့်ခန်းထဲမှာ လူကြီး လေးယောက်ရဲ့ ရှေးဟောင်းနှောင်းဖြစ် ပြောသံတွေ အလုအယက်ထွက်ပေါ်လာကြပြီးနောက် အဘွား ဒေါ်ခင်ခင်သိုက်ရဲ့ အသံက အောင်မြင်စွာ ထွက်ပေါ်လာပါသည်။

“ကဲ ... ကဲ ... လူကြီးတွေကိစ္စ ပြောနေရတာနဲ့ လူငယ်တွေအကြောင်းက တော်တော်နဲ့ မရောက်ဘဲနေပါဦးမယ်၊ ကလေးနှစ်ယောက်ရှေ့မှာ ဘွင်းဘွင်းပဲ ပြောတော့မယ် အေ ...၊ အန်တီက အန်တီ့မြေးလေးကို မြတ်ရဲ့ သမီးလေးနဲ့ နေရာချထားပေးချင်တယ်၊ မြတ်ရဲ့ သဘောကရော ...”

“သမီးရှင်ပေမယ့် အိုက်တင်မခံဘဲပြောရရင်တော့ အတိုင်းထက် အလွန်ပေါ့ အန်တီသိုက်ရယ်”

“ကျေးဇူးတင်ပါတယ် မြတ်ရယ် ...”

“မေမေ ... မေမေ့ဆန္ဒချည်း ပြောမနေနဲ့ဦး၊ ကလေးတွေ အချင်းချင်းလည်း မိတ်ဆက်ပေးလိုက်ဦးလေ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်သားပဲ၊ မေ့နေလိုက်တာ၊ မြေးရေ ယုဂန် ဒီမြေးလေးနာမည်က ရှေးလက်ာတဲ့ ..."

"ဟင် ..."

"ဟင် ..."

ယုဂန်နှင့် ရှေးလက်ာသည် သံပြိုင် အာမေဍိတ်သံ ပြုလျက် ဆတ်ခနဲ ခေါင်းမော့လာကာ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်လိုက်ကြပြီး သရဲ သဘက် တွေ့သလို လန့်ဖျပ်ကာ မျက်လုံးတွေ ပြူးကျယ်ကုန်ကြလျက် တစ်ယောက်ကို တစ်ယောက် လက်ညှိုးထိုးလိုက်ရင်း ...

"ရှင် ... ရှင် ..."

"မင်း ... မင်း ..."

"ဩော် ... မြေးတို့ချင်းက သိကြသလား ..."

ယုဂန်နှင့် ရှေးလက်ာသည် လူကြီးမေးတာကို လည်း မဖြေနိုင်တော့ဘဲ ဖြန်းခနဲ ပြိုင်တူထရပ်လျက် လက် တစ်ဖက်စီ ဆတ်ခနဲ မြှောက်ကာ ...

"သူ့ကို လုံးဝ မယူနိုင်ပါဘူး အဘွား ..."

"သူ့ကို လုံးဝ ... လုံးဝ မယူနိုင်ပါဘူး မေမေ"

ဟု သံပြိုင်အော်လိုက်ကြချိန်တွင် အဘွား ဒေါ်ခင် ခင်သိုက်သည် သူ့ခေါင်းသူ လက်ဖြင့်အုပ်ကိုင်လိုက်ပြီး ခေါက် ခနဲ လဲကျသွား၏။ တစ်ပြိုင်တည်းမှာပင် ဒေါ်မြတ်မြတ်မြင့်





သည်လည်း သူ့ရင်ဘတ်လေး သူဖိကာ ခွေခနဲ လဲကျသွားတော့ သည်။

ဩော် ... ရုပ်ရှင်တွေထဲကထက်တောင် ပိုဆိုးနေပါ ရောလား ... ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

ဘွားဘွား သွေးဆောင့်တိုးပြီး နှုတ်ခမ်းလေး တစ်ဖက် နည်းနည်းရွဲ့သွားသောအခါ တရားခံအစစ်သည် ယုဂန် ဖြစ်၍လာလေသည်။

လေဖြတ်ပြီး ဘုန်းဘုန်းလဲတာမဟုတ်သော်ငြားလည်း အလွန် အလှကြိုက်သော အဘွားအတွက်တော့ နှုတ်ခမ်းလေး ရွဲ့နေခြင်းက ကြီးစွာသော စိတ်ဆင်းရဲစရာတစ်ခု ဖြစ်ရသည်။

မေမေက ယုဂန်ရဲ့ ဗိုက်ခေါက်ကို လိမ်ဆွဲရင်း ...

"မင်း မယူချင်လည်း နောက်မှ အေးအေးဆေးဆေး ပြောပါလား၊ ဘာဖြစ်လို့ အလန့်တကြား ထအော်ရသလဲ"

"သားတစ်ယောက်တည်း အော်တာမှ မဟုတ်တာ ...၊ ရှေးလက်ာလည်း အော်တာပဲ၊ သူတစ်ယောက်တည်း





အဲ့ဒီလို ထကန့်ကွက်ပြီး သားကငြိမ်နေမိရင် သား အောက်တာပေါ့"

"မင်းတို့ အဲ့ဒီလိုလုပ်ကြလို့ မင်းအဘွားလည်း ခုလိုဖြစ်ရပြီ ..."

"အဘွားစိတ်ကလည်း စန်းစန်းတင့် ဖြစ်တာကိုး ..."

"ဘာလဲ ... စန်းစန်းတင့်၊ ဘယ်က စန်းစန်းတင့်လဲ"

"Sensitive (ဆဲန်ဆစ်တစ်ဗ်) ကို အလွယ်ပြောလိုက်တာပါ၊ ဘွားက ဆတ်ဆတ်ထိမခံ ခံစားလွယ်တာကို ပြောတာ၊ ဘွားစိတ်က ကြောက်စရာကြီး ... သူဖြစ်ချင်တာဆို ဖြစ်ကိုဖြစ်ရမှ၊ သူများမှာ ဘာအခက်အခဲရှိမလဲ မတွေးဘူး၊ သူဖြစ်ချင်တာ မဖြစ်ရရင် သွေးကတိုးရော ...၊ ဒါဆို အဘွား သွေးမတိုးအောင် သားက ဘွား ထိုင်ဆိုထိုင်၊ ထဆိုထ၊ ကိုယ့်သဘော ဘာမှမပါဘဲ နေရမှာလား"

"မင်း လူကြီးကို ဝေဖန်မနေနဲ့၊ ပြောစမ်းပါဦး ... မင်း ရှေးလက်ာကို ခါးခါးသီးသီး ငြင်းရတဲ့အကြောင်းပြချက်က ဘာလဲ ..."

"အဲ့ဒီ ခွေးသတ်သမအကြောင်း စကားထဲတောင် ထည့်မပြောချင်ဘူး"

"ငါနားလည်အောင် ပြောစမ်းပါ ..."

"ရှေးလက်ာကို သားက တူးခါးနေအောင် မုန်းနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



သား ခွေး သေရတာ ဒင်းကြောင့်၊ ဒင်းကားနဲ့ တိုက်မိတာ၊ အဲ့ဒါကြောင့် ဒင်းကို အရမ်းမုန်းတာ"

"သြော် ... တော်တော်ကြီးတဲ့ ပြဿနာပဲကိုး"

"မေမေက ငေါ့တာလား ..."

"ဟုတ်တယ်၊ ငေါ့ပြောတာပဲ"

"သား ခွေးလေးကို သား ဘယ်လောက်ချစ်တယ်ဆိုတာ မေမေ သိရက်နဲ့ ..."

"သိတယ်လေ၊ သိသားပဲ၊ မေမေလည်း သားရဲ့ခွေးလေးကို ချစ်တာပဲ၊ ဒါပေမယ့် ဒါဟာ မတော်တဆဖြစ်တာပဲ၊ ဘယ်သူက တမင်ရည်ရွယ်ပြီး တိုက်ပါ့မလဲ၊ ကလေးလည်း မဟုတ်ဘဲနဲ့ မင်း ဒီလောက်တောင် နားလည်မပေးနိုင်ဘူးလား"

"သားက ဆုံးရှုံးရတဲ့သူဆိုတော့ နားလည်မပေးနိုင်ဘူး မေမေ၊ ရှေးလက်ကာကို သား တူးခါးနေအောင် မုန်းတယ်"

"တူးပြီးရင် ခြစ်သွားတတ်တယ်ဟဲ့ ...၊ ဟင်းအိုးတစ်အိုးကို မီးဖိုပေါ်က အချိန်မီမချဘဲထားလိုက်ရင် တူးခြစ်သွားတာပဲ မဟုတ်လား၊ မင်း တူးခါးနေအောင် မုန်းရင်းနဲ့ ချစ်သွားတာမျိုးလည်း ဖြစ်နိုင်တာပဲ"

"သားကတော့ သူ့ကို ဘယ်တော့မှ ချစ်မှာမဟုတ်ဘူး မေမေ၊ မေမေ့ကို အခါတစ်ထောင် ရှိခိုးပြီး တောင်းပန်ဆို





လည်း တောင်းပန်ပါ့မယ်၊ သူ့ကိုတော့ မယူပါရစေနဲ့ မေမေရယ်၊ နော် ... မေမေနော်၊ ရှိခိုးပါတယ်နော်"

ယုဂန်က မေမေ့ရှေ့မှာ ဆောင့်ကြောင့်လေး ထိုင်ချလိုက်ပြီး အကြိမ်ကြိမ် ဦးချနေဆဲ ...

"အမလေး ... ငါ့ရုပ်က တော်တော်ဆိုးနေပါလား၊ ဒီတစ်သက် ပြန်မှ ကောင်းပါဦးတော့မလား၊ သော်တာရေ ... သမီးရေ ... လာစမ်း ... ညည်းသားကိုပါ ခေါ်လာစမ်း"

ဟူသော ဘွားဘွားရဲ့ အော်ဟစ်ခေါ်ငင်သံကြောင့် မေမေက ယုဂန်လက်ကို ဆွဲခေါ်လျက် ဘွားဘွားအခန်းထဲသို့ အပြေးအလွှား ဝင်ရောက်လာရသည်။

ဘွားဘွားသည် မှန်ဝိုင်းလေးတစ်ချပ်ကို ကိုင်ထားကာ သူ့မျက်နှာသူ စေ့စေ့ကြည့်နေရင်း ...

"ကြည့်စမ်း ... သေချာကြည့်ကြစမ်း၊ ငါ့နှုတ်ခမ်းက တော်တော်ရွဲ့နေပြီ မဟုတ်လား"

"သိပ်မသိသာပါဘူး အမေရယ်၊ စကားပြောလိုက်မှသာ မသိမသာလေး တွန့်သွားတာပါ၊ အမှတ်တမဲ့ဆို ရွဲ့မှန်းတောင် မသိပါဘူး၊ ဆရာဝန်ကလည်း မကြာခင် ပြန်ကောင်းသွားမယ်လို့ ပြောထားသားပဲ၊ စိတ်ချပါ ... အမေ အလှမပျက်ပါဘူး၊ လုံးဝ အရုပ်မဆိုးတာ သေချာပါတယ် အမေ ..."

"ဟုတ်ပါတယ် ဘွားဘွားရဲ့၊ သားဆို မေမေပြောလို့သာ



www.burmeseclassic.com

www.burmeseclassic.com



ဘွား နှုတ်ခမ်းရွဲ့တယ်ဆိုတာကို ယုံလိုက်ရတယ်၊ မေမေ မပြောရင် လုံးဝကို မသိတာ ...”

“တော်စမ်း၊ ငါ့ကို အပိုတွေ လာနှစ်သိမ့်မနေနဲ့၊ ကိုယ့်အဘွားနှုတ်ခမ်း နည်းနည်းရွဲ့တာကနေ များများရွဲ့သွားတာ မမြင်ချင်ရင် မနက်ဖြန်ကစပြီး ရှေးလက်ာနဲ့ နှစ်ယောက်တည်း ချိန်းတွေ့ခွင့် ရဖို့ပဲ ကြိုးစား ...”

“ဘွားရယ်၊ အဲ့ဒါကတော့ ...”

ယုဂန်က ဆင်ခြေပေးဖို့ စကားစလိုက်ရာ မေမေက ယုဂန်ကို ဘွားမမြင်အောင် မသိမသာလေး လိမ်ဆွဲလိုက်လေသည်။ ဘွားဘွားကတော့ နှာခံချင်ပုံမရသည့် ယုဂန်ကို ကြည့်ကာ သူ့ခေါင်းသူဖိရင်း ...

“အမလေး ... အမလေး ... မူးလိုက်တာ ... မူးလိုက်တာ၊ သော်တာရေ ညည်းသားကြည့်ရတာ ငါ့ကို ဒါ့ထက်ပိုရွဲ့အောင် လုပ်မယ့်ပုံပဲဟဲ့၊ ငါ့ကို သွေးပေါင်ချိန်ပေးကြပါဦးဟဲ့ ...”

“ယုဂန်ရယ် ... အဘွားပြောသလို လုပ်ပါ့မယ်လို့ ပြောလိုက်စမ်းပါဟယ်”

မေမေက ယုဂန်ကို လက်ကုပ်ကာ တီးတိုးပြောတာမို့ ယုဂန်က ငေါ့ချင်လာကာ ...

“ဟုတ်ကဲ့ပါ ... အခုပဲ သွားချိန်းကြည့်လိုက်ပါတော့မယ် ခင်ဗျာ”





ဟု ပြောပြီး ဘွားအခန်းထဲက ထွက်လာခဲ့သည်။ ထို့နောက် ဂျိုလီကို ကောက်ချီကာ အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

ယုဂန်က ရှေးလက်ာတို့ အိမ်ဘက်က ဝရန်တာထောင့်စွန်းမှာ သွားထိုင်လိုက်ပြီး ဂျိုလီ့ခေါင်းကို ပုတ်လိုက်၊ အမြီးကို ဆွဲလိုက်ဖြင့် ဟောင်အောင် စလိုက်သောအခါ ဂျိုလီက တဝုတ်ဝုတ် ထိုးဟောင်လေတော့သည်။

ထိုအချိန်တွင် ...

မေမေ့ ခုတင်ဘေးမှာ အပြစ်ရှိသူကလေးလို ကုပ်ချောင်းချောင်းလေး ထိုင်နေသော ရှေးသည် စနိုးရဲ့ ဟောင်သံကြောင့် လည်ပင်းလေး ဆတ်ခနဲ မတ်သွားကာ အိပ်နေသော မေမေ့အနားမှ အသာအယာ ခြေဖွနင်း၍ ထွက်လာခဲ့သည်။

မေမေ့ အခန်းပြင်ရောက်တာနှင့် ပိစိနှင့် မလုံးက ရှေးဆီ ပြေးလာကြကာ အပေါ်ထပ်သို့ လက်ညှိုးထိုးပြကြရင်း

“မမရှေး ... မမရှေး ... ဂန် ... ဂန် ... ဂန် ...”

“ဟဲ့ ... ဘာလဲ၊ ဘာဂန်လဲ”

“ဟိုဟာလေ၊ ဟိုဟာ ဂန်၊ ဘာဂန်ဆိုလား ...၊ နာမည်ထဲမှာ ဂန်တစ်လုံးပါတဲ့ လူရယ်လေ ... ဟိုဘက်အိမ် ဝရန်တာမှာ ရပ်ပြီး စနိုးကို ဟောင်အောင် ကလိနေတယ်”

“ဘာ ...”



www.burmeseclassic.com

www.burmeseclassic.com



ရှေးသည် လျှင်မြန်သောအဟုန်ဖြင့် အပေါ်ထပ်သို့ ပြေးတက်လာသည်။ ရှေး ဝရန်တာသို့ထွက်လိုက်တော့ တစ်ဖက် ဝရန်တာမှာ စနိုးကို ပိုက်၍ မထိတရီ အပြုံးနှင့် ရပ်နေသော ယုဂန်ကိုတွေ့ရသောအခါ ရှေးက မျက်လုံးစုံမှိတ်လျက် အသံပြာ အက်သွားအောင် အော်ပစ်လိုက်လေသည်။

"ဟဲ့ ... ယုဂန်၊ နင် ... ငါ့စနိုးကို ခုလွှတ်လိုက် ..."

"ဟား ... ဟား ... ... လူခေါ်ဘဲလ်က အသုံးဝင်သားပဲ"

"ဘာ ..."

"လူခေါ်ဘဲလ်လေ၊ ဂျိုလီ့ကို ဟောင်အောင်လုပ်လိုက်ရင် လူခေါ်ဘဲလ်ဖြစ်သွားတာပေါ့၊ ဂျိုလီက ငါ့ လူခေါ်ဘဲလ်၊ လူခေါ်ဘဲလ်နှိပ်လိုက်လို့ မင်း ရောက်လာတာမဟုတ်လား၊ နောက်လည်း မင်းကိုခေါ်ချင်ရင် ဒီလူခေါ်ဘဲလ်လေး နှိပ်လိုက်မယ်နော်"

"လူယုတ်မာကြီး၊ လူညစ်ပတ်ကြီး ..."

"ဟား ... ဟား ... ဒေါသတွေ သိပ်မထွက်ပါနဲ့၊ ကိုယ်က မင်းနဲ့ ချိန်းတွေ့ချင်လို့ ခေါ်လိုက်တာပါ"

"ဟင်၊ နင် ... ဘာစကား ပြောတာလဲ"

"သိပ်ဝမ်းသာသွားတယ်ထင်တယ်၊ ကိုယ် မင်းနဲ့ ညှိစရာ လေးရှိလို့ အပြင်မှာတွေ့ကြရအောင်၊ ညနေ ငါးနာရီ လောက် Coffee Cycle ကို လာခဲ့"

"လုံး ... ဝ ... မ ... လာ ... ဘူး ..."





ရှေးက တစ်လုံးချင်း ပြတ်ပြတ်သားသား ပြောလိုက်ပြီး ချာခနဲ ကျောခိုင်းပစ်လိုက်ချိန်တွင် ...

"မင်း မလာရင်တော့ ငါ့လူခေါ်ဘဲလ်လေးကိုပဲ ကြိမ်နဲ့ တို့တို့ပြီး အသံမြည်အောင် လုပ်ရတော့မှာပေါ့လေ ..."

"ဟဲ့ ... နင် မယုတ်မာနဲ့"

"ဟား ... ဟား ... ဟား"

"တောက် ..."

ရှေးသည် ခေါင်းမော့၍ ရယ်မောနေသော သူ့ကို နာနာကြည်းကြည်း စိုက်ကြည့်လိုက်မိပြီး တောက်တစ်ချက် ခေါက်ကာ လှည့်ထွက်လိုက်တော့ သူ့ထံက 'ရွှတ် ... ရွှတ်' ဟူသော အသံထွက်လာသည်။ ရှေးက ဖျတ်ခနဲ လှည့်ကြည့်ရာ သူက လက်ညှိုးနှင့် လက်မကို သေနတ်ပစ်သလို ပုံစံမျိုး သုံးလေးချက် လုပ်ပြလိုက်ပြီး ...

"ဆက် ... ဆက် ... လာ ... ခဲ့၊ စောင့် ... နေ ... မယ်"

ဟု တစ်လုံးချင်းပြောပြီး အိမ်ထဲသို့ လှည့်ဝင်သွားလေသည်။

ရှေးသည် ဒေါသဖြစ်ရလွန်းတာမို့ ကိုယ့်အခန်းထဲ ကိုယ်ဝင်ကာ အော်ဟစ်ပေါက်ကွဲပစ်လိုက်ချင်သော်လည်း ကိုယ့်ကြောင့် ခေါက်ခနဲ လဲကျပြီးကတည်းက အိပ်ရာထက်မှာ သာခွေယိုင်လေး ဖြစ်နေရရှာသော မေမေ့နားမှာ နေပေးရဦးမှာမို့



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အခန်းဝမှရပ်၍ အသက်ဝဝရှူပြီးမှ အခန်းထဲသို့ ပြန်ဝင်လာခဲ့ပါသည်။

မေမေက အိပ်ပျော်နေဆဲမို့ ရှေးက မေမေ့နားမှာ ထိုင်နေရင်းက ဒေါသစိတ်ကို မထွေးနိုင် မအန်နိုင်ဖြစ်လာကာ

"ယုဂန် ကောင်စုတ် ... ဒင်းကများ ငါ့ကို ချိန်းတွေ့ဖို့ ခေါ်ရတယ်လို့ ..."

ဟု ခပ်တိုးတိုး ရေရွတ်လိုက်ချိန်မှာ မှိတ်ထားသော မေမေ့မျက်လုံးအစုံက ဖျတ်ခနဲ ပွင့်လာကာ လူကပါ ဝေါက်ခနဲ ထထိုင်လိုက်ရင်း ...

"ဟင် ... ယုဂန်က တွေ့ဖို့ချိန်းတယ် ဟုတ်လား၊ သွားလေ ... သွား ... သွား ..."

"ဘယ်လိုဖြစ်ရတာလဲ မေမေရယ်၊ နေမကောင်းဘူးဆို၊ ဘာလို့ ဆတ်ခနဲ ထထိုင်လိုက်ရတာလဲ၊ ခေါင်းတွေ ဘာတွေ မူးနေမှဖြင့် ..."

"ဟဲ့ ... နှလုံးရောဂါသည်ဆိုတာ စိတ်နဲ့အများကြီး ပတ်သက်တယ်၊ ညည်းတို့ငြင်းလို့ ရောဂါသည်းပေမယ့် ဟိုက စချိန်းတော့လည်း ရောဂါက သက်သာလာတာပေါ့"

"ဟင် ... မေမေ့ရောဂါကလည်း အတက်အကျ မြန်လိုက်တာ"

"ငါ့ရောဂါကို ဝေဖန်မနေနဲ့၊ ချိန်းတာက ဘယ်တော့တဲ့လဲ၊ သွား ... သွား ... ခုကတည်းက ရေမိုးချိုး ခေါင်း





လျှော်ထားမှ ဆံပင်လေး ဘာလေး သေချာပုံသွင်း ဖြီးပြင်ချိန် ရမှာ ..."

"မေရယ် ... ရှေး သူ့ကို ဘယ်လောက်မုန်းတယ်၊ သူ ရှေးကို ဘယ်လောက်နှိပ်စက်ထားတယ်ဆိုတာလည်း ပြောပြပြီးပြီပဲ၊ အဲဒီလို လူမျိုးကို ရှေး ဘယ်လိုစိတ်ကူးရဲပါ့မလဲ ..."

"သူ့ခွေးကို တိုက်မိတာက ညည်းအလွန်ပဲလေ၊ ဘယ်သူမဆို ကိုယ့်ခွေးထိရင်တော့ မချိအောင်နာကြတာပဲ၊ ညည်းလည်း ခွေးသခင်ပဲ၊ ကိုယ်ချင်းစာကြည့်ပေါ့၊ အဲ့ဒီနေ့က ညည်း အိမ်ကထွက်ကတည်းက အောက်ခြေလွတ်ပြီး ရှုပ်ပလာ ရှုပ်ပလာ ဖြစ်နေတာ ...၊ ညည်းကိုက နမော်နမဲ့နိုင်လို့ ဖြစ်ရတာ၊ ဒီကောင်လေး ယုဂန်က ရိုင်းပျတဲ့ လူမျိုးတော့ မဟုတ်ပါဘူး၊ အခုချိန်းတာကလည်း သူ လွန်တာရှိရင် ပြန်တောင်းပန်မလို့ပဲ နေမှာပေါ့ ..."

"သိပ် စိတ်ကူးမယဉ်ပါနဲ့ မေရယ်"

"နေစမ်းပါဦး ... ယုဂန်က ညည်းကို ဘယ်ကိုလာခဲ့ဖို့ ချိန်းတာလဲ"

"ကော်ဖီဆိုင်ကို ..."

"သြော် ... ဣန္ဒြေရရ ထိုင်စကားပြောလို့ရတဲ့ နေရာပဲ၊ မေ စိတ်ချတယ်၊ သမီး စိတ်ဖြောင့်ဖြောင့်သာ သွား"



www.burmeseclassic.com

www.burmeseclassic.com



ခက်ပါပေါ့ မေမေရယ်...။ မသွားချင်ပါဘူးဆိုကာမှ ဖွတ်ကြီးပါလား။

ရှေးက စိတ်ပျက်နေဆဲမှာ မေမေက ချက်ချင်းကြီး ဖုန်းတွေ ဘာတွေ ကောက်ကက်နှိပ်ကာ...

"အန်တီသိုက်ရေ... အခြေအနေကတော့ ကောင်းမယ့်ပုံပဲ၊ အန်တီသိုက် မြေးက ရှေးနဲ့တွေ့ချင်လို့ စချိန်းလိုက်ပြီ သိလား..."

ဟု ဝမ်းမြောက်ဝမ်းသာ ပြောလိုက်လေရာ ရှေးက ကိုယ့်ခေါင်းလေး ကိုယ်ကုပ်ရင်း မေ့အခန်းထဲမှ ခပ်မြန်မြန်လေး ထွက်လာခဲ့ရသည်။

ဒင်းကို လုံးဝ မတွေ့ချင်ပေမယ့် စနိုးခမျာ လူခေါ်ဘဲလ် ဖြစ်နေရှာမှာကိုတော့ စိုးရိမ်မိသား။

❑ ❑ ❑



❀ ❀ ❀

"ဟယ်... တကယ်လား... အဟုတ်လား၊ အောင်မလေး... ဝမ်းသာလိုက်တာအေ၊ သော်တာရေ... လာစမ်း... လာစမ်း... ငါ့ပါးစပ်ကို သေချာကြည့်စမ်း၊ သိပ်မသိသာတော့ဘူး တွေ့လား၊ သက်သာသွားပြီ တွေ့လား၊ သွေးပေါင်ချိန်ပေးစမ်း၊ သွေးပေါင်ချိန် ပြန်ကျသွားပြီထင်တယ်"

ယုဂန်က အဘွားအခန်းရှေ့က ဖြတ်လျှောက်ရင်း ပခုံးတွန့်လိုက်မိပါသည်။ အဘွားတို့များ သည်းကိုသည်းတာ။

ယုဂန်သည် အဘွားကိုချစ်ပြီး အဘွားရဲ့ စိတ်ချမ်းသာမှုကို ရှေးရှုချင်ပါသော်လည်း ကိုယ့်နှလုံးသားထဲမှာ ဦးသူတစ်ယောက် ရှိခဲ့ပြီမို့ ရှေးလက်ဘ်ကို မမုန်းရင်တောင်မှ ဒီကိစ္စကို လက်ခံဖို့ စိတ်ကူးမရှိချေ...။

ကိုယ့်နှလုံးသားထဲမှာ 'မြူ' တစ်ယောက်တည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြူက သူ့ကို ရှတတ ခံစားချက်လေးတွေ ပေးတတ်သည်။ သူ့စိတ်ကို လှုပ်ရှားဆူပွက်စေသည်။ မြူ့ကြောင့် သူရင်ခုန်ရသည်။ မြူ့ရဲ့စကားလုံးတိုင်းကို သူ့မှာ ကြွေရသည်။ မြူ့ရဲ့ လှုပ်ရှားပြုမူပုံတိုင်းကို သူ ငေးမောစွဲလမ်းခဲ့ရသည်။

မြူက ရှေးလက်ာလို ကလေးအထာစတိုင်လ်မျိုး မဟုတ်။ မြူ့ကို ကြည့်လိုက်တာနှင့် ထက်မြက်စူးရှသည့် ပုံလေး ပေါ်နေသည်။ ဝတ်ပုံစားပုံ နေပုံထိုင်ပုံကအစ စမတ်ကျပြီး အဆင့်အတန်းမြင့်သည်။ မြင့်ဆို မြူက ဒီဇိုင်နာကိုး ...။ အောင်မြင်စပြုနေတဲ့ ဒီဇိုင်နာ မြူ့ရဲ့ ပွဲတက်ဖက်ရှင်တွေကို တချို့ မော်ဒယ်လ်တွေ၊ မင်းသမီးပေါက်စတွေပင် ဝတ်စပြုနေပြီ။ မြူက သူ့ဟာသီထွင်သော ဝတ်စုံဒီဇိုင်းများဖြင့် ဖက်ရှင်ရှိုးတစ်ခု လုပ်နိုင်ဖို့ ကြိုးစားနေခဲ့သည်။

မြူ့စတိုင်လ်ကလည်း အမြင့်စား။ မြူ့စိတ်ဓာတ်ကလည်း အမာစား ...။ မြူ့အနားမှာလည်း လိုချင်သူတွေ ဂိုင်းဝိုင်းလည်နေခဲ့တာမို့ သူ့မှာလည်း ပြိုင်ဘက်တွေကြားမှာ ကြိုးစားနေရတဲ့ အနေအထား။

မြူက ယုဂန်နဲ့ တွဲသွားတွဲလာ လုပ်တတ်ပေမယ့် ချစ်ပါတယ်ဆိုတဲ့ အဖြေကို ခုထိမပေးသေးတာမို့ မေမေနဲ့ ဘွားဘွားရှေ့မှာ ဒါ သားချစ်သူရယ်လို့ ခေါ်ထုတ်ပြလို့လည်း မရသေးချေ။

မြူ ခေါင်းညိတ်တဲ့ နေ့မှာပဲ ယုဂန်က မေမေတို့ကို





အသိပေးပြီး ရှေးလက်ာကို မယူနိုင်ကြောင်း ပြတ်ပြတ်သားသား ပြောဖို့ ဆုံးဖြတ်ထားခဲ့သည်။ သို့သော် မြူက သူ့ကို ခုထိ ခေါင်းမညိတ်သေး။

မြူ ခေါင်းမညိတ်ခင်စပ်ကြားမှာ သူ့ဘက်က တစ်ခုခုလုပ်မှ ဖြစ်တော့မှာမို့ ရှေးလက်ာနဲ့ဆော့ ညှိနှိုင်းမှုကို ဖြစ်တော့မှာပင် ...။

ယုဂန်က မြူ့အကြောင်းကို စဉ်းစားရင်း ရင်ခုန်လာသလိုလိုရှိဆဲမှာ ဖုန်းသံမြည်လာသည်။ သူ့သူငယ်ချင်း ဖွဲ့မာန်ရဲ့ ဖုန်းမို့ သူက ဖုန်းဖွင့်ကိုင်လိုက်ရင်း ...

"ဖွဲ့မာန် ... ပြော"

"မင်း အခုဘယ်မှာလဲ ဟေ့ကောင် ..."

"အိမ်မှာကွ ... အိမ်မှာ"

"အိမ်မှာချည်း ကပ်မနေနဲ့၊ အပြင်လောကကိုထွက်ပြီး မင်း ကောင်မလေး ဘယ်သူတွေနဲ့ တွဲခုတ်နေသလဲဆိုတာ ပတ်ကြည့်လိုက်ဦး"

"မင်းတို့ကောင်တွေကတော့ အတို့အထောင်လုပ်တဲ့နေရာမှာတော့ ပထမတန်းစားပဲ၊ ဘာလဲ ... မြူ့ကို ဘယ်ရှော့ပင်းစင်တာမှာ ဘယ်တစ်ယောက်နဲ့ တွေ့လိုက်ပြန်ပြီလဲ ...၊ ကြားရပါများလို့ ရိုးနေပြီ ဟေ့ကောင်၊ မြူက အလုပ်ကြီးအကိုင်ကြီး လုပ်နေတဲ့သူ၊ သူ့မှာ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး သိကျွမ်းရတဲ့ မိတ်ဆွေတွေမှ အများကြီး၊



www.burmeseclassic.com

www.burmeseclassic.com



တွဲတိုင်းသာ သမုတ်ရရင် မြို့မှာ ရည်းစားပေါင်းထောင် သောင်းမကတော့ဘူး၊ ငါတောင်မှ မြို့နဲ့တွဲနေတာကြာပြီ၊ ခုထိ ချစ်သူဖြစ်သေးတာ မဟုတ်ဘူး”

“မင်းက တော်တော် မွန်နေပြီပဲ၊ ငါတို့က သူငယ်ချင်း ကောင်းပီသစွာ စေတနာနဲ့အကြောင်းကြားတာပါ၊ မင်းရဲ့ မြို့ ခေါင်းခေါက်ရွေးနေတဲ့ ယောကျ်ားတွေထဲမှာ မင်း လည်း တစ်ယောက်အပါအဝင် မဖြစ်စေချင်တဲ့ စေတနာ နဲ့ပါ၊ မင်းက သဘောထားကြီးတော့လည်း မတတ် နိုင်ဘူးပေါ့၊ ဒါပဲ ဟော့ကောင် ...”

ဖွဲ့မာန် ဖုန်းချသွားတော့ ယုဂန်က အပြုံးမပျက် ပခုံးတစ်ချက် တွန့်လိုက်မိပါသည်။

မြို့အကြောင်း ဘယ်သူတွေ ဘာပဲပြောပြော သူ ကတော့ မယုံရေးချ မယုံပါ။

❑ ❑ ❑



❀ ❀ ❀

ညနေရောက်သောအခါ ရွှေသည် Coffee ဆိုင်ထဲ သို့ ခပ်သွက်သွက်ဝင်လာပြီး ယုဂန်ရှိနေမည့် စားပွဲကို မျက်လုံး ဝေ့ကြည့် ရှာဖွေလိုက်လေသည်။

လူရှင်းသည့် ဆိုင်ထောင့်က စားပွဲမှာ ထိုင်လျက် ဂျာနယ်တစ်စောင် ဖတ်နေသော ယုဂန်ကို တွေ့တာနှင့် ရွှေက သူ့ဆီလျှောက်သွားကာ ထိုင်ခုံမှာ ဆောင့်ခနဲပစ်ထိုင်ချ၊ လက် ထဲက ပိုက်ဆံအိတ်ကို စားပွဲပေါ်သို့ ဘတ်ခနဲ ဆောင့်ချလိုက် ပြီး ...

“ကဲ ... ပြော၊ ဘာညှိရမှာလဲ”

“ဩော် ... ရောက်လာပြီလား၊ မလာဘဲ မနေနိုင်ရှာဘူး ကိုး”

“ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးမနေနဲ့၊ ရှင် စနိုးကို



www.burmeseclassic.com

www.burmeseclassic.com



လူခေါ်ဘဲလ်လုပ်နေမှာစိုးလို့ လာတာ၊ လိုရင်းကိုသာ မြန်မြန်ပြောပါ ...”

“မင်း ကိုယ့်ကို ယူချင်သလား”

“ဘာ ...”

“စွတ်အော်မနေနဲ့၊ နားငြီးတယ်၊ မေးတာကိုပဲ ဖြေ ...”

“လုံးဝပဲ ...၊ ရှင့်ကိုမယူလို့ ကမ္ဘာကြီး ပျက်သုန်းသွားမယ်ဆိုရင်တောင် မယူဘူး”

“အေး ... ငါကလည်း မင်းသဘောနဲ့ ထပ်ယူထပ်မျှပါပဲ၊ ဒါပေမယ့် လောလောဆယ်မှာတော့ ဘွားဘွားက နှုတ်ခမ်းရွဲ့နေတော့ ဒီကိစ္စကို ပြတ်ပြတ်သားသား မငြင်းရဲဘူး ဖြစ်နေတယ်”

“ကျွန်မလည်း ဒီလိုပဲ၊ မေမေက သူ့နှလုံးရောဂါကို အကြောင်းပြနေတော့ ထပ်ပြီး မငြင်းရဲဘူး”

“တကယ်တော့ ဒီဓာတ်ကွက်တွေက နိုင်တီးဂွမ်တီးတုန်းက ရုပ်ရှင်တွေထဲမှာ ပါတဲ့ ဓာတ်ကွက်တွေ၊ သိပ်ရိုးနေပြီ၊ ဒါပေမယ့် လူကြီးနှစ်ယောက်လုံးက ကိုယ့်ရှေ့မှာ ခေါက်ခနဲဖြစ်သွားတော့ ဥပေက္ခာပြုထားလို့လည်း မရတော့ဘူး”

“မှန်တယ်၊ ဒါပေမယ့် နိုင်တီးဂွမ်တီး ခေတ်တုန်းကလို မျိုး မိဘတွေရဲ့ ရောဂါကြောင့် မချစ်မနှစ်သက်တဲ့သူကို ကျိတ်မှိတ်ယူလိမ့်မယ်လို့တော့ မမျှော်လင့်နဲ့ ...”





“မင်းကို မျှော်လင့်စရာ ဘာအကြောင်းမှမရှိဘူး၊ ကိုယ့်မှာ မျှော်လင့်စရာ ရှိပြီးသား ...၊ ပြီးတော့ ... ဒီခေတ်ကြီးမှာ ဒါမျိုး တစ်ဖက်သတ်ကိစ္စတွေ မရှိတော့ဘူး၊ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ညှိယူဖို့ပဲရှိတယ်”

“ရှင်က ဘယ်လိုညှိမှာလဲ ...”

“ကိုယ့်မှာ သိပ်ကောင်းတဲ့ အစီအစဉ်တစ်ခုရှိတယ်”

“ပြောစမ်းပါဦး ...”

“မင်းနဲ့ တွဲတွဲပြီး အပြင်ကိုထွက်မယ်”

“ဘာ ...၊ အမလေး ... တော်တော်ကောင်းတဲ့ အစီအစဉ်ကြီးပါလား၊ ရှင် သိပ်နစ်နာနေပါဦးမယ်”

“ပြောတာကို ဆုံးအောင် နားထောင်ဦးလေ၊ ငါပြောတာက လူကြီးတွေရှေ့မှာ မင်းနဲ့ငါ အပြင်ကို အတူတူတွဲတွဲ ထွက်ပြီး အပြင်ရောက်မှ ကိုယ်လုပ်ချင်တာလုပ်ဖို့ ပြောတာ၊ ဒါနဲ့ မင်းမှာ ချစ်သူရှိလား ...”

“မရှိဘူး ...”

“တော်တော် ညံ့တာပဲ၊ ငါ့မှာတော့ သိပ်ချစ်ရတဲ့ မိန်းမလှလေး တစ်ယောက် ရှိတယ်”

“ဒါဆိုလည်း ရှင့်မှာ ချစ်သူရှိတယ်လို့ပြောပြီး ငြင်းလိုက်ပေါ့”

“အဲဒီလိုလုပ်လို့ မရသေးလို့ ခက်တာပေါ့”

“ဘာဖြစ်လို့ မရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"သူက ငါ့ကို အဖြေမပေးသေးဘူး"

"တော်တော် ညံ့တာပဲ၊ ဟုတ်မလိုလိုနဲ့ အဖျားရှူးသွားတယ်ဆိုတာ ဒါမျိုးပေါ့"

"ငါက သူ့အတွက် အချိန်သိပ်မပေးနိုင်သေးလို့ သူက ငါ့ကို သိပ်ဘဝင်မကျသလို ဖြစ်နေတာပါ၊ အိမ်မှာ မေမေက တစ်နေ့တစ်နေ့ ငါ ဘယ်သွားသလဲဆိုတာပဲ ထောက်လှမ်းနေတာ၊ အပြင်တစ်ခါထွက်ပြီဆို မေမေနဲ့ ဘွားဘွားက ငါ့ဆီ တစ်နာရီ တစ်ခါလောက် ဖုန်းဆက်ပြီး ခုဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲ၊ ဘယ်သူနဲ့ တွေ့နေလဲ၊ ဘယ်တော့ ပြန်လာမှာလဲ၊ ထမင်းစားပြီးပြီလား၊ ပေါက်ကရ အပြင်စာတွေ လျှောက်မစားနဲ့၊ ဝမ်းပျက်တတ်တယ်ဆိုတာမျိုးတွေ လှမ်းလှမ်းပြောနေကြတော့ ငါ့ဘေးနားက မိန်းကလေးက ငါ့ကို နို့နံ့မစင်သေးတဲ့သူဆိုပြီး အထင်သေးတယ်၊ မေမေနဲ့ အဘွားကြောင့် ငါ့ခွင်တွေပျက်ပြီး ကြိုးစားသလောက် အရာမထင်ဖြစ်ရတယ်၊ ဖုန်းပိတ်ထားမိပြန်ရင်လည်း အိမ်ရောက်ရင် ပြဿနာအရှာခံရတယ်၊ ဖုန်းမကိုင်ပြန်ရင်လည်း ဘာလုပ်နေလို့ မကိုင်တာလဲဆိုတာမျိုး စစ်ဆေးမေးမြန်းခံရတယ် . . . ၊

"အဲ့ဒီတော့ ငါ့ကောင်မလေးဆီက အချစ်ကိုရဖို့အတွက် ငါ့ကောင်မလေးနားမှာ အေးအေးဆေးဆေး နေခွင့်ရဖို့ အခွင့်အရေးတစ်ခုလိုအပ်နေတယ်၊ သူ့ဆီက





အဖြေရမှလည်း မေမေတို့ကို အကြောင်းပြပြီး ငါ့ကောင်မလေးကို သူတို့လက်ခံလာအောင် ကြိုးစားလို့ရမယ်၊ ဒါမှ မင်းရော ငါရော မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းရမယ့် အဖြစ်ဆိုးကနေ လွတ်မြောက်ခွင့်ရမယ်"

"ဟုတ်ပါပြီ . . . အဲ့ဒီတော့ ရှင်က ဘာလုပ်ချင်တာလဲ၊ လိုရင်းကိုပြောပါ"

"မင်းနဲ့ ငါ အပြင်ကို အတူတူထွက်ကြရင်တော့ ငါ့အိမ်က လူကြီးတွေက ငါ့ဆီဖုန်းဆက်ကြမှာမဟုတ်ဘူးလေ၊ လွတ်လွတ်လပ်လပ် သွားလာပြောဆိုကြပါစေဆိုပြီး တိတ်တိတ်ဆိတ်ဆိတ် နေပေးကြမှာ၊ ခုတောင်ကြည့်လေ ငါ မင်းနဲ့ချိန်းတွေ့မယ်ဆိုပြီး ထွက်လာတာကြာပြီ၊ ခုထိ တစ်ခါမှကို ဖုန်းမဆက်သေးဘူး"

"ဒါဆို ကျွန်မက ရှင်ကောင်းစားဖို့ နာမည်ပျက်ခံပေးရမယ့် သဘောပေါ့"

"မင်း ကောင်းကျိုးအတွက်လည်း ပါတာပဲလေ၊ ငါ့အကြံအောင်မြင်သွားရင် မင်းလည်း အလိုလိုအဆင်ပြေမှာပဲ"

"ထားပါတော့ . . . ဒါဆို အတူထွက်လာပေမယ့် အပြင်ရောက်ရင် တစ်ယောက်တစ်လမ်း သွားလိုက်ကြတာပေါ့"

"ဒီလို အလွယ်လုပ်လို့တော့ မရဘူးလေ၊ မင်းနဲ့ငါ အတူရှိနေဖို့တော့ လိုတယ်၊ မတော်တဆ အိမ်ကဖုန်းလှမ်းဆက်ပြီး check ရင် ဘယ်လိုလုပ်မလဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရူးနေလား၊ ရှင့်ဘာသာ ရှင့်ကောင်မလေးနဲ့ ချိန်းတွေ့နေတာကို ကျွန်မကပါ တတွဲတွဲ လျှောက်လိုက်နေရမှာလား"

"မလှမ်းမကမ်းကနေ လျှောက်လိုက်နေပေါ့၊ အဲ့ဒီလိုလုပ်လို့ မင်းမနစ်နာစေရပါဘူး၊ ငါနဲ့ ငါ့မိန်းကလေးနဲ့ တွေ့နေတုန်းမှာ မင်းကို စနိုးနဲ့ တွေ့ခွင့်ပေးမယ်လေ၊ ဘယ့်နှယ်လဲ"

ရှေးသည် စနိုးနှင့်တွေ့ရမှာမို့ ဝမ်းသာသွားသော်လည်း သူတို့နောက်က လိုက်နေရမှာကိုတော့ အောက်တယ်ဟု ထင်ကာ ...

"ရှင်တို့လည်း ရှင်တို့ဘာသာ လွတ်လွတ်လပ်လပ်တွေ့၊ ရှေးလည်း ရှေးဘာသာ စနိုးနဲ့ လွတ်လွတ်လပ်လပ် တွေ့လို့မရဘူးလား"

"မင်း စနိုးကို လစ်ပြေးသွားတော့ ဘယ်လိုလုပ်မလဲ ..."

"မလစ်ပါဘူး၊ စိတ်ချစမ်းပါ"

"ငါ မင်းကို မယုံဘူး"

"ဒီမှာ ... ယုဂန်၊ နင် သိပ်လွန်လွန်းနေပြီလို့ မထင်ဘူးလား၊ ညှိတယ်ဆိုလည်း နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ညှိပေါ့၊ ခုတော့ နင့်ဟာက တစ်ဖက်သတ်ကြီး ဖြစ်မနေဘူးလား၊ နင်တို့နှစ်ယောက်နောက်ကနေ ငါက ခွေး





တစ်ကောင်ပိုက်ပြီး တကောက်ကောက် လိုက်နေရမယ်ဆိုတာ အဓိပ္ပာယ်ရှိရဲ့လား၊ ဘာလဲ ... နင်က ငါ့ရှေ့မှာ ကောင်မလေးတစ်ယောက်နဲ့ တွဲပြ၊ ယုယပြပြီး ငါ့ကို ကြွားချင်သေးတာလား၊ လာလုပ်မနေနဲ့ ... မိန်းကလေးတစ်ယောက်ဆီက အချစ်ကိုရဖို့ ခယယ လုပ်ပြနေရတဲ့ ယောကျ်ားမျိုးကို အထင်ကိုမကြီးဘူး"

"မင်း အထင်ကြီးဖို့လည်း မလိုပါဘူး၊ ငါ့ မိန်းကလေး အထင်ကြီးဖို့ပဲလိုအပ်တယ်၊ မင်း ငါပြောတဲ့အတိုင်း မလုပ်ရင်လည်း ကိစ္စမရှိပါဘူး၊ ငါလည်း အိမ်ကို အကြောင်းပြစရာမရှိတဲ့ အဆုံးကျရင် မင်းနဲ့ယူလိုက်ရုံပဲပေါ့၊ အေးဆေးပါ ..."

"နင် ငါ့ကို တော်တော် ဒုက္ခပေးပါလား ယုဂန်"

ရှေးက ဒေါးကျပ်နံ့ကျပ်ဖြစ်သွားရကာ စိတ်လည်း ဆင်းရဲသွားရပါသည်။ ယုဂန် ... နင်ဟာ ငါ့ကို မသေမချင်း ဒုက္ခပေးမယ့် ကောင်ကြီးပါလား။

"ဘယ့်နှယ်လဲ ... ငါပြောတဲ့အတိုင်း လုပ်မှာလား၊ မလုပ်ဘူးလား"

ယုဂန်က မချိုမချဉ်ပြုံးလျက် မျက်စတစ်ဖက်ပစ်၍ မေးလိုက်သည်။ ဒါ ... အကြပ်ကိုင်တာပဲပေါ့။

ရှေးသည် ဒင်းကို မုန်းလှသော်လည်း သူ့ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကောင်မလေးနဲ့ မြန်မြန် အဆင်ပြေသွားလည်း အေးတာပဲ လေဟု သဘောပိုက်ကာ စိတ်ကိုလျှော့လိုက်ရင်း ...

“ကောင်းပြီလေ ... နင်ပြောတဲ့အတိုင်းပဲ လုပ်လိုက်ကြတာပေါ့ ...”

❑ ❑ ❑



❀ ❀ ❀

ဒါလည်း ဝဋ်ကြွေးတစ်ခုပဲလားတော့ မသိချေ။

ရှေးသည် ကန်တော်ကြီးဥယျာဉ်ထဲက ပစ်ကနစ်ဧရိယာလေးမှာ ရပ်ကာ စနိုးကို ထိန်းကျောင်းရင်း မလှမ်းမကမ်း ကော်ဖီဆိုင်လေးမှာထိုင်လျက် အစားကောင်း အသောက်ကောင်းတွေ စားနေကြသော ယုဂန်တို့စုံတွဲကို ဒေါသထွက်နေခဲ့ရလေသည်။

ရှေးမှာတော့ ဗိုက်ဆာလှပြီဖြစ်သော်လည်း မစားနိုင်သေးချေ။ စနိုးက ဟိုနားလေးမှာပဲ အီးပါချတော့မလို၊ ဒီနားလေးမှာပဲ ရှူးပေါက်ချတော့မလိုနှင့် ဒီနားပတ်ပတ်လည်မှာ လမ်းသလားနေတာမို့ ဇက်ကြိုးကို တင်းတင်းဆွဲကာ လိုက်နေရသည်။ ဒင်းတို့နှစ်ယောက်ကတော့ အအေးလေး တစ်ငုံသောက်လိုက်၊ စကားတွေ ပြောလိုက်၊ စားသောက်စရာတွေကို တစ်ခုပြီးတစ်ခု ယူစားလိုက် ...။ စားပွဲထိုးလေးက သူတို့စားပွဲဆီ အစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်တွေ တစ်ခုပြီးတစ်ခု သွားပို့ပေးနေတာကို မြင်နေရတော့ ပိုပြီး မနာလိုဖြစ်လာသည်။ ကြည့်စမ်းပါဦး ... စားပွဲတောင် မဆန့်တော့ဘူး၊ စားပွဲပေါ်မှာလည်း မောက်လျှံနေတာပဲ။

ရှေးသည် သူတို့စားသလိုစားချင်လွန်းလို့ တံတွေးတောင် မျိုချရ၏။

ယုဂန် အဲ့ဒီအမျိုးသမီးနှင့် အတူတွဲကာ သွားလာသမျှကို ရှေးက နောက်ကနေ ခွေးတစ်ကောင်ပိုက်၍ တကောက်ကောက် လိုက်နေခဲ့ရသည်။

ရှော့ပဲန်စင်တာသွားတော့ ယုဂန်က အဲ့ဒီ မိန်းကလေး ဝယ်သမျှ ပစ္စည်းတွေကို ကိုင်ပေးရ၊ ပိုက်ဆံလုရှင်းရနှင့် ဖားနေသည်။ သူ အောက်ကျို့နေရတာ အသိသာကြီး ...။ ဟိုကဖြင့် ရှေ့ကနေ ခပ်မော့မော့ ...။

ထိုမိန်းကလေး စတိုင်လ်ဟာ ယုဂန်ကို လွှမ်းမိုးချုပ်ကိုင် ဆရာကြီးလုပ်လိုသည့် စတိုင်လ်မျိုး။ ယုဂန်ကလည်း သွားလေးအဖြံသားနှင့် ခေါင်းငုံ့ခံမယ့်ပုံမျိုး ...။

ယုဂန် စွဲမယ်ဆိုလည်း စွဲလောက်စရာပါပဲ။ ထိုအမျိုးသမီးပုံစံက စမတ်ကျလွန်းသည်။ ခြေလှမ်းလှမ်းပုံကအစ ဆွဲဆောင်မှုရှိလွန်းသည်။ ရှေးသည် ထိုအမျိုးသမီးကို မြင်ဖူးပါတယ်လို့ ကြည့်ရင်း ကြည့်ရင်းကပင် တက်သစ်စ ဒီဇိုင်နာပေါက်စလေး 'မြူ' ဖြစ်ကြောင်း မှတ်မိလာသည်။ ရှေး သူ့အကြောင်း အင်တာဗျူးတစ်ခုကို မဂ္ဂဇင်းတစ်အုပ်ထဲမှာ ဖတ်ခဲ့





ဖူးသည်။ သူ့လေသံတွေကတော့ ခပ်မြင့်မြင့်ထဲကဖြစ်သည်။ ရှေး သေချာမှတ်မိနေခဲ့သည်မှာ အိမ်ထောင်ရေးနှင့် ပတ်သက်သော သူ့ရဲ့ အယူအဆဖြစ်သည်။

"မြူ... အိမ်ထောင်ပြုဖြစ်ခဲ့ရင် သေချာတာတစ်ခုကတော့ မြူ့လောက်မှ မတော်တဲ့ ယောကျ်ားမျိုးကို မရွေးချယ်ဘူးဆိုတာပါပဲ၊ မြူ ကိုးကွယ်ရမယ့် ယောကျ်ားတစ်ယောက်ဆီမှာ မြူ ကိုးကွယ်ထိုက်တဲ့ အရည်အချင်းမျိုးတော့ ရှိရမယ်၊ တော်ရုံ ယောကျ်ားမျိုးကိုတော့ မြူ့ အိမ်ဦးနတ်နေရာကို မပေးနိုင်ပါဘူး"

မြူက အဲ့ဒီလိုမိန်းမမျိုးဖြစ်သည်။ အဲ့ဒီလို မိန်းမမျိုးဟာ ယုဂန်လောက်ကိုတော့ ရွေးချယ်ပါ့မလား ...။ ယုဂန်ဆိုတဲ့ ကောင်ဟာ မိဘချမ်းသာတာကလွဲရင် ဘာများ အရည်အချင်း ရှိလို့လဲ။ သာမန် ဘွဲ့လေးတစ်ဘွဲ့နဲ့ မိဘက အရင်းအနှီးထုတ်ပေးထားလို့ ဖွင့်ထားတဲ့ ဖိနပ်ဆိုင်တစ်ဆိုင်ပဲ ရှိတာ ...။ မေမေပြောတာတော့ ယုဂန်က ယောကျ်ားလေးဝတ် နိုင်ငံခြားဖြစ်ဖိနပ်ဆိုင်တစ်ဆိုင်ကို ရှော့ပင်းမောလ် တစ်ခုမှာ ဖွင့်ထားသည်တဲ့။ ကြည့်ရတာတော့ အရောင်းစာရေးတွေ ခန့်ထားပြီး သူက ဆိုင်သိပ်ကပ်ပုံမရ ...။ ပုံစံကိုက ကိုရီးယားမင်းသားတွေ ညှပ်လေ့ရှိတဲ့ ဆံပင်ပုံမျိုးနဲ့ ...။ ဝတ်လိုက်တဲ့ အဝတ်အစားအရောင်တွေလည်း အရောင်စူးစူးတောက်တောက်တွေချည်း။ မျက်လုံးအကြည့်တွေကလည်း မှုန်ကုပ်ကုပ် ဂျစ်ကန်ကန်။ သူ့ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနဲ့ လုံးဝ လူကြီးလူကောင်းပုံမပေါက်။ အရိုင်းဆန်ဆန် လူငယ်လေးပုံသာ ပေါ်နေသည်။

မြို့ပုံစံကတော့ ဒင်းနဲ့ တခြားစီပင် ...။ ကြည့်လိုက်တာနဲ့ တစ်နေရာရာမှာ တစ်ခုခု ထူးချွန်ထက်မြက်နေသည့် ပုံစံမျိုးမှန်း သိသာနေသည်။ အဝတ်အစားကလည်း ရှေးဝတ်သလို လူငယ်ဆန်ဆန် ရယ်ဒီမိတ်အဝတ်အစားမျိုးမဟုတ်။ သူ့ဘာသာ ဒီဇိုင်းထွင်ချုပ်ထားသည်ဟု ယူဆရသော သေသပ်ချပ်ရပ်၍ အဆင့် အတန်းမြင့်သည့် အဝတ်အစားမျိုး။ မြို့အရွယ်က girl အရွယ်ပေမယ့် lady ဆန်ဆန် ရင့်ကျက်နေပုံမှာ ယုဂန်နဲ့ ဘယ်လိုမှ လိုက်ဖက်မညီချေ။

ကြည့်ရတာတော့ သူကသာ ပျာနေတာ၊ ဟိုကဖြင့် ဘေးမှာ သူပါတယ်ဆိုတာတောင် သိပ်အသိအမှတ်ပြုပုံမရ။ နင့်အဖြစ်က တော်တော် သနားစရာပါလား ယုဂန်ရယ်။ ကျွတ် ... ကျွတ် ... ကျွတ် ... ကျွတ်။

ရှေးသည် မလှမ်းမကမ်းကနေ ယုဂန်တို့ကို လှမ်းကြည့်နေဆဲမှာ ယုဂန်က ရှေးရှိရာဘက်သို့ လှမ်းကြည့်လာသည်။ ပြီးတော့ သူ့ရှေ့က စားစရာတွေကို အားရပါးရ စားပြလိုက်လေသည်။

ရှေးကလည်း ဒါမျိုးအကွက်တွေကို ငြိမ်ခံနေမည့် အစားမျိုးတော့ မဟုတ်ချေ ...။ ရှေးက ချက်ချင်းပင် စနီးကို ကောက်ပွေ့ကာ ယုဂန်တို့ ထိုင်နေသော ကော်ဖီဆိုင်ဘက်သို့





လျှောက်လာခဲ့သည်။ ထို့နောက် သူတို့စားပွဲနှင့် ဘေးချင်းကပ်ရပ် စားပွဲမှာ ဝင်ထိုင်လိုက်ပြီး စားသောက်စရာတွေ မှာလိုက်သည်။

ရှေးက ယုဂန်တို့ဘက်ကို မသိမသာလေး စွေကြည့်လိုက်တော့ သူတို့စားပွဲပေါ်မှာ စားစရာတွေ ရှိနေဆဲပင်။ စားစရာတွေထဲမှာ စနီးသိပ်ကြိုက်တဲ့ ငါးကင်တစ်ကောင် လည်း ပါနေတာမို့ စနီးက လည်ပင်းလေးရှည်ကာ ထိုငါးကင် ကို မျှော်ငေးရင်း ယုဂန်ကို ကြည့်ကာ တဝုတ်ဝုတ် ဟောင်လိုက်သည်။ ယုဂန်ဟာလည်း လောလောဆယ်မှာတော့ စနီးရဲ့ သခင်ပဲ မဟုတ်လား ...။

ရှေးက ကျိတ်ပြုံးကလေး ပြုံးလိုက်ပြီး ပွေ့ထားသော စနီးကို အသာလေး လွှတ်ပေးလိုက်သောအခါ စနီးက ရှေးပေါ်မှ ခုန်ဆင်း၊ ယုဂန်ပေါင်ပေါ်သို့ ခုန်တက်ပြီးနောက် စားပွဲပေါ်သို့ ထပ်ဆင့်ခုန်တက်သွားသဖြင့် သူတို့စားပွဲပေါ်က စားစရာတွေအားလုံး မှောက်ပြန်ကုန်လေသည်။

"ဝုတ် ... ဝုတ် ... ဝု ... ဝု ... ဝုတ်"

"ဟာ ... ဟေ့ ... ဟေ့ ... ဒါ ဘယ်သူ့ခွေးလဲ"

ယုဂန်က ခပ်တည်တည် အော်လိုက်သေး၏။

"ယုဂန် ... အမြန်ဖမ်းလိုက်လေ၊ စားစရာတွေ ပွကျဲကုန်ပြီ၊ သတိထားဦးနော်၊ မင်းကို ကိုက်သွားဦးမယ်"

"ဝုတ် ... ဝု ... ဝုတ် ..."

"လာစမ်း ... လာစမ်း ... ဂျိုလီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ယုဂန်၊ မင်း ခွေးကို ဘယ်လိုခေါ်လိုက်တယ်"

"ဩော် ... အဟဲ ... အိမ်နားက ခွေးလေးနာမည်ကို ယောင်ခေါ်မိတာပါ မြူရဲ့ ..."

ရှေးသည် ပျာယာတွေခတ်နေသော ယုဂန်ပုံစံကို ကြည့်ရင်း စိတ်ထဲမှာ တဟိဟိဖြစ်နေသည်။

ယုဂန်နဲ့ စနိုးနဲ့ တော်တော် ရန်းရင်းဆန်ခတ် ဖြစ်နေပြီးမှ ရှေးက အသာလေး ထသွားကာ ...

"စနိုး ... လာစမ်း ... လာစမ်း၊ နင် တော်တော်ကဲပါလား၊ ဆောရီးပါနော်၊ ဒါ ... ကျွန်မခွေးလေးပါ၊ သူက ငါးကင် အရမ်းကြိုက်လို့ ကျွန်မ လက်ထဲက တအားရုန်းထွက်သွားတာပါ၊ ပျက်စီးသွားတဲ့ စားစရာတွေအားလုံးအတွက် ကျွန်မ ပြန်မှာပေးပါ့မယ်ရှင်၊ ခုလို အနှောင့်အယှက်ဖြစ်သွားရတဲ့အတွက် တကယ့်ကို အနူးအညွတ် တောင်းပန်ပါတယ်ရှင်"

ရှေးက စနိုးကို အမြန်ဆွဲယူပွေ့ချီပြီး ကိုရီးယားစတိုင်လ် ခေါင်းလေးညွတ် ခါးလေးကုန်းလျက် တောင်းပန်လိုက်သည်။ ရှေး ညစ်ပတ်ပုံကြောင့် မခံချိ မခံသာ ဖြစ်နေသော ယုဂန်ကတော့ ရှေး အပြုအမူကြောင့် ထပ်ပြီး မခံချိမခံသာ ဖြစ်သွားကာ တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်ရင်း

"တောက် ... ထွက်သွားစမ်း၊ ခုမှလာပြီး တောင်းပန်မနေနဲ့၊ ခွေးမွေးပြီး ကိုယ့်ခွေး ကိုယ်နိုင်အောင် မထိန်းနိုင်





ဘူးလား၊ အသုံးကိုမကျဘူး၊ တောက် ... ငါ ရိုက်ထည့်လိုက်ရ"

"ယုဂန် ... မင်း ဘယ်လိုပြောလိုက်တာလဲ"

ယုဂန်က ရှေးကို ရိုက်တော့မလို့ ပေါက်တစ်ဖက်ကိုမြှောက်ပြီး ရွယ်လိုက်တာမို့ မြူက ယုဂန်လက်ကို ဖမ်းဆွဲထားလိုက်သည်။ ရှေးက ကြောက်ရွံ့သွားသလို ပုံစံလေးနှင့် ဇက်ကလေးပု၊ မျက်လုံးလေး မှိတ်ချလိုက်ပြီးမှ အသံတုန်တုန်လေးနှင့် ...

"အစ်မ ... အစ်မ ... လုပ်ပါဦး ... တားပါဦး၊ ကျွန်မ ကြောက်လို့ပါ အစ်မရယ်"

"ယုဂန် ... ဟိုက မိန်းကလေးလေ၊ ပြီးတော့ ဒီလောက် တောင်းပန်နေတာပဲ၊ မတော်တဆဖြစ်တဲ့ကိစ္စကို သိပ် အကဲဆတ်မနေနဲ့၊ ရှင် သိပ်အောက်တာပဲ"

ဟာဟ ... အပြောခံရပြီမဟုတ်လား။ ဘယ့်နှယ် ရှိစ။ ရှင်ကြိုက်နေတဲ့ မိန်းကလေးရှေ့မှာ ဒေါသကြမ်းကြမ်းတွေ ထွက်ပြနေတော့ ရှင့်အတွက် တစ်မှတ်လျော့ပြီပေါ့။

"ကျွတ် ... မြူရာ ... မြူ ဘာသိလို့လဲ"

"မြူက ဘာကိုသိရမှာလဲ"

"မြူ မသိပါဘူးကွာ၊ ဒါ တမင်လုပ်တာ မြူရ"

"တမင်လုပ်စရာ ဘာအကြောင်းရှိလို့လဲ ယုဂန် ..."



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းမရှိပေမယ့် ဒါ တမင်ညစ်တာပဲ ဖြစ်မှာ၊ သူများတကာ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း စားသောက်နေတာကို မရှုစိမ့်လို့ လုပ်တာ၊ သူ့ဘာသာ တစ်ယောက်တည်း အဖော်မဲ့နေတာနဲ့ သူများတကာ စုံတွဲကို မနာလိုဖြစ်နေတာ"

"မင်း တော်တော် ကလေးဆန်ပါလား ယုဂန်"

ယုဂန်က ကိုယ့်အကြောင်းနဲ့ကိုယ် စိတ်တွေတိုနေလေ မြို့ရှေ့မှာ အမှတ်တွေ လျော့လေလေ ဖြစ်လာစာမို့ ကိုယ့်ရှေ့က မသိနားမလည် ကလေးသူငယ်လို အဖြူထည်လေး လုပ်ပြနေသည့် ရှေးလင်္ကာကို 'ငါ မင်းကို သတ်ချင်တယ်'ဟု စိတ်ထဲကနေ အကြိမ်ကြိမ် အထပ်ထပ် ကြွေးကြော်နေမိသည်။

ရှေးလင်္ကာက မျက်လုံးလေး ပေကလပ်ပေကလပ်နှင့်...

"အစ်မ... ကျွန်မ စားစရာတွေ ပြန်မှာပေးလိုက်မယ်နော်၊ ဘာစားမလဲ အစ်မ၊ ဟို... သူ... သူရော ဘာစားမလဲဟင်"

"မီနူးထဲမှာ ရေးထားတာတွေအားလုံး တစ်ပွဲစီ မှာလိုက်လေ"

"နေ... နေ... ညီမ၊ သူ့သွားမေးမနေနဲ့တော့၊ ရတယ် ကိစ္စမရှိဘူး၊ မတော်တဆ ဖြစ်တာပဲဟာ၊ တို့လည်း စားပြီးနေပါပြီ၊ ထပ်မှာပေးစရာ မလိုတော့ပါဘူး"





"သူ စားပြီးပေမယ့် ငါ စားမပြီးသေးဘူး၊ ငါပြောတဲ့အတိုင်း မှာလိုက်"

"ယုဂန်... မင်း ဘယ်လိုဖြစ်နေတာလဲ၊ မင်း စားချင်ရင် မင်းဘာသာ စားကျန်ခဲ့တော့၊ မြို့တော့ သွားတော့မယ်"

မြို့က ထရပ်လိုက်တော့ ယုဂန်က ပျာသွားကာ

"နေပါဦး... မြို့ရယ်"

"မင်း ဒီလို ကလေးအထာလုပ်နေရင်တော့ မြို့ မင်းရှေ့မှာ ဆက်ထိုင်နေတာ ရှက်လာပြီ ယုဂန်..."

"ဆောရီးပါ မြို့ရယ်၊ မြို့ မကြိုက်တာ ကိုယ် မလုပ်တော့ပါဘူး"

ယုဂန်က မြို့ကို အောက်ကျို့ကျို့လေး တောင်းပန်လိုက်ပုံဟာ ရှေး အမြဲမြင်နေကျ ယုဂန်ရဲ့ ဂျစ်ကန်ကန် မှုန်တေတေပုံနဲ့တော့ တခြားစီပဲ ဖြစ်လေသည်။

မြို့က ပိုက်ဆံရှင်းဖို့ စားပွဲထိုး ကောင်လေးကို လှမ်းခေါ်လိုက်တော့ ယုဂန်က မလွန်ဆန်နိုင်ဘဲ ကပျာကယာ ပိုက်ဆံအိတ်လေး ဆွဲဖွင့်ပြီး ရှင်းပေးလိုက်ရသည်။ မြို့က သူ့ရှေ့ကနေ ကျော့ကျော့လေး လျှောက်သွားနှင့်တော့လည်း နောက်ကနေ ကုပ်တီကုပ်ချောင်း ပျာယီးပျာယာ လိုက်သွားရပုံမှာ ယုဂန် မဟုတ်သလိုပင်။

"သနားစရာပါလားကွယ်၊ ကျွတ်... ကျွတ်... ကျွတ်... ကျွတ်..."



www.burmeseclassic.com

www.burmeseclassic.com



ရှေးက ယုဂန်ကို လှမ်းကြည့်ရင်း ခေါင်းတညိတ်ညိတ် စုပ်တသပ်သပ် ကျန်ရစ်ခဲ့သည်။ ယုဂန်ကတော့ မနိုင်နိုင်ရာ ဖိမဲတဲ့သဘောလား မသိ။ နောက်ပြန်လှည့်ကြည့်ကာ လက်သီးထောင်ပြသွားလေသည်။

ရှေးကတော့ သူတို့နောက်က ဆက်မလိုက်တော့ဘဲ မှာထားသည့် စားစရာတွေကို စနိုးနှင့်အတူ အားပါးတရ စားပြီး ဗိုက်လေးလာတော့မှ တက္ကဆီငှားပြီး အိမ်သို့ပြန်လာခဲ့သည်။

တက္ကဆီပေါ်မှ ဆင်းတော့ ရှေးက စနိုးကို ရင်ခွင်ထဲမှာ ဝှက်ထားကာ ခါးလေးတကုန်းကုန်းနှင့် ဟိုဘက်အိမ်ဝရန်တာကနေ လှမ်းမမြင်ရအောင် ရှေးတို့ခြံ တံခါးဝသို့ ခပ်သုတ်သုတ်လေး ပြေးသွားလိုက်သည်။

ရှေးတို့ခြံတံခါးဝနား ရောက်သည်အထိ ရှေးက ခါးကုန်း ပုဝပ်ထားရင်း ခြံရှေ့မှာ ရပ်နေသည့် သူကို သေသေချာချာ မကြည့်မိဘဲ ခြံစောင့်ကြီးအမှတ်နှင့် ...

"ဦးထူး ... ဦးထူး ... တံခါးမြန်မြန်ဖွင့် ..."

"ပေးစမ်း ..."

"ဟင် ..."

ရှေးသည် ကိုယ့်လက်ထဲက စနိုးကို ဆွဲလုခံလိုက်ရတော့မှ ဆတ်ခနဲ ခေါင်းမော့ ခါးမတ်လာကာ ကိုယ့်ရှေ့က ယုဂန်ကို ဘွားခနဲမြင်လိုက်ရတော့သည်။





ယုဂန်က နှုတ်ခမ်းတစ်ဖက် တွန့်ကွေးလျက် လှောင်ပြောင်သလိုအကြည့်မျိုးနှင့် ရှေးကို စိုက်ကြည့်ရင်း ...

"မင်း ... ငါ့ကြိုက်နေလား ရှေးလက်ာ ..."

"ဘာ၊ အမလေး ... မေးရဲလိုက်တာ၊ ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးမနေစမ်းပါနဲ့ ..."

"မင်း ငါ့ကို သိပ်ကြိုက်နေတယ်ဆိုတာ မင်းလုပ်ရပ်တွေက သက်သေပြနေတာပဲလေ၊ မင်းရှေ့မှာ မင်းထက်အများကြီး သာတဲ့ မိန်းမတစ်ယောက်နဲ့ ငါနဲ့ တွဲတွေ့လိုက်ရတော့ မနာလို မရှုစိမ့်တွေ ဖြစ်လာပြီး ဝင်နှောင့်ယှက်လိုက်တာ မဟုတ်လား"

"အဟက် ... ဟက် ... ရယ်စရာ ကောင်းလိုက်ပါတဲ့ယုဂန်၊ သနားစရာကောင်းလိုက်ပါတဲ့ မောင်ယုဂန်၊ ရှင်သူနဲ့တွဲရတာကို သိပ်မာန်တက်မနေနဲ့၊ ကြည့်လိုက်ရင်နှစ်ကိုယ်တူ ချစ်ရည်မျှနေတဲ့ အတွဲလား၊ တစ်ဖက်သတ်ကြီး လိုက်ဖားနေရတဲ့ အတွဲလားဆိုတာ အသိသာကြီးပဲ၊ ရှင့်အရည်အချင်းက ဒီလောက်ပဲလား ယုဂန် ..."

"အေး ... ဟုတ်တယ်၊ ဒီလောက်ပဲ၊ အဲ့ဒါကြောင့် သူ့ကို ဆက်မကြိုးစားတော့ဘဲ မင်းနဲ့ယူလိုက်မယ်လေ၊ ဘယ့်နှယ့်လဲ ..."

"ကြားရတာ မင်္ဂလာမရှိလိုက်ရာ၊ ဩော် ... ဒါနဲ့ နေစမ်းပါဦး၊ ရှင်က ရှေးထက်တောင် စောစောပြန်ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတော့ ကြည့်ရတာ အခြေအနေ သိပ်မကောင်းဘူး ထင်တယ်၊ ရှင်ရဲ့ ခပ်အောက်အောက် အပြောအဆိုတွေ၊ ကလေးအထာတွေကို စိတ်ပျက်သွားလို့ ဟိုက သူ့နောက် အလိုက်မခံဘဲ ခါထုတ်ပစ်လိုက်ပုံရတယ်”

“ဟုတ်တယ် ... အဲ့ဒါကြောင့် မင်းဆီပဲ ပြန်ကပ်လာရတာ၊ မင်းနဲ့ငါ လက်ထပ်ကြမယ်၊ လူကြီးတွေကို သွားပြောကြရအောင် ... လာ”

ယုဂန်က ရှေးလက်ကို ဖျတ်ခနဲ လှမ်းဆွဲခေါ်လိုက်တာမို့ ရှေးက ပြန်ဆောင့်ရုန်းကာ ...

“အယုတ်တမာကောင် ...”

ဟု ပျစ်ပျစ်နှစ်နှစ်လေး ပြောလိုက်ပြီး ချာခနဲ လှည့်ကာ ခြံထဲသို့ ဝင်လာခဲ့သည်။ ယုဂန်ကတော့ တဟားဟား အော်ရယ်ကျန်ခဲ့သည်။

သူ့ကို စေတနာမရှိလှပေမယ့် မြူ့အချစ်ကို သူ မြန်မြန်ရပါမှ ရှေးအတွက် ဘေးရန်ကင်းမှာမို့ မြူ သူ့ကို မြန်မြန်ပြန်ချစ်ပါစေဟု ရှေးက ဆုတောင်းပေးလိုက်မိပါသည်။

❑ ❑ ❑



❀ ❀ ❀

*“အလုပ်တွေ အများကြီးရှုပ်တဲ့သူကို၊ ဟောဒီကောင်က စွဲလမ်းနေတယ်၊ ချစ်မိတော့လည်း ဆက်ချစ်ရုံပေါ့၊ နောက်ဆုတ်ဖို့တော့ မစဉ်းစားတော့ပါဘူး xxx”*

အခန်းထောင့်က စားပွဲတစ်လုံးမှာ ပျင်းရိမှိုင်လျော၍ ထိုင်နေရင်း စားပွဲကို လက်ချောင်းတွေဖြင့် ခေါက်ကာ သီချင်းဆိုနေသော ယုဂန်ကို လှမ်းကြည့်ရင်း မြူက စိတ်ရှုပ်စွာ သက်ပြင်းချမိလေသည်။

မြူကဖြင့် ကိုယ့်အလုပ်နဲ့ကိုယ် မအားတာမို့ သူ့ကိုလည်း တကူးတက ဧည့်ခံမနေနိုင်ပါ။ စားပွဲနှင့် မျက်နှာအပ်ကာ ဒီဇိုင်းတွေ ဆွဲလိုက်၊ ပိတ်စညှပ်လိုက်၊ ရောက်လာသမျှ ဧည့်သည်တွေနှင့် စကားပြောဆိုလိုက်ဖြင့် လုံးဝကို မအားလပ်နိုင်တာပင်။ ခုလည်း တက်သစ်စ မင်းသမီးပေါက်စလေးက ဗီဒီယို တစ်ကားစာ အဝတ်အစားတွေ လာအပ်နေတာမို့ ဒီဇိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲပြရင်း စကားပြောဆို ဆွေးနွေးနေဆဲမှာ ယုဂန်က **သီချင်း** ထဆိုလိုက်တာပင် ...။

မြူ လှမ်းကြည့်တာမြင်တော့ ယုဂန်က သီချင်းဆိုရင်းက မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။ အဲဒီလို အပြုအမူတွေပေါ့ လူကြီးလူကောင်း မဆန်တာလေ။

မြူသည် ညွှံ့သည်ရှိနေတာမို့သာ ဘာမှပြန်မပြောဘဲ မျက်နှာလွှဲပစ်လိုက်ရသည်။ ယုဂန်ပုံစံကိုတော့ လုံးဝကို ကြည့်မရတာမို့ နှင်လွှတ်ချင်စိတ် ပေါက်နေရပါသည်။

ညွှံ့သည် ပြန်သွားတော့မှ မြူက ယုဂန်ကို လှမ်းကြည့်ရင်း ...

"ယုဂန် ... မင်းမှာ အလုပ်မရှိဘူးလား"

"ရှိသားပဲ၊ ဖိနပ်ဆိုင် ဖွင့်ထားတယ်လေ ..."

"အဲ့ဒါဆိုလည်း ကိုယ့်ဆိုင် ကိုယ်ပြန်ပြီး ကိုယ့်အလုပ်ကိုယ် ဖိဖိစီးစီး ပြန်လုပ်ပါလား၊ ဘာကိစ္စ ဒီမှာ အချိန်လာဖြုန်းနေတာလဲ"

"ကိုယ်ချစ်တဲ့သူဆီ လာတဲ့ကိစ္စကို အချိန်ဖြုန်းတယ်လို့ သတ်မှတ်ရင် ကမ္ဘာပေါ်မှာ လင်မယားဆိုတာတောင် ပေါ်ပေါက်လာစရာ အကြောင်းမရှိတော့ဘူး"

"အသုံးမဝင်တဲ့ စကားတွေ မပြောစမ်းပါနဲ့ ယုဂန်၊ စကားကို တည်တည်တံ့တံ့ ပြော၊ ဣန္ဒြေရရ နေ၊ လူကြီး





လူကောင်း မဆန်တဲ့ အမူအရာမျိုးတွေ မြူ့ရှေ့မှာ လာလုပ်ပြမနေနဲ့၊ အာရုံနှောက်တယ်"

"ကိုယ်ကတော့ မြူ့ကိုမြင်နေရရင် အာရုံကြည်တယ်"

"ယုဂန် ... မင်း ပြန်လိုက်တော့"

"မပြန်ချင်သေးဘူး ..."

"မပြန်ချင်လည်း ပြန်၊ မင်းရှိနေတော့ ညွှံ့သည်တွေအတွက် အနှောင့်အယှက် ဖြစ်တယ်"

"ကိုယ့်ဘာသာ ငြိမ်ငြိမ်လေး နေနေတာပဲ ..."

"မင်းပါးစပ်က ငြိမ်မှမငြိမ်ဘဲ၊ ထိုင်နေတဲ့ ပုံကလည်း သူ့အိမ်သူ့ရာမှာ အပန်းဖြေနေတဲ့အတိုင်း ပိုင်စိုးပိုင်နင်းနဲ့၊ မင်းကို မြူ လုံးဝ ကြည့်မရတော့ဘူး ယုဂန် ..."

"အဲ့ဒီလိုတော့ မပြောပါနဲ့ မြူရာ၊ မနေ့က မြူနဲ့ ကိုယ် အတူလျှောက်သွားတုန်းက မပျော်ဘူးလား ပြော ..."

"အဟက်၊ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးမနေစမ်းနဲ့ ယုဂန်၊ မနေ့တုန်းက မင်းနဲ့ကိုယ် အပျော်လျှောက်သွားတာမှ မဟုတ်တာ၊ ကိုယ့်ဘာသာ ဈေးဝယ်ထွက်တာကို မင်းက ဇွတ်ပေကပ်ပြီး လိုက်လာတာလေ ...၊ တစ်ခါတလေ မင်းနဲ့တွဲဖြစ်နေတာကလည်း ဘော်ဒါကဏ္ဍပါပဲ၊ မင်းနဲ့ လက်ခံပြီး တွဲတိုင်း ကိုယ့်ဘာသာ အမှတ်တွေ တက်ပေးမနေစမ်းပါနဲ့ကွာ ..."

ယုဂန်သည် မြူ့ရဲ့ မထိတရီ အပြောလေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားသွားကာ မြူ့ကို ပို၍ချစ်လာရလေသည်။ မြူ ဘာပဲပြောပြော၊ သူ့ကို ဘယ်လိုပဲနှိမ်နှိမ် သူကတော့ မြူ့ရဲ့ အဲဒီလို မာမာကျောကျော အပြောကလေးတွေကို ချစ်သည်။

မြူနဲ့ မြန်မြန်နီးမှ ... ရေးလက်ကနဲ့ မြန်မြန်ဝေးရမှာမို့ သူက ဒီနေ့အဖို့ အချစ်ကို ပူဆာတောင်းဆိုဖို့ ရောက်လာခဲ့သော်လည်း မြူက မအားလပ်နိုင်တာမို့ စိတ်ရှည်လက်ရှည် ထိုင်စောင့်နေခဲ့ရပါသည်။

"မြူ ... အခု အားသွားပြီလား"

"မအားသေးဘူး"

"ဧည့်သည်မှ မရှိတော့တာ ..."

"ဧည့်သည်မရှိတာနဲ့ အားသွားရအောင် မြူက ဧည့်သည်တွေ့တဲ့ အလုပ်တစ်ခုတည်း လုပ်တာမှမဟုတ်တာ၊ ဒီမှာ ဒီဇိုင်းဆွဲနေတာ မမြင်ဘူးလား"

"ကဲ ... ဒါဆိုလည်း ကိုယ် ပြောမယ့် စကားတွေကို မြူ ဒီဇိုင်းဆွဲရင်း နားထောင်ပေးနိုင်မလား ... ပြော"

ယုဂန်က ထိုင်ရာမှထလာကာ မြူ့စားပွဲပေါ်မှာ လက်ထောက်ရပ်လိုက်ပြီး မြူ့ကို ငုံ့ကြည့်ရင်း ပြောလာပါသည်။ မြူက ယုဂန်ရဲ့ ဂျစ်ပေပေ ဒီဇိုင်းကို မကြိုက်ပေမယ့် ရိုင်းရိုင်းစိုင်းစိုင်း နှင်ထုတ်ပြီး ပြတ်ပြတ်တောက်တောက်တော့လည်း မလုပ်ချင်ပါ။

ယုဂန်ဟာ မြူ့ကို မျှော်လင့်ကြတဲ့ ယောကျ်ား





မျိုးစွာထဲက တစ်ယောက်ပဲ ...။ ရှင်းရှင်းပြောရရင် မြူ ခေါက်ဖို့ ရွေးနေတဲ့ ခေါင်းတွေထဲက တစ်ခေါင်းလို့ပဲဆိုပါတော့ ...။ တကယ်တော့ မြူ့အနေနဲ့ဆို ယုဂန်လောက်ကိုတော့ မရွေးချယ်ချင်သေးပါ။ မြူက မြူ့ထက်တော်သော၊ ထက်မြက်သော၊ လူကြီးလူကောင်းဆန်သော ယောကျ်ားမျိုးကိုသာ ရွေးချယ်လိုပါသည်။ ယုဂန်လောက်ကိုတော့ မြူက မလောက်လေးမလောက်စား ချာတိတ်လေးဟုသာ သတ်မှတ်ချင်သည်။

သို့သော် ... ယုဂန်သည်လည်း ကိုယ်ပိုင်အရည်အချင်းသာ မရှိပေမယ့် မျိုးကောင်းရိုးကောင်း၊ မိဘနောက်ခံတောင့်တင်းသူ ...။ ရုပ်ရည်ကလည်း ချောမောဆွဲဆောင်မှုရှိသူမို့ မြူက ပြတ်ပြတ်သားသား လက်မလွှတ်ချင်သေးပါ။ အရန်အဖြစ်လောက်တော့ မြူ့အနားမှာ ရှိစေချင်သေးသည်။ မြူ စိတ်ဖိစီးတဲ့အခါ ယုဂန်လို လန်းဆန်းတက်ကြွတဲ့ လူငယ်လေးနဲ့ အတူတွဲသွားလိုက်လျှင် မြူ့ စိတ်ဖိစီးမှုတွေ ပြေပျောက်သွားရတတ်သည်။ ယုဂန်ရဲ့ မြူ့ကို ကြွေသော ကြွေစဉ် စကားလေးတွေက မြူ့ကို ဖျော်ဖြေနိုင်သည်။ ထိုစကားတွေကိုတော့ မြူ သာယာသည်။ မြူ ရွေးချယ်လိုတဲ့ ထက်မြက်သူတွေကတော့ မြူ့လိုပဲ အလုပ်ရှုပ်နေတတ်သူက အများစုမို့ ယုဂန်လောက် မြူ့ကိုအချိန်မပေးနိုင်၊ ယုဂန် ပြောသည့် စကားမျိုးတွေ မပြောနိုင်။ ယုဂန်လို မြူ့ကို မသာယာစေနိုင်ပေ ...။

မြူသည် ခုချိန်မှာတော့ မြူ့အနားက ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်စီမှာ ရှိနေတဲ့ အရည်အချင်းတွေထဲကမှ မြူ့ နှစ်သက်တဲ့ အရည်အချင်းတစ်ခုစီကို ရွေးထုတ်စားသုံးရင်း ဘယ်လိုလူမျိုးကို မြူ့အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရပါ့မလဲဟု ခေါင်းစားနေခဲ့ရသူလည်း ဖြစ်ပါသည်။ မြူ့ သဘောအတိုင်းသာ အရာရာဖြစ်ရမယ်ဆိုလျှင်တော့ မြူ့ဘေးက ယောကျ်ားတွေဆီမှာ ရှိနေတဲ့ မြူ့နှစ်သက်တဲ့ အရည်အချင်းတစ်ခုစီကို ဆွဲထုတ်ပြီး ထိုအရည်အချင်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် ယောကျ်ားတစ်ယောက်ကို ဖန်တီးပြီး မြူ့အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ချင်သည်။ အဲ့ဒါမှပဲ မြူ့လိုချင်တဲ့ perfect man တစ်ယောက်ကို ပိုင်ဆိုင်နိုင်မည်လေ ...။

"ကိုယ် မင်းကို အရမ်းချစ်တယ် မြူ့"

ယုဂန်က ခေါင်းကိုနှိမ့်ချပြီး မြူ့မျက်နှာနားကပ်ကာ ပြောလိုက်တာမို့ မြူ့က နောက်သို့ယိမ်းလိုက်ပြီး ...

"အဲ့ဒါ ပြောပြီးသားပဲလေ၊ အပ်ကြောင်းလာထပ်မနေစမ်းပါနဲ့ကွာ၊ နားငြီးလွန်းလို့ပါ"

"ပြောပြီးသားပေမယ့် ထပ်ထပ် ပြောချင်တယ်၊ ကြားပြီးသားပေမယ့် ထပ်ထပ် နားထောင်ပေးပါ မြူ့ ..."

"ကျွတ် ... နောက်ဆုတ်လိုက်စမ်းပါ၊ လူလာရင် မြင်မကောင်းဘူး၊ ကိုယ် စိတ်မဆိုးခင် မင်း နောက်ဆုတ်လိုက် ..."

မြူ့က ခပ်ဆတ်ဆတ်ပြောတော့ ယုဂန်က ခါးပြန်





မတ်ကာ စားပွဲပေါ်မှာ ထောက်ထားသည့် လက်ကို ရုပ်ဖယ်လိုက်ပြီး လက်ပိုက်ထားလိုက်သည်။ ထိုအချိန်မှာပဲ စားပွဲပေါ်မှာ တင်ထားသည့် မြူ့ ဖုန်းလေးက အသံမြည်လာသည်။ မြူ့က ဖုန်းကို လှမ်းမယူရသေးခင် ယုဂန်က ဖုန်းကို ဆတ်ခနဲ လှမ်းယူကာ Display မှာ ပေါ်နေသည့် နာမည်ကို ကြည့်ရင်း ...

"head (1) တဲ့၊ ဒါ ... ဘာအဓိပ္ပာယ်လဲ မြူ့၊ head (1) ဆိုတာ ဘယ်သူလဲ ..."

"သူများ ကိုယ်ရေးကိုယ်တာကို မစပ်စုစမ်းပါနဲ့ ယုဂန်ရယ်၊ ပေး ... ကိုယ် ဖုန်းပြောလိုက်ဦးမယ်၊ နည်းနည်းကြာမယ်၊ မင်းဘာသာ စောင့်နိုင်လည်း စောင့်၊ ပြန်ချင်လည်း ပြန် ..."

မြူ့က ယုဂန်လက်ထဲက ဖုန်းကို ပြန်လုပြီး ရုံးခန်းနောက်ဘက် အခန်းထဲသို့ ဝင်လာကာ တံခါးကို အတွင်းမှ ပိတ်ပြီးမှ ဖုန်းကိုင်လိုက်ပါသည်။

"ဟဲလို ... ဘယ်လိုလဲ ဆရာကြီးရဲ့၊ မြူ့ကို သတိတော့ ရသေးတယ်ပေါ့လေ ..."

"ကိုယ် ... အရမ်းအလုပ်များနေလို့ပါ မြူ့ရယ်၊ ဆောရီးနော်"

ဒါ မြူ့ရဲ့ နံပါတ်(၁) ဦးစားပေး ခေါက်သင့်တဲ့ ခေါင်းတစ်လုံးဆီက ဖုန်းပေါ့။ ဒါ့ကြောင့် ခေါင်းနံပါတ်(၁) head (1) လို့ နာမည်ပေးထားတာလေ။



www.burmeseclassic.com

www.burmeseclassic.com



မြူ ခေါင်းနံပါတ် (၁)နဲ့ နာရီဝက် ဖုန်းပြောပြီး ပြန်ထွက်လာတော့ ခေါင်းနံပါတ် ဘိတ်ချိုးလေး ယုဂန်က ထိုင်စောင့်နေဆဲမို့ နည်းနည်းတော့ သနားချင်ချင် ဖြစ်ရပါသည်။

ယုဂန်က မြူ့ဆီ လျှောက်လာပြီး မြူ့နောက်က နံရံကို လက်ထောက်ရပ်လိုက်ရင်း ...

"မြူ... မင်းမှာ ကိုယ့်အပြင် တစ်ယောက်ယောက် ရှိနေပြီလား၊ ကိုယ် ရင်ပူလွန်းလို့ မြန်မြန်ဖြေစမ်းပါ"

"အဟင်း ... ဟင်း ... အဲဒီလောက်ကြီး စိတ်မလှုပ်ရှားစမ်းပါနဲ့ ယုဂန်ရယ်၊ ယုဂန်အပြင် တစ်ယောက်ယောက်ဆိုတာ မြူ့မှာ မရှိပါဘူး၊ ယုဂန်အပြင် အများကြီးကြီးပဲ ရှိတာ ..."

"ဘယ်လို ..."

မြူက ပခုံးလေးတွန့်ကာ ရယ်လိုက်ရင်း ...

"ယုဂန်အပြင် မြူ့ကို ပရိုပို့စ်လုပ်ထားတဲ့သူတွေက တစ်ယောက်မက အများကြီး ရှိနေတာလေ၊ ဒါပေမယ့် မြူ ဘယ်သူ့ကိုမှ မရွေးချယ်ရသေးပါဘူး ...၊ ကံစမ်းမဲနှိုက်သလိုပေါ့ ယုဂန်ရယ်၊ ကံကူးမယ်ထင်ရင်လည်းစောင့်၊ မထူးဘူးထင်ရင်လည်း မစောင့်ဘဲထွက်သွားလို့ ရတာပဲ"

"မြူရယ် ... ကိုယ် ရူးရမယ့် စကားမျိုးတွေ မပြောစမ်းပါနဲ့၊ ကိုယ် မြူ့ကို အရမ်း အရမ်း ချစ်တယ်၊ တအား





တအား လက်ထပ်ချင်တယ်၊ ခေါင်းညိတ်လိုက်ပါတော့ မြူရယ် ... နော်"

"မြူက ဒီလိုအပြောလေးကို ယစ်မူးပြီး ယောင်ဝါးဝါး ခေါင်းညိတ်တတ်တဲ့ မိန်းကလေးမျိုးလို့ ယုဂန်က ထင်နေတာလား ...၊ ယုဂန် ဘယ်လောက်ပဲပြောပြော မြူ့ဆန္ဒရှိမှ ခေါင်းညိတ်နိုင်မှာမို့လို့ ဒီစကားတွေ ထပ်ထပ်ပြောမနေပါနဲ့တော့ ယုဂန်၊ ယုဂန် ပြောလည်း အကြောင်းထူးလာမှာမှ မဟုတ်တာ ..."

"မြူရယ် ..."

"ကဲပါ ... ဒါတွေဆက်ပြောမနေနဲ့တော့၊ မြူ့ မွေးနေ့ကျရင် ဘာလက်ဆောင် ပေးမှာလဲ ... ပြော"

မြူက မျက်လုံးလေးထောင့်ကပ်ပြီး ချော့မြူသလို ပြောလိုက်တာမို့ ယုဂန်က ချက်ချင်း အရည်ပျော်သွားကာ ...

"မြူ... ဘာလိုချင်လဲ ပြော ..."

"အို ... ဘယ့်နှယ် မွေးနေ့ရှင်က ပြောစရာလား၊ ယုဂန် ဘာသာ ကြိုက်တာပေးပေါ့၊ ယုဂန် ပေးတဲ့ လက်ဆောင်ကို ကြည့်ပြီး မြူ့အပေါ် ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ အကဲခတ်ရသေးတာပေါ့လေ ..."

မြူ့အပြောလေးက ယုဂန်ရဲ့ သဒ္ဒါတရားတွေကို ကြီးထွားလာအောင် စွမ်းဆောင်နိုင်တာတော့ အမှန်ပင်တည်း။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

မြို့ကို ဘာမွေးနေ့လက်ဆောင်များ ပေးရရင် ကောင်းမလဲဟု စဉ်းစားတွေးတောရင်း ကိုယ့်မှာရှိသည့် ပိုက်ဆံလေးတွေကို တွက်ချက်လျက်ရှိသော ယုဂန်ထံသို့ ကံကောင်းမှုတစ်ခု ရောက်ရှိလာခဲ့လေသည်။

ထိုကံကောင်းမှုလေးသာ ရောက်ရှိမလာခဲ့လျှင် ကိုယ်ပိုင် ပိုက်ဆံရယ်လို့ သိပ်များများစားစား မရှိရှာသော ယုဂန်ခမျာ ကိုယ့်စီးပွားအပျက်ခံပြီးတော့ပဲ မွေးနေ့လက်ဆောင် ပေးရမလား၊ ဖိနပ်ဆိုင်ကို ခဏပေါင်ပြီးတော့ပဲ ငွေဖော်လိုက်ရမလား စသဖြင့် အကြံကုန် ဂဠုန်ဆားချက်ကိန်း ဆိုက်ရတော့မလို ရှိသည်။ ယုဂန်ပေးတဲ့ လက်ဆောင်ကို ကြည့်ပြီး သူ့အပေါ် ဘယ်လောက် တန်ဖိုးထားတယ်ဆိုတာ အကဲခတ်ရသေးတာပေါ့ ဟုဆိုသော မြို့အပြောကလေးကြောင့် တန်ဖိုးနည်းတာသာ





ဝယ်ပေးလိုက်မိရင် မသေချာတဲ့ ကံစမ်းမဲကလေးကိုတောင် ဝင်နှိုက်ခွင့် ကြုံမှာမဟုတ်တော့ချေ ...။

ထိုမနက်က မေမေက သူ့ကို ဝမ်းသာအားရ သတင်းပေးလာသည်။

"သားရေ ... မနက်ဖြန်ကျရင် ရှေးလက်ဘရဲ့ မွေးနေ့လေ၊ သား ဘာလက်ဆောင် ပေးချင်သလဲ ... ပြော"

"ဟုတ်လား ... ရှေးလက်ဘရဲ့ မွေးနေ့လား၊ မေ့သွားလိုက်တာ မေမေရာ ..."

ယုဂန်က ကိုယ့်အကြံနဲ့ကိုယ် ပျော်မြူးသွားတာပင်။ မြို့မွေးနေ့က နောက်တစ်ပတ်ထဲမှာမို့ မနက်ဖြန်မှာ ကျရောက်မည့် ရှေးလက်ဘရဲ့ မွေးနေ့ကို ခုတုံးလုပ် အသုံးချဖို့ အခွင့်သာနေပါသည်။

ဒေါ်သော်တာသိုက်ကတော့ သားဖြစ်သူရဲ့ အကြံကို မသိဘဲ ...

"အံမယ် ... မင်းက ရှေးရဲ့ မွေးနေ့ကိုသိတာနဲ့ ဒီလောက်ပျော်သွားတယ်ဆိုတော့ မွေးနေ့မှာ ရှေးအတွက် ဘာတွေ အထူးလက်ဆောင်ပေးဖို့ စီစဉ်ထားလို့လဲ ..."

"အထူးလက်ဆောင် ပေးချင်ပေမယ့် ပိုက်ဆံမရှိပါဘူး မေမေရာ၊ ဖိနပ်ဆိုင်ကလည်း သားအတွက် အမြတ်သိပ်ကျန်တာမှမဟုတ်တာ၊ ဆိုင်ခန်းခကလည်း ဈေးကြီး၊ ဝန်ထမ်းဟားခကလည်း ပေးရသေး ...၊ ကိုယ့် အပေါ်



www.burmeseclassic.com

www.burmeseclassic.com



အသင်းထဲက လာလာ အားပေးနေတာလေးကြောင့်သာ ဆက်ဖွင့်ထားနိုင်တာ ...”

“အဲမယ်လေးဟယ် ... ညည်းနေလိုက်တာများ မိန်းမကြီး ကျနေတာပဲ၊ ပူမနေနဲ့တော့ ... အဲ့ဒီကိစ္စကို မင်းအဘွားက တာဝန်ယူမှာတဲ့”

“ဘယ်လို တာဝန်ယူမှာလဲ မေမေ”

“ဒုံးဝေးလိုက်တာ၊ ရွှေအတွက် မွေးနေ့လက်ဆောင်ဝယ်ဖို့ ပိုက်ဆံကို သူထုတ်ပေးမှာပေါ့ဟဲ့ ...”

ယုဂန်သည် ဝမ်းသာလုံးဆို့သွားသော်လည်း မူချင်သေးတာမို့ ခေါင်းကလေးယမ်းကာ သက်ပြင်းချပြလိုက်ရင်း...

“နေပါစေ မေမေရယ် ...”

“ဘာဖြစ်ရပြန်တာလဲ ...”

“ရွှေအတွက် သားကိုယ်ပိုင် ပိုက်ဆံနဲ့ပဲ ဝယ်ပေးချင်လို့ပါ”

ဩော် ... ငါ့သားနှလုံးသားက ခုလိုကျတော့လည်း တယ်ပြီးနူးညံ့နေပါလားကွယ်ဟု ဒေါ်သော်တာသိုက်က သဘောကျစွာ တွေးလိုက်ရင်း သားကို ပြုံးကြည့်မိကာ ...

“မင်းပဲ ပိုက်ဆံမရှိဘူးဆို ...”

“မရှိပေမယ့် ဒီလိုပဲ ခြစ်ကုပ်ချွေတာ စုဆောင်းပြီး ပေးလိုက်ပါ့မယ်”





“တော်ကြာ မင့် အရင်းအနှီးထဲက ပဲ့ပြီး ဆိုင်ပြုတ်သွားပါဦးမယ်ဟယ်၊ သားအဘွား ပေးတာကိုပဲ လက်ခံလိုက်ပါ၊ သားအဘွားပေးတဲ့ ပိုက်ဆံကို သားအတွက် မသုံးဘဲ ရွှေအတွက် တစ်ခုခု ဝယ်ပေးလိုက်တာကိုက သားရဲ့ စွန့်လွှတ်နိုင်မှုကို ဖော်ပြနေတာပဲ ...၊ ရွှေကို တန်ဖိုးထားလို့ ဒီလိုစွန့်လွှတ်ပေးဆပ်နိုင်တာပဲဟာ၊ မဟုတ်ဘူးလား”

ဒေါ်သော်တာသိုက်က ချော့ချော့မော့မော့လေးပြောတော့မှ ယုဂန်က အင်တင်တင် ခေါင်းညိတ်လိုက်လေသည်။

“ကဲ ... ဒါဆို ... လာ ... မင့်အဘွားအခန်းထဲ သွားရအောင်၊ ဩော် ... ခဏလေး ... နေဦး၊ မေမေ သားအဘွားကို အဝတ်အစားလေး ဘာလေးလဲဖို့ လုပ်ပေးရဦးမယ်၊ နောက် ဆယ်မိနစ်လောက်ကြာမှ လိုက်ဝင်လာခဲ့ ...”

ဒေါ်သော်တာသိုက်က သားလက်ကို ဆွဲခေါ်မိပြီးမှ ကိုယ့်အတွေးနှင့်ကိုယ် ပြန်လွှတ်ပေးလိုက်ရသည်။ ကိုယ့်အမေနှင့်ကိုယ် စည်းဝါးရိုက်ဖို့ကိစ္စလေးတွေ ရှိနေသေးတာမို့ပင်။

ဒေါ်သော်တာသိုက်သည် သားကိုထားခဲ့ပြီး အမေဖြစ်သူ၏ အခန်းထဲသို့ ခပ်သုတ်သုတ်လေး ဝင်လာခဲ့ကာ ...

“အခြေအနေ ကောင်းတယ် အမေရေ ...၊ အမေ့မြေးက ရွှေအတွက် အထူးလက်ဆောင်တောင် ပေးချင်သေးတာတဲ့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ဒါဆို ဒီကောင် ရှေးကို တော်တော်ကြွေနေပြီပေါ့"

ဒေါ်သော်တာသိုက်က ဘမ်းစကားတွေ ဘာတွေ ထည့်ပြောနေသော မိခင်ဖြစ်သူကြောင့် ပြုံးစိစိလေး ဖြစ်သွားရကာ ...

"ကြွေတာမှ တော်တော် ကြွေပုံပဲ အမေရဲ့၊ အမေက ပိုက်ဆံပေးပါမယ် ပြောတာတောင်မှ သူ့ကိုယ်ပိုင်ပိုက်ဆံလေးနဲ့ပဲ မရှိရှိတာ ချွေတာခြစ်ကုပ်ပေးပါမယ် ပြောနေလို့ မနည်း ချော့မော့ဖျောင်းဖျ နားချခဲ့ရတယ်"

"ငါ့မြေးက ခုတော့လည်း ချစ်တတ်သွားပြီပေါ့၊ အခု ... ဘယ်မလဲ ဒီကောင်လေး ..."

"ခဏနေ အမေ့အခန်းထဲ လိုက်ခဲ့ဖို့ ခေါ်ထားတယ်"

"ဟုတ်လား ...၊ ဒါဆို ငါ့နှုတ်ခမ်းကိစ္စ မေ့ထားလို့ မဖြစ်ဘူး၊ ငါမေ့နေရင် လက်တို့ပြီး သတိပေးဦးနော် သမီး ...၊ ပေး ... ပေး ... မှန်မြန်မြန်ပေးဟဲ့၊ ဒီမှာကြည့်ပေးဦး၊ ဒီလောက်ရွဲ့ရင် အဆင်ပြေလား"

ဒေါ်ခင်ခင်သိုက်က သမီးဖြစ်သူ လှမ်းပေးသည့် မှန်လေးကို ခပ်မြန်မြန်ဆွဲယူကြည့်ရင်း နှုတ်ခမ်းတစ်ဖက် ရွဲ့၍ စကားပြောပြလိုက်ရာ သမီးဖြစ်သူက သေသေချာချာ ကြည့်ပေးရရင်း ...





"ပြေတယ် ... အမေ၊ တအားကြီးလည်း ရွဲ့မသွားစေနဲ့ဦးနော်၊ တော်ကြာ ဟန်ဆောင်နေမှန်း ရိပ်မိသွားဦးမယ်"

"အမေလည်း ဟန်တော့ မဆောင်ချင်ပါဘူးအေ ...၊ ဒါပေမယ့် အမေ့ နှုတ်ခမ်းရွဲ့တာက ခဏလေးနဲ့ ကောင်းသွားပြီဆိုရင် ညည်းသားက အမေ့ပြောစကား နားမထောင်မှာ စိုးရတယ်မဟုတ်လား၊ လူငယ်စိတ်ဆိုတာ ဘာမှ သေသေချာချာ ပြောနိုင်တာမဟုတ်ဘူး၊ ခုတစ်မျိုး တော်ကြာတစ်မျိုး ပြောင်းချင် ပြောင်းနေတာ၊ ရှေးနဲ့ မြေး လက်ထပ်ဖို့ကိစ္စ တကယ်သေချာပြီဆိုမှပဲ အမေ့ နှုတ်ခမ်းအရွဲ့ကို ပြန်တည့်တော့မယ်အေ၊ ဒီကြားထဲ ဒီကောင် ဖွဲ့ဖောက်လာရင်တော့ ဒါ့ထက်ပိုပြီး ရွဲ့ပြသင့်ရင် ရွဲ့ပြရမှာပဲ ..."

"ဒေါက် ... ဒေါက်"

"ဟော ... တံခါးခေါက်နေပြီ အမေ၊ ရယ်ဒီနော် ... အသင့်ပြင်ထား ..."

"အေး ... အေး"

"သားရေ ... ဝင်ခဲ့လေ ..."

ဒေါ်သော်တာသိုက်က အခန်းပြင်မှ သားကြီးအောင် အသံကိုမြင့်၍ လှမ်းပြောလိုက်ချိန်တွင် ဒေါ်ခင်ခင်သိုက်က နှုတ်ခမ်းလေး တစ်ခြမ်း ပြုံးရွဲ့ရွဲ့နှင့် မြေးဖြစ်သူကို စောင့်စားနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်သွားပြီးနောက် အခန်းထဲသို့ ယုဂန် လှမ်းဝင်လာသောအခါ ဒေါ်ခင်ခင်သိုက်က …

"မြေး … လာ … လာ၊ မြေးရဲ့ ရှေးအတွက် မွေးနေ့လက်ဆောင် ဝယ်ဖို့ အဘွားကိုပါ ဝင်ပါ ခွင့်ပြုပါကွယ်"

ဟု နှုတ်ခမ်းလေး ရွှဲ့ကာရွှဲ့ကာ ပြောလေသောအခါ ဒေါ်သော်တာသိုက်က မိခင်ဖြစ်သူကို ကြည့်ရင်း 'သရုပ်ဆောင် ကောင်းလိုက်တဲ့ ငါ့အမေနယ် … ပိရိလိုက်တာကွယ်' ဟု ရင်ထဲကပင် ကျိတ်၍ သြဘာပေးလိုက်ရတော့သည်။

❑ ❑ ❑



❀ ❀ ❀

ရှေးရဲ့ မွေးနေ့တွင် မေမေသည် အထူး ပြုံးရွှင်လျက်ရှိတာကို ရှေးက သတိထားမိလေသည်။

မနက်ခင်းကတည်းက တယ်လီဖုန်းတစ်လုံးနှင့် တီးတိုး တီးတိုး လုပ်နေတာကိုလည်း သတိထားမိ၏။

မေမေ့ စကားတွေကို လုံးစေ့ပတ်စေ့သာ မကြားပေမယ့် တစ်ချက်တစ်ချက်မှာ 'သော်တာရေ' 'ဒါပေါ့ သော်တာရယ်' 'အရမ်း ဝမ်းသာတယ် သော်တာရယ်' စသည့် စကားတွေကို ကြားရသဖြင့် မေမေနှင့် တီးတိုး တီးတိုး သဖန်းပိုးလုပ်နေသူဟာ ဒေါ်သော်တာသိုက် ဖြစ်ရမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ပေ … ။

ဒီနေ့ဟာ ရှေး မွေးနေ့ဆိုသော်လည်း ရှေးက အပေါင်းအသင်းလည်း သိပ်မများဘဲ မိသားစုထဲမှာပဲ ပျော်အောင်နေတတ်သူမို့ မွေးနေ့ပွဲတွေ ဘာတွေ မလုပ်ဖြစ် … ။ မနက်



www.burmeseclassic.com

www.burmeseclassic.com



စောစောထပြီး ဘုရားရှိခိုးပြီးလျှင် ကိုယ့်ကို မွေးပေးတဲ့ မေမေနဲ့ ပြုစုစောင့်ရှောက်ပေးတဲ့ ကြီးကြီးကို ရှိခိုးကန်တော့တာလောက်သာ လုပ်ဖြစ်လေသည်။

မေမေနဲ့ ကြီးကြီးက ရွှေးအတွက် နာရီလေး တစ်လုံး လက်ဆောင်ပေးထားခဲ့သည်။ ခက်တစ်ယောက်ကတော့ ဘန်ကောက် ခဏသွားပြီး စျေးဝယ်နေတာမို့ ပြန်လာမှပဲ လက်ဆောင်ပေးလိမ့်မည်ထင်သည်။ နှစ်စဉ် ရွှေးမွေးနေ့မှာ အပြင်လူထဲက လက်ဆောင်ပေးမည့်သူဆိုလို့ ခက်တစ်ယောက်သာ ရှိပါသည်။

ရွှေးက မွေးနေ့မှာ ထူးခြားလှပအောင်လည်း မဝတ်ဖြစ်ဘဲ သာမန် အိမ်နေဝတ် ဂျင်းဘောင်းဘီ ဒူးလောက်ပွပွလေးနှင့် အဖြူရောင်တီရှပ် အကျႌလေးကို ဝတ်လျက် အပေါ်ထပ်မှ ဆင်းလာတော့ ပိစိ၊ မလုံးနှင့် အေးမြက ပန်းကန်ပြား တစ်ချပ်ကို ဝိုင်းကိုင်ပြီး မီးဖိုချောင်ဘက်မှ ထွက်လာတာကို မြင်ရလေသည်။

“ဟက်ပီးဘက်ဒေး တူးယူ၊ ဟက်ပီးဘက်ဒေး တူးယူ၊ ဟက်ပီးဘက်ဒေး မမရွှေး”

သူတို့သုံးယောက်က သီချင်းသံပြိုင်အော်ဆိုလိုက်တာမို့ ရွှေးက ရယ်ချင်သွားကာ သူတို့ကိုင်ထားသည့် ပန်းကန်ထဲကို ငုံ့ကြည့်မိသည်။

ပန်းကန်ထဲမှာတော့ ကောက်ညှင်းပေါင်းတစ်ပုံ၊





ပြီးတော့ ထိုကောက်ညှင်းပေါင်းပုံရဲ့ အလယ်မှာ ဖယောင်းတိုင်လေး တစ်တိုင် ထိုးစိုက်ထွန်းထားပြီး ကောက်ညှင်းပေါင်းပုံလေးရဲ့ ဘေးပတ်ပတ်လယ်မှာ ပဲစေ့လေးတွေကို အသည်းပုံဖြစ်အောင် ဝိုင်းရံစီထားလေသည်။

သူတို့ ဉာဏ်ရှိသလောက်လေးနှင့် မွေးနေ့လုပ်ပေးရှာရသော ကောင်မလေးတွေကို ကြည့်ရင်း ရွှေးက ကြည်နူးသွားမိပါသည်။

“မမရွှေး … မမရွှေး … ဖယောင်းတိုင်မှုတ်လေ၊ ဖယောင်းတိုင်မှုတ်လိုက် …”

“အေးပါ … အေးပါ …”

“ဖူး …”

“ဝေး … ဟေး … ဟေး …”

“ဖြောင်း … ဖြောင်း …”

ရွှေးက ခေါင်းငုံ့ကာ ဖယောင်းတိုင် မှုတ်လိုက်တာမို့ ပန်းကန်ကိုင်ထားသော မလုံးမှ လွဲ၍ ကျန်နှစ်ယောက်က လက်ခုပ်တီးကာ သြဘာပေးလိုက်ကြသည်။

“မမရွှေး … လာ … လာ၊ မီးဖိုချောင်ထဲ သွားရအောင်”

ရွှေးက သူတို့နှင့်အတူ မီးဖိုချောင်ထဲ လိုက်ဝင်လာခဲ့သည်။

အေးမြက ကောက်ညှင်းပေါင်း ပန်းကန်ကို စားပွဲပေါ် ချလိုက်တာမို့ ရွှေးက ကောက်ညှင်းပေါင်း တစ်ဆုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပဲစေ့လေးတွေကို ယူပြီး သူတို့သုံးယောက်လုံးကို လိုက်ခွံ့ကျွေးပြီးမှ ရှေးလည်း ယူစားနေရင်း ...

"နင်တို့က ဒါမျိုးတွေလည်း တတ်တယ်ပေါ့လေ ... ဟုတ်စ"

"ဗီဒီယိုကားတွေ အများကြီး ကြည့်ထားတာပဲ မမရှေးရဲ့ ဒီလောက်တော့ တတ်ပါတယ်"

"အေးပါ ... အေးပါ၊ အထင်မသေးဝံ့ပါဘူး"

BURMESE CLASSIC .com

"မမရှေးရေ ... ဟောဒီမှာ မမရှေးအတွက် မွေးနေ့လက်ဆောင် ... "

မလုံးက သတင်းစာစက္ကူနှင့် မတတ်တတတ် ပတ်၍ ထုပ်ထားသော အထုပ်ကလေးကို ရှေးရှေ့သို့ မြှောက်ပြလိုက်သည်။

"မမရှေး ဖွင့်ကြည့် ... ဖွင့်ကြည့် ... "

"အေးပါဟဲ့ ... ဖွင့်ကြည့်ပါ့မယ် ... "

ရှေးက အထုပ်ကလေးကို ဖြည်လိုက်တော့ ရောင်စုံကော်လက်ကောက် ခြောက်ကွင်း၊ ပန်းဆီရောင် ပလတ်စတစ် နားကွင်းကြီး တစ်စုံနှင့် ပုလဲပုတီးအတု တစ်ကုံးကိုတွေ့ရလေသည်။ ရှေးသည် ဒါတွေကို ရှေးဝတ်လိုက်လျှင် လူတကာက အရူးလို့ထင်တော့မှာပဲဟု တွေးကာ ရယ်ချင်သော်လည်း သူတို့စေတနာကို အသိအမှတ်ပြုရမှာမို့ လက်ကောက်တွေကို ယူဝတ်လိုက်ရသည်။





"မမရှေး ကြိုက်လားဟင် ... ကြိုက်လား"

"ကြိုက်တယ် ... အရမ်းကြိုက်တယ်၊ ဒီမှာကြည့် ... ငါနဲ့ လှတယ် မဟုတ်လား ... "

ရှေးက လက်ကောက်ဝတ်ထားသည့် လက်ကို မြှောက်၍ လှုပ်ယမ်းပြလိုက်တော့ မလုံးတို့က ပျော်သွားကာ ...

"အရမ်းလှတယ် မမရှေး၊ အေးမြ ... တွေ့လား ... မမရှေးက ဒါမျိုးလေးတွေ ကြိုက်ပါတယ်လို့ ငါပြောတာ မှန်တယ်တွေ့လား"

သူတို့ကတော့ ရှေး ဝတ်တတ်သည့် ဖန်စီ နားဆွဲလေးတွေ၊ လက်ကောက်လေးတွေနှင့် တူတာကို ရှာဝယ်ခဲ့ပုံရသည်။ သို့သော် ရှေးဝတ်လေ့ရှိတာက ဖန်စီဆိုပေမယ့် နိုင်ငံခြားဖြစ် ပုံဆန်းဆန်း ဈေးကြီးကြီးလေးတွေ၊ သူတို့ဝယ်လာတာက ရပ်ကွက် စတိုးဆိုင်လေးတွေမှာ ရောင်းတတ်သည့် ဗမာဖြစ် အရောင်ခပ်ကြောင်ကြောင် ပြူးပြူးပြဲပြဲ ပုံတုံးတုံးတွေ ...။ သို့သော် သူတို့စေတနာကို အသိအမှတ်ပြုသည့်အနေနဲ့ ဝတ်တာကတော့ ဝတ်မှဖြစ်တော့မှာပင်။

"မမရှေး ... ဒီမှာ နားကွင်းလေး ဝတ်လိုက်ဦး"

"ဆွဲကြိုးလည်း ဆွဲဦးနော်"

"မမရှေး ... ဒီမှာ မှန်ကြည့် မှန်ကြည့်၊ အရမ်းလှတယ် တွေ့လား"

မလုံးက နားကွင်းလာတပ်ပေး၊ အေးမြက ဆွဲကြိုး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲပေး၊ ပိစိက မှန်ထောင်ပြပေးနှင့် ရှုပ်ယှက်ခတ်သွားသည်။ ပြီးတော့ ရှေးကို လှည့်ပတ်ကြည့်ပြီး သုံးယောက်လုံး ပျော်နေကြသည်။

"မမရှေး ... ဟို ... ဟိုဟာကရော လက်ဆောင်မပေးဘူးလား"

"ဘယ်ဟာတုန်း ..."

"ဟိုဂန်လေ ... ဟိုဂန် ..."

"ဟဲ့ ... ပိစိ နင့်နှယ် ဒီနာမည်ကို ခုထိ မမှတ်မိသေးဘူးလား၊ မမရှေး ရည်းစားက ပုဂန်ဟဲ့ ... ပုဂန်၊ သေချာမှတ်ထား"

BURMESE CLASSIC .com

မလုံးက ဝင်ဆရာလုပ်တော့ အေးမြက ဟီခနဲရယ်ကာ ...

"ယုဂန်ပါဟဲ့၊ မသိတဲ့သူက မတတ်တဲ့သူကို ဆရာပြန်လုပ်မနေပါနဲ့ ...၊ မမရှေးနဲ့ လက်ထပ်မယ့်သူနာမည်က ယုဂန် ... ယုဂန် ... မှတ်ထား ..."

ရှေးသည် သူတို့ စကားကြောင့် ကျော့ချမ်းသွားကာ ...

"နေကြစမ်းပါဦး ...၊ မဟုတ်တာတွေ ပြောမနေကြပါနဲ့၊ ယုဂန်က ငါ့ရည်းစားလည်း မဟုတ်ဘူး၊ ငါ ယူမယ့်လူလည်း မဟုတ်ဘူးဟဲ့၊ မဟုတ်တာတွေ နင်တို့ ဘယ်ကကြားလာတာလဲ ..."





"မမရှေး မေမေပဲ ပိစိတို့ကို ခေါ်ပြောထားတာ၊ ဟိုဘက်ခြံက ယုဂန်ဆိုတာ မကြာခင် ဒီအိမ်ရဲ့ အရှင်သခင်ဖြစ်လာမယ့်သူတဲ့၊ သူ့ကိုတွေ့ရင် ခုကတည်းက ရိုရိုသေသေ ဆက်ဆံထားရမယ်တဲ့ ..."

"ပြဿနာပဲ ..."

ရှေးက စိတ်ညစ်လျက် မလုံးတို့ကို ဘယ်လိုပြန်ပြောရရင် ကောင်းမလဲဟု စဉ်းစားကာ ခေါင်းကုပ်မိဆဲတွင် ဘောင်းဘီအိတ်ထဲမှာ ထည့်ထားသော ဖုန်းက အသံမြည်လာတာမို့ ရှေးက ဖုန်းထုတ်ကိုင်လိုက်ပါသည်။

"ဟဲလို ..."

"ဟက်ပီးဘက်ဒေး မိရှေး ..."

"ဟယ် ... ခက်၊ နင် ဘယ်က ဆက်နေတာလဲ ..."

"ဘန်ကောက်ကပေါ့ဟဲ့၊ နင့်ကို birthday wish လုပ်ချင်လွန်းလို့ ဆက်လိုက်တာ၊ ငါက နောက် သုံးရက်လောက်ကြာမှ ပြန်လာလို့ရမှာ ..."

"ဒါဆို မွေးနေ့လက်ဆောင်က နင်ပြန်လာမှ ရမယ့်သဘောပေါ့"

"အဲ့ဒီလောက် မစောင့်ရပါဘူး မရွှေရှေးရယ်၊ နင့်မွေးနေ့မှာ လက်ဆောင်ပေးဖို့ ငါ ဘယ်တုန်းကများ ပျက်ကွက်ဖူးလို့လဲ၊ ဒီနေ့ပဲရောက်လာလိမ့်မယ်၊ delivery နဲ့ ပို့ခိုင်းထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ချစ်စရာ ကောင်းလိုက်တာ၊ အရမ်းချစ်ဖို့ကောင်းတဲ့ ခက်၊ ငါ ရည်းစားရရင်တောင် နင့်လောက် ငါ့အပေါ် အလိုက်သိမှာ မဟုတ်ဘူး သိလား၊ အရမ်းကျေးဇူးတင်တယ် သိလား"

"ကျေးဇူးတင်ရင်လည်း ဝန်ထမ်းတွေနဲ့ လွှဲထားရတဲ့ ငါတို့ဆိုင်လေးကို သွားသွားထိုင်ပေးဦး ..."

"ထိုင်ပါတယ် ခက်ရဲ့ ...၊ ဒီနေ့က မွေးနေ့မို့လို့ မသွားဖြစ်တာပါ"

"ဟိုတစ်နေ့ကတော့ ယုဂန်တို့နောက်ကို လိုက်နေရလို့ ဆိုင်မရောက်ဖြစ်ဘူး မဟုတ်လား၊ နင့်ကိုက ဆိုင်ထိုင်ရမှာကို ပျင်းတာပါ ရှေးရယ်"

"အဟဲ ..."

"ဒါနဲ့ ယုဂန်နဲ့ နင့်အခြေအနေကရော ဘယ်လိုလဲ ..."

"လောလောဆယ်တော့ ဘာမှမထူးသေးပါဘူး၊ သူ့ကောင်မလေးနဲ့က ခုထိ အဆင်ပြေသေးပုံ မပေါ်ဘူး၊ အိမ်ကတော့ငါနဲ့ သူနဲ့ အဆင်ပြေနေတယ်ပဲ မှတ်တာပေါ့ဟာ၊ ငါလည်း မေမေ စိတ်ဆင်းရဲမှာစိုးလို့ ဘာမှမပြောရဲဘူး၊ မေမေက ခုတလော အရမ်းချူချာတယ်ဟာ၊ မေမေ့မှာက နှလုံးရောဂါအပြင် အေးရင် ရပ်ကြပ်တတ်တာလည်း ရှိတယ်၊ သူမသေခင် ငါ့အတွက် စိတ်ချခဲ့ချင်





တယ်ပဲ ပြောပြောနေတာ၊ ယုဂန်တို့ မိသားစုအကြောင်း ပြောရင်တော့ လူက အလန်းပဲဟ ..."

"မမရှေးရေ... အိမ်ရှေ့မှာ မမရှေးအတွက် ပစ္စည်းလာပို့တယ်"

"ဟယ် ... ခက်ရေ ...နင်ပို့ခိုင်းထားတာ လာပြီထင်တယ်၊ သွားယူလိုက်ဦးမယ်၊ နင် ဘာပြောစရာ ရှိသေးလဲ၊ ညကျမှ ပြန်ဆက်မလား"

"မဆက်တော့ဘူး၊ အထွေအထူးမရှိဘူး၊ wish လုပ်ဖို့ ဆက်လိုက်တာ၊ ကြာကြာပြောရင် ဖုန်းဖိုးကုန်တယ်ဟဲ့၊ ဒါပဲ ... ဒါပဲ ... ပြန်လာမှ တွေ့မယ်"

"အိုခေ ... အိုခေ ... ဆီးယူ ..."

ရှေးက ဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထိုးထည့်ပြီး အိမ်ရှေ့သို့ ပြေးထွက်လာတော့ ကြီးကြီးနှင့် တိုက်မိမလိုဖြစ်သွားသည်။

"ဟဲ့ ... ဟဲ့ ... မိရှေး ... ဖြည်းဖြည်း၊ ဟဲ့ ... ဘာတွေဝတ်ထားတာလဲ၊ ပြူးတူးပြဲတဲနဲ့ ဘာကြီးတွေတုန်းဟဲ့"

"ပိစိတို့ ပေးထားတဲ့ လက်ဆောင်ပါ ကြီးကြီးရဲ့ ...၊ ဟိုမှာ ရှေးအတွက် လက်ဆောင်လာပို့လို့ သွားယူလိုက်ဦးမယ်နော် ကြီးကြီး ..."

"ဟယ် ... ဟုတ်လား၊ လာပြီလား၊ ကိုယ်တိုင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ပို့နိုင်းလိုက်တာလား၊ သွား ... သွား ... မြန်မြန်သွား ...”

ကြီးကြီးက ဘာတွေမှန်းမသိ ပြောကျန်နေခဲ့သည်။ ရှေးကတော့ ခြံတံခါးဝသို့ ပြေးထွက်သွားပြီး ခက် ပို့လိုက်သည့် လက်ဆောင်ဘူးလေးကို လက်မှတ်ထိုး၍ လက်ခံယူလာခဲ့သည်။

ဘူးလေးကို ကိုင်ပြီး ရှေး အိမ်ထဲဝင်လာတော့ ဧည့်ခန်းထောင့်အကွယ်လေးမှာ ပုန်းလျှိုး ကွယ်လျှိုးလေး ရပ်ကြည့်နေကြသည့် မေမေနှင့် ကြီးကြီးကို တိုက်မိမလို ဖြစ်သွားတာမို့ ရှေးက လန့်သွားကာ ...

“မေမေ ... ကြီးကြီး ...၊ ဒီနားမှာ ဘာရပ်လုပ်နေကြတာလဲ ...”

“ဟိုဟာပါ ...၊ ဘာများလဲလို့ သိချင်လို့ပါ”

ကြီးကြီးက မျက်နှာလွှဲလွှဲနှင့်ပင် ရှေးလက်ထဲက အထုပ်ကို မကြည့်သလို ကြည့်သလို လက်ညှိုးလေးထိုးရင်း ပြောလိုက်၏။ မေမေကတော့ ရှေးကို ပြုံးကြည့်နေပါသည်။ ရှေးက မေမေနဲ့ ကြီးကြီးရဲ့ အပြုအမူကို ထူးဆန်းတယ်ဟု ထင်ကာ ...

“ဒါ ... ရှေးအတွက် မွေးနေ့လက်ဆောင်လေ ...”

“အေးပါ ... သိပြီးသားပါ၊ အထဲမှာ ဘာပါလဲ သိချင်လို့ပါ”

“ရှေးလည်း မသိသေးဘူးလေ၊ ဖွင့်မှ မဖွင့်ရသေးတာ”





“ပေးတဲ့သူကလည်း ဘာလို့များ ကိုယ်တိုင်မပေးပါလိမ့်ဟယ်”

“သူက ဒီမှာ ရှိမှမရှိတာ၊ ခရီးသွားနေလို့ delivery နဲ့ ပို့နိုင်းထားတာ ...”

“ခရီးသွားတာ ! ...၊ ဟင်း ... ဟင်း ... အလကား ညာတာပါအေ၊ ညည်းနဲ့ မျက်နှာချင်းဆိုင် တွေ့ပေးရမှာကို ရှက်လို့ပဲနေမှာပါ”

“ကြီးကြီးတို့ ဘာတွေပြောနေကြတာလဲ၊ ဒါ ... ရှေး သူငယ်ချင်း ခက် ပို့နိုင်းထားတဲ့ လက်ဆောင်ပါ ...”

“မညာပါနဲ့အေ ...”

“ဟင် ... ရှေးက ဘာကိုညာရမှာလဲ”

“ဒါ ... ယုဂန် ပို့လိုက်တာ မဟုတ်ဘူးလား”

“ဟာ ... မဟုတ်ပါဘူး၊ ရှေး မွေးနေ့နဲ့ သူနဲ့ ဘာဆိုင်လို့လဲ ...”

“မမရယ် ... ကလေး ရှက်နေပါဦးမယ်၊ ဆက်မေးမနေပါနဲ့တော့၊ လာပါ ... သူ့ဘာသာသူ အေးအေးဆေးဆေး ဖွင့်ကြည့်ပြီး ပျော်ပါစေ ...”

မေမေက ကြီးကြီးကို ဆွဲခေါ်သွားသည်။ ရှေးက အူကြောင်ကြောင်လေး ရပ်ကျန်နေခဲ့ပြီးမှ ကြီးကြီးနောက်သို့ လိုက်သွားမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီး ... ကြီးကြီး ခုန ပြောတာတွေ ရှေး ဘာမှနား မလည်လို့ ရှေးကို ရှင်းပြပါဦး ကြီးကြီးရဲ့ ..."

"ညည်းကြီးကြီးက သိချင်ဇောတွေကပ်ပြီး လျှောက်ပြော မိတာပါ သမီးရယ်"

မေမေက ရှေးကို ပြုံးကြည့်ပြီး ပြောလိုက်ပါသည်။

"ကြီးကြီးက ဘာကိုသိချင်ဇောကပ်တာလဲဟင် ...မေမေ"

"သမီးကို ယုဂန်က အထူးမွေးနေ့လက်ဆောင် ပေးမယ် လို့ သော်တာတို့ဆီက သတင်းကြိုရထားလို့ပါ"

"ဟုတ်ပ ...၊ ယုဂန်က သူ့ရှိစုမဲ့စု ပိုက်ဆံလေးတွေကို ခြစ်ကုပ်စုပြီး ညည်းအတွက် မွေးနေ့လက်ဆောင် ဝယ် ပေးမယ် လုပ်နေလို့ ယုဂန်အဘွားက ညည်းအတွက် ကြိုက်တာဝယ်ဆိုပြီး ပိုက်ဆံတွေအများကြီး ထုတ်ပေး လိုက်တယ်တဲ့၊ အဲ့ဒါ ဘာများဝယ်ပို့လိုက်လဲလို့ သိချင်လို့ ပါအေ"

ရှေးသည် ကြီးကြီးစကားကြောင့် ပါးစပ်အဟောင်း သားကလေးဖြစ်ကာ အံ့သြသွားရလေသည်။ မေမေနဲ့ ကြီးကြီး တို့ကတော့ ရှေးဘာဖြစ်ကျန်ခဲ့တယ်ဆိုတာ မသိဘဲ အိမ်ထဲသို့ ဝင်သွားကြပြီ ...။

ရှေးသည် တဖြည်းဖြည်း တလိပ်လိပ်ဖြင့် လည် ချောင်းဝနားထိ ပျို့တက်သလိုဖြစ်လာသော ဒေါသအစိုင်အခဲ ကို မချိမဆံ့ မျိုချရင်း အံကြိတ်လိုက်မိသည်။





ကဲ ... ဒီကိစ္စကို ဘယ်လိုရှင်းမလဲ ...။

မေမေ့ကို အမှန်အတိုင်း ပြောပြလို့လည်း မဖြစ်။ အမှန်ကိုသာသိရင် မေမေ ဘယ်လောက် စိတ်ဆင်းရဲမလဲ ...။

သို့သော် ... ရှေးကို ယုဂန် ခုတုံးလုပ် အသုံးချ သွားသည့် ကိစ္စကို ဒီအတိုင်းကြီးတော့ ငြိမ်ခံမနေနိုင်ပေ။

ရှေးသည် ခက်ပေးသည့် လက်ဆောင်ထုပ်ကလေး ကို **ကိုင်ကာ** အပေါ်ထပ်သို့ ပြန်တက်လာခဲ့သည်။ စောစော တုန်းက ခက် ဘာပေးမှာပါလိမ့်ဟု စိတ်ဝင်တစား ပျော်ရွှင်နေ ခဲ့မိသော်လည်း ခုတော့ အပျော်တွေအားလုံး ပျောက်ပျက်ကုန် လေသည်။

ခုနောက်ပိုင်းမှာ ရှေး ပျော်ရလည်း ခဏပဲ ...။ မကြာခင် စိတ်ညစ်စရာ တစ်ခုမဟုတ် တစ်ခု တွေ့ရတာပဲ။

ဒါဟာ ... ယုဂန်ရဲ့ ကျိန်စာသင့်နေခဲ့တာလား။

ရှေး စိတ်တွေ ဟိုအရင်ကလို ရှင်းရှင်းလင်းလင်း မရှိဘဲ ရင်ထဲမှာ တစ်ခုခုကို လေးလေးလံလံ သယ်ဆောင်ထား ရသလို ခံစားနေခဲ့ရတာ။

ရှေးသည် ခက်ရဲ့လက်ဆောင်ထုပ်လေးကို ဖောက် ကြည့်မိရာ အရမ်းကို လှပသည့် ရင်ထိုးလေးကို တွေ့သော်လည်း မပျော်ရွှင်နိုင်ဘဲ စိတ်က တနုံ့နုံ့ ဒေါသဖြင့် ပူလောင်နေသည်။

ဘယ်လိုမှ ငြိမ်မနေနိုင်သည့်အဆုံးမှာတော့ ရှေးက



www.burmeseclassic.com

www.burmeseclassic.com



ရင်ထိုးလေးကို အံဆွဲထဲသို့ ထည့်သိမ်းလိုက်ပြီးနောက် အပေါ်ထပ်မှ ပြေးဆင်းလာခဲ့ပါသည်။

"ဟဲ့ … သမီး … ရှေး … ဒါ ဘယ်သွားမလို့လဲ"

"ဟိုဘက်ခြံကို မေမေ …"

ရှေး ထွက်သွားတော့ ဒေါ်ငွေမှုန်ကို ဒေါ်မြတ်မြတ်မြင့်ကို လက်တို့၍ မျက်စပစ်ကာ …

"တွေ့လား … တွေ့လား … လက်ဆောင်က ဘယ်လောက်တောင် ကောင်းလို့လဲမသိဘူး၊ ချက်ချင်းကို ကျေးဇူးတင်စကား ပြောဖို့ ထွက်သွားတော့တာပဲ"

ဟု ပြောရင်း ကျေနပ်ပြုံးကြီး ပြုံးကျန်ခဲ့လေသည်။

❑ ❑ ❑



❀ ❀ ❀

"အန်တီ … ယုဂန် ရှိလား"

"ရှိတယ် သမီး … ရှိတယ်၊ ဒီနေ့ သမီးမွေးနေ့ မဟုတ်လား၊ ဟက်ပီးဘက်ဒေးနော် သမီး၊ သားရေ … ယုဂန် ဒီမှာ ရှေး လာတယ်ဟေ့ … မြန်မြန်ထွက်ခဲ့"

ဒေါ်သော်တာသိုက်က ယုဂန်ကို လှမ်းခေါ်ပြီးတာနှင့် ဒေါ်ခင်ခင်သိုက်အခန်းထဲသို့ အသာလေး ရှောင်ထွက်လာပြီး …

"အမေရေ … အခြေအနေကတော့ အရမ်းကောင်းပဲ၊ ရှေးက ယုဂန်ကိုတောင် လာရှာနေပြီ သိလား …"

ဟု သတင်းပေးကာ လူကြီးနှစ်ယောက်လုံး အပြင်မထွက်တော့ဘဲ တိတ်ဆိတ်နေလိုက်ကြပါသည်။

အပြင်ဘက်မှာတော့ …

ယုဂန်က အိမ်ရှေ့သို့ ထွက်လာကာ …



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရှေးလက်ရာပါလား၊ ကိုယ့်ကို လွမ်းလို့လိုက်လာတာလား၊ ဟား ... ဝတ်စားထားလိုက်တာကလည်း အရူးမ စတိုင်လ် အပြည့်နဲ့ပါလား ..."

"နင့်ပါးစပ် ခဏပိတ်ထား ယုဂန်၊ နင် ငါ့ကို ခုတုံးလုပ်ထားတဲ့ကိစ္စကို ငါ မသိဘူးမှတ်လို့လား၊ နင် ငါ့ဖို့ လက်ဆောင် ဝယ်မယ်ဆိုပြီး နင့်အဘွားဆီက ပိုက်ဆံတွေ ယူသွားတယ် မဟုတ်လား"

"ဟုတ်တယ်လေ ... အဲ့ဒါ ဘာဖြစ်လဲ"

"အဲ့ဒီ ပိုက်ဆံတွေအားလုံး အဘွားကို ပြန်ပေးလိုက်ပါ"

"တစ်ပြားမှ မရှိတော့ဘူး၊ အားလုံး ဈေးဝယ်ပစ်လိုက်ပြီ၊ ဘာတွေဝယ်တယ်ဆိုတာရော သိချင်သေးလား၊ ခဏလေးစောင့် ..."

ယုဂန်က အိမ်ပေါ်ထပ်သို့ ပြေးတက်သွားပြီး လက်ဆွဲအိတ်တွေ စုံပြုံကိုင်ကာ ရှေးရှေ့သို့ ပြန်ရောက်လာသည်။ ပစ္စည်းတွေက နည်းတာမဟုတ်။

"ဒီမှာကြည့် ... ဒါက မိတ်ကပ်ပစ္စည်းတွေ၊ ဒါက ရေမွှေး၊ ဒါက လက်ကိုင်အိတ် အကောင်းစား Guess တံဆိပ်၊ ဒီဖိနပ်က CHARLES & KEITH ၊ ဒါက Wacoal တံဆိပ် ညဝတ်အင်္ကျီ၊ ဒီမှာကြည့်လိုက်ဦး ... ဒါက စိန်လက်စွပ်၊ ဒါတွေအားလုံးက ကိုယ့်မိန်းကလေး မြူ့အတွက်ပဲလေ၊





ငါ့ပိုက်ဆံနဲ့ပဲဆို ဒီလောက် ဘယ်ဝယ်နိုင်မလဲ၊ အဘွားပိုက်ဆံပေးလို့သာ ဝယ်နိုင်တာ၊ အဘွားပိုက်ဆံပေးအောင် ပါရမီဖြည့်ပေးတဲ့ မင်းကို ကျေးဇူး အရမ်း အရမ်း တင်ပါတယ် ရှေးလက်ရာ၊ ခုလို အရူးမဆီက လက်ကောက်တွေ၊ နားကွင်းတွေ ဝှားဝတ်ပြီး ရန်လာတွေ့တဲ့ မင်းပုံစံလေးကို မြင်ရတာတော့ စိတ်မကောင်းပါဘူး"

ရှေးသည် မခိုးမခန့် သူ့ပုံစံကို အံကြိတ်၍ စိုက်ကြည့်နေမိတော့ သူက လေလေးတစ်ချက် ချွန်ကာ မျက်နှာလွှဲသွားသည်။

ရှေးက ဒီတစ်ခါတော့ ခေါင်းငုံ့မခံတော့ဘူးဟု ဆုံးဖြတ်ကာ ...

"အဘွားက ရှေးအတွက် ရည်ရွယ်ပြီး ပေးလိုက်တာဆိုတော့ ဒါတွေလည်း ရှေးအတွက်ပဲ ဖြစ်ရမှာပေါ့ ..."

ဟုပြောပြီး အိတ်တွေကို နိုင်သလောက် ကြုံးမွေ့ယူကာ သူ့ရှေ့မှ ပြေးထွက်လာလေသည်။

"ဟာ ... သူခိုး ... သူခိုး ... ၊ ခွေးသူခိုး ... အဲ ... ပစ္စည်းသူခိုး"

ယုဂန်က ရှေးနောက်သို့ ပြေးလိုက်သော်လည်း ရှေးက တစ်ဖက်ခြံထဲသို့ ဝင်သွားပြီမို့ မမိတော့။ ကိုယ်က အဘွားကို ညာလိမ်ထားသည့်ကိစ္စမို့ အဘွားကြားအောင်အော်



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း မဖြစ်။ တစ်ဖက်ခြံထဲထိ လိုက်ဝင်ဖမ်းဖို့လည်း မဖြစ်နိုင်တာမို့ မျက်စိရှေ့ တွေ့ရာ ခဲလုံးတစ်လုံးကို ပိတ်ကန်ပြီး လှည့်ပြန်လာခဲ့ရသည်။

နေနှင့်ဦးပေါ့ ... ရှေးလက်ာရာ။



ရှေးနှင့် ယုဂန်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်မရစွာ မုန်းတီးဆဲ ...

ယုဂန်က မြူဆီကအချစ်ကို စောင့်မျှော်နေရဆဲ ... အခြေအနေတို့ မပြောင်းလဲသေးသော မနက်ခင်းတစ်ခုတွင် မေမေ့ဆီက သတင်းဆိုးတစ်ခုကို ယုဂန် ကြားလိုက်ရလေသည်။

"ရှေး မေမေ ဆုံးသွားပြီတဲ့ သားရယ် ..."

ယုဂန်သည် ရှေးကို မုန်းသော်လည်း ကိုယ့်ကို တူသားတစ်ယောက်လို နူးညံ့စွာ ဆက်ဆံတတ်သည့် အန်တီမြတ်ကိုတော့ ခင်မင်စိတ်လေးဖြစ်ခဲ့မိတာမို့ ကြားရသည့် သတင်းစကားအတွက် စိတ်မကောင်း ဖြစ်ရပါသည်။

"ဘာဖြစ်လို့ ဆုံးတာလဲ မေမေ ..."

"မြတ်က နှလုံးမကောင်းဘူးလေ၊ ဘန်ကောက်မှာ နှစ်ကြိမ်တောင် သွားကုထားရတာ၊ ပန်းနာရင်ကြပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်ဆိုတော့ လူက အမြဲတရောင်ရောင်ပဲ၊ သူ့ခများ မေမေတို့ မိသားစုနဲ့ အိမ်ချင်းကပ်ရက် ပြန်ဆုံလို့သာ အားတွေတက်ပြီး တက်တက်ကြွကြွလေး ဖြစ်လာရှာတာ၊ မေမေတို့နဲ့ ပြန်တွေ့တော့ သူ့သမီးလေးအတွက်လည်း ရတက်အေးသွားရှာတယ်ထင်ပါရဲ့ သားရယ်၊ ညကတော့ တစ်ရေးနိုး အိမ်သာထသွားရင်း ရေချိုးခန်းထဲမှာ လဲနေရှာတာတဲ့၊ မနက်ကျမှ တွေ့ကြရတာလေ၊

"ရှေးခများလည်း အရူးမီးဝိုင်းပါပဲ ...၊ သိခါစက ဆို ငိုရင်း သတိတောင်လစ်သွားတာတဲ့၊ ရှေးကို သွားအားပေးလိုက်ပါဦး သားရယ်"

ယုဂန်သည် မျက်ရည်တစမ်းစမ်းနှင့် ပြောပြနေသော မေမေ့ကို ငေးကြည့်ရင်း ငိုင်သွားမိလေသည်။ စိတ်ထဲမှာတကယ်လည်း ကြေကွဲကာ ရှေးလက်ာကို စာနာစိတ် ဖြစ်မိရသည်။

ခုချိန်မှာ ရှေးကို သူသွားအားပေးလည်း ဘာမှအသုံးဝင်မှာမဟုတ်ပေမယ့် သူ ရှေးလက်ာဆီကို သွားချင်တာတော့ အမှန်ပင် ...။ ယုဂန်က ငိုင်တွေနေရာမှ သက်ပြင်းချလိုက်မိပြီး ရှေးလက်ာတို့ခြံဘက်သို့ ခပ်သွက်သွက်လေး ကူးလာခဲ့မိလေသည်။

"သားရေ ယုဂန် ... မင်း အန်တီမြတ် မရှိတော့ဘူးကွယ်၊





ရှေးကို မင်းဆီမှာ ထားခဲ့ဖို့ စိတ်ချသွားတယ်ထင်ပါရဲ့ သားရယ် ..."

ယုဂန်ကို မြင်တာနှင့် ကြီးကြီးငွေက ဆီးပြောကာ ငိုကြွေးလိုက်ပြန်သည်။

"ရှေးကို နှစ်သိမ့်ပေးလိုက်ပါဦး သားရယ်၊ ရှေးရေ ယုဂန်လာတယ် ..."

ကြီးကြီးငွေက ရှေးကို လှမ်းပြောသော်လည်း ရှေးက မကြားသကဲ့သို့ ရှိသည်။ ဧည့်ခန်း ဆိုဖာပေါ်မှာ တောင့်တောင့်မတ်မတ်လေး ထိုင်ကာ မျက်ရည်လည်းမကျဘဲ မျက်လုံးအပြူးသားလေးနှင့် ထိုင်နေပုံက အသိစိတ် ကင်းမဲ့နေမှန်းသိသာသည်။ ခံစားရလွန်းလို့ မခံစားနိုင်တော့ဘူး ထင်ပါရဲ့။

ရှေး သူငယ်ချင်းဟု ထင်ရသော တစ်ယောက်က ယုဂန်နားမှာ လာရပ်ရင်း ...

"ရှေးက သတိပြန်ရလာကတည်းက ငိုလည်းမငိုဘဲ အဲ့ဒီလိုလေးပဲ ငုတ်တုတ်လေး ထိုင်နေတာ ကြာပြီ၊ ဘယ်သူဘာပြောပြော မကြားသလိုပဲ၊ စကားလည်း တစ်ခွန်းမှ ပြန်မပြောဘူး"

ယုဂန်သည် ရှေးကို လှမ်းကြည့်ရင်း ရင်ထဲမှာ တစ်မျိုးကြီး ခံစားလာရသည်။ ငိုချင်တာတော့လည်း မဟုတ်။ ကိုယ့်စိတ်ကိုယ် ဘာဖြစ်မှန်းလည်း သေချာပြောမပြတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ယုဂန်က ရှေးနားသို့ လျှောက်မသွားသေးဘဲ ခပ်လှမ်းလှမ်းကနေ ဆက်ငေးကြည့်နေမိသည်။ ရှေးသူငယ်ချင်းဟု ထင်ရသော တစ်ယောက်ကလည်း ယုဂန်နံဘေးမှ ဖယ်ခွာသွားပြီ ...။ ကြီးကြီးငွေကလည်း တစ်ဖက်ခြမ်း ဧည့်ခန်းထဲမှာ ဧည့်သည်တွေကို သွားဧည့်ခံနေရသည်။ ဒီဘက်ခြမ်းက တီဗီကြည့်သည့် သီးသန့်အခန်းလေးထဲမှာတော့ ပြူးကြောင်ကြောင်လေး ထိုင်နေသော ရှေးလင်္ကာရယ် ...၊ သူမကို ရပ်ကြည့်နေသော ယုဂန်ရယ်ပဲ ကျန်ခဲ့သည်။

ယုဂန်သည် သူမဆီသို့ လျှောက်သွားလိုက်၏။ သူမက သူ့ကို ဘာခံစားချက်မှမရှိသည့် မျက်လုံးတွေဖြင့် လှမ်းကြည့်သည်။

ယုဂန်က သူမထိုင်နေသည့် ဆိုဖာရှည်ရဲ့ တစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်ပြီး သူမကို ဘယ်လိုစကားလုံးမျိုးနှင့် နှစ်သိမ့်ရမှန်းမသိ ဖြစ်နေပြီးမှ ...

"ရှေး ... ရှေးလင်္ကာ ... ငိုလိုက်ပါလား"

သူမက သူ့ကို လှည့်ကြည့်လာသည်။ စောစောက ခံစားချက်မဲ့နေသော သူမရဲ့ မျက်လုံးတွေထဲမှာ ခပ်စိမ်းစိမ်း အငွေ့အသက်တို့ ပြန်လည်ရှင်သန်လာနေသည်။

"ဟို ... ဒီလိုပါ၊ လူဆိုတာက ခံစားချက်ကို ထိန်းထားရင် စိတ်ထဲမှာ တင်းကြပ်နေတာမဟုတ်လား၊ ငိုချလိုက်တော့ နည်းနည်း ပေါ့သွားတာပေါ့"





သူမက ဘာမှပြန်မပြောဘဲ တစ်ဖက်သို့ ပြန်လှည့်သွားသည်။

ယုဂန်က သက်ပြင်းချမိရင်း မပြောတတ် ပြောတတ်နှင့် လူကြီးလုပ်ကာ ...

"ငါ တကယ် စိတ်မကောင်းပါဘူး ရှေးလင်္ကာ၊ လူ့ဘဝဆိုတာကတော့ ဒီလိုပဲလေ၊ ဘယ်သူမဆို သေမျိုးချည်း မဟုတ်လား၊ မင်းလည်း သေမှာ၊ ငါလည်း သေမှာ၊ ကြီးကြီးငွေလည်း သေမှာ၊ လူတွေအားလုံး သေကုန်ကြမှာပဲလေ၊ ဘယ်သူမဆို သေပြီးရင် မြေကြီးထဲရောက်သွားမှာပဲဆိုတော့ သေတယ်ဆိုတာ မဆန်း ..."

"ရှင့်ပါးစပ် ပိတ်ထား ..."

ငြိမ်တိတ်နေခဲ့သော ရှေးလင်္ကာသည် သွားစေ့သံဖြင့် ပြောလိုက်ရင်း ယုဂန်ကို ဒေါသထွက်ရသော ခံစားချက်ဖြင့် ပြန်လည် အသက်ဝင်လာပါသည်။

ရှေးလင်္ကာက အမုန်းမျက်လုံးများဖြင့် ယုဂန်ဘက်သို့ ချာခနဲလှည့်ကြည့်လာခဲ့ပြီး ...

"နင့် ကျိန်စာက သိပ်ထိရောက်တာပဲ ယုဂန်၊ နင့်ခွေးလေး အသက်ဆုံးရတဲ့အတွက် ငါ့ဘဝမှာ တစ်သက်လုံး ပျော်ရွှင်မှု မရပါစေနဲ့လို့ နင်ပြောခဲ့တဲ့အတိုင်း အဲ့ဒီအချိန်ကစပြီး ငါ့ဘဝမှာ အရင်လို ပေါ့ပါးပျော်ရွှင်မှုမျိုး မခံစားရတော့တာ၊ အခု ... မေမေလည်း ဆုံးပြီဆိုတော့ ငါ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပျော်ရွှင်မှုဆိုတာလည်း ရှိနိုင်တော့မှာမဟုတ်ဘူး လေ"

ယုဂန်သည် ရှေးဆီက မထင်မှတ်သော စကားကို ကြားလိုက်ရတာမို့ ဘာမှပြန်မပြောနိုင်ဘဲ အံ့သြန္တတ်ဆိတ်သွားပါသည်။ အဲ့ဒီစကားကို ရှေးလက်ာက မှတ်ထားခဲ့တယ်လား။ သူ့ခွေးကလေး သေသွားတဲ့အတွက် ဝမ်းနည်း နာကျင်စိတ်နဲ့ အမှတ်တမဲ့ ပြောလိုက်မိတဲ့ စကားကိုလေ ...။

အဲ့ဒီစကားက ရှေးလက်ာကို ခုချိန်ထိ နာကျင်စေတုန်းပဲလို့ သူဘယ်လိုမှထင်မထားခဲ့ပါ။

"အဲ့ဒီစကားကို အတည်မယူပါနဲ့ ရှေးလက်ာ၊ အဲ့ဒါ ကျိန်စာလည်း မဟုတ်ပါဘူး"

"ရှင့်ခွေးလေး နာကျင်ရသလို ကျွန်မကိုလည်း နာကျင်စေတဲ့ စိတ်စေတနာမျိုးနဲ့ ပြောခဲ့ရင် အဲ့ဒါ ကျိန်စာတစ်ခုပါပဲ ယုဂန် ...၊ အဲ့ဒီနေ့ကစပြီး ကျွန်မ အရမ်းမက်မောတဲ့ ကားမောင်းနိုင်ခွင့်ကိုလည်း ဆုံးရှုံးခဲ့ရပါတယ်၊ ကျွန်မ ကားမမောင်းနိုင်တော့တာ ဒီနေ့ထိပါပဲ၊ ကျွန်မ အခုလည်း အရမ်း နာကျင်ခံစားနေရတယ် ယုဂန်၊ ကျွန်မ ထိခိုက်ခံစားနေရတဲ့ ပုံစံကို ရှင် အားရအောင်ကြည့်ပြီး သွားရင် ရှင့်ခွေးလေးအတွက် ရှင် ခံစားခဲ့ရတာတွေ အတွက်ကြေအေးကျေနပ်ပြီး ရှင်ပြန်သွားပါတော့ ယုဂန်"

စကားဆုံးတော့ ရှေးလက်ာရဲ့ မျက်လုံးထဲက မျက်





ရည်စက်တချို့ လိမ့်ကျစီးဆင်းသွားသည်။ ထိုမျက်ရည်စက်တွေက သူ့ကို နာကျင်မှုတွေ ပြန်ပေးလိုက်သလိုပင်။

သူ စိတ်မကောင်းစွာ ထရပ်လိုက်ပြီး သူမရှေ့မှ ထွက်ခွာလာခဲ့ရပါသည်။

ငါ့ရဲ့ အမှတ်တမဲ့ စကားတစ်ခွန်းကြောင့် မင်းမှာ တစ်သက်စာ နာကျင်ခံစားသွားရမယ်ဆိုရင် ငါ ရင်နဲ့အမျှ တောင်းပန်ပါတယ် ရှေးလက်ာ ...။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

ရှေး မေမေဆုံးပြီး ၁၀ ရက်ခန့်အကြာတွင် အဘွားက ယုဂန်ကို ခေါ်၍ နှုတ်ခမ်းလေး ရွဲ့ကာရွဲ့ကာဖြင့် ...

"မြေး ... အချိန်မဆွဲဘဲ ရှေးနဲ့ အမြန်ဆုံး လက်ထပ်လိုက်တော့ ..."

ဟု ပြောလာသောအခါ ယုဂန်က စိတ်ရှုပ်ထွေးကာ အကြောင်းပြချက်ကို အသည်းအသန် စဉ်းစားလိုက်ပြီး ...

"ရှေးအမေ ဆုံးတာဖြင့် မကြာသေးဘဲနဲ့ မင်္ဂလာကိစ္စကြီးကို စီစဉ်လို့ ဘယ်ကောင်းပါ့မလဲ အဘွားရဲ့ ..."

"ရှေးအမေ ဆုံးလို့ပဲ မင်္ဂလာကိစ္စကို မြန်မြန်စီစဉ်လိုက်ချင်တာလေ၊ ခုဆို ... ရှေးဘဝက ဘယ်လောက်သနားစရာ ကောင်းသလဲ ..၊ သူ့ခမျာ ဒီအမေလေးတစ်ယောက်ကိုပဲ တွယ်တာကိုးစားပြီး နေရှာတာ"

"သူ့မှာ အဒေါ်တစ်ယောက်လုံး ရှိပါသေးတယ် အဘွားရယ်"





"ဟဲ့ ... အဒေါ်ရှိပေမယ့် အမေရှိတာနဲ့တော့ ဘယ်တူမလဲ၊ အဒေါ်က ဘာပဲလုပ်ပေး လုပ်ပေး အမေ မရှိတော့ရင် စိတ်ခွန်အားက ချို့တဲ့သွားမှာပဲ၊ ပြီးတော့ ... ရှေးက ထက်ထက်မြက်မြက် စီးပွားရေးတွေ ဘာတွေ လုပ်တတ်တဲ့သူမျိုးလည်း မဟုတ်၊ ဦးဆောင်နိုင်စွမ်းလည်း မရှိတော့ တစ်ယောက်တည်း ရပ်တည်ဖို့ခက်တယ်၊ အဲဒါကြောင့်လည်း မြတ်က သူ့သမီးလေးကို သူမရှိတော့ရင် စောင့်ရှောက်ပေးပါလို့ တဖွဖွ မှာသွားရှာတာ"

"ဟုတ်တယ် သား၊ မေမေဖြင့် ရှေးကို အဲဒီဘက်အိမ်မှာ ထားရတာ စိတ်ကိုမချတော့ဘူး၊ သားနဲ့ အမြန် ပေးစားပြီး ဒီဘက်အိမ်ကို ခေါ်ထားလိုက်ချင်ပြီ၊ မင်းတို့ချင်းလည်း အဆင်ပြေနေကြပြီပဲ၊ အချိန်မဆွဲဘဲ မြန်မြန်လေး အကျဉ်းချုံးပြီး လက်ထပ်၊ ခုလောလောဆယ် နာရေးနဲ့ နီးနေတော့ မင်္ဂလာဆောင်ကတော့ နောက်မှ အေးအေးဆေးဆေး လုပ်လို့ရတာပဲ ..."

"အဘွားကတော့ တစ်လအတွင်း လက်ထပ်လိုက်စေချင်ပြီ၊ ရှေးရဲ့ ကြီးကြီးကလည်း အင်္ဂလန်က သူ့တူမ တစ်ယောက် ကလေးမွေးမှာကို ကလေးထိန်းပေးဖို့ သွားချင်နေတာ ...၊ ရှေးကို စိတ်မချလို့သာ မသွားဘဲနေနေတာ၊ မင်းတို့ လက်ထပ်ပြီးရင် ဒီအိမ်မှာ နေချင်လည်းနေ၊ ဒါမှမဟုတ် လွတ်လွတ်လပ်လပ် နေချင်တယ်ဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှေးတို့အိမ်မှာ သွားနေ …၊ နှစ်အိမ့်တစ်အိမ် ကူးနေမှာပဲ ဆိုတော့ ဘယ်မှာပဲနေနေ ဖြစ်တာပဲ”

မေမေနဲ့ အဘွားက တက်ညီလက်ညီ ဝိုင်းတိုက်တွန်းနေကြတာများ သူ စကားဝင်ပြောဖို့တောင် အချိန်မပေး။ အဘွားစကားရပ်သွားရင် မေမေကပြော၊ တစ်ခါ မေမေ မရပ်ခင် ဘွားဘွားက ဖြတ်ပြော …။

“နော် … သား၊ မေမေတို့ စီစဉ်လိုက်တော့မယ်နော်”

“ဆန္ဒမစောပါနဲ့ မေမေရယ်၊ သား ပြောပါရစေဦး၊ အခု လောလောဆယ်မှာ ရှေးက အရမ်းခံစားနေရရှာတာ၊ သူ့ခံစားချက်လေး မှိန်ဖျော့ပြီး ပေါ့ပေါ့ပါးပါး ပြန်ဖြစ်လာအောင် စောင့်ပြီး လက်ထပ်မှ သူလည်း ပျော်ပျော်ရွှင်ရွှင် ရှိနိုင်မှာပေါ့၊ လူကြီးတွေ စီစဉ်လို့ လက်ထပ်ရတာမဟုတ်ဘဲ သားကိုယ်တိုင်က လက်ထပ်ခွင့်တောင်းလို့ လက်ထပ်ကြတာကို သူ ပိုလိုချင်မှာပေါ့ …၊

“ဒီအတောအတွင်း သား သူ့ကို ချော့မော့နှစ်သိမ့်ပေးပြီး သူ့စိတ်တွေ ကြည်လာတော့မှ သားကိုယ်တိုင် Romantic ဖြစ်ဖြစ်လေး လက်ထပ်ခွင့်တောင်းချင်လို့ပါ”

သူ အပျော့ကောင်းလို့လား မသိ။ ဘွားဘွားက ပြုံးသွားကာ မေမေ့ကို လှမ်းကြည့်ရင်း …

“ဒါလည်း ဟုတ်တာပဲ သော်တာရဲ့၊ ညည်းသားက လူငယ်ပီပီ စိတ်ကူးယဉ်ပြီး အမှတ်တရလေးတွေ ဖန်တီး





ချင်ဦးမှာပေါ့၊ ခုခေတ် လူငယ်တွေ မာနကြီးပုံများတော့ မိဘပေးစားလို့ ယူရတယ်ဆိုတာမျိုး ခေါင်းစဉ်ကို အတပ်မခံချင်ကြတာ …”

“ဟုတ်ပါ့ အမေရယ် … မိဘပေးစားလို့ ယူရတယ်ဆိုရင် သူတို့အစွမ်းအစ တုံးနေသလိုမျိုး သူများက ထင်မှာစိုးတယ် ထင်ပါရဲ့”

“လူငယ်ဆိုတော့လည်း အစွမ်းအစလေးပြချင်တာပေါ့အေ”

“တစ်ခုတော့ ရှိတယ်နော် သား၊ အချိန်တွေ အကြာကြီး ဆွဲမထားစေချင်ဘူး၊ ဒီအတောအတွင်းမှာလည်း သား ဟိုဘက်အိမ်က လိုအပ်တာမှန်သမျှ ကူညီဖြည့်ဆည်း စောင့်ရှောက်ပေးရမယ်၊ သူတို့အိမ်မှာက ယောကျ်ားသနာ ရှိတာမဟုတ်ဘူး၊ လောလောဆယ် နာရေးကိစ္စနဲ့ အားတွေငယ်နေရတဲ့အထဲ ယုံကြည်စိတ်ချရတဲ့ ခြံစောင့် ဦးထူးကလည်း သူ့ရွာ ခဏပြန်သွား၊ ဒရိုင်ဘာကလည်း အလုပ်ထွက်သွားတော့ သူတို့ခမျာ အဆင်မပြေတာတွေ ရှိလာမှာ …”

“သား ကူညီစောင့်ရှောက်မှာပါ မေမေ …”

“အေး … အေး … ဒါဆိုလည်း ပြီးရော …”

ယုဂန်သည် အဘွားအခန်းထဲမှ ပြန်ထွက်လာပြီး အပေါ်ထပ်သို့ ဖြည်းလေးသော ခြေလှမ်းများဖြင့် တက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် ... ဝုတ် ... ဝု ... ဝုတ်"

ဂျူလီက အဆက်မပြတ်ဟောင်ရင်း သူ့နောက်သို့ ပြေးလိုက်လာတာမို့ သူက ဂျူလို့ကို ကောက်ချီပြီး အပေါ်ထပ်သို့ ဆက်တက်လာခဲ့သည်။

ရှေးလက်ဟာဆီက လျော်ကြေးအနေနဲ့ ဒီခွေးလေးကို ခေါ်လာခဲ့ပေမယ့် ယုဂန်က သေချာ ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်ထားခဲ့တာမို့ ဂျူလီက ယုဂန်ကိုလည်း ခင်တွယ်နေခဲ့ပြီ။

ယုဂန်က ခွေးချစ်တတ်သူမို့ ရှေးလက်ဟာကို ခေါ်သွားမိပေမယ့် ဂျူလို့ကိုတော့ မနှိပ်စက်ခဲ့ပါ။ Capital Hyper Mart ရှေ့မှာတုန်းကတော့ ရှေးလက်ဟာကို သူက အရင်ကြိုမြင်ပြီး တမင် မမြင်ချင်ယောင်ဆောင်ကာ ရှေးလက်ဟာ မခံချင်ဖြစ်အောင် ဂျူလို့ကို ပိတ်ကန်ပြခဲ့မိတာက တစ်ခါ၊ ရှေးလက်ဟာ အိမ်ထဲကနေ ထွက်လာအောင် ဂျူလို့ကို အမြီးဆွဲ ခေါင်းပုတ် လုပ်ခဲ့မိတာက တစ်ခါ၊ အဲ့ဒီနှစ်ကြိမ်ကလွဲရင် သူ ဂျူလို့အပေါ် မရက်စက်ခဲ့ဖူးပါ။

အပေါ်ထပ်ရောက်တော့ ယုဂန်က ဂျူလို့ကို လွှတ်ပေးလိုက်ပြီး အိမ်ရှေ့ဝရန်တာဘက်သို့ လျှောက်ထွက်လာခဲ့သည်။ စိတ်ထဲမှာ အသက်ရှူမဝသလို ခံစား မွန်းကြပ်နေလို့ အသက်ဝဝရှူချင်သည်။ ပြီးတော့ မြူ့ကိုလည်း သတိရသည်။ မြူ့အချစ်ကို လိုချင်ပြီ ...။





ယုဂန်က ဝရန်တာမှာရပ်လျက် ခေါင်းကိုမော့၊ မျက်လုံးစုံမှိတ်ထားလိုက်ပြီး အားရပါးရ လေရှူလိုက်သည်။ ထို့နောက် ဘောင်းဘီအိတ်ထဲက ဟန်းဖုန်းလေးကို ထုတ်လိုက်ပြီး ဖုန်းဆလိုက်ကို တွန်းလိုက် သိမ်းလိုက်ဖြင့် ကစားရင်း မြူ့ဆီ ဖုန်းဆက်ရင်ကောင်းမလား စဉ်းစားမိသည်။ မြူက သူ့အလုပ်ရှုပ်နေတဲ့အချိန်မှာ ဖုန်းဆက်ရင် မကြိုက်တတ်တာမို့ ဖုန်းဆက်ရမှာ ဝန်လေးနေသည်။ ဒီလိုအချိန်မှာ ဖုန်းဆက်ပြီး မြူ့ဆီက အချစ်ကို တဂျီဂျီတောင်းမိရင် မြူ မလွဲကေန် စိတ်ဆိုးမှာ အသေအချာပဲပေါ့။

နောက်ဆုံးတော့ သူက အရဲကိုးကာ မြူ့ဖုန်းကို လှမ်းခေါ်လိုက်သည်။ တစ်ဖက်က ဖြေကြားသည်မှာ ဆက်သွယ်မှု ဧရိယာပြင်ပသို့ ရောက်ရှိနေပါသဖြင့် ... တဲ့။ သူ အကြိမ်ကြိမ် ခေါ်သော်လည်း ထိုအဖြေကိုသာ ရနေသဖြင့် လက်လျှော့ကာ ဖုန်းကိုဘောင်းဘီအိတ်ထဲပြန်ထည့်ရင်း သက်ပြင်းချရသည်။

ယုဂန်သည် ဝရန်တာမှာ ဆက်ရပ်နေရင်း အမှတ်တမဲ့ပင် တစ်ဖက်ခြံထဲသို့ အကြည့်ရောက်သွားသောအခါ ခြံထဲက ဒန်းဖြူဖြူလေးပေါ်မှာ ထိုင်နေသော ရှေးလက်ဟာကို လှမ်းမြင်လိုက်ရလေသည်။

ရှေးကို့အိမ်က နောက်ဆုတ် ဆောက်ထားသဖြင့် ခြံရှေ့ပိုင်းက ပိုကျယ်ကာ မြက်ခင်းစိမ်းများ စိုက်ထားသည်။ ထိုမြက်ခင်းစိမ်းပေါ်မှာ ဒန်းဖြူဖြူလေးတစ်လုံး ရှိနေပြီး သူမဟာ



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင် ဂါဝန်လေးဝတ်လျက် ဒန်းကြိုးကိုမှီ၍ ငိုင်ငိုင်လေး ထိုင်နေခဲ့သည်။

ယုဂန်သည် သူမထံက မျက်နှာမလွှဲနိုင်ဘဲ ငေး ကြည့်နေရင်းက သူမကို သနား ကြင်နာစိတ်လေး တသိမ့်သိမ့် ဝင်လာခဲ့ရသည်။

"ဝုတ် ... ဝုတ် ..."

ဂျိုလီဟောင်သံ ကြားရသည်။ ဂျိုလီက သူ့ဆီ ပြေးလာနေသည်။ သူ ဂျိုလီ့ကို ကောက်ချီလျက် အိမ်ပေါ်မှ ဆင်းလာကာ တစ်ဖက်ခြံသို့ လျှောက်ထွက်လာခဲ့မိလေသည်။

ခြံတံခါးဝမှာ သူရပ်ကြည့်မိတော့ ရှေးလကာ်ကို ခုနပုံစံလေးအတိုင်း မြင်ရသည်။ သူ ခဏရပ်ငေးနေလိုက်မိပြီးမှ လှူဝင်ပေါက် ခြံတံခါးလေးကို အသာဖွင့်ကာ ဂျိုလီ့ကို သူမတို့ ခြံထဲသို့ လွှတ်ပေးလိုက်သည်။

ဂျိုလီက သူမထံသို့ ခုန်ပေါက်ပြေးထွက်သွားချိန် မှာ သူက ခြံတံခါးကို ပြန်စေ့ပေးခဲ့ပြီး အိမ်ဘက်သို့ ပြန်လျှောက် လာခဲ့သည်။

စနိုးကို ပြန်ရရင် မင်းရဲ့ခံစားချက်တွေ နည်းနည်း ပါးပါး သက်သာသွားလိမ့်မယ်လို့ ငါမျှော်လင့်မိလို့ပါ ရှေး လကာ်။

❑ ❑ ❑



❀ ❀ ❀

"သားရေ ... ယုဂန် ... ထ ... ထ၊ ထပါဦး သားရယ်"

မေမေက လှုပ်လှုပ်နှိုးလိုက်သဖြင့် ယုဂန်က နိုးလာ ရကာ နာရီလှမ်းကြည့်မိတော့ ခုမှ ၆ နာရီ ...။

"အား ... မေမေကလည်းဗျာ၊ ဘယ်အချိန်ရှိသေးလို့ ဖွတ် ကြီး လာနှိုးနေတာလဲ၊ သား ဒီအချိန် မထတတ်တာ မေမေလည်း သိသားနဲ့ဗျာ ..."

"ဒီနေ့တစ်နေ့တော့ ထလိုက်ပါ သားရယ်၊ ဟိုဘက်ခြံကို တစ်ချက်လောက် သွားကူပေးလိုက်ပါဦး"

"အာ ... လာပြန်ပြီ မေမေရာ"

ယုဂန်က အိပ်ရာထဲက ကုန်းကွထရင်း ခေါင်းအုံး ကို လက်သီးနှင့် လှမ်းထုကာ ညည်းညူလိုက်မိလေသည်။

ရှေးလကာ်ကို သနားစာနာတယ်ဆိုပေမယ့် သူတို့ ခြံဘက်ကို ခဏခဏသွားပြီး ကူညီပေးရတာတွေက တန်တန် လေးများလာတော့ အာရုံက နောက်လာပြီလေ ...။



www.burmeseclassic.com

www.burmeseclassic.com



ယုဂန်က ငုတ်တုတ်ထကိုင်ကာ မျက်နှာကို ရှုံ့မဲ့လျက် ခေါင်းကိုလက်နှစ်ဖက်ဖြင့် စုံကုပ်ပစ်လိုက်ရင်း…

"ဘာကူညီရဦးမှာလဲ မေမေရာ…၊ ဟိုတစ်နေ့ကလည်း ကြီးကြီးငွေ အပြင်သွားချင်တာ ဒရိုင်ဘာမရှိဘူးဆိုလို့ ကားလိုက်မောင်းပေးပြီးပြီ၊ ဟိုးတစ်နေ့တုန်းကလည်း ရေပိုက်ပေါက်တာ ပိုက်ပြင်သမား ရှာပေးဆိုလို့ ရှာပေးတယ်၊ အိမ်ထဲကို တစိမ်းယောကျ်ား ဝင်မှာမို့လို့ စောင့်နေပေးပါဆိုလို့ ပြီးတဲ့အထိ စောင့်နေပေးတယ်၊ အရင်တုန်းကလည်း အဲ့ဒီအိမ်မှာ ယောကျ်ားသနာမှ မရှိတာ၊ ခုမှ ယောကျ်ားသနာ လိုလာတာကတော့ မဟုတ်သေးဘူး"

"ဟဲ့…အရင်တုန်းက မြတ်က ကျန်မာရေးမကောင်းဘူးဆိုပေမယ့် တစိမ်းလာရင် စောင့်ကြည့်ဖော်၊ ပါးစပ်လေးနဲ့ လှမ်းပြောဖော်တော့ ရသေးတာပဲ၊ အခု သူတို့အိမ်မှာ လူအင်အား ဘယ်လောက် နည်းသွားလဲ၊ လူနည်းစုလေးမှာ တစ်ယောက် ထပ်လျော့သွားတာဆိုတော့ သူတို့ အကူအညီ မတောင်းလည်း ကိုယ့်ဘက်က ကူရမှာပဲ၊ မင်းပဲ ပြောထားတယ်လေ…၊ ရှေးနဲ့ လက်မထပ်ခင်စပ်ကြား ကူညီစောင့်ရှောက်ပါ့မယ်ဆို…"

"ဒါတော့ ဒါပေါ့ မေမေရာ၊ ဒါပေမယ့် ခုလိုကြီး စော





စောစီးစီး အိပ်ရာထဲက ဖွတ်နှိုးပြီး စောင့်ရှောက်ခိုင်းတာကတော့ မများလွန်းဘူးလား"

"ညက မိုးတွေအရမ်းရွာပြီး လေလည်းတိုက်တော့ ရှေးတို့ ကားဂိုထောင်ပေါ် ညွတ်ကျနေတဲ့ သရက်ပင်က ကျိုးကျပြီး သစ်ကိုင်းတွေက ခေါင်မိုးပေါ်မှာ တချို့၊ အိမ်တံခါးရှေ့မှာ တချို့ ပိတ်နေတယ် သားရဲ့၊ သစ်ကိုင်းတွေ ရှင်းပေးမယ့် အလုပ်သမားက ညနေမှ လာနိုင်မှာတဲ့၊ သူလည်း တခြားခြံတွေ လိုက်ရှင်းနေရတာဆိုတော့လေ၊ အဲ့ဒါ လောလောဆယ် အိမ်ဝမှာ ပိတ်နေတဲ့ သစ်ကိုင်းတွေကို ရှင်းတာကတော့ သားပဲ သွားလုပ်ပေးလိုက်ပါဟယ်၊ သစ်ကိုင်းက သိပ်မများပါဘူး"

"စိတ်ညစ်ပါတယ် မေမေရာ…"

"ကိုယ့်မိန်းကလေး အိမ်က အလုပ်ပဲဟယ်…၊ သွားလုပ်ပေးတော့ မျက်နှာကောင်း ရတာပေါ့၊ ထ…ထ…သွားလိုက်ဦး၊ အိပ်ရေးမဝရင် နေ့ခင်းကျမှ ပြန်အိပ်…"

ယုဂန်က စိတ်ညစ်ညစ်နှင့်ပင် အိပ်ရာမှ ထလာခဲ့သည်။ တကယ့်ကိုပဲ စိတ်ညစ်၊ စိတ်ကုန်၊ စိတ်တိုလှပြီ…။ ဇာတ်လမ်းက နှစ်ဖက်လုံး ပြတ်မှမပြတ်တာဘဲ။ မြို့ဘက်ကလည်း မပြတ်မသား။ ဒီဘက်မှာလည်း ဟုတ်လည်းမဟုတ်ဘဲ အထင်မှားတွေ ခံနေရသည်။ အမှန်အတိုင်း ဖွင့်ပြောပြီး ရှေးလက်ကို လက်မထပ်ချင်ကြောင်း ငြင်းမယ်စဉ်းစားလိုက်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားရဲ့ နှုတ်ခမ်းရွဲ့ရွဲ့လေးကို ကြည့်ကာ ရေငုံနှုတ်ပိတ်နေရသည်။ ကိုယ့်ကြောင့် ပိုရွဲ့သွားရင် ကိုယ်ပဲ တရားခံဖြစ်ရဦးမည်။ တစ်ခါတစ်ခါတော့လည်း ဘွား တကယ်ရွဲ့နေတာမှ ဟုတ်ရဲ့လားဟု သံသယဝင်မိကာ ...

"ဘွား နှုတ်ခမ်းရွဲ့တာက တကယ်ရော ဟုတ်ရဲ့လား မေမေရာ၊ ဟိုတလောက မေမေနဲ့ စကားပြောနေတာ သား လှမ်းတွေ့လိုက်တုန်းကတော့ အကောင်းကြီးပါ"

ဟု မေမေ့ကို ပြောမိတော့ မေမေက ပျာပျာသလဲဖြင့် ...

"ဟဲ့ ... လူကြီးက ဒါမျိုး သရုပ်ဆောင်နေပါ့မလား၊ စကားတိုးတိုးပြောတော့လည်း နှုတ်ခမ်းရွဲ့တာက ဘယ်သိသာပါ့မလဲ၊ လူကြီးကို အထင်မှားမနေစမ်းနဲ့ ..."

မေမေက ရုပ်တည်ကြီးနဲ့ ပြောတော့လည်း သူဆက်ပြီး သံသယဝင်မနေတော့ပါ။ တကယ် ရွဲ့တာပဲဖြစ်မှာပါ။

ယုဂန်က မီးဖိုချောင်ထဲဝင်ကာ ဓားရှည်တစ်ချောင်းယူပြီး ရှေးလက်ာတို့ခြံဘက်သို့ ကူးလာခဲ့သည်။

အိပ်ရာနိုးထစ ဆံပင်စုတ်ဖွား၊ မျက်နှာမသာမယာ၊ စိတ်တိုနေသော အမူအရာဖြင့် ဓားရှည်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ ရှေးတို့ခြံထဲသို့ ဝင်လာသော ယုဂန်ကို မလုံးတို့က လှမ်းမြင်လျှင် အိမ်ထဲသို့ ချာခနဲ လှည့်ပြေးဝင်လာကြကာ အလန့်တကြား အော်ဟစ်လိုက်ကြသည်မှာ ...





"အမလေး ... မမရှေးရေ၊ ကိုယုဂန်ရယ်လေ ဓားကြီးနဲ့ ခြံထဲကို ဝင်လာပြီ ..."

မလုံးတို့ အော်သံကြောင့် ရေချိုးပြီးစ စနီးရဲ့ အမွှေးလေးတွေကို ဖြီးပေးနေသော ရှေးက စနီးကို ထားခဲ့ပြီး အိမ်ရှေ့သို့ ထွက်လာလေသည်။

ရှေးက ဒေါနှင့် မောနှင့် လျှောက်လာနေသော ယုဂန်ရှေ့နားကနေ ဆီးကြိုရပ်စောင့်နေလိုက်ပြီး ယုဂန်အနား ရောက်လာတော့မှ ခပ်ဆတ်ဆတ် မေးလိုက်သည်။

"ဒါက ဘာလုပ်မလို့လဲ ..."

"ခုတ်မလို့ ..."

"ဘာ ..."

"မင်းတို့ခြံထဲမှာ ခုတ်စရာရှိလို့ လာတာလေ၊ မြန်မြန်ခုတ်ပြီးမှ မြန်မြန်အေးမှာ၊ ငါ့မှာလည်း တစ်ခါမှကို အေးအေးမနေရဘူး၊ ကိစ္စက ပေါ်ပဲပေါ်နိုင်လွန်းတယ်၊ အိပ်ကောင်းခြင်း မအိပ်ရ၊ အလုပ်ကိုရှုပ်နေတာပဲ၊ ကဲ ဖယ် ... ဖယ် ...၊ မင်းမဖယ်ရင် မင်းပါ ရောခုတ်မိလိမ့်မယ်၊ ဟိုသစ်ကိုင်းတွေကို ခုတ်ရှင်းပေးဖို့ ငါ့အမေ လွှတ်လိုက်လို့လာတာ၊ ဒါခုတ်ပြီးမှ ပြန်အိပ်ရမှာ ..."

ယုဂန်က ပြောပြောဆိုဆို ရှုပ်ပွနေသော သစ်ကိုင်းတွေကို တဖတ်ဖတ် ခုတ်ပစ်လိုက်သည်။ ရှေးက သူ့နားမှာ ဆက်ရပ်မနေတော့ဘဲ အိမ်ထဲသို့ လှည့်ဝင်လာရာ ...



www.burmeseclassic.com

www.burmeseclassic.com



"ယဉ်ကျေးမှုကို မရှိဘူး ..."

သစ်ကိုင်းခုတ်ရင်း မကြားတကြား လှမ်းပြောလိုက်သံကြောင့် ရှေးက ယုဂန်ကို ချာခနဲ ပြန်လှည့်ကြည့်လာကာ

"အဲ့ဒါ ဘယ်သူ့ကို ပြောနေတာလဲ"

"မင်းကို ပြောနေတာလေ ...၊ သူ့သနားလို့ ခွေးပြန်ပေးထားတာတောင် ကျေးဇူးတင်စကားလေး တစ်ခွန်း ပြောဖော်မရ၊ သူ့ခြံထဲက အရှုပ်တွေ လာလာရှင်းပေးနေတာကိုလည်း ကျေးဇူးတင်ရကောင်းမှန်းမသိ၊ ယဉ်ကျေးမှုမရှိတာ"

"ရှင့်ဘာသာ သူများခွေး ခိုးထားရတာ လိပ်ပြာမသန့်တော့လို့ ပြန်ပေးတာကို ကျွန်မက ကျေးဇူးတင်နေရဦးမှာလား၊ ဒီမှာ လာကူလုပ်ပေးနေတာတွေကလည်း ရှင့်အမေနဲ့ အဘွား လုပ်ခိုင်းလို့သာ မလုပ်ချင် လုပ်ချင် လုပ်ပေးနေရတာလေ ...၊ ရှင့်စိတ်ရင်း စေတနာနဲ့ ကူညီနေတာမှ မဟုတ်တာ၊ ကျေးဇူးတင်ချင်းတင် ရှင့်အမေနဲ့ အဘွားကိုပဲ တင်လိုက်မယ်၊ ရှင့်ကိုတော့ လုံးဝပဲ ..."

"ဩော် ... အဲ့ဒီလိုလား"

ယုဂန်သည် ဒေါသဖြစ်ရလွန်းတာမို့ ခုတ်လက်စဓားကို ပစ်ချလိုက်ပြီး ခါးထောက်လျက် ရှေးလင်္ကာကို မျက်နှာချင်း ဆိုင်လိုက်လေသည်။





"ဒီမှာ ... ရှေးလင်္ကာ၊ မင်းရဲ့ အဲ့ဒီလို အပြောချိုချိုလေးတွေကြောင့် မင်းကို ငါ အမြင်ကတ်ပြီး အဘွားနဲ့ အမေ နားချတာကို ခေါင်းညိတ်လက်ခံလိုက်ရင် မင်း ဘာဖြစ်သွားမယ်ထင်လဲ"

"ဘာမှဖြစ်မသွားဘူး ..."

ရှေးလင်္ကာက မျက်နှာကိုမော့ကာ ထိမထင်အပြုံးနှင့် ပြောလိုက်သည်။ သူမမျက်လုံးတွေက ဟိုတုန်းကထက် ပိုပြီး စိမ်းလက်စူးရှနေသည်။ ယုဂန်က သူမကို စေ့စေ့စိုက်ကြည့်လိုက်ရင်း ...

"သေချာလား ... ရှေးလင်္ကာ"

"သိပ်သေချာတာပေါ့၊ ရှင် လက်ထပ်ရဲတယ်ဆိုရင် လက်ထပ်လိုက်လေ ...၊ ကျွန်မကတော့ ကျွန်မအမေ မှာခဲ့တဲ့ စကားကို နားထောင်တဲ့အနေနဲ့ လက်ထပ်လိုက်မှာပဲ၊ ရှင်သာ ရှင်သိပ်ချစ်ရတဲ့ မြူနဲ့ တစ်သက်လုံး ဝေးရတဲ့အတွက် ရှင့်ရင်ဘတ်နှစ်ခြမ်း ကွဲပြီး တစ်သက်လုံး စိတ်ဆင်းရဲရမှာ ..."

"တောက် ..."

ယုဂန်သည် ရှေးလင်္ကာကို စကားအရာ မယှဉ်နိုင်တော့တာမို့ တောက်တစ်ချက်သာ ခပ်ပြင်းပြင်း ခေါက်လိုက်မိသည်။

ရှေးက အိမ်ထဲသို့ ပြန်ဝင်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယုဂန်ကတော့ လွှတ်ချမိသည့် ဓားကို ပြန်ကောက်ကိုင်ပြီး ဒေါသကို သစ်ကိုင်းပေါ်သို့ လွှဲပုံချကာ အားမာန်ပါပါ ဆင့်ကာ ဆင့်ကာ ခုတ်ပစ်လိုက်လေသည်။

"ဒီသစ်ကိုင်းကလည်း ပြတ်ပဲမပြတ်နိုင်တော့ဘူး၊ တော်တော် အကြောမာတဲ့သစ်ကိုင်းပါလား၊ ကဲကွာ ...ကဲကွာ"

❑ ❑ ❑



❀ ❀ ❀

"ညည်းသားကိုတော့ ငါ တယ်ပြီး မသင်္ကာချင်တော့ဘူး သော်တာ ..."

လသာဆောင်တွင် ရပ်နေသော ဒေါ်ခင်ခင်သိုက်သည် ခြံထဲသို့ ဝင်လာနေသော မြေးဖြစ်သူကို ငုံ့ကြည့်နေရင်းက အသာအယာ ခေါင်းယမ်းလိုက်ရင်း နံဘေးက သမီးဖြစ်သူကို လှမ်းပြောလိုက်လေသည်။

ဒေါ်သော်တာသိုက်က မိခင်ဖြစ်သူနှင့်အတူ သားကို လှမ်းငုံ့ကြည့်လိုက်ရင်း ...

"ဘာကို မသင်္ကာတာပဲ အမေ ..."

"ညည်းအေ ... အမေဖြစ်ပြီး ငါ့ အဘွားကြီးလောက်တောင်မှ အကင်းမပါးပါလား၊ ညည်းသား ပုံစံကို ညည်း သေသေချာချာ ကြည့်ကြည့်စမ်း၊ ဒါ ရည်းစားနဲ့တွေ့ပြီး ပြန်လာတဲ့ ရုပ်လား၊ ခုန ရှေးတို့ခြံထဲကို လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း သူတို့ချင်းပုံစံက ရွေးရွေးထွေးထွေး ကြင်ကြင်နာနာမှ မရှိတာ၊ ခုခေတ်ကလေးတွေကို သိပ်လျော့တွက်လို့ မရဘူး သော်တာ ...၊ ညည်းသားမှာ လှည့်ကွက်လေးတစ်ခုတော့ ရှိလိမ့်မယ်လို့ ငါ သံသယဝင်ချင်လာပြီ၊ တို့တွေကို အပျော့ဆွဲလေးနဲ့ အချိန်ဆွဲထားပြီး သူလုပ်ချင်ရာ လုပ်သွားတော့မှ ဘာမှန်းမသိဘဲ ငုတ်တုတ်မေ့ကျန်နေခဲ့မှာ ..."

"အမေပဲ အမေ့မြေးကို ထောက်ခံထားတာလေ၊ လူငယ်ဆိုတော့ စိတ်ကူးယဉ် အမှတ်တရလေးတွေ ဖန်တီးချင်မှာပေါ့ဆို၊ ခုခေတ် လူငယ်တွေမှာက မိဘပေးစားလို့ ယူရတယ်လို့ ခေါင်းစဉ်အတပ်မခံချင်တဲ့ မာနမျိုး ရှိကြတယ်ဆို"

"ညည်းရော ထောက်ခံမထားလို့လား ...၊ အဲ့ဒီတုန်းက ညည်းသားက ယုံလောက်အောင် ပြောလို့ ထောက်ခံကြတာပဲလေ၊ ခုတော့ ... အခြေအနေက သိပ်ယုံစရာမကောင်းတော့ဘူး"

"ဟုတ်တော့ ဟုတ်တယ် အမေ၊ ဒီမနက်လည်း ဟိုဘက်ခြံသွားဖို့ အတင်းတွန်းလွှတ်လိုက်ရတာ ..."

"ကဲ ... အဲ့ဒါသာကြည့်တော့လေ၊ ငါ မပြောဘူးလား၊ ယုံစရာ မကောင်းတော့ပါဘူးဆိုတာ ..."

"အဲ့ဒီတော့ အမေက ဘယ်လိုလုပ်ချင်သလဲ ..."





"ညည်းသား ငါဟို့ကို ပြည့်မသွားခင် ရှေးနဲ့ ပေးစားဖို့ ကိစ္စကို အမြန်ဆုံး စီစဉ်လိုက်ချင်တာပဲ၊ မြန်ဆို ခုပဲ ခေါ်ပြောလိုက်တော့မယ်အေ ..."

ဒေါ်ခင်ခင်သိုက်က စိတ်လိုက်မာန်ပါ ဆိုသလိုပင် အိမ်ထဲသို့ လှည့်ဝင်သွားပြီမို့ ဒေါ်သော်တာသိုက်က နောက်ကနေ ပျာပျာသလဲ လိုက်လာရင်း ...

"အမေ ... အမေ ... နှုတ်ခမ်းရွဲ့ဖို့ မမေ့နဲ့ဦးနော်"

"မမေ့ပါဘူး ... စိတ်ချ ... စိတ်ချ၊ အခြေအနေ မကောင်းရင် ပိုတောင်ရွဲ့ပြလိုက်ဦးမှာ ..."

ဒေါ်ခင်ခင်သိုက်က ပိုးလုံချည်တစ်စကို အသာမကာ တင်ပါးကြီး အိတုံ့အိတုံ့ဖြင့် အပေါ်ထပ်မှ ခပ်သွက်သွက်လေး ဆင်းလာခဲ့ပြီး ...

"မြေးရေ ... ယုဂန် ... အဘွားအခန်းကို ခဏလာခဲ့ဦး"

ဟုခေါ်ကာ သူ့အခန်းထဲသို့ ဝင်သွားနှင့်လေသည်။

ယုဂန်သည် ကိုယ့်ဟာကိုယ် စိတ်တိုနေရတဲ့အထဲ အဘွားက ဘာတွေခေါ်ပြောဦးမလို့ပါလိမ့်ဟု တွေးကာ စိတ်ရှုပ်စွာဖြင့် အဘွားအခန်းဘက်သို့ လျှောက်လာခဲ့ရပါသည်။ ဒီမနက်မှာ အိပ်ရေးကလည်း မဝ၊ ရှေးလင်္ကာကြောင့် စိတ်လည်းတို၊ သစ်ကိုင်းခုတ်ရတာကလည်း ပင်ပန်း၊ မြို့ဆီ ဖုန်းဆက်တာလည်း မရသေးတာမို့ စိတ်က နောက်ကျိနေကာ သူ့မျက်နှာလည်း ပုပ်သိုးနေမှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုဂန်က အဘွားအခန်းထဲ ချက်ချင်းဝင်မသွားသေးဘဲ တွန့်ဆုတ်ဆုတ် လုပ်နေတာမို့ မေမေက သူ့ကျောကို လာတွန်းကာ ...

"ကောင်လေး ... အဘွားခေါ်နေတာကို ဘာပေကပ်ကပ် လုပ်နေတာလဲ၊ သွား ... သွား ... မြန်မြန်သွားလိုက်၊ တော်ကြာ အဘွား စိတ်တိုနေဦးမယ်"

ဟု ပြောရင်း သူ့ကို အဘွားအခန်းထဲသို့ တွန်းပို့လိုက်လေသည်။

ယုဂန်သည် ခေါင်းစုပ်ဖွား၊ မျက်နှာစူပုပ်ပုပ်ဖြင့် အဘွားရှေ့မှာ ရပ်လိုက်ရင်း ...

"အဘွား ... ဘာပြောမလို့လဲ"

"ရှေးလင်္ကာကို လက်ထပ်ဖို့ကိစ္စကို အဘွားတို့ စီစဉ်လိုက်တော့မယ် မြေး ..."

"ဗျာ ..."

ယုဂန်က ခေါင်းမော့ကာ အဘွားကိုကြည့်တော့ အဘွားနှုတ်ခမ်းက ပိရှုံ့သွားကာ ...

"လက်ထပ်ဖို့ကိစ္စကို ဆက်အချိန်မဆွဲချင်တော့ဘူး။ မင်းတို့ လက်ထပ်ပြီးမှ အဘွားလည်း စိတ်အေးရမှာ ..."

"ဒီလောက်မြန်မြန်ကြီးတော့ လက်မထပ်ပါရစေနဲ့ အဘွားရယ်"

"ဘာဖြစ်လို့တုန်း ..."





"ဟို ... ရှေးကလည်း ဒီလောက် မမြန်ချင် ..."

"အဲ့ဒါ အသာထားပါ၊ ရှေးကို သူ့ကြီးကြီး နားချရင် ရမှာပါ၊ ရှေးက သူ့အမေ မသေခင် မှာသွားတဲ့စကားကို ဦးထိပ်ပန်ဆင်ထားတာ၊ သူ့အမေကို သူ ဘာမှလုပ်မပေးလိုက်ရတာကို သူက အရမ်းနောင်တရနေတာ ...၊ သူ့အမေ မရှိတော့တဲ့အချိန်မှာ သူ့အမေစကားကို နားထောင်လိုက်မှ သူလည်း ဖြေသာမှာ၊ ဒါကြောင့် မင်းကို မလွဲမသွေ လက်ကိုလက်ထပ်မှာ၊ မင်းဘက်က တွံ့နေ့နေတာကို အဘွားအားမရလို့ ခပ်မြန်မြန်လေးပဲ စီစဉ်ပေးလိုက်တော့မှာ ..."

"ဒါပေမယ့် ..."

"ဘာ ဒါပေမယ့်လဲ၊ ဘာကို အကြောင်းပြဦးမလို့လဲ၊ အံမလေး ... သော်တာရေ ငါ့နှုတ်ခမ်းက တစ်မျိုးဖြစ်လာပြန်ပြီဟဲ့ ...၊ မှန်ယူခဲ့စမ်း ... မှန်ယူခဲ့စမ်း"

ဒေါ်ခင်ခင်သိုက်က အော်ခေါ်လိုက်သည်နှင့် ဒေါ်သော်တာသိုက်က မှန်တစ်ချပ်ကိုင်လျက် အပြေးလေး ရောက်လာကာ ...

"အမေ ... မှန် ဒီမှာပါ"

"အေး ... အေး ... ပြစမ်း ... မှန်ထောင်ပြစမ်း၊ ကြည့်စမ်း ငါ့နှုတ်ခမ်းက ပိရှုံ့လာတယ်မဟုတ်လား၊ အံမလေး ခေါင်းတွေမူးလိုက်တာနော်၊ ဒီတစ်ခါ ငါမူးလဲပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com



သတိရရင်တော့ ဒီပါးစပ်တစ်ခြမ်းက နားရွက် တက်ချိတ် နေတော့မှာသေချာတယ်”

“ကဲ … သားရယ်၊ မင်းအဘွားအကြောင်းလည်း သိသားနဲ့၊ အဘွား စကားကို နားထောင်လိုက်စမ်းပါဟယ်”

အဘွားနဲ့ အမေရဲ့ ယောက်ယက်ခတ်နေပုံကြောင့် ယုဂန်ကရှူးချင်လာကာ အဘွားအခန်းထဲကထွက်လာခဲ့လေသည်။

“ကြည့်စမ်း … ကြည့်စမ်း … သော်တာ ညည်းသား ငါ့ကို ဘာမှမပြောဘဲ ထွက်သွားတယ်ဟဲ့ …”

“သူလည်း စဉ်းစားဦးမှာပေါ့ အမေရယ်၊ လူပျိုလေးဆိုတာက ဗြုန်းစားကြီး အိမ်ထောင်ပြုရမှာကို တုန်လှုပ်တတ်ကြတာပဲ မဟုတ်လား …”

အမေက ရှေးလက်ဘနဲ့ ယုဂန်ကို ပေးစားချင်လွန်းလို့ ထွန့်ထွန့်လူးနေသော အဘွားကို နားချကျန်ရစ်သည်။

ယုဂန်ကတော့ အာရုံတွေ ဝေဝါးရှုပ်ထွေးလျက်ရှိရာမှ မြူ့ကို အသည်းအသန် သတိရ လိုအပ်လာလေသည်။

ခုချိန်မှာ မြူ့လက်ကိုဆွဲပြီး အဘွားရှေ့သို့ ခေါ်လာကာ …

“ဒါ … ကျွန်တော့်ချစ်သူပဲ အဘွား၊ မြူ့ကိုပဲ ကျွန်တော် လက်ထပ်မှာပါ”

ဟု ပိုင်ပိုင်နိုင်နိုင် ပြောပြခွင့်ရလျှင် ပြောပြချင်သည်။ သူချစ်တဲ့ မြူဟာ ရှေးလက်ဘလို ခပ်ညံ့ညံ့ ကောင်မလေး





မျိုး မဟုတ်ဘဲ အင်မတန် တော်သော၊ ထက်မြက်ဝံ့စား၍ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်အပြည့်ရှိသော မိန်းကလေးမှန်း အဘွားနဲ့ မေမေသိအောင် ကြွားချင်သည်။

ယုဂန်သည် တဖြည်းဖြည်း အသက်ရှူမဝသလို ခံစားလာရတာမို့ လသာဆောင်သို့ အပြေးတက်သွားကာ မျက်လုံးမှိတ်၊ ခေါင်းမော့၍ အားရပါးရ လေရှူလိုက်သည်။ ထို့နောက် ဆောက်တည်ရာမရသလို ဖြစ်လာရပြန်ကာ အခန်းထဲ ပြန်ဝင်လာပြီး အိပ်ရာပေါ်က ဖုန်းကို လှမ်းဆွဲ၍ မြူ့ဆီ ဖုန်းခေါ်လိုက်သည်။

မြူက ဖုန်းမကိုင် …။

မြူရယ် … ဖုန်းကိုင်ပါတော့ …။ ကိုယ့်ကို အဖြေပေးပါတော့ …။ မြူ့ကို ကိုယ် လက်ထပ်ပါရစေတော့ …။

သူ အကြိမ်ကြိမ်ခေါ်သော်လည်း မြူက ဖုန်းမကိုင်ခဲ့ချေ …။

ယုဂန်သည် ဖုန်းကို ပစ်ချလိုက်ပြီးနောက် အခန်းထဲမှာ စိတ်လှုပ်ရှားစွာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်မိသည်။ အဲ့ဒီနောက်တော့ ယုဂန်က အပေါ်ထပ်မှ ခပ်မြန်မြန် ပြေးဆင်းလာပြီး ကားကို ခပ်ကြမ်းကြမ်းမောင်းထွက်လာခဲ့သည်။

မြူ့ဆီသို့ ဖြစ်သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

ယုဂန်သည် မှန်များဖြင့် အလှဆင် ကာရံထားသော မြို့ဆိုင်ခန်းလေးဆီသို့ စိတ်လှုပ်ရှားစွာဖြင့် လှမ်းဝင်လာလေသည်။

ခုချိန်ဆို မြို့ ဘာလုပ်နေမလဲ ...

စားပွဲနဲ့ မျက်နှာနဲ့အပ်ပြီး ဒီဇိုင်းပုံတွေ ဆွဲနေမလား

ဒါမှမဟုတ် ဧည့်သည်တွေနဲ့ တွေ့ဆုံပြီး အလုပ်ကိစ္စတွေများ စကားပြောနေလေမလား ...

မြို့ကိုတွေ့ရင် သူ ဘယ်လိုတောင်းပန်ရမလဲ ...

မြို့ရယ် ... ကိုယ့်ကို သနားရင် ပြန်ချစ်ပါတော့လို့ ပြောရင် ပေါကြောင်ကြောင်နိုင်သွားမလား ...

တောင်းပန်ရမှာလား၊ အသနားခံရမှာလား ...။ ခပ်မိုက်မိုက် ဂျစ်တိုက်ပြီး ပူဆာတောင်းဆိုလိုက်ရမှာလား ...။ အချစ်ဆိုတာ လိုချင်သူက တောင်းဆိုတိုင်း ရသည့်အရာ ဟုတ်





မဟုတ်ဆိုတာတော့ သူလည်းမသိပါ။ အချစ်နဲ့ ပတ်သက်ပြီး သူ့မှာ အတွေ့အကြုံလည်းမရှိပါ။ သူဟာ ... အချစ်နဲ့ ပတ်သက်ရင် အရိုင်းဆန်သော လူငယ်လေးတစ်ယောက်သာဖြစ်ပါသည်။

လောလောဆယ် သူ့ခေါင်းထဲမှာတော့ မြို့ဆီက အဖြေကို ပြတ်ပြတ်သားသား ရချင်တာ၊ မြို့ကို သူ့အဘွားရှေ့သို့ ခေါ်သွားချင်တာ၊ ဒီနှစ်ခုသာ ကြီးစိုးနေပါသည်။

မြို့အခန်းလေးနားသို့ ရောက်သောအခါ သူ့စိတ်တွေဟာ ကြည်နူးညှို့သက်လျက် တငြိမ့်ငြိမ့် ရင်ခုန်လာပါသည်။

ထို့နောက် ... ယုဂန်သည် ပြုံးမြမြမျက်နှာထားဖြင့် မြို့အခန်းတွင်းသို့ လှမ်းမြင်ရသည့် မှန်တံခါးမှ လိုက်ကာစလေးကို ဆွဲဖယ်လျက် မြို့အခန်းထဲသို့ လှမ်းကြည့်လိုက်မိလေသည်။

စားပွဲနောက် ထိုင်ခုံပေါ်မှာ ထိုင်နေသော မြို့က အပြုံးမျက်နှာဖြင့် ခေါင်းကလေးမော့လျက်၊ တစ်မိမ်းယောကျ်ားတစ်ယောက်က မြို့ဘေးမှာရပ်ကာ မြို့ကို ငုံ့ကြည့်လျက်ရှိသော ထိုမြင်ကွင်းက ယုဂန်ရဲ့ ပြုံးလက်စ နှုတ်ခမ်းအစုံကို တင်းတင်းဆွဲစေ့ ပိတ်ပစ်လိုက်သည်။

ရင်ထဲမှာ ဗလောင်ဆူသွားတယ်ဆိုတာ သူ အခုခံစားနေရသလိုမျိုးပဲ ဖြစ်လိမ့်မည်။

ယုဂန်သည် မှန်တံခါးကို ခပ်ကြမ်းကြမ်း ဆွဲဖွင့်လိုက်ပြီး မြို့ရုံးခန်းထဲသို့ လှမ်းဝင်လာကာ မြို့ရှေ့က ထို



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားရဲ့ ရှပ်အင်္ကျီကုပ်ပိုးကို ဆောင့်ဆွဲလျက် မြူ့အနားက ဆွဲဖယ်ထုတ်ပစ်လိုက်လေသည်။

“ယုဂန် … မင်း ဒါဘာလုပ်တာလဲဟင် …”

မြူက ဆတ်ခနဲ မတ်တတ်ထရပ်လျက် ယုဂန်ကို ဒေါသဖြင့် ရင်ဆိုင်လာလေသည်။

“မြင်တဲ့အတိုင်းပဲ မြူ၊ မြူ့ရှေ့က ငနဲကို လုံးဝကြည့်မရလို့ လုပ်လိုက်တာ …”

“မင်း … တော်တော် ရိုင်းတာပဲ ယုဂန်၊ ကိုမင်း … မြူ တောင်းပန်ပါတယ်နော် …”

“အိုခေ … နိုး ပရော်ဘလမ် …၊ ကိုယ်သွားတော့မယ် မြူ …၊ နောက်မှ အေးအေးဆေးဆေး တွေ့တာပေါ့”

“မြူ ဖုန်းဆက်လိုက်ပါ့မယ်၊ ဆောရီးပါ ကိုမင်းရယ်”

ထိုသူ့ကို မျက်နှာချိုသွေးပြီးတာနှင့် မြူက ယုဂန်ဘက်သို့ ဒေါသမျက်နှာဖြင့် လှည့်ကြည့်လာကာ …

“မင်း တွေ့တယ်မဟုတ်လား ယုဂန်၊ လူကြီးလူကောင်းဆိုတာ အဲဒီလို ယဉ်ကျေးရတယ်၊ မင်းက မိုက်ရိုင်းပေမယ့် သူက မင်းကို မိုက်မိုက်ရိုင်းရိုင်း တုံ့ပြန်မသွားဘူး”

“အဟက် …”

ယုဂန်က ခေါင်းမော့လှန်ကာ ခပ်ရွဲ့ရွဲ့ ရယ်လိုက်ရင်း …





“အဲ့ဒါက မြူ့ရှေ့မှာမို့လို့ တမင် ယဉ်ကျေးပြတာ နေမှာပေါ့ …”

“ယဉ်ကျေးပြနိုင်တာကလည်း အရည်အချင်း တစ်မျိုးပဲ ယုဂန်၊ လူဆိုတာ ယဉ်ကျေးပြသင့်တဲ့နေရာမှာ ယဉ်ကျေးပြနိုင်ရမှာပေါ့၊ မင်းကတော့ နေရာတိုင်းမှာ မင်းစိတ်ထဲရှိတဲ့အတိုင်း ပြုမူလိုက်ရမှ ကျေနပ်တယ်မဟုတ်လား …၊ မင်း အဲဒီလို အရိုင်းဆန်နေရင် ငါနဲ့ မအပ်စပ်ဘူး ယုဂန် …၊ ရှင်းရှင်းပြောရရင် မင်းထက် ကိုမင်းကို မြူက ပိုအထင်ကြီးတယ်”

“မြူ … မင်း စကားကို ဒီလို ရက်ရက်စက်စက် မပြောစမ်းပါနဲ့”

“ဒီမှာ … ယုဂန်၊ မင်း သေချာမှတ်သွားဖို့ မြူ ပြောလိုက်မယ်၊ မင်းက တစ်နေ့ကျ မြူ့အချစ်ကို သေချာပေါက်ရမှာပဲလို့ တွက်ထားပုံရတယ်၊ အဲ့ဒါဆို မင်း သိပ်မှားသွားပြီ ယုဂန် …၊ တကယ်တော့ မင်းအဆင့်က ကိုယ်ရွေးနေတဲ့ လူတွေနဲ့ယှဉ်ရင် ဘိတ်ချေးအဆင့်မှာပဲ ရှိတယ်၊ အခု မြူက မင်းရည်းစားမှမဟုတ်တာ၊ မြူ ဘယ်သူနဲ့ပဲ တွေ့တွေ့ မင်းမှာ တားမြစ်ပိတ်ပင်ဖို့ အခွင့်အရေး မရှိဘူး ယုဂန် …”

မြူ့စကားလုံးတွေက ပြင်းထန်လွန်းတာမို့ သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သလို ခံစားလိုက်ရကာ ရှက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်၊ နာကျင်စိတ်၊ ဝမ်းနည်းစိတ်တို့ကြောင့် သူ့မျက်လုံးထဲမှာ မျက်ရည်ဖြင့် မှုန်ဝါးလာပါသည်။

သူ ... အံတင်းတင်းကြိတ်လျက် မြို့ရှေ့မှ လှည့်ထွက်လာခဲ့သည်။ တဒင်္ဂ နာကြည်းစိတ်က သူ့အသိဉာဏ်ကိုပင် ဖုံးလွှမ်းသွားသည်။

မြို့က သူ့ရဲ့ ယောကျ်ားမာနတွေ အကုန်လုံးကို သွေးစုပ်ဖုတ်ကောင်လို စုပ်ယူသွားသဖြင့် လူက အခွံချည်းကျန်ရစ်ခဲ့သလို တန်ဖိုးမဲ့စွာ ဆုတ်နစ်ဖျော့တော့ ကျန်ရစ်ခဲ့သည်။

သူ ... အိမ်သို့ပြန်လာခဲ့ပြီး အဘွားအခန်းထဲသို့ တန်းဝင်သွားကာ ...

"အဘွား ... သား ရှေးကို အမြန်ဆုံး လက်ထပ်ပါ့မယ်"

ဟု ပြောလိုက်လျှင် အဘွားက ဝမ်းသာလွန်းလို့ တုန်တက်သွားကာ ...

"လိမ္မာလိုက်တဲ့ မြေး၊ အဘွားကို စိတ်ချမ်းသာအောင်ထားတဲ့ မြေး၊ အံမလေး ကျေးဇူးရှင်လေး ..."

ဟု တတွတ်တွတ်ပြောရင်း ပီတိဖြာဝေနေတော့သည်။

သူကတော့ ...

အသိဉာဏ်တွေအားလုံး တဒင်္ဂ အမှောင်ဖုံး၍ နေလေသည်။

❑ ❑ ❑



❀ ❀ ❀

ယုဂန်နှင့် ရှေးလက်ာတို့ လက်ထပ်သည့်နေ့မှာပင် ဘွားဘွား ဒေါ်ခင်ခင်သိုက်၏ နှုတ်ခမ်းက မယုံနိုင်စရာ ပြန့်တည့်သွားခဲ့၏။ လက်ထပ်ပြီး မကြာခင်မှာပင် ကြီးကြီးငွေက သူ့တူမကလေးမွေးတာကို ကြည့်ပေးဖို့ အင်္ဂလန်သို့ လိုက်သွားခဲ့သည်။

ထိုအခါ ရှေးတို့အိမ်ကြီးမှာ ယုဂန် စိတ်တိုင်းကျ ဗိုလ်ကျ စိုးမိုးဖို့ ဖြစ်လာရလေသည်။

မြို့ရှေ့မှာ အမြဲ ခေါင်းငုံ့သိမ်ငယ်ခဲ့ရသမျှကို အတိုးချကာ ယုဂန်က ရှေးအပေါ်မှာ စိုးမိုးခြယ်လှယ် ဆရာလုပ်ဖို့ ကြိုးစားနေလေ့ရှိသည်။

ကြီးကြီး သွားပြီး နောက်တစ်နေ့မှာပင် ယုဂန်က ခေါင်းရင်းခန်းမှာ ခြေချိပ်ထိုင်လျက် ရှေးကို ပြောသည်မှာ ...

"ဒီနေ့ ဒီအချိန်က စပြီး ငါဟာ ဒီအိမ်မှာ အိမ်ထောင်ဦးစီးပဲ ရှေးလက်ာ၊ အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ညြဓာအာဏာက အကြီးဆုံးပဲ၊ အိမ်က ရှိရှိသမျှ လူအား
လုံးက အိမ်ထောင်ဦးစီးကို ကြောက်ရတယ်၊ ဦးစားပေး
ရတယ်၊ အိမ်ထောင်ဦးစီး ပြောတဲ့ စကားကို နာခံရတယ်၊
သားကိုသခင် လင်ကိုဘုရား ဆိုတဲ့ စကားလည်း ရှိသား
ပဲ၊ မိန်းမဆိုတာ လင်သားကို ကိုးကွယ်ရရိုး ထုံးစံရှိတယ်၊
မင်း ငါ့ကို အားကိုးပါ၊ ကိုးကွယ်ပါ၊ ရိုသေပါ၊ လေးစား
ပါ၊ အိမ်ထောင်ဦးစီးကို မရိုမသေ မလေးမစားလုပ်ရင်
အဲ့ဒီအိမ်ဟာ ဘယ်တော့မှ မကြီးပွားဘူးဆိုတာ မှတ်ထား
ပါ"

ရှေးက ယုဂန်ရဲ့ စကားအရှည်ကြီးကို ဆုံးအောင်
နားထောင်ပြီးမှ ...

"ပြောလို့ ပြီးပြီလား"

"ဒီနေ့တော့ ဒီလောက်ပါပဲ"

"ဒါဆို ကျွန်မမှာလည်း ပြောစရာရှိတယ်"

"ဘာလဲ ... ပြော"

"ရှင့်ကို သနားတယ် ..."

"ဘာ ..."

ယုဂန်က ဆတ်ဆတ်ခါသွားသည်။ ရှေးက ဘာ
ဆက်မပြောတော့ဘဲ ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကို အေးအေး
ဆေးဆေး ပြန်ငုံ့ဖတ်နေလိုက်သည်။

"ဒီမှာ ... ရှေးလက်ာ"





ယုဂန်က ခေါ်ပေမယ့် ရှေးက စာဖတ်မပျက်။ ယုဂန်က ရှေးလက်ထဲက မဂ္ဂဇင်းစာအုပ်ကို ဗျပ်ခနဲ ဆွဲလုလိုက်သည်။

"ရှင် ... ဒါဘာလုပ်တာလဲ၊ စာအုပ် ခုပြန်ပေးစမ်း ..."

"ငါပြောတာ နားထောင်ပေးရင် ပြန်ပေးမယ်"

"အရှုးချေးပန်း ပေါက်ပန်းလေးဆယ် စကားမျိုးတွေကို နားထောင်ဖို့ ကျွန်မမှာ အချိန်မရှိဘူး ယုဂန် ..."

"ခုမှ သိပ်အိုက်တင်ခံမနေပါနဲ့၊ မင်းပဲ ငါ့ကို မက်မောလွန်းလို့ ငါ မင်းကို မုန်းမုန်းသိသိကြီးနဲ့ လက်ထပ်ဖို့ မငြင်းခဲ့တာ မဟုတ်လား၊ မင်း ငါ့ကို တိတ်တိတ်လေး ကျိတ်ကြွေနေတာမဟုတ်လား၊ အဲ့ဒါကြောင့်မို့လို့ ငါ့ဘက်က မီးစိမ်းပြလိုက်တာနဲ့ နည်းနည်းပါးပါး အိုက်တင်လေးတောင် မခံဘဲ တန်းပြီး လက်ခံလိုက်တာ မဟုတ်လား"

"ရယ်ရတယ် ..."

"ဘာ ..."

"ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးနေတဲ့ ပုံက အရမ်း ရယ်ရတယ် ယုဂန်၊ ကျွန်မ ရှင့်ကိုလက်ထပ်ခဲ့တာ မေမေ့ဆန္ဒတစ်ခုတည်းကြောင့်ပဲ၊ သေသူရဲ့ ဆန္ဒကို ဥပေက္ခာမပြုချင်လို့ ရှင့်ကို လက်ထပ်ခဲ့တာ"

"အေးလေ ... ဒီလိုပဲ အကြောင်းပြတော့မှာပေါ့၊ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆိုတော့လည်း အလွယ်တကူ ဘယ်ဝန်ခံပါ့မလဲ၊ ကိုယ်နားလည်ပါတယ် ...”

“အရှူး ...”

ရှေးက ခပ်တိုးတိုး ရေရွတ်ရင်း ထိုင်ရာမှ ထရပ်သည်။ ယုဂန်ကလည်း ထရပ်လိုက်ပြီး ရှေးရှေ့မှာ သွားပိတ်ရပ်လျက် မျက်နှာနားမှာ လက်ညှိုးတစ်ချောင်း ကပ်ထောင်ပြလိုက်ရင်း ...

“ကိုယ် မင်းကို လက်ထပ်တဲ့အကြောင်းကတော့ တစ်ခုပဲရှိတယ်၊ အဲ့ဒါ ဘာလဲသိလား”

ရှေးက မဖြေဘဲ မျက်နှာလွှဲသွားကာ ယုဂန်ရှေ့မှ ရှောင်ထွက်လိုက်သည်။ ယုဂန်က လိုက်ပိတ်ရပ်လိုက်ပြန်ရင်း ရှေးမျက်နှာနားကပ်ကာ ...

“အဲ့ဒါ ... မင်းကို သနားလို့ ...”

“ဟုတ်လား ...”

ရှေးက မျက်ခုံးပင့်လျက် လှောင်သရော်သလိုလေး ပြန်မေးလိုက်ပြီး ...

“ဟာသတွေ လာပြောမနေစမ်းပါနဲ့ ယုဂန်ရယ် ...၊ နင်သေအောင်ကြိုက်နေတဲ့ မြှူက နင့်ကို မတူမတန်သလို ကန်ထုတ်ပစ်လိုက်လို့သာ နင်ငါ့ဘက်ကို လွင့်လာတာ မဟုတ်လား၊ မြှူနဲ့ မျက်နှာ အောက်ချခဲ့ရသမျှ အတိုးချ





ပြီး ငါ့ကို လာအာဏာပြဖို့တော့ မစဉ်းစားနဲ့၊ ငါက ငြိမ်ခံမှာမဟုတ်ဘူး ယုဂန်၊ နင့်ကိုယ်နင် အိမ်ထောင်ဦးစီးလို့ ပါးစပ်က ထိုင်ကြွေးကြော်နေမယ့်အစား အိမ်ထောင်ဦးစီးပီသအောင် နေ၊ နင်သာ တကယ် အိမ်ထောင်ဦးစီးပီသရင် ငါမလေးစားဘဲ မနေဘူး၊ အခုလို ပါးစပ်က ပေါက်ကရ ကြွေးကြော်ပြီး ဒီအိမ်ကလူတွေ အရှိအသေတန်အောင် လုပ်မနေနဲ့ ... ကြားလား”

ရှေးက ခပ်ပြတ်ပြတ်ပြောပြီး ယုဂန်ရှေ့မှ လှည့်ထွက်လာခဲ့သည်။

ရှေးနဲ့ ယုဂန်ကို နှစ်ဖက်အသိုင်းအဝိုင်းက လင်မယားအဖြစ် သတ်မှတ်ပေးလိုက်သော်လည်း ရှေးတို့နှစ်ယောက်ကတော့ တစ်အိမ်ထဲမှာနေရင်း သူတလူ ငါတမင်း ဗိုလ်လုပ်ကာ အမြဲ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ဝေဖန် ထိုးနှက်လိုက်ဖို့ အသင့်ရှိနေခဲ့ကြတာဖြစ်သည်။

ညဘက်သို့ရောက်လျှင် ရှေးက စနိုးကို အိပ်ရာထဲခေါ်ထားကာ တယုတယ ပွတ်သပ်စကားပြောနေလိုက်တာမို့ ယုဂန်က နှာခေါင်းရှုံ့ကာ ...

“မျိုးတူချင်းဆိုတော့လည်း တစ်အိပ်ရာထဲ အိပ်ကြပေါ့”

ဟု ပြောပြီး ကြီးကြီးငွေ နေခဲ့သည့် အခန်းမှာ သွားအိပ်မြဲဖြစ်သည်။ ရှေးကလည်း သူ့အခန်းထဲ ဝင်မလာလေကြိုက်လေပင်။ ကိုယ့်ဘာသာ တီဗီကြည့်ရင်း အိပ်ရာထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်ဖြတ်ပြီး အိပ်ပျော်ချင် ပျော်သွားမည်။ ရှေးအနားမှာ မုန်းသူကိုတော့ မထားလိုပေ ...။

ဤသို့ဖြင့် ...

ညသို့ရောက်လျှင် ...

"စနီးရေ ... လာဟေ့ အိပ်ကြမယ်"

ဟု ရှေးက ခေါ်လိုက်ရာ စနီးက အမြီးလေးနန့်၍ ရှေးအခန်းထဲသို့ ပြေးဝင်လာ၏။ စနီး အခန်းထဲရောက်သည်နှင့် ရှေးက ခုတင်ပေါ်က ခေါင်းအုံးနှင့် စောင်ကို အခန်းအပြင်သို့ ပစ်ပေါက်ပေးလိုက်ပြီး အခန်းတံခါးကို ဂျိတ်ခနဲ ပိတ်ချလိုက်တော့သည်။

❑ ❑ ❑



❀ ❀ ❀

နောက်တစ်နေ့မနက်ခင်း ရှေး အိပ်ရာမှ ထလာချိန်တွင် တစ်အိမ်လုံး ထူးထူးခြားခြား တိတ်ဆိတ်ခြောက်ကပ်နေတာကို သတိထားမိလေသည်။

ပုံမှန်အတိုင်းဆို မလုံး၊ အေးမြနှင့် ပိစိတို့ သုံးယောက်ရဲ့ စကားတွတ်ထိုးသံနှင့် ရယ်မောသံသဲ့သဲ့ကို ကြားရလေ့ရှိပြီး တစ်ယောက်မဟုတ် တစ်ယောက်ကတော့ အိမ်သန့်ရှင်းရေး လုပ်နေတာ တွေ့ရတတ်သည်။ ဒီမနက်မှာတော့ အသံလည်းမကြား၊ လူလည်းမတွေ့ချေ ...။

ရှေးက ပျင်းကြောလေးတစ်ချက် ဆန့်ကာ အိမ်တွင်းစီး မွေးပွဖိနပ်လေးကို ရှပ်တိုက်စီးပြီး အိမ်ရှေ့သို့ ထွက်အလာ လှေကားရင်းမှာ ငုတ်တုတ်ကလေးထိုင်၍ မှိုင်နေသော ပိစိကို တွေ့လိုက်ရလေသည်။

"ဟင် ... ပိစိ ... နင် ဘာလုပ်နေတာလဲ၊ အေးမြတို့ရော



www.burmeseclassic.com

www.burmeseclassic.com



“အဟင့် … ဟင့် … မမရှေး၊ အီးဟီး … အေးမြတို့ မရှိကြတော့ဘူး မမရှေးရဲ့၊ အီးဟီး … ဟီး … အင့် … ဟင့်”

ပိစိက ရှိုက်ကြီးတငင် အော်ငိုလိုက်တာမို့ ရှေးက ပိစိရှေ့မှာ ထိုင်ချလိုက်ပြီး ပိစိရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း

“ဟဲ့ … ဟဲ့ … အဲဒီလောက်ကြီး မငိုနဲ့လေ၊ အေးမြတို့က ဘယ်သွားကြလို့လဲ … ၊ ငါ့ကို သေချာပြောစမ်းပါ ပိစိရယ်၊ နင့်လုပ်ပုံနဲ့ ငါအသည်းထိတ်လိုက်တာဟယ် …”

“အဟင့် … အီး … ဟီး … ကိုယုဂန်က အစ်မအေးမြနဲ့ မမလုံးကို ပြန်ခိုင်းလိုက်ပြီ မမရှေးရဲ့ …”

“ဘာ … ဘာ … ဘယ်လို၊ သူက ဘာဖြစ်လို့ အေးမြတို့ကို ပြန်ခိုင်းရတာလဲ …”

“ပိစိလည်း ဘယ်သိပါ့မလဲ မမရှေးရဲ့ … ၊ ပိစိက ဘယ်လိုလုပ် မေးရဲမှာလဲ မမရှေးရဲ့ …”

“အေးပါ … အေးပါ … ဟုတ်ပါပြီ၊ ယုဂန်တော့လား တွေ့မယ်၊ ပိစိ နင်မငိုနဲ့တော့၊ ဒီကိစ္စ ငါရှင်းပေးမယ်၊ အခု ယုဂန် ဘယ်မလဲ …”

“အစ်မအေးမြနဲ့ မမလုံးတို့ကို ကားဂိတ် လိုက်ပို့ပေးမယ် ဆိုပြီး ထွက်သွားတာ ကြာပြီ …”

ရှေးသည် တလိပ်လိပ် ထွက်လာနေသော ဒေါသကို ပြန်ပြန်မျိုချရင်း ယုဂန်ပြန်အလာကို ထိုင်၍ စောင့်နေလိုက်လေသည်။





သိပ်မစောင့်လိုက်ရဘဲ ယုဂန် ကား ခြံထဲဝင်လာတာကို လှမ်းမြင်လိုက်ရသည်။

ကားရပ်ပြီး ကားပေါ်က ဆင်းလာသော ယုဂန်က အေးအေးဆေးဆေး လေလေးတစ်ချက်ချွန်ကာ အိမ်ထဲသို့ လှမ်းဝင်လာသည်။ ပုံစံက ဘာတစ်ခုမှ အမှားမလုပ်ခဲ့သလိုမျိုး …။

“ယုဂန် …”

ရှေးက ခပ်ဆတ်ဆတ် လှမ်းခေါ်တော့ ယုဂန်က နေကာမျက်မှန်ကို ခေါင်းပေါ်ပင့်တင်လိုက်ရင်း ‘ပြော’ ဆိုသည့်သဘော မေးတစ်ချက်ဆတ်ပြလိုက်သည်။ ပုံစံကိုက ပြေးရိုက်ပစ်ချင်စရာ အမြင်ကတ်စရာ ကောင်းလွန်းနေသည်။

“ရှင် … ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ ယုဂန်”

“ဘာကိုလဲ …”

“အေးမြနဲ့ မလုံးကို ကျွန်မ မသိဘဲ ရှင့်သဘောနဲ့ရှင် ဘာလို့ ပြန်ပို့လိုက်တာလဲ …”

“ဪ … ဒါလား၊ ဒါက အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်အတိုင်း ဆုံးဖြတ်လုပ်ဆောင်လိုက်တာပဲလေ၊ အိမ်ထောင်ဦးစီးတစ်ယောက်ရဲ့ ပထမခြေလှမ်းပဲ ဆိုပါတော့ …”

“အဓိပ္ပာယ်မရှိလိုက်တာ …”

“အဓိပ္ပာယ်ရှိတာပေါ့ ကိုယ့်အိမ်ရှင်မရဲ့၊ မင်းပဲ စဉ်းစားကြည့်စမ်းပါဦး၊ ဒီခေတ်ကြီးမှာ လူတစ်ယောက်စရိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ နည်းလား၊ မင်းနဲ့ငါ ဒီလင်မယားနှစ်ယောက်အတွက် ကူဖော်လောင်ဖက် သုံးယောက်တောင် ထားတယ်ဆိုတော့ သက်သက် ဖြုန်းတီးရာ ကျမနေဘူးလား၊ လက်တိုလက်တောင်း ပိစိတစ်ယောက်ရှိရင် လုံလောက်တာပဲဟာ၊ သူတို့မရှိတော့ မင်းလည်း အိမ်ရှင်မပီပီ အစွမ်းပြလို့ ရတာပေါ့၊ အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် စဉ်းစားပြီးမှ အိမ်ထောင်ဦးစီးပီပီ လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တာလေ ...”

“ရှင်လုပ်ချင်တိုင်း လုပ်လို့ရမလား၊ ဒါ ကျွန်မအိမ်၊ အေးမြတို့က ကျွန်မ ငယ်ငယ်လေးကတည်းက ဒီအိမ်မှာ နေလာခဲ့တဲ့သူတွေ၊ ကျွန်မကို ချစ်ကြတဲ့သူတွေ၊ သူတို့ကို ရှင် ဒီလိုမလုပ်သင့်ဘူး ယုဂန် ...”

“မင်း ကိုယ့်အဆင့်အတန်းနဲ့ ကိုယ် မနေတတ်ဘူးလား”

“ရှင် ဒီလိုစကားမျိုး လာမပြောနဲ့ ယုဂန်၊ မေမေရှိတုန်းကတောင် ကျွန်မ သူတို့နဲ့ အရောတဝင်နေတာကို မပိတ်ပင်ခဲ့ဘူး၊ သူတို့ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ကျွန်မကို ချစ်တဲ့အတွက် စေတနာထားတဲ့အတွက် ကျွန်မ သူတို့ကို အရမ်း သံယောဇဉ်ရှိတယ်၊ ကျွန်မ သံယောဇဉ်ရှိတဲ့ သူတွေနဲ့ ကျွန်မနဲ့ ခွဲမထုတ်ပါနဲ့ ယုဂန်”

“မင်းက အိမ်ထောင်သည်ပဲ ဖြစ်နေပြီ၊ ခုထိ မရင့်ကျက်သေးပါလား ရွှေလက်၊ တော်ပြီကွာ ... ငါ့ကို ဘာမှ





လာပြောမနေနဲ့တော့ နားငြီးတယ်”

ယုဂန်က ရွှေလက်ကို ကျောခိုင်းပြီး အိမ်ပေါ်ထပ်သို့ ပြေးတက်သွားသည်။

ရွှေသည် လှေကားရင်းတွင် ရပ်တန့်လျက် အံ့တင်းတင်းကျိတ်ရင်း သူ့ကို မော့ကြည့်ကျန်ခဲ့လေသည်။

ဘယ်လောက် လူပါးဝလိုက်သလဲ။

ဘယ်လောက် တစ်ဖက်စောင်းနင်း အနိုင်ကျင့်လိုက်သလဲ ...။

ဒီလိုလူမျိုးရဲ့ လက်ထဲမှာ သမီးကို ထားခဲ့တဲ့ မေမေရယ် ... သမီးအဖြစ်ကို ကြည့်လှည့်ပါဦးဟု မေမေ့ကို တမ်းတရင်း ရွှေ ငိုချင်လာမိသည်။

တကယ်တော့ အိမ်ထောင်ရေးဆိုတာ ဘယ်အချက် ဘယ်အချက်တွေကို သေချာ ကြိုတင်တွက်ချက်ပြီး ဒီအချက်တွေ ပြည့်စုံရင်တော့ ငါ့ဘက်က အပိုင်ပဲရယ်လို့ သေချာပေါက် တွက်ဆလို့မရတဲ့အလုပ်မျိုးပါ။ အခု မျိုးရိုးကောင်းကောင်းလေးကို လက်ထပ်ထားရတဲ့ သမီးအဖြစ်ကို ကြည့်လှည့်ပါဦး မေမေရယ်ဟု မေမေ့ကို တမ်းတကာ ရွှေရဲ့ မျက်ဝန်းထဲမှ မျက်ရည်စက်တို့သည်လည်း ပါးပြင်ထက်ဆီ ဆင်းသက်ကျကြွေခဲ့ရလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

"ပိစိရေ... နွားနို့ကျိုပြီးရင် ယူခဲ့တော့ဟေ့၊ ဒီမှာ စနိုး ဗိုက်ဆာနေပြီ၊ စနိုး ခဏလေးနော်၊ နွားနို့သောက်ရတော့ မယ်နော် ..."

ရှေးသည် အစာခွက်လေးနားမှာ ယောက်ယက်ခတ်လျက် ဗိုက်ဆာနေကြောင်း ဆန္ဒပြနေသည့် စနိုးကို ပွတ်သပ်ချော့မော့နေရင်းက ပိစိကို လှမ်းပြောလိုက်သော်လည်း ပိစိထံက ဘာသံမှ ပြန်မကြားရ၊ လူလည်း ရောက်မလာချေ။

"ပိစိရေ... မြန်မြန်လာတော့လေ၊ နင့်နွားနို့က မကျက်သေးလို့လား"

ရှေးက နောက်တစ်ကြိမ် ထပ်အော်ခေါ်လိုက်တော့မှ ပိစိက မျက်လွှာလေး ချ၍ ရှေးရှေ့သို့ ရောက်လာသည်။

"ဟဲ့ ... ဘယ်မှာလဲ နွားနို့ ..."

"ဟို ... ဟိုလေ ..."





"ဘာလဲ ... ပြောလေ ပိစိရဲ့၊ ဘာတွန့်ဆုတ်ဆုတ် လုပ်နေတာလဲ"

"ဟိုဒင်း ... နွားနို့က မရှိတော့ဘူး မမရှေး"

"ဘာလို မရှိတော့တာလဲ၊ မှောက်ကုန်လို့လား၊ မီးဖိုပေါ်က မချမိလို့ ခန်းသွားတာလား"

"နှစ်ခုလုံး မဟုတ်ဘူး မမရှေး၊ လူသောက်လို့ ကုန်သွားတာပါ"

"လူ !..."

"ဟုတ်ကဲ့ ...၊ လူသောက်လို့ ကုန်သွားတာပါ"

"ဘယ်လူလဲ၊ ရှင်းအောင် ပြောပါဟဲ့ ..."

"ဒီအိမ်မှာ လူသုံးယောက်ရှိတယ်လေ မမရှေး၊ လူပိစိလည်း မသောက်ဘူး၊ လူ မမရှေးလည်း မသောက်ရင် လူတစ်ယောက်ပဲ ကျန်တော့တဲ့ဟာ၊ အဲ့ဒီ 'လူ' သောက်သွားတာပေါ့"

ပိစိက ယုဂန်ကို ကြောက်ရတာမို့ ယုဂန်ဟု တိုက်ရိုက်မပြောတာကို ရှေးက သဘောပေါက်သွားကာ ...

"ဟင် ... ဒါဆို ယုဂန် သောက်သွားတာပေါ့ ...၊ ဒင်းက ခွေးဆိုကတောင် လုသောက်ရဲတယ်ပေါ့ ..."

ပိစိက မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ရှေးကို ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်နေ့ကလည်း စနီးဖို့ မမရှေး ပြုတ်ခိုင်းထားတဲ့ ငါးတွေကို လူ စားသွားသေးတယ်"

ဟု တိုးတိုးလေး ပြောလိုက်ပြန်သည်။

ရှေးသည် တနုံ့နုံ့ ဒေါသထွက်လာကာ ...

"ဒင် တော်တော်ဆိုးနေပါလား၊ အခု ... ယုဂန် ဘယ်မလဲ၊ ယုဂန် ... ယုဂန်"

"အဲ့ဒီလောက် အော်စရာမလိုပါဘူး၊ ကိုယ်က မင်းအနားမှာပါ"

ရှေးက အပေါ်ထပ်သို့ မော့ကြည့် အော်ခေါ်လိုက်ချိန်မှာ ရှေးနောက်ကျောဘက်က ထွက်လာသော အသံခပ်တိုးကြောင့် ချာခနဲ လှည့်ကြည့်လိုက်သည်။

ညည့်ခန်း ဆိုဖာတွေကြား ကြမ်းပြင်ပေါ်မှာ ခွေခေါက် မှိလျှော၍ ထိုင်နေသော ယုဂန်က ပျင်းရိပျင်းတွဲ ထရပ်လျက် ကျောဆန့်လိုက်ရင်း ...

"မနက်မိုးလင်းတာနဲ့ ကိုယ့်ကို အသည်းအသန် လိုအပ်တာပဲလား၊ ကဲ ... ပြော ... ဘာပြောမလို့လဲ ..."

"တောက် ... ပြောပုံကိုက အကြောကြီးနဲ့"

ရှေးသည် မချိမချဉ် ထိုမျက်နှာအား ပြေးကုပ်ဆွဲချင်စိတ်ကို ထိန်းထားရရင်း ...

"နင် ဘာသဘောနဲ့ ခွေးစာခွက်ကို လုလုစားနေတာလဲ ယုဂန်၊ နင့်အဆင့်က ခွေးနဲ့တောင် လုစားရတဲ့အဆင့်





လား၊ နင် မရှက်ဘူးလား"

"ငါ့သောက်ဖို့ နွားနို့ကနည်းနေလို့ ရှိတဲ့နွားနို့ ယူသောက်လိုက်တယ်လေ၊ ငါးပြုတ်လည်း ငါစားချင်လို့ ယူစားလိုက်တယ်လေ ... အဲ့ဒါ ဘာဖြစ်လဲ"

"နင် လူမဟုတ်ဘူးလား၊ လူဆိုရင် လူစာ စားရတယ်ဟဲ့၊ ငါးပြုတ်က စနီးဖို့ဆိုတာ နင်မသိဘူးလား"

"မသိဘူးလေ ...၊ တစ်နေ့ တစ်နေ့ ငါစားနေတဲ့ လူစာက ခွေးစာလောက်တောင် မကောင်းတော့ ခွေးစားခွက် လုစားတာကမှ အရသာပိုရှိသေးတယ်"

"ကောင်းကောင်းမွန်မွန် ချက်ပြုတ်ကျွေးနေတဲ့ မလုံးနဲ့ အေးမြကို နင်ပဲ ပြန်လွှတ်လိုက်တာလေ ...၊ အဲ့ဒီတော့ နင့်ထိုက်နဲ့ နင့်ကံပဲပေါ့ ..."

"မလုံးတို့မရှိလည်း မင်းက အိမ်ရှင်မပဲ၊ ချက်ပြုတ်တဲ့ ကိစ္စကို မင်းလုပ်ရမှာပေါ့၊ မင်း အပျင်းကြီးပြီး ဘာမှ မလုပ်တတ်တဲ့ ပိစိကိုပဲ ခိုင်းခိုင်းနေတော့ ပိစိချက်တဲ့ ဟင်းက ခွေးတောင်မစားချင်တဲ့ ဟင်းမျိုးဖြစ်နေတယ်လေ၊ သူချက်တဲ့ဟင်းထက် ရေလုံပြုတ်ကမှ စားကောင်းနေသေးတယ်"

"ဘာမှမလုပ်တတ်တဲ့ ပိစိတစ်ယောက်ကိုပဲ နင်က ချန်ထားပေးတာလေ၊ အဲ့ဒီတော့ ပိစိလက်ရာပဲ နင်စားပေါ့၊ မစားနိုင်လည်း နင့်အမေအိမ်မှာ သွားစားပေါ့ ...၊ နင်



www.burmeseclassic.com

www.burmeseclassic.com



တမင်ညစ်ပြီး ခွေးစားခွက် လုစားနေတာ ငါမသိဘူး မှတ်လို့လားဟဲ့ ... အပုပ်ကောင်ရဲ့"

"အေး ... ငါက အပုပ်ကောင်ဆိုရင် မင်းလည်း အပုပ်ကောင်ပဲ၊ လူဆိုတာ အပုပ်ကောင်ရုပ်ဆောင်နေတဲ့ လူတွေချည်းပဲ ..."

"နင်က သူများထက် နှစ်ဆပိုပုပ်တယ်ဟဲ့ ..."

"မင်က လေးဆ ပိုပုပ်တယ်"

"နင်က ရှစ်ဆ ..."

"မင်းက ဆယ့်ခြောက်ဆ ..."

"နင်က ၃၂ ဆ ..."

"မင်းက ၆၄ ဆ ..."

"နင်က အဆပေါင်း သန်းတစ်ထောင် ပိုပုပ်တယ်ဟဲ့၊ အံ့မလေး ပြောရင်းဆိုရင်း ပုပ်စော်တောင်နံလာပြီ၊ ပိစိရေ ... နှာခေါင်းပိတ်ပြီး ဝေးဝေးရှောင်ဟေ့ ..."

ရှေးက နှာခေါင်းကို လက်ဖြင့်ညှစ်ပိတ်လျက် ပိစိကို အော်ပြောရင်း ယုဂန်ရှေ့ကနေ ထွက်လာခဲ့လေသည်။

ခဏနေတော့ ညှော်ခန်းထဲက သီချင်းဖွင့်သံ ကျယ်ကြီးနှင့်အတူ ယုဂန်ရဲ့ သံပြိုင်အော်၍ လိုက်ဆိုသံကို ကြားလိုက်ရသည်။

ကျက်သရေ တုံးလိုက်ပါဘိ။



ထိုနေ့ နံနက်ခင်းက ယုဂန် အိပ်ပျော်နေဆဲတွင် ဖုန်းမြည်လာလေသည်။

ယုဂန်သည် ဖုန်းသံကြောင့် နိုးလာရသော်လည်း အိပ်ချင်မူးတူးဖြင့် မျက်လုံးမဖွင့်နိုင်သေးဘဲ အိပ်ရာဘေး၊ အိပ်ရာပေါ်အနှံ့ လက်ဖြင့် လိုက်စမ်းရင်း ဖုန်းကို ရှာနေလိုက်သည်။

လူကသာ အိပ်ရာထဲမှာ တစ်ပတ်လည်သွားသော်လည်း ဖုန်းကို စမ်းလို့မတွေ့နိုင် ...။ ဖုန်းသံကတော့ အဆက်မပြတ် မြည်နေဆဲ ...။ နောက်ဆုံးမှာတော့ ဖုန်းသံဟာ သူ့ခြေရင်းမှာ လုံးထွေးနေသည့် စောင်ပုံထဲမှလာကြောင်း ရိပ်မိသွားကာ စောင်ပုံထဲသို့ လက်ထိုးမွှေနှောက်ပြီး ဖုန်းကို စမ်းရ၏။ သို့သော် ... မရ။ ဖုန်းက အသံပဲပေးပြီး တူတူပုန်းနေတာမို့ စောင်ကို ဆွဲဖြန့်ခါပစ်လိုက်တော့မှ ဖုန်းကထွက်ကျလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယုဂန်က မျက်လုံးကို တစ်ချက်ပွတ်လျက် ဖုန်း Display ကို ငုံ့ကြည့်လိုက်ရာ ...

"ဟင် ... မြူပါလား၊ မြူ့ဆီကပါလား ..."

မြူ့ ဖုန်းနံပါတ် ပေါ်နေတာကို တွေ့လိုက်ရတာမို့ သူ့မျက်လုံးတွေက ရုတ်တရက် ပြူးကျယ်လာကာ ခန္ဓာကိုယ်က မတ်ခနဲ ဖြစ်သွားရလေသည်။

ယုဂန်သည် အိပ်ရာထက်မှ ငုတ်တုတ် ကြောင်တောင်လေး ထိုင်လျက် ဖုန်းကို ငုံ့ကြည့်နေရင်းက ...

"မကိုင်ဘူးကွာ ...၊ ခုမှလာဆက်နေစရာ ဘာအကြောင်းမှ မရှိဘူး"

ဟု ရေရွတ်ရင်း မျက်နှာလွှဲလိုက်သည်။

သို့သော် ... ဖုန်းသံက ခဏပဲနားပြီး ဆက်တိုက်မြည်လာပြန်သည်။ မကိုင်မချင်း ခေါ်နေတော့မယ့်သဘောလား။

ယုဂန်သည် တစ်ဖက်သို့ လှည့်ကာ မျက်နှာလွှဲနေသော်လည်း စိတ်မပြတ်ဘဲ ဖုန်းကို အသာ ပြန်ငုံ့ကြည့်မိပြန်သည်။

ဖုန်းမကိုင်ရင် သရဲဘောကြောင်ရာ ကျနေမလား။

သူတောင်မှ ဆက်ရဲသေးရင် ငါက ဘာလို့မကိုင်ရဲရမှာလဲ ...။

ယုဂန်က အိပ်ရာပေါ်က ဖုန်းကို ဆတ်ခနဲကောက်ကိုင်လိုက်ရင်း ...





"ဟဲလို ..."

"ယုဂန်၊ မြူပါ ..."

"ဘာကိစ္စရှိလို့လဲ ..."

"အဟင်းဟင်း ...၊ ကွန်ဂရက်ကျူလေးရှင်း လုပ်တာပါ ယုဂန်ရယ်၊ ယုဂန်တို့ ခြေလှမ်းသွက်ပုံများ ယုံတောင် မယုံနိုင်ဘူး၊ ဘယ်တုန်းကတည်းက ကျိတ်ကြံစည်ထားလို့ ခုလောက် မြန်မြန်ကြီး လက်ထပ်ဖြစ်သွားတာလဲ"

"ဒီလိုပါပဲ ... တစ်ယောက်နဲ့ အဆင်မပြေရင် ယူစရာ အသင့် ရှိအောင် ရံထားရတာပေါ့၊ ခေါင်းများများတန်းစီထားမှ တစ်ခေါင်း မဟုတ် တစ်ခေါင်း ခေါက်လို့ရမှာလေ ...၊ ဒီလို ဗျူဟာတွေ မင်း ကျွမ်းပါတယ် မြူ ...၊ ကိုယ်က မင်းဆီက အတုယူလိုက်ရုံလေးပါ"

"အဟင်း ... မဆိုးပါဘူး၊ မင်း တော်ပါကယ် ...၊ ကိုယ် ဘန်ကောက်က ဖက်ရှင်ရှိုးတစ်ခု သွားနေလို့ မင်း လက်ထပ်တဲ့သတင်းကို ပြန်ရောက်မှ သိရတာ၊ လက်မှတ်ထိုးပြီး မင်္ဂလာဆွမ်း ကျွေးလိုက်တာဆို ..."

"ဟုတ်တယ် ..."

"မြူတောင်မှ မင်းတို့အတွက် လက်ဖွဲ့လာပေးမလို့ပဲ"

"မင်းကို ဘယ်သူက ဖိတ်လို့လဲ ..."

"မိတ်ဆွေချင်း အသိအမှတ်ပြုတဲ့အနေနဲ့ ပေးချင်လို့ပါ၊ ခုဆို ယုဂန်လည်း အိမ်ထောင်ကျသွားပြီဆိုတော့ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



တွေလို ရိုးရိုးသားသား ခင်လို့ရပြီပဲလေ၊ အခု ... ယုဂန်နေတဲ့ လိပ်စာလေး ပြောပါလား၊ လက်ဖွဲ့လည်းပေးရင်း အိမ်လာလည်မယ်လေ ...”

“ဖယား လာမရှုပ်စမ်းပါနဲ့ မြူ ...”

“ဘာလဲ ... မင်းမိန်းမက မိန်းကလေး မိတ်ဆွေ အိမ်လည်လာတာ မကြိုက်ဘူးလား၊ မင်းက မိန်းမကြောက်ရတယ်လား ...”

“လုံးဝ မကြောက်ဘူး”

“ဒါဆို ဘာလို့ ဖွတ်ကြီးငြင်းနေတာလဲ ...၊ ကိုယ် လာခဲ့လိုက်မယ်၊ ယုဂန် ဇနီးနဲ့လည်း မိတ်ဆက်ပေးပေါ့ ...၊ အိုခေနော် ...”

❏ ❏ ❏



❀ ❀ ❀

တကယ်တမ်းကျတော့ မြူရဲ့ ‘မိတ်ဆွေတွေလို ဆက်ခင်ကြတာပေါ့’ ဆိုသော စကားကို ယုဂန်က မလွန်ဆန်နိုင်ပေ။

အစပိုင်းမှသာ ခပ်တင်းတင်း ဆက်ဆံနိုင်ပေမယ့် မြူ့ရဲ့ ပညာသားပါသော၊ ချည်နှောင်သော၊ သူ့ရဲ့ မခံချင်စိတ်ကို ဆွသော၊ ချော့မော့ လိုက်လျောသော စကားလုံးများအောက်မှာ တစ်စတစ်စ ပျော့ပျောင်းလာခဲ့ရတာ ဖြစ်သည်။

ထိုနေ့က မြူသည် သူ့ကိုယ်သူ ယုံကြည်မှုရှိသော ပုံစံဖြင့် ယုဂန်နှင့် ရွှေလက်ာတို့အိမ်သို့ ရောက်လာခဲ့သည်။

သူမပုံစံက ဘာကိုမှ ဂရုစိုက်ပုံမပေါ်။ ယုဂန်နဲ့ ပတ်သက်ခဲ့ဖူးတာကိုလည်း မျက်နှာပူပုံမရ ...။

သူမရောက်လာတော့ ယုဂန်က အိမ်ရှေ့ ရေကူးကန်လေးနားက စားပွဲမှာ သူမကို ဧည့်ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာက မှုန်တည်တည်ဖြစ်နေတာမို့ မြူက သူ့ကို ပြုံးပြရင်း ...

"အခု ... မြူ မင်းကို ပထမဆုံး ပြောချင်တဲ့ စကားက တောင်းပန်တဲ့ စကားပဲ ယုဂန် ...၊ မြူ ယုဂန်ကို ပြောခဲ့တဲ့ စကားတွေက ယုဂန်ရဲ့ ယောကျ်ားမာနကို ထိခိုက်စေတယ်ဆိုရင် မြူ တောင်းပန်ပါတယ်၊ အဲ့ဒီနေ့က မြူလည်း ဒေါသအလျှောက် ပြောခဲ့မိတာပါ၊ မြူ့ကို ခွင့်လွှတ်တယ် မဟုတ်လားဟင် ..."

မြူ့စကားတွေက အရင်လို ဆွဲဆောင်မှုရှိဆဲ၊ မြူ့အပြုံးတွေက သူ့စိတ်ကို ညှို့ယူနိုင်ဆဲ ...။ တောင်းပန်နေတဲ့ အမူအရာနဲ့ စကားလုံးတွေက တစ်ဖက်လူ အရည်ပျော်လောက်သည်။

သို့သော် ... ခုချိန်မှာ ဘာများ အသုံးဝင်တော့မှာမို့လို့လဲ။

"ဟင် ... ယုဂန် ခွင့်လွှတ်တယ် မဟုတ်လားဟင်"

"ကိုယ် ... ခွင့်လွှတ်လွှတ် မလွှတ်လွှတ် ခုချိန်မှာ ဘာများ အရေးကြီးတော့လို့လဲ မြူ၊ မင်းနဲ့ကိုယ် ရှေ့ဆက် ပတ်သက်စရာအကြောင်းမှ မရှိတော့တာ ..."

"မြူက ပတ်သက်ချင်သေးတယ် ဆိုရင်ရော ..."

"အဲ့ဒီစကားက ဘာအထာလဲ ..."





"ဟင်း ... ဟင်း ... ဘာအထာမှမပါပါဘူး၊ ရိုးရိုးလေးပဲ ပြောလိုက်တာပါ၊ ခုချိန်မှာ ယုဂန်နဲ့ မြူက မိတ်ဆွေတွေပဲလေ၊ မိတ်ဆွေအနေနဲ့ပတ်သက်လို့ ရတာပဲမဟုတ်လား၊ ဘာလဲ ... မင်းအမျိုးသမီးက မိန်းကလေး မိတ်ဆွေတွေနဲ့ အပေါင်းအသင်း မလုပ်ရဘူးလို့ မှာထားလို့လား"

"မမှာပါဘူး၊ မှာလည်း ဂရုမစိုက်ဘူး ..."

"ဒါဆို မြူ့ကို မိတ်ဆွေအဖြစ် လက်မခံစရာ ဘာအကြောင်းရှိလို့လဲ၊ ယုဂန်မှာ စိတ်ညစ်စရာရှိရင် မြူ့ကို ရင်ဖွင့်၊ မြူ့မှာ စိတ်ညစ်စရာရှိရင်လည်း ယုဂန်ကို ရင်ဖွင့်မယ်လေ၊ ဘာချည်နှောင်မှုမှမပါတဲ့ ဖြူဖြူစင်စင် မိတ်ဆွေတွေပေါ့ ... မဟုတ်ဘူးလား"

မြူ မေးဆတ်ပြီး ပြောလိုက်ပုံက တကယ့် အပိုင်ကြီးပင် ...။

ပြီးတော့ ... မြူက ဖဲကြိုးဖြင့် ချည်ထားသော ဘူးလေးတစ်ဘူးကို လက်ကိုင်အိတ်ထဲမှ ထုတ်ယူကာ စားပွဲပေါ်သို့ တင်လိုက်သည်။

"ဒါ ... မင်းအတွက် မြူ့ရဲ့ လက်ဖွဲ့ ..."

မြူက ပြောပြောဆိုဆို ဖဲကြိုးစလေးတစ်ဖက်ကို ဆတ်ခနဲ ဆွဲလိုက်တော့ ကြိုးတွေအားလုံး ပြေလျော့သွားသည်။

မြူ့အပြုအမူတိုင်းက ထူးခြားစွာ ဆွဲဆောင်မှု ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြူက ဘူးလေးကိုဖွင့်ကာ အတွင်းမှ ပိုးပဝါလေးတစ်စကို ထုတ်ယူလိုက်ပြီး အစွန်းနှစ်ဖက်မှ ကိုင်ကာ လေထဲမှာ ခါဖြန့် ဖော့ယမ်းနေရင်းက ယုဂန်ရဲ့ လည်ပင်းနောက်သို့ ဆတ်ခနဲ သိုင်းယူကာ သူမဘက်သို့ ဆွဲလိုက်သည်။

ယုဂန်က အမှတ်တမဲ့မို့ သူမဘက်သို့ ငိုက်ကျသွားတော့ သူမက နောက်သို့ယိမ်း၍ ရှောင်ကာ ခေါင်းမော့ ရယ်မောလိုက်ရင်း ...

"ဟင်း... ဟင်း ... လန့်သွားလား၊ မြူက သရုပ်ပြလိုက်တာပါ၊ ဒီပဝါလေးနဲ့ ယုဂန်ရဲ့ အမျိုးသမီးကလေးကို အဲဒီလိုလေး ကျီစယ်ပြီးမှ ယုယုယယ ခြုံပေးလိုက်ပေါ့"

ယုဂန်သည် မြူ့ရဲ့ခပ်ဆန်းဆန်းအပြုအမူကို စိတ်ဆိုးရမှာလား၊ ရယ်မောရမှာလားမသိ၊ မြူ့ကို နှင်ထုတ်သင့်သလား၊ လိုလိုလားလား လက်ခံစကားပြောသင့်သလားလည်း မသိ၊ မြူနဲ့ပတ်သက်ပြီး အာရုံထဲမှာ ရှုပ်ထွေးနေပါသည်။

မြူက ပဝါစလေးကို ပြန်ခေါက်ကာ ဘူးထဲသို့ ပြန်ထည့်နေဆဲမှာ အိမ်ထဲမှထွက်လာသော ရှေးကို လှမ်းမြင်လိုက်ရလေသည်။

မနေ့ကမှ စတက်ဆံပင် ဖွာဖွာလေးတွေကို လည်ကုပ်နားမှ ဖြတ်ချကာ ဒေးဗစ်ဘက်ခမ်း မိန်းမလို ရှေ့ဘက်က ဘေးတစ်စောင်း အစွေ ညှပ်ထားသော ဆံပင်ပုံကြောင့် ရှေးမျက်နှာက ပိုပြီး နုနယ်နေသည်။ ဘောင်းဘီတိုအဖြူနှင့်





ချည်သားရှပ် ပါးပါးပွပွ အနီကွက်ကျဲကျဲလေးရဲ့ အောက်နားနှစ်စကို ခါးနားမှာ စုချည်ကာ လက်တစ်ဖက်က ဘတ်စကတ်ဘောလုံးတစ်လုံးကို ပိုက်၊ ကျန်တစ်ဖက်က ပန်းသီးတစ်လုံးကို ကိုင်ကာ ကိုက်စားရင်း ခြံထဲသို့ လျှောက်လာနေသော ရှေးကို မြူက လှမ်းကြည့်ရင်း ...

"မင်း အမျိုးသမီးလား"

"ဟုတ်တယ် ..."

"တကယ့် ချွတ်တားလေးပဲ၊ အေးလေ ... မင်းနဲ့တော့ လိုက်ဖက်ပါတယ်၊ မြူနဲ့ မိတ်ဆက်ပေးဦးလေ ယုဂန်"

"ရှုတ် ... ရှုတ်၊ ရှေးလက်ာ ... ခဏ၊ ဒီမှာ ဧည့်သည်က မိတ်ဆက်ချင်လို့တဲ့"

ရှေးက အလယ်အူတိုင်ပဲ ကျန်တော့သည့် ပန်းသီးကို ခြံထောင့်အမှိုက်ပုံးထဲ လှမ်းပစ်ထည့်လိုက်ပြီး လက်ကို ဘောင်းဘီဖင်နှင့် ပွတ်သုတ်ရင်း ပါးစပ်ကလည်း ပန်းသီးကို ပလုတ်ပလောင်း ဝါးစားရင်း ယုဂန်တို့နားသို့ လျှောက်လာသည်။

ယုဂန်သည် ရှေးရဲ့ ကပျစ်ကညစ်ပုံစံကို ကြည့်မရသော်လည်း မြူ့ရှေ့မှာမို့ စကားအကောင်းပြောဖို့ ကြိုးစားရကာ

"ရှေး ... ဒါ ကိုယ့်မိတ်ဆွေ မြူတဲ့၊ မြူ သူ့နာမည်က ရှေးလက်ာတဲ့"

"နာမည်လေးက ချစ်စရာလေး၊ လူလေးကလည်း ချစ်



www.burmeseclassic.com

www.burmeseclassic.com



စရာလေးပဲ၊ ယုဂန်တို့ကတော့ မိန်းမရတာကယ်ကံကောင်းတာပဲနော် ...”

“ထင်လို့ပါ ...”

ယုဂန်က မကြားတကြား ရေရွတ်လိုက်တော့ ရှေးက နှုတ်ခမ်းကို မသိမသာ မဲ့လိုက်လေသည်။

မြူက ရယ်မောရင်း ...

“နောက်မနေစမ်းပါနဲ့ ယုဂန်ရယ်၊ တော်ကြာ ရှေး စိတ်ဆိုးသွားပါဦးမယ်၊ ယုဂန်က နည်းနည်းတော့ ဆိုးတယ် ရှေးရဲ့၊ ရှေး တော်တော် သည်းခံရမယ်၊ သူ့အကြောင်း မြူအသိဆုံးပဲ၊ သူက အလိုက်သိတဲ့ လူစားမျိုးလည်း မဟုတ်ဘူးလေ၊ ခု ကြည့်ပါလား၊ မြူ ရောက်နေတာဖြင့် ကြာလှပြီ၊ ခုထိ ရေလေးတစ်ခွက်တောင် မတိုက်သေးဘူး၊ စေတနာရှိရင် ကော်ဖီလေး တစ်ခွက်လောက်တော့ ကိုယ်တိုင် ဖျော်တိုက်သင့်ပါတယ် ယုဂန်ရယ် ...”

မျက်ခုံးကလေးပင့်၍ မြူက ခနဲ့တဲ့တဲ့လေး ပြောတော့မှ ယုဂန်က ကော်ဖီဖျော်ဖို့ အိမ်ဘက်သို့လျှောက်သွားသည်။

ရှေးသည် မြူ့ရဲ့ ပိုင်စိုးပိုင်နင်း အပြောနှင့် လှပ၍ ဆွဲဆောင်နိုင်စွမ်းရှိသော အမူအရာတို့ကို ငေးမောနားဆင်ရင်း တတ်လည်း တတ်နိုင်တဲ့ မိန်းမပဲဟု တွေးနေမိသည်။

မြူဟာ အရင်တုန်းကတော့ ယုဂန်ကို ခိုင်းဖတ်လိုသဘောထားတာ မဟုတ်လား ...။





ခုမှ ဘာလို့ အိမ်အထိလိုက်လာပြီး လှိုက်လှဲပျူငှာနေရတာလဲ ...။

သူတို့ချင်း ဇာတ်လမ်း ပြန်ဆက်ချင်တဲ့ သဘောလား ...။

ဆက်ကြပေါ့ ...။ ဆက်လည်း ရှေးတို့က ဂရုမစိုက်ပါဘူး။

“နေဦး ... ရှေးကို မြူ တွေ့ဖူးသလိုပဲ”

ယုဂန်ထွက်သွားတော့မှပဲ မြူက ရှေးဆီမှာ အပြည့်အဝ အာရုံစိုက်လာကာ ရှေးမျက်နှာကို စေ့စေ့ကြည့်ရင်း ရေရွတ်လိုက်သည်။

“တကယ် တွေ့ဖူးတာ သေချာတယ်၊ ဘယ်မှာတွေ့ဖူးတယ်ဆိုတာသာ မမှတ်မိတာ”

“ကန်တော်ကြီးထဲက စားသောက်ဆိုင်မှာလေ၊ အဲ့ဒီတုန်းက ရှေး ဆံပင်က စတက်အရှည်၊ အခု ဆံပင်ပုံပြောင်းထားလို့ ချက်ချင်း မမှတ်မိတာနေမှာပေါ့”

“ဟယ် ... ဟုတ်သားပဲ၊ မှတ်မိပြီ ...၊ အဲ့ဒီတုန်းက မြူနဲ့ ယုဂန်နဲ့ အတူထိုင်စားနေတုန်း ရှေးရဲ့ခွေးက လွတ်ထွက်လာတာမဟုတ်လား၊ ဩော် ... လက်စသတ်တော့ အဲ့ဒီတစ်ယောက်က ယုဂန် အမျိုးသမီး ဖြစ်လာတာကိုး၊ ရှေးတို့နှစ်ယောက်က အဲ့ဒီအချိန်ကတည်းက ငြိနေကြ



www.burmeseclassic.com

www.burmeseclassic.com



တာလား၊ အချင်းချင်း ဘယ်လို အချိတ်အဆက်ဖြစ်ပြီး ငြိသွားကြတာလဲ"

"ရှေးတို့ချင်းက မငြိပါဘူး၊ မိဘတွေချင်းပဲ ငြိကြတာ"

"ဘယ်လို ...၊ မြူ နားမလည်ဘူး"

"ရှေး မေမေနဲ့ သူ့မေမေတို့ ဘွားဘွားတို့နဲ့က ရှေးတို့နှစ်ယောက်ကို မမွေးခင်ကတည်းက တော်တော်လေး ငြိနေကြတာဆိုတော့ သူတို့ချင်း သဘောတွေတူပြီး ရှေးနဲ့ သူ့ကို ပေးစားကြတာပါ"

"ရှေးက သူ့ကို မချစ်ဘူးလား ..."

"မချစ်ပါဘူး၊ မုန်းတောင် မုန်းသေးတယ်"

"သူကတော့ ချစ်ပုံရပါတယ်"

"သူလည်း မချစ်ပါဘူး၊ သူချစ်တာ ဘယ်သူလဲဆိုတာတော့ အစ်မ အသိဆုံးဖြစ်မှာပါ၊ ရှေးနဲ့ ယုဂန်က အခု အများအမြင်မှာ လင်မယားဆိုပေမယ့်လည်း တကယ် လင်မယားမဟုတ်ပါဘူး၊ သူ ဘယ်သူနဲ့ပဲတွေ့တွေ့ ဘာတွေပဲလုပ်လုပ် ရှေး စိတ်မဝင်စားဘူး၊ ကဲ ... ရှေး သွားကစားလိုက်ဦးမယ်၊ ပိစိရေ ...လာဟေ့ ...ကစားရအောင်"

ရှေးက ဘောလုံးကို မြေကြီးနှင့်ထောက်၍ လက်ဖြင့်ပုပ်ကာ ကစားရင်း မြူ့ရှေ့မှ ထွက်လာခဲ့လေသည်။

❑ ❑ ❑



✿ ✿ ✿

"ကြည့်ရတာ ပုံစံ သိပ်မကျတော့ဘူး"

"ဟုတ်တယ် ... ပုံစံ သိပ်မကျတော့ဘူး"

ရှေးတို့ခြံထဲမှာ သစ်ပင်အတူစိုက်နေကြသည့် မြူနှင့် ယုဂန်ကိုလှမ်းကြည့်ရင်း ရှေးက ရေရွတ်လိုက်တော့ ရှေးနှင့်အတူရပ်နေသည့် ပိစိကလည်း သံယောင်လိုက်၍ ရေရွတ်လိုက်လေသည်။

ရှေးသည် အိမ်တံခါးဝရှေ့ အုတ်ခုံလေးမှာထိုင်ကာ နေကြာစေ့ တစ်ထုပ်ကို ပိစိနှင့်အတူစားရင်း အိမ်ရှေ့ခြံထောင့်က မြင်ကွင်းကိုလည်း မကြည့်ချင် မြင်လျက်သား ဖြစ်နေခဲ့ရသည်။

မြူ အိမ်လည်ခဏခဏလာနေတာကို ရှေး ဘာမှမပြောလို ...။ ယုဂန်နှင့် ရင်းရင်းနှီးနှီး စကားပြောဆို ရယ်မောနေတာကိုလည်း ဘာမှမပြောလို ...။ ယုဂန်ကိုခေါ်ပြီး အပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ထွက်သွားတတ်တာကိုလည်း မပြောလိုသေး။ အိမ်လာလည်တိုင်း ရှေးအိမ်ကို သူ့အိမ် သူ့ရာလိုသဘောထားကာ ဧည့်ခန်းထဲမှာ ယုဂန်နှင့်အတူ တီဗီဖွင့်ကြည့်လိုကြည့်၊ သူများတကာ ထမင်းစားခန်းထဲထိ ပိုင်စိုးပိုင်နင်းဝင်လာပြီး စားစရာရှာဖွေစား၊ ကိုလှော်ချက်ပြုတ်ပြီး ယုဂန်နှင့်အတူ ထမင်းစား၊ ဒါလည်း ဘာမှမပြောလိုသေး ...။

ခုကိစ္စကတော့ သူတစ်ပါး ပိုင်နက်ထဲမှာ သူ့လက် သူ့ခြေ လာလုပ်သည့် ကိစ္စကြီး ...။ ဘယ့်နှယ် ... ရှေးပိုင်တဲ့ မြေကြီးပေါ်မှာ သူကြိုက်တဲ့ အပင်ကို လာစိုက်နေတာကတော့ မဟုတ်သေးဘူး။

ရှေးသည် နေကြာစေ့ တစ်စေ့ကို ရှေ့သွားနှင့် ထောက်ခနဲ ကိုက်ခွဲလိုက်ရင်း ထိုမြင်ကွင်းကိုကြည့်ကာ တနုံ့နုံ့ ဒေါသထွက်လာနေပါသည်။

"ပိစိ ... ငါဘာလုပ်ရင် ကောင်းမလဲ"

"ဘာကိုလဲ ... မမရှေး"

"ဟိုမှာလေ ... ငါ့မြေပေါ်မှာ သူ့အပင် လာစိုက်နေတာ မြင်တယ်မဟုတ်လား"

"မြင်တယ် မမရှေး ...၊ အဲ့ဒါ မမရှေးမကြိုက်ဘူးမဟုတ်လား၊ ပိစိလည်း မကြိုက်ဘူး"

"အဲ့ဒါဆို ယုဂန်ကို သွားပြောချည်၊ အဲ့ဒီနားမှာ အပင်မစိုက်နဲ့ ... ငါမကြိုက်ဘူးလို့"





"ဟုတ်ကဲ့ မမရှေး ..."

ပိစိက ဖင်ပေါ့ပေါ့ဖြင့် ယုဂန်ဆီ ပြေးထွက်သွားသည်။ ပြီးတော့ ရှေးဆီ ပြန်ပြေးလာကာ ...

"ဒီနားမှာမစိုက်ရရင် ဘယ်နားမှာ စိုက်ရမလဲတဲ့ မမရှေး"

"ဒီခြံထဲကလွဲရင် ကြိုက်တဲ့နေရာမှာ သွားစိုက်လို့ ..."

ပိစိက ယုဂန်တို့ဆီ ပြန်ပြေးသွားပြန်သည်။ ထို့နောက် ရှေးဆီ ပြန်ပြေးလာပြန်သည်။

"တခြားနေရာမှာ စိုက်စရာမရှိဘူးတဲ့ မမရှေး၊ ပြီးတော့ ဒီခြံက သူ့ခြံမို့လို့ ဒီခြံထဲမှာပဲ စိုက်မယ်တဲ့"

"ဒီခြံက သူ့ခြံလား ငါ့ခြံလား ... စဉ်းစဉ်းစားစား ပြောပါလားလို့ သွားပြောလိုက် ..."

"ဟုတ် ..."

ပိစိက ရှေးစကားကို သေချာမှတ်ကာ တတွတ် တွတ်ရွတ်ရင်း ယုဂန်ဆီ ပြေးသွားသည်။ ရှေးဆီ ပြန်ပြေးလာတော့ ပိစိအသံက မောသံ နည်းနည်းပါလာသည်။

"မမရှေး ... ဟိုဟာ ... ဟိုဟာ ..."

"ပြော ... ဘာပြန်ပြောလိုက်လဲ"

"မယားပစ္စည်းကို လင်လည်းပိုင်တယ်တဲ့၊ အဲ့ဒါကြောင့် မမရှေးခြံလည်း သူ့ခြံပဲတဲ့၊ ပြီးတော့ ပြောသေးတယ်၊ သူ့ခြံထဲမှာ သူ့ဘာသာ ဘာစိုက်စိုက် ဘာမှပြောစရာ မလိုဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲ့ဒါဆိုလည်း ပြန်ပြောလိုက်၊ ကိုယ့်ခြံထဲ သူများ အပင်လာစိုက်ရင် ငုံ့ခံမနေနဲ့လို့ ..."

ပိစိက ချာခနဲလှည့်ကာ ပြန်ပြေးသွားပြန်သည်။ ဒီတစ်ကြိမ်မှာတော့ ပိစိနှင့်အတူ ယုဂန်ပါ လိုက်လာကာ ...

"မင်း ... ဘာတွေ လာရစ်နေတာလဲ ရွှေး"

"ရှင်တို့ကရော ဘာတွေဖြစ်နေကြတာလဲ၊ ရှင့်မြို့က အားအားယားယား ကျွန်မခြံထဲမှာ သူ့လက် သူ့ခြေ လာခြယ်လှယ်နေတာ ဘာသဘောလဲ ...၊ ရိုးရိုး လာလည်တဲ့ ဧည့်သည်ဆိုရင် ဘာမှမပြောလိုပါဘူး၊ ခုတော့ သူများတကာ ခြံထဲ အပင်လာစိုက်လိုစိုက်နဲ့၊ ပိုင်စိုးပိုင်နင်း လုပ်နေလိုက်တာ သူ့ခြံကျနေတာပဲ ..."

ယုဂန်က ရွှေးကို စိုက်ကြည့်နေရင်းက ငေါ့ချင်လာကာ ...

"တစ်ချိန်ချိန်ကျရင် ဒီခြံက သူ့ခြံဖြစ်မလာဘူးလို့ မပြောနိုင်ဘူးလေ၊ သူ့ခြံဖြစ်လာခဲ့ရင် စိမ်းစိမ်းလန်းလန်းလေး ဖြစ်နေအောင် ခုကတည်းက အမြော်အမြင်နဲ့ ပျိုးထောင်ပေးနေတာပေါ့"

ရွှေးသည် ဆတ်ဆတ်ခါသွားကာ ...

"နင် ... တော်တော် မျက်နှာပြောင်ပါလား ယုဂန်၊ ဒါ ငါ့ခြံ၊ ငါ့မိဘရဲ့ အမွေပစ္စည်း၊ ငါပိုင်ဆိုင်တဲ့နေရာမှာ





သူ့အပင်လာစိုက်တာ ငါ လုံးဝလက်မခံဘူး၊ အခုပဲ သွားဆွဲနုတ်ပစ်မယ် ..."

ရွှေးက ဆတ်ခနဲ ထရပ်လိုက်တော့ သူက ရွှေးလက်ကို လှမ်းဆွဲထားရင်း ...

"မင်း ... မရိုင်းနဲ့ ရွှေး"

"မရိုင်းချင်လို့ ငါကိုယ်တိုင် သူ့ကိုသွားမပြောဘဲ ပိစိက တစ်ဆင့် ပြောနေတာပေါ့၊ ဒီလောက်ပြောရင် နင်များ သိတတ်နားလည်မလားလို့ပေါ့"

"သိတတ်နားလည်ရမှာ ငါမဟုတ်ဘူး ရွှေး၊ မင်းအနေနဲ့ ဒီလောက်လေးကို လူမှုရေးအရ နားလည်လက်ခံသင့်တယ်၊ မင်းမြေပေါ် သစ်ပင်စိုက်တော့ ဘာဖြစ်လဲ၊ မင်းကို ဘာများ ထိခိုက်လို့လဲ၊ ဘာလဲ ... မင်းက မြို့ကို မင်းရဲ့ ပြိုင်ဘက်အဖြစ် သဘောထားပြီး အစာမကြေ ဖြစ်နေတာလား"

"ယောကျ်ားတစ်ယောက်ကို လူပျိုဘဝတုန်းကတော့ မလိုလားသလိုနဲ့ အထာတွေကိုင်နေပြီး အိမ်ထောင်ကျသွားတော့မှ လွတ်တဲ့ငါး ကြီးပြီး နောက်ကပြန်လိုက်နေတဲ့ မာယာဗရပွနဲ့ မိန်းမစားမျိုးနဲ့ ငါလို မိဘပေးစားတဲ့သူကို ယူပြီး ရိုးရိုးသားသား နေနေတဲ့ မိန်းမမျိုးနဲ့ ပြိုင်လောက်စရာ မရှိပါဘူး ယုဂန် ..."



www.burmeseclassic.com

www.burmeseclassic.com



ရှေးစကားကြောင့် ယုဂန်က ငြိမ်သွားရပါသည်။ အဲ့ဒါကို သူကိုယ်တိုင်လည်း နားမလည်နိုင်တာမို့ပင်။

မြူဟာ ပဟေဠိ တစ်ပုဒ်လိုပဲ ...။

သူ့ကို အထင်မကြီးဘူးတို့ ... ခေါင်းနံပါတ် ဘိတ်ချေးတို့လို စကားမျိုးတွေ ပြောခဲ့ပြီး သူ ရှေးနဲ့လက်ထပ်သွားတော့မှ တောင်းပန်ချော့မော့ပြီး ... သူ့ဆီကို အလာစိပ်နေတာ ဘာသဘောမှန်း သူလည်းစဉ်းစားမရပါ။ ခုချိန်ကျမှ မြူ သူ့အပေါ် ဆက်ဆံပုံက အရင်ကထက်ပိုပြီး ရင်းနှီးနွေးထွေး ဦးစားတွေ ပေးနေသလိုပင်။ အရင်တုန်းက အမြဲ မအားတတ်သူက ခုတော့လည်း တော်တော်လေး အားနေပုံရပါသည်။

ဒီမနက်မှာလည်း မြူက အပင်ပေါက်လေးတွေ ဝယ်လာပြီး ခြံထဲမှာ အတူစိုက်ကြအောင်ဟုဆိုတာမို့ ဘာဘာညာညာ မတွေးဘဲ အပင်အတူတူစိုက်နေမိခဲ့တာပင်။ ရှေး တွေးသလို သူ မတွေးခဲ့မိတာတော့ သေချာသည်။

"ရှေးရေ ... မောင်ယုဂန်ရေ ..."

"ဟော ... မမကြည် လာတယ် ... မမရှေး၊ ပိစိ တံခါးသွားဖွင့်ပေးလိုက်ဦးမယ်"

ဘွားဘွားတို့အိမ်က အိမ်ဖော် မကြည်ရဲ့ အသံကြောင့် ရှေးတို့ ဆက်မငြင်းဖြစ်ကြတော့ပါ။

ရှေးတို့ ငြင်းခုန်စကားများနေတာကို မကြည် မြင်သွားလျှင် ဘွားဘွားကို ဖောက်သည်ချမှာ ကြောက်ရတာမို့ပင်။





ပိစိက ခြံတံခါးဖွင့်ပေးတော့ မကြည်က ခြံထဲဝင်လာကာ လက်ထဲက ချိုင့်ကိုမြှောက်ပြလာရင်း ...

"ရှေးရေ... ဒီမှာ ရှေးကြိုက်တဲ့ ကြာဆံချက်နဲ့ ရှောက်သီးသုပ်ရယ်၊ မောင်ယုဂန်ကြိုက်တဲ့ ဝက်သားနီချက်ရယ် ပို့ခိုင်းလိုက်လို့ ..."

"အတော်ပဲ အစ်မ ...၊ ရှေးလည်း အဘွားနဲ့ အန်တီကြိုက်တဲ့ ကြက်သားကောက်ညှင်းထုပ် ဝယ်ထားတာ ခဏနေ လာပို့ပေးမလို့ပဲ၊ ဒါနဲ့ ... အစ်မ ဆံပင်က လှတုန်းပဲနော်၊ ဟဲဟဲ ... ကလစ်လေးဖြုတ်ပြီး ဖြန့်ပြပါလား ..."

"ရှေးနော် ... ဟင်း၊ လူလည်မလေး ..."

ရှေးက မကြည်ကို စနောက်ရင်း အိမ်ထဲသို့ အတူလိုက်ဝင်လာခဲ့ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

"ဒီအတိုင်းပဲ ကြည့်နေတော့မှာလား ရှေး..."

ခက်သည် လက်ဖက်သုပ် တစ်ဇွန်း ခပ်စားလိုက်ပြီး ယုဂန်တို့ စားပွဲဘက်သို့ မေးဆတ်ပြရင်း ရှေးကို မေးခွန်းထုတ်လိုက်လေသည်။

ခက် ဒီလိုမေးတာလည်း မလွန်ချေ။

ရှေးနှင့် ခက်တို့ ထိုင်နေသော ရေကူးကန်ဘေးစားပွဲမှ လှမ်းကြည့်လျှင် ယုဂန်နှင့် မြူတို့ ထိုင်နေသော ခြံထောင့်က စားပွဲကို လှမ်းမြင်နေရ၏။ မြူက ရှေးတို့အိမ်ထဲဝင်သွားပြီး အသားကင်မည့် ပစ္စည်းတွေယူလာတာကိုလည်း တွေ့ရ၏။ ယုဂန်က အသားကင်ဖိုကို ပြင်ဆင်နေတာကိုလည်း မြင်နိုင်၏။

ခက်က ထိုမြင်ကွင်းကိုကြည့်ရင်း သက်ပြင်းချသည်။





ရှေးကတော့ မဲ့ပြုံးလေး ပြုံးလိုက်ရင်း...

"ကြည့်မနေလို့ ငါက ဘာလုပ်ရမှာလဲ ခက်ရယ်၊ သဝန်တိုရအောင်ကလည်း ယုဂန်က ငါချစ်တဲ့သူမှ မဟုတ်ဘဲ"

"နင် ယုဂန်ကို မချစ်တာ သေချာလို့လား"

"သေချာတာပေါ့၊ ငါ သူ့ကို မုန်းတောင်မုန်းသေးတယ်လေ"

"တချို့ အချစ်တွေက အပေါ်ယံမှာ အမုန်းလို့ထင်ရတဲ့ ဆေးခါး ပါးပါးလေး အုပ်ထားတတ်တယ် ရှေးရဲ့၊ နင့်ကိုယ်နင် သေချာ ပြန်ဆန်းစစ်ပါဦး၊ တော်ကြာ သိစိတ်က မုန်းပြီး မသိစိတ်က ချစ်နေတာလည်း ဖြစ်နေပါဦးမယ်"

"ခက်ရယ်... စိတ်ရှုပ်ရတဲ့အထဲ နင်က ဘာတွေလာစားနေတာလဲ"

"ငါ စဉ်းစားမိလို့ပါ၊ ငါသိခဲ့ရသလောက်ဆိုရင် ယုဂန်က နင့်ကို အရမ်းလွှမ်းမိုးနိုင်ခဲ့တာ နင်တို့ စတွေ့ကတည်းကပဲ၊ ယုဂန်နဲ့ ပတ်သက်ရင် နင့်ခံစားချက်က သာမန်မဟုတ်ဘူး၊ ပြင်းထန်တယ်၊ ယုဂန်က နင့်စိတ်ထဲမှာ အမြဲ နေရာယူနေခဲ့တယ်၊ ယုဂန်အကြောင်းကို နင် အမြဲတွေးခဲ့တယ် မဟုတ်လား၊ ဒါပေမယ့် ယုဂန်က နင့်ကို ရန်သူလိုပဲဆက်ဆံတော့ နင်က ယုဂန်နဲ့ပတ်သက်တဲ့ နင့်ရဲ့ပြင်းထန်တဲ့ခံစားချက်ကို အမုန်းဆိုတဲ့ ခေါင်းစဉ်တပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ တကယ်တော့ အချစ်နဲ့ အမုန်းက ခံစားချက် ပြင်းထန်တာချင်း အတူတူပဲ ...၊ တစ်ခါတစ်ခါ ချစ်လို့ မရတဲ့ ချစ်ဖို့မသင့်တဲ့ အချစ်တွေကို တမ်းတမနေချင်တော့လို့ အမုန်းလို့ ခေါင်းစဉ်တပ်ပြီး ကိုယ့်ကိုယ်ကို နှစ်သိမ့်ရတာမျိုးလည်း ရှိတယ်"

"အဲ့ဒီလောက် ရှုပ်ရှုပ်ထွေးထွေး ငါမတွေးတတ်ပါဘူး ခက်ရယ်၊ ငါသိတာကတော့ ငါ သူ့ကိုမုန်းတာပဲ"

"မုန်းရင် ဘာလို့ သူနဲ့ လက်ထပ်သေးလဲ"

"ဒါက မေမေ့ဆန္ဒကို လေးစားတဲ့ သဘောပါ"

"အဲ့ဒီတစ်ချက်တည်းနဲ့ မုန်းနေတဲ့သူကို လက်ထပ်လိုက်ရတယ်ပေါ့ ..."

"အမှန်ပဲလေ ..."

"နှင့်ဆန္ဒ လုံးဝမပါဘူးပေါ့ ..."

"ခက် ... နင်က မယုံလို့လား ..."

"နင် တမင်လိမ်တာ မဟုတ်ဘူးလို့တော့ ယုံပါတယ်၊ ငါတွေးတာက နင် ခေါင်းစဉ်တပ်ပစ်လိုက်တာလားလို့ပါ"

"ဘာကို ခေါင်းစဉ်တပ်ရမှာလဲ"

"ယုဂန်နဲ့ လက်ထပ်ချင်တဲ့ နင့်ဆန္ဒအမှန်ကို မေမေ့ဆန္ဒလို့ ဖုံးကွယ် ခေါင်းစဉ်တပ်မိတာလည်း ဖြစ်နိုင်တာပဲလေ"





"အာ ... ဘာတွေလဲ ခက်ရယ်၊ ငါ စိတ်ရှုပ်လာပြီနော်၊ မုန်းတာဟာ မုန်းတာပဲပေါ့၊ ရှင်းနေတာပဲဟာ ..."

"အေးပါ ... အေးပါ၊ ထားပါတော့ ... ဒီအချိန်မှာ ငါ ပြောလည်း နင်နားလည်မှာမှ မဟုတ်တာ၊ ဒါပေမယ့် တစ်နေ့နေ့ကျရင်တော့ နင် နားလည်သွားမှာပါ"

"ငါ မရှင်းတာက မြူ့ရဲ့ လုပ်ရပ်တွေကိုပဲ ခက်ရယ်၊ အရင်က ငါ နင့်ကိုပြောပြခဲ့ဖူးပါတယ်၊ မြူဟာ ယုဂန်ကို ဂရုမစိုက် အလေးမထားတဲ့ မိန်းမမျိုးဆိုတာလေ ...၊ ငါ ရှော့ပင်းစင်တာတွေသွားရင် မြူ့ကို တခြားသူတွေနဲ့လည်း တွဲတွေ့ဖူးတယ်၊ ယုဂန်ကသာ အသည်းအသန် ဖြစ်နေပေမယ့် ဟိုက အေးဆေးပဲ ...၊ သူ ငြင်းလိုက်လို့လည်း ယုဂန်က ငါနဲ့ လက်ထပ်တာဖြစ်မှာပါ ...၊

"အဲ့ဒီလို မြူက ခု ယုဂန် အိမ်ထောင်ကျတော့မှ ဂရုတစိုက် ပျာပျာသလဲတွေ ပြန်ဖြစ်လာတာ အံ့ဩစရာကြီးပဲ"

"ဘာမှ အံ့ဩမနေနဲ့ ရှေး၊ ငါ နင့်ကို ဥပမာတစ်ခုပြောပြမယ်၊ ကလေးတစ်ယောက်ကဟာ သူစားနိုင်သလောက်ထက် ပိုပြီး မုန့်တွေအများကြီး သူ့ဆီမှာရှိနေတာကို ကြိုက်တယ်၊ တခြားတစ်ယောက်က မငြိမ်းမစားနိုင်ရင် ငါ့ပေးဆိုရင်လည်း မဝေမျှချင်ဘူး၊ သူမစားနိုင်လို့ ပုပ်သိုးပျက်စီးကာမှ ပျက်စီးရော ... အခု မစားသေးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျ ဗိုက်ဆာရင်စားဖို့ဆိုပြီး ရုံထားချင်သေးတာ၊ လောဘကြီးတာပေါ့ဟာ ...၊

"မြို့သဘောကလည်း အဲ့ဒီအတိုင်းပဲ၊ သူ့ကို ကြွေတဲ့ ယောက်ျားတွေကို တစ်နေ့ကျ သူ ရွေးရွေး မရွေးရွေး သူ့နားမှာ ဝိုင်းရုံနေကြတာကို ကြိုက်တယ်၊ ကလေးဟာ မစားတော့ဘူးလို့ ပြတ်ပြတ်သားသားမပြော သလို သူကလည်း ကျွန်မ ရှင့်ကိုမချစ်နိုင်ဘူးလို့ အပြတ် မပြောဘဲ လိုရမည်ရ သူ့နားမှာ ရုံထားတယ်၊ အဲ့ဒီလို လူတွေကို သူကသာ ထားခဲ့ချင်ထားခဲ့မယ်၊ ဒီလူတွေ ထားခဲ့တာကိုတော့ မခံချင်ဘူး၊ သူမချစ်လည်း သူ့ကိုချစ် ပြီး မျှော်လင့်နေကြ၊ ကြွေပြနေကြတာကို သာယာမက် မောတယ် ...၊

"ယုဂန်ကိုလည်း ဒီလိုပဲလေ ...၊ သူ ယုဂန်ကို မရွေးပေမယ့် ယုဂန် သူ့ကိုကြွေနေတာကို ကျေနပ်ချင် သေးတာပေါ့၊ အဲဒီအချိန်မှာ ယုဂန်က သူ့ကိုထားခဲ့ပြီး နင့်ကို လက်ထပ်လိုက်တော့ သူ့မာနကို ထိရှတာပေါ့ ဟာ ..."

"အဲ့ဒါဆို သူက အခု ဘာကိုဦးတည်ပြီး ခုလိုလုပ်နေ တာလဲ"

"ငါထင်တာတော့ ယုဂန်က နင့်ရှိရက်နဲ့ သူ့ကို စွဲလမ်း





နေသေးတယ်ဆိုတဲ့ အခြေအနေမျိုးရောက်အောင် ကြိုး စားပြီး သူ့မာနကို ပြန်အဖတ်ဆယ်ချင်တာဖြစ်လိမ့်မယ်"

"အားအားယားယားဟယ် ... အရည်မရ အဖတ်မရ သူမို့ လို့ အချိန်ကုန်ခံနေတယ်"

"အဲဒီလိုနဲ့ပဲ ယုဂန် မြို့ဘက်ပါသွားပြီး နင့်ကိုထားခဲ့ရင် ဘယ်လိုလုပ်မလဲ ..."

"အေးဆေးပါ ..."

"ဘာမှ မဖြစ်ဘူးပေါ့ ..."

"ဒါပေါ့ ..."

"ကြည့်ဦးမယ် ..."

ရှေးနှင့် ခက်တို့ စကားပြောနေဆဲမှာပင် ခြံတံခါးဝ ဆီမှ ကားဟွန်းတီးသံ ကြားလိုက်ရလေသည်။ ရှေး လှမ်းကြည့် မိတော့ နောက်အမိုးပွင့် ဒိုင်နာကားတစ်စီးကို တွေ့ရ၏။ ဘာပါ လိမ့်ဟု ရှေးကကြည့်နေဆဲမှာ ယုဂန်က ခြံစောင့်ကြီးကို လက် လှမ်းပြလိုက်သဖြင့် ခြံစောင့်က တံခါးပြေးဖွင့်ပေးလိုက်သည်။

ကားက ရှေးတို့ခြံထဲသို့မောင်းဝင်လာသည်။ ကား နောက်ခန်းမှာ ကျောက်တုံး ကျောက်ခဲ တချို့ တင်ထားတာကို တွေ့ရသည်။

"ခက် ... ခဏနေပါဦး၊ ငါ သွားကြည့်လိုက်ဦးမယ်"

ရှေးက ထိုကားဆီ လျှောက်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးသည် ကားပေါ်မှာ ပါလာသည့် ကျောက်တုံး ကျောက်ခဲများနှင့် ဘာမှန်းမသိသည့် ပစ္စည်းတွေကို ငုံ့ကြည့်ပြီး ကားပေါ်က ဆင်းလာသည့်သူကို လှမ်းကြည့်ကာ ...

"ဒါတွေက ဘာတွေလဲ၊ ဘာလုပ်ဖို့လဲ၊ ရှင်တို့ကို ဘယ်သူ ခေါ်လို့ လာတာလဲ ..."

"ကျွန်တော်တို့က မြေယာရှုခင်း အလှဆင်တဲ့ ကုမ္ပဏီ ကပါခင်ဗျ၊ ဒီခြံထောင့်မှာ ရေတံခွန်အတုလေးတစ်ခု အလှဆင်ဖို့ ခေါ်ထားလို့ပါ"

"ဘယ်သူ ခေါ်တာလဲ"

"မြူ ခေါ်ထားတာပါ ရှေးရဲ့ ..."

ရှေးရဲ့ နောက်ကျောဘက်ဆီက မြူ့အသံကို ကြားရသည်။ မြူက ရှေးဘေးမှာလာရပ်ရင်း ...

"ရှေးနဲ့ ယုဂန်တို့အတွက် လက်ဆောင်အနေနဲ့ ရေတံခွန် အတုလေးနဲ့ ခြံထဲမှာ အလှဆင်ပေးမလို့ မြူ ခေါ်ထား တာလေ ..."

အတတ်နိုင်ဆုံး ထိပ်တိုက်မတွေ့အောင် ရှောင် သော်လည်း ရှောင်မရတော့ပြီမို့ ရှေးက မြူ့ကို မျက်နှာမော့ချီ၍ လှည့်ကြည့်လိုက်ရင်း ...

"မလိုပါဘူး မြူ ..."

"အားနာလို့လား ...၊ ဒီအတွက် ကုန်ကျစရိတ်က မြူ့ အတွက် ဘာမှမဟုတ်ပါဘူး"





"ရှေးအတွက်လည်း ဘာမှမဟုတ်လို့ ပြောနေတာပေါ့ မြူ၊ ရှေးဘာသာ ရှေး ခြံထဲမှာ ဒါမျိုးလုပ်ချင်ရင် လုပ် လိုက်မှာပေါ့၊ ရှေးလည်း အကုန်အကျခံနိုင်သားပဲ၊ မလုပ် ချင်လို့သာ နေနေတာလေ၊ မြူ လာလုပ်ပေးဖို့ လိုမှ မလိုအပ်တာ ..."

"မြူက စေတနာနဲ့ပါ ..."

"စေတနာလား၊ ရှေး ခြံထဲမှာ မြူ့လက် မြူ့ခြေ မြူ့ သဘောအတိုင်း ဖြစ်အောင် လာခြယ်လှယ်နေတာလား"

"ရှေး ...မင်း ဒီလိုတော့ မပြောသင့်ဘူး၊ မြူက စေတနာနဲ့ လက်ဆောင်ပေးတာပဲလေ"

နောက်နားဆီက ယုဂန်အသံကို ကြားရပြန်တာမို့ ရှေးက သူ့ဘက်သို့ လှည့်ကာ မျက်နှာချင်းဆိုင်လိုက်ရင်း ...

"ဘာလက်ဆောင်လဲ၊ အဓိပ္ပာယ်မရှိ ... အခြောက်တိုက် လက်ဆောင် လာပေးနေတာ ဘာသဘောလဲ၊ ရှေး ခြံထဲ မှာ ရှေးစိတ်တိုင်းကျပဲ ဖြစ်ရမယ်၊ သူ့စိတ်တိုင်းကျဖြစ်ဖို့ လုံးဝ မလိုအပ်ဘူး၊ ရှေးဘဝကို သူ လာခြယ်လှယ်လို့ မရဘူး ယုဂန် ..."

"မြူ့ကို အထင်မှားနေပြီထင်တယ်၊ ကူပြောပေးပါဦး ယုဂန်ရယ်"

လေပျော့လေးနဲ့ အသနားခံသလို ပြောလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မြို့ကိုကြည့်ရင်း မာယာအပြည့်နဲ့ မိန်းမပါလားဟု ရှေးက လက်ဖျားခါချင်သွားသည်။ ရှေးသည် မြို့ကို ဒေါသထွက်လှသော်လည်း မပေါက်ကွဲအောင် ထိန်းချုပ်ထားရသည်။ ရှေးသူနဲ့ ရန်မဖြစ်ချင် ...။ ယုဂန်ကို အလယ်မှာထားပြီး ဟိုဘက်ဒီဘက်က မိန်းမနှစ်ယောက် ရန်ဖြစ်ရသည့် အခြေအနေမျိုးကို အောက်တယ်ဟု ရှေးက ယူဆသည်။

ရှေးသည် ယုဂန်နဲ့ မြို့ကို ဘာမှဆက်မပြောတော့ဘဲ ကားနားမှာရပ်နေသည့် လူတွေဘက်သို့ လှည့်ကာ ...

"ဒီခြံက ကျွန်မခြံမို့လို့ ဒီခြံထဲမှာ ရေတံခွန်လုပ်ဖို့ ကျွန်မခွင့်မပြုနိုင်ပါဘူးရှင် ..."

"ကျွန်တော်တို့ကလည်း လာလုပ်ခိုင်းလို့ လုပ်ရတာပါ"

"ရှင်တို့ကို ဒီမှာ အလုပ်လာဆင်ခိုင်းတဲ့ သူက ခြံပိုင်ရှင် မဟုတ်ဘူးရှင့်၊ အကယ်၍ ဒါတွေအတွက် ရှင်တို့မှာ ငွေကြေးဆုံးရှုံးမှုရှိရင်လည်း အလုပ်အပ်တဲ့သူဆီမှာပဲ ပြန်တောင်းယူလိုက်ပါ"

"ရှေး ... မင်း ဒီလိုမလုပ် ..."

"ရှင် ဘာမှဆက်မပြောနဲ့တော့ ယုဂန်၊ ရှင်တို့တွေ ကျွန်မခြံထဲမှာ အပင်လည်း စိုက်ခဲ့ပြီးပြီ၊ ကျွန်မရဲ့ မီးဖိုချောင်ထဲက အိုးခွက်ပန်းကန်တွေနဲ့ ချက်ပြုတ်စားသောက်ခဲ့ကြပြီးပြီ၊ ဒီတစ်ခါကတော့ မရတော့ဘူး ယုဂန်၊ ဒီကိစ္စကို ရှင် ဆက်လုပ်ရင်တော့ ကျွန်မ အခု ရှင့်အဘွားနဲ့ အမေ





ကို ဒီဘက်ခြံထဲကူးလာခဲ့ဖို့ ဖုန်းဆက်ခေါ်ပြီး ဖြစ်သမျှအားလုံး ဖွင့်ပြောပြီး တိုင်လိုက်ရုံပဲ ..."

"မင်း ..."

"ရှေးရေ ... လာ ... လာ ... ပြောမနေနဲ့တော့ ..."

ခက်က ရှေးလက်ကို လာဆွဲခေါ်လိုက်သဖြင့် ယုဂန်က ဘာမှဆက်မပြောတော့ ...။ မြို့ကတော့ မာယာတစ်သိန်း အပလိန်းအနန္တဖြင့် ယုဂန်ကို ဘာတွေဆက်ပြောနေသလဲ မသိတော့။

ခဏကြာတော့ ဒိုင်နာကားက ရှေးတို့ခြံထဲက ပြန်မောင်းထွက်သွားခဲ့ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

"စနိုးရေ ... စနိုး ..."

ထိုနေ့ ညနေက စနိုးရဲ့ အရိပ်အယောင်လည်း မတွေ့၊ အသံလည်း မကြားတာမို့ ရှေးက စနိုးကို အိမ်ထဲအနှံ့ လိုက်လံရှာဖွေနေခဲ့လေသည်။

"စနိုးရေ ... စနိုး၊ ပိစိရေ ... စနိုးကို တွေ့မိလား"

ရှေးသည် ပိစိကိုလည်း အော်မေးရင်း စနိုးကို နေရာအနှံ့အပြားမှာ ရှာသော်လည်း မတွေ့။ ပိစိရဲ့ တုံ့ပြန်သံလည်း မကြားရချေ ...။

"ပိစိရေ ... နင် ဘယ်ရောက်နေလဲ၊ စနိုးကို ကူရှာပေးဦးလေ၊ ပိစိရေ ... ပိစိ"

"ပိစိ ဒီမှာပါ မမရှေး ..."

ရှေး နောက်နားက ကပ်ပေါ်လာသော အသံတိုးတိုးလေးကြောင့် ရှေးက ပိစိကို လှည့်ကြည့်ရင်း ...





"ဟင် ... ဒါဆို နင်က ငါ စနိုးကို ဒေါင်းတောက်အောင် ရှာနေတာကို မြင်တယ်ပေါ့၊ မြင်ရက်သားနဲ့ အသံမပေး ဘာမပေး ဘာလို့ငြိမ်နေရတာလဲ မိပိစိရဲ့၊ စနိုးကို နင် ဘယ်မှာတွေ့မိလဲ၊ စနိုးကို ငါရှာတာ နှံ့နေပြီ၊ ဘယ်မှာမှ မတွေ့ဘူး"

ပိစိက မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်လျက် ရှေးကိုကြည့်နေပြီးမှ မျက်လွှာချ ခေါင်းငုံ့ကာ သူ့လက်ဖဝါးနှစ်ဖက်ကို ပွတ်နေရင်း ...

"ဟို ... ဟိုလေ ..."

"တဟိုဟို လုပ်မနေနဲ့ဟယ်၊ စိတ်ကမရှည်တော့ဘူး၊ ဘာပြောချင်တာလဲ၊ ပြောစရာရှိတာ ပြော ..."

"ဟို ... စနိုးက ဒီမှာမရှိတော့ဘူး"

"ဘာ၊ ဒီမှာမရှိလို့ ဘယ်ရောက်သွားလဲ"

"ဟို ... ဟို ..."

ပိစိက ကြောက်ကြောက်ရွံ့ရွံ့ပုံစံလေးနှင့် လက်ညှိုးလေး တစ်ချောင်းကို ထိုးချင်ရာ ထိုးညွှန်ပြလိုက်သည်။ ရှေးက သူညွှန်ပြသည့်ဘက်ကို လိုက်ကြည့်ရင်း ...

"ဟိုဘက်က ကားဂိုဒေါင်ထဲမှာလား ..."

"ဟုတ်ဘူး ..."

"ဒါဆို ဘွားဘွားသိုက်တို့ ခြံဘက်မှာလား ..."

"ဟင့်အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်မှာလဲဟဲ့၊ လက်ညှိုးချည်း ထိုးမနေနဲ့၊ ပါးစပ်က ပြောလေ ...၊ နင့်ပါးစပ်က ဘာလို့ပိတ်ထားတာလဲ"

"အီး ... ဟီး ... ဟီး ... ပိစိ မပြောရဲလို့ပေါ့ မမရွှေးရဲ့ အီးဟီး ..."

ပိစိက ဖြုန်းခနဲ အော်ငိုပစ်လိုက်တာမို့ ရွှေးမှာ လန့်ဖျပ်သွားကာ ...

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ၊ မငိုနဲ့လေ ...၊ ပြောစမ်း ... မမရွှေးကို အမှန်အတိုင်း ပြောစမ်း ..."

"အဟင့် ... အီးဟီး ... ပိစိ အမှန်အတိုင်းပြောရင် ကိုကြီးယုဂန်က ပိစိကို သတ်လိမ့်မယ်၊ ပိစိ ကြောက်လို့ပါ မမရွှေးရဲ့ ..."

"မကြောက်နဲ့ ... ပိစိဘာမှမဖြစ်စေရဘူး၊ မမရွှေး တာဝန်ယူတယ်၊ ပြောမှာသာ ပြော ..."

"ဟို ... မြူက စနိုးကို လိုချင်တယ်ဆိုလို့ ကိုကြီးယုဂန်က ယူသွားဆိုပြီး ပေးလိုက် ..."

"ဘာ ..."

"အမလေး ... တအားမအော်ပါနဲ့ မမရွှေးရဲ့၊ ပိစိကြောက်လို့ပါ အီးဟီး"

ရွှေးအော်သံကြောင့် ပိစိက တုန်တက်လန့်ဖျပ်ကာ အော်ငိုလိုက်ပြန်လေသည်။





ရွှေးသည် အသားတဆတ်ဆတ်တုန်အောင် ဒေါသဖြစ်လျက် ယုဂန်ကို အော်ခေါ်ရင်း ယုဂန်ရှိမည်ထင်ရသော အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

"ယုဂန် ... ယုဂန်၊ နင် ဘယ်မှာလဲ၊ အခုထွက်ခဲ့စမ်းပါ"

ရွှေးကအော်ခေါ်ရင်း အသံတွေ တုန်ကာ မျက်ရည်တွေလည်း ကျလာသည်။

ထိုစဉ်မှာ ယုဂန်ရဲ့ အခန်းတံခါးက ပွင့်သွားကာ ယုဂန်က အခန်းဝမှာ ရပ်လာသည်။

"ဆူလိုက်တာ ...၊ ဘာကိစ္စ ဒီလောက် အော်ခေါ်နေတာလဲ"

"ကဲ ..."

ရွှေးသည် နှုတ်က ဘာမှမပြောတော့ဘဲ သူ့ဆီသို့ တစ်ဟုန်ထိုး ပြေးသွားကာ သူ့ရင်ဘတ်ကို အားကုန်ဆောင့်တွန်းပစ်လိုက်လေသည်။

အမှတ်တမဲ့ တိုက်ခိုက်ခံရခြင်းမို့ ယုဂန်က နောက်သို့ ယိုင်သွားကာ ဦးခေါင်းနှင့် တံခါးဘောင်တို့ ဆောင့်မိသွားလေသည်။

"ကဲ ... ကဲ ... ယုတ်မာဦး၊ ရိုင်းစိုင်းဦး၊ အနိုင့်ကျင့်ဦး"

ရွှေးသည် သူ့ရင်ဘတ်၊ လက်မောင်း အစရှိသည်တို့ကို ဆက်ကာ ဆက်ကာ ထုရိုက်ပစ်လိုက်ရာ ယုဂန်က ရွှေးလက်တွေကို လိုက်လံဖမ်းချုပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရှေး ... စကားကို အေးအေးဆေးဆေး ပြောစမ်း၊ မင်း ဘာဖြစ်တာလဲ၊ ဘာကိုမကျေနပ်တာလဲ ..."

ရှေးသည် မျက်ရည်တွေတွေကျနေရာမှ သုံးလေးချက် ဆက်၍ ရှိုက်လိုက်ပြီး ...

"စနိုး ဘယ်မှာလဲ၊ စနိုးကို နင် ဘာလုပ်လိုက်လဲ"

"ဩော် ... ဒါလား ...၊ မြို့က လိုချင်တယ်ဆိုလို့ ပေးလိုက်တယ်လေ၊ အပြီးပေးတာတော့မဟုတ်ပါဘူး၊ တစ်လလောက်ကြာရင် ပြန်ပေးမယ်ပြောပါတယ်၊ စနိုးက ချစ်စရာလေးမို့လို့ မြို့က ခဏတဖြုတ် အပျင်းပြေခေါ်သွားတာပါ၊ စနိုးကို ကောင်းကောင်း ဂရုစိုက်ပေးဖို့လည်း မှာလိုက်ပါတယ်"

ရှေးသည် ရုတ်တရက် အငိုတိတ်သွားကာ ပါးပေါ်က မျက်ရည်တွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ရင်း ...

"စနိုးကို ငါ သိပ်ချစ်မှန်းသိရက်နဲ့ ဒီလိုလုပ်တာ နင်ရော မြို့ရော သိပ်လွန်တယ် ယုဂန်၊ မြို့ ဘာလို့ စနိုးကို နင့်ဆီကတောင်းလဲ နင်သိလား ..."

"ချစ်လို့ ခဏခေါ်ထားချင်လို့ တောင်းတာလေ ..."

"နင် လဲသေလိုက်တော့ ယုဂန်၊ မြို့ စနိုးကိုတောင်းတာဟာ ငါ့ကို စိတ်ဆင်းရဲအောင် လုပ်ချင်တာ၊ တမင်သက်သက် ကလိချင် ရှိချင် ဒေါသဆွချင်တာ၊ ငါ့အိမ် ငါ့ခြံကို





သူ့စိတ်တိုင်းကျလုပ်ဖို့ ကြိုးစားတာ အထမမြောက်လို့ ငါ့ကို မကျေမနပ်ဖြစ်ပြီး တမင် လုပ်တာပဲ ယုဂန် ...၊

"ခုချိန်မှာ နင်နဲ့ငါက ချစ်ချစ် မချစ်ချစ်၊ တကယ် လင်မယားအရာ ရောက်ရောက် မရောက်ရောက် အတူတူ တစ်မိုးအောက်မှာနေပြီး ထမင်းတစ်အိုးတည်း စားနေတဲ့ မိသားစုဝင်တွေပဲ ...၊ လူမပြောနဲ့ တိရစ္ဆာန်တောင်မှ ကိုယ့်မိသားစုကို တန်ဖိုးထားစောင့်ရှောက်တယ်၊ ကိုယ့်မိသားစုဝင် တစ်ယောက်ယောက် စိတ်ဆင်းရဲရမယ့်ကိစ္စကို ရှောင်တယ်၊ နင်ကတော့ နင့်ဘဝအတွက် မရေမရာ မသေမချာတဲ့ မိန်းမတစ်ယောက်အတွက် မိသားစုကို စိတ်ဆင်းရဲအောင် လုပ်တယ် ..."

ရှေးရဲ့ စကားတွေကြောင့် ယုဂန် ငိုင်သွားချိန်မှာ ရှေးက အောက်ထပ်သို့ ပြန်ပြေးဆင်းလာခဲ့သည်။

"ရှေး ... ရှေး၊ မင်း ဘယ်သွားမလို့လဲ ..."

ယုဂန်က ရှေးကို အော်ခေါ်ရင်း နောက်မှလိုက်လာသည်။ လှေကားအခြေသို့ ရောက်သွားပြီဖြစ်သော ရှေးက လှေကားထိပ်မှ ယုဂန်ကို ပြန်မော့ကြည့်လိုက်ရင်း ...

"နင်လိုက်မလာနဲ့ ယုဂန်၊ ငါ မြို့ဆီက စနိုးကို သွားပြန်ယူမလို့ ..."

"မင်း ... သူ့အိမ် သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“ဒီဗိုင်နှာပေါက်စ မြူက သူ့ခြံထဲမှာပဲ ဆိုင်ဖွင့်ထားတာလေ၊ အဲဒီဖက်ရှင်ဆိုင်လိပ်စာက မဂ္ဂဇင်းတွေထဲမှာ အထင်ကရ ပါနေကျပဲ၊ ငါ့ဘာလို့ မသိရမှာလဲ”

ရှေးက အိမ်ထဲမှထွက်လာခဲ့ပြီး လမ်းဘက်သို့ ခပ်သွက်သွက်လေး လျှောက်ထွက်သွားကာ တက္ကဆီတစ်စီးကို တားလိုက်သည်။

ရှေး စီးလာတဲ့ တက္ကဆီကားနောက်မှာ ယုဂန်ကား ပါလာတာကိုတော့ ရှေးက သတိမပြုမိလိုက်ပါ။

❑ ❑ ❑



❀ ❀ ❀

“မြူ ရှိလား ...”

“မမက အိမ်ဘက်ခဏ ပြန်သွားတယ်ရှင့်၊ ခဏထိုင်စောင့်ပါဦးနော်၊ သိပ်ကြာမယ် မထင်ပါဘူး”

ဝန်ထမ်းကောင်မလေးက ရှေးကို ဆိုင်ရှေ့ဗိုင်းညှော်ခန်းလေးမှာ ထိုင်ခိုင်းပြီး အတွင်းဘက်သို့ ပြန်ဝင်သွားလေသည်။

ရှေးသည် ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ထိုင်ကျန်ခဲ့ရင်း ဆူပွက်နေသော ဒေါသတွေကို သတိနှင့် ထိန်းထားရ၏။

ရှေး ထိုင်နေသည့် ဧည့်ခန်းမှာ ဝတ်စုံဝတ်ပြထားသည့် အရုပ်များထားသည့် အခန်းဖြစ်၍ မှန်များဖြင့် ကာရံထား၏။ ဆိုင်ခန်းလေးကို ခြံရဲ့တစ်ဖက်ထောင့်တွင် ဆောက်ထားပြီး တစ်ဖက်ခြမ်း ခြံထဲမှာ ကျောက်ခုံလေးတွေ ချထားတာမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးသည် မှန်တံခါးရဲ့ အပြင်ဘက်က ခြံဝန်းထဲကို ငေးကြည့်နေဆဲမှာ ခွေးဟောင်သံသဲ့သဲ့ ကြားမိတာမို့ ခန္ဓာကိုယ်က မတ်ခနဲဖြစ်သွားကာ ခြံထဲကို ပိုမြင်ရအောင် ရှေ့ဘက်သို့ ပိုတိုး၍ ကြည့်လိုက်ရာ ...

"ဟင် ... စနိုး ..."

ခြံထောင့်က ခွေးအိမ်ကလေးထဲမှာ ယောက်ယက်ခတ်နေသော စနိုးကို တွေ့လိုက်ရသဖြင့် ရှေးက မှန်တံခါးကို တွန်းဖွင့်ပြီး ခြံထဲသို့ ပြေးဆင်းသွားမိသည်။

"စနိုးရေ ..."

"ဝုတ် ... ဝုတ် ..."

ရှေးသည် စနိုးကို ခွေးအိမ်လေးထဲမှ ထုတ်ပေးချင်သော်လည်း အိမ်တံခါးကို သံကြိုးဖြင့် သော့ခတ်ထားတာမို့ ဒေါသဖြစ်လာကာ သံဆန်ကာတံခါးကို ဆောင့်ကာ ဆောင့်ကာ ဆွဲဆောင့်လှုပ်ယမ်းပစ်လိုက်လေသည်။

ထိုအချိန်တွင် မြူက ဘလက်ကော်ဖီ မတ်ခွက်ကြီးကို ကိုင်လျက် အိမ်ထဲမှလျှောက်ထွက်လာပါသည်။ ဘလက်ကော်ဖီဟာ ခုမှဖျော်ပြီးစဖြစ်၍ ပူလောင်နေသဖြင့် ခုထိမသောက်ရသေး။ ခြံထောင့်က ခုံလေးမှာ သွားထိုင်သောက်ဖို့ ထွက်လာနေဆဲမှာ ရှေးကို လှမ်းမြင်လိုက်ရတာမို့ မြူက အနိုင်ရသူတစ်ယောက်ရဲ့ အပြုံးမျိုးကို ဆင်မြန်းလျက် ရှေးထံသို့ လှမ်းလာနေခဲ့သည်။





"မင်္ဂလာပါ ရှေးလကာ်"

နှုတ်ဆက်သံကြောင့် ရှေးက ခွေးအိမ်ကလေးရှေ့မှာ ဆောင့်ကြောင့်လေးထိုင်နေရာက ဆတ်ခနဲ ထရပ်ကာ မြူနှင့် ရင်ဆိုင်လိုက်သည်။

"မြူ ... ရှင်ဟာ နှလုံးသားမရှိ ယဉ်ကျေးမှုမရှိတဲ့ မိန်းမပဲ"

"အိုး ... ကျွတ် ... ကျွတ်၊ စွပ်စွဲချက်က သိပ်ပြင်းထန်ပါလားကွယ်"

"ရှင်က ရှေးရဲ့ခွေးကို ရှေးကွယ်ရာမှာ တောင်းရမ်းလာခဲ့ပြီးမှ ခုလို ချုပ်နှောင်ထားတာ ကောင်းသလား၊ ရှင့်မှာ နှလုံးသား မရှိဘူးလား၊ စနိုးဟာ အိမ်ပေါ်မှာ သန့်သန့်ပြန့်ပြန့် ပြုစုစောင့်ရှောက်ပြီး မွေးထားတဲ့ ခွေးဆိုတာ ရှင်မသိလို့လား ..."

"ခွေးဆိုတာ ဘယ်လောက် ချစ်စရာကောင်းကောင်း လူတွေနဲ့ တန်းတူတော့ မထားသင့်ဘူး ရှေးရဲ့၊ သူတို့ကိုယ်ပေါ်က သန်းတွေ၊ အမွေးတွေ၊ အနံ့အသက်တွေက လူတွေရဲ့ကျန်းမာရေးကို ထိခိုက်စေတယ်လေ၊ ဒါ့ကြောင့် ကျန်းမာရေး အသိစိတ်ဓာတ်နဲ့ ဒီလိုထားရတာပေါ့ ..."

"မြူ ... ကျွန်မ ဒါ့ထက်ပိုပြီး ဒေါသထွက်မလာခင် ခွေးအိမ်ဖွင့်တဲ့ သော့ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"စနိုးကို တစ်ခါတည်း ပြန်ခေါ်သွားမလို့လား၊ မြူ လာတော့မှပဲ ပြန်ခေါ်လာပေးလို့ မရဘူးလား"

"ရှင်က ကျွန်မတို့အိမ်ကို လာဦးမှာလား"

"မင်း မေးခွန်းကြီးက မယဉ်ကျေးလိုက်တာ ..."

"ဒီမှာ မြူ ... ရှင့်ကို ကျွန်မ ရှင်းရှင်းပဲ ပြောခဲ့မယ်၊ ရှင် အားအားယားယား ကျွန်မတို့အိမ်ကို လာ၊ ကျွန်မတို့ ခြံထဲမှာ ပိုင်စိုးပိုင်နင်း ထင်ရာတွေလုပ်ပြီး ယုဂန်နားမှာ ဝေ့လည်လည် လာလုပ်မနေနဲ့၊ မျက်စိနောက်တယ်၊ အာရုံ နောက်တယ်၊ ရှင် လိုချင်ရင် ယုဂန်ကို ယူသာသွားလိုက်တော့၊ အနှမြောမရှိ ပေးလိုက်မယ် ... ဟုတ်ပြီလား"

မြူ့ရဲ့ကော်ဖီခွက်ကိုင်ထားသော လက်က တဆတ်ဆတ် တုန်လာသည်။ သို့သော် ... မြူက ဘာမှပြန်မပြောတော့ဘဲ အိမ်နောက်ဘက်သို့ လှည့်၍ ...

"ခွေးအိမ် တံခါးသော့ ယူခဲ့ပါဟေ့ ..."

ဟု လှမ်းအော်ပြောလိုက်ရာ ကောင်မလေး တစ်ယောက်က အိမ်ထဲမှ ပြေးထွက်လာပြီး မြူ့ကို သော့လှမ်းပေးလိုက်သည်။

မြူက သော့ကို ရှေးထံ ပစ်ပေးလိုက်ပြီး ...

"ရော့ ... ဖွင့်ပြီး ခေါ်သွားပေတော့ ..."

ဟု ခတ်ဆတ်ဆတ် ပြောလိုက်သည်။





ရှေးက သော့ရပြီမို့ စနိုးကိုခေါ်ဖို့ပဲ စိတ်စောကာ ခါးလေးငုံ့ကိုင်း၍ လှောင်အိမ်သော့ကို ဖွင့်လိုက်ချိန်မှာ ...

မြူက ရှေးနားသို့ နီးကပ်အောင် လျှောက်လာလိုက်ပြီး ရှေးနားရောက်သည်နှင့် ဒေါက်ဖိနပ်အမြင့်ကြီး စီးထားသည့် ခြေထောက်တစ်ဖက်ကို ညွှတ်ချယိမ်းယိုင်လျက် မတော်တဆ ခြေချော်သွားသယောင် ဟန်ဆောင်ရင်း လက်ထဲက ဘလက်ကော်ဖီပူပူကို ရှေးရဲ့ ပခုံးတစ်ခြမ်းပေါ်သို့ ဖိတ်ကျသွားအောင် လုပ်ဆောင်လိုက်လေသည်။

"အာ ... ပူလိုက်တာ၊ အား ..."

"ရှေး ... ရှေး"

"ဟင် ... ယုဂန်"

ကော်ဖီတွေက ပခုံးပေါ်မှ လက်ဖျားဘက်သို့ စီးကျလာသဖြင့် ရှေးက လက်ကိုခါရင်း အော်ဟစ်လိုက်ချိန်မှာပဲ ယုဂန်က ရှေးဆီသို့ ပြေးလာနေခဲ့သည်။

"ယုဂန်၊ မြူ ... မြူ ... ရှေး ကိုယ်ပေါ်ကို ကော်ဖီခွက် မှောက်ချပစ်တယ်၊ အား ... ပူတယ် ... ပူတယ်"

"လာ ... လာ ... ရှေး၊ ပြန်ကြရအောင်ပါ၊ အိမ်ထဲက လူကြီးတွေ ထွက်လာရင်လည်း မကောင်းဘူးလေ"

"မြူ ... ရှင်ဟာ တော်တော် ကောက်ကျစ်တဲ့ မိန်းမ"

"ရှေး ... လာပါကွာ၊ ပြောမနေပါနဲ့တော့၊ ပြန်ရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှေးက အပူလောင်ခံထားရသည့် လက်ကို ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကာ ဆုပ်ကာ ကိုင်လျက် မခံချိမခံသာ ပူလောင်နေပုံရတာမို့ ယုဂန်ကလည်း ရောယောင်ကာ ရှေးလက်ကို လှမ်းဆွဲဆုပ်ကိုင်ထားလိုက်မိသည်။

မြူသည် ရှေးအတွက် စိတ်ပူကာ ပျာယာနေသော ယုဂန်ကို အံ့သြမင်သက်စွာ စိုက်ကြည့်နေလိုက်မိပြီးမှ ဟက်ခနဲ တစ်ချက် ရယ်လိုက်ရင်း ...

"ဒီလောက်လည်း စိတ်မပူပါနဲ့ ယုဂန်ရယ်၊ ကော်ဖီက သိပ်မပူတော့ပါဘူး၊ ပြီးတော့ မြူ တမင် မှောက်ချတာလည်း မဟုတ်ဘူးလေ၊ မတော်တဆ ခြေချော်သွားလို့ ဟန်ချက်ပျက်ပြီး ကော်ဖီခွက်က စောင်းဖိတ်ကျသွားတာပါ"

မြင်ကွင်းကို သေချာမြင်လိုက်ရသော ယုဂန်က မြူ့ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ဘာမှမပြောတော့ဘဲ ခွေးအိမ်ထဲက စနိုးကို ကောက်ပွေ့ချီလျက် ရှေးလက်ကိုဆွဲကာ ကားဆီသို့ ခေါ်လာခဲ့လေသည်။

❑ ❑ ❑



❀ ❀ ❀

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

"ဒက် ... ဒက် ... ဒက် ... ဒက် ..."

"ဝုန်း ..."

"ဒိုင်း ... ဒိုင်း"

"အား ..."

"အား ... အား ..."

"ဝုန်း ..."

"ဒိုင်း ..."

"ဒက် ... ဒက် ... ဒက် ..."

ရှေးနဲ့ ယုဂန်တို့ အချင်းချင်း သေနတ်နဲ့ ပစ်ခတ်သတ်ဖြတ်နေခြင်းတော့ မဟုတ်ပါ။

ရှေးသည် ညှော်ခန်းဆိုဖာပေါ်မှာ တင်ပျဉ်ခွေထိုင်ကာ သေနတ်သံတွေ ဗုံးကြဲသံတွေ တဝုန်းဝုန်း တဒိုင်းဒိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ် ဆူညံနေသော ခပ်ကြမ်းကြမ်း စစ်ကားတစ်ကားကို မာန်ပါပါ မျက်နှာထားဖြင့် ထိုင်ကြည့်ရင်း ဒေါသကို ဖြေဖျောက်နေရခြင်းပင်။ Volume ကို အမြင့်ဆုံးမှာ ထားထားတာမို့ ဗုံးပေါက်ကွဲသံတွေ၊ စက်သေနတ် အတွဲလိုက် ပစ်ချသံတွေ၊ ငရဲပွက်သလို အော်ဟစ်သံတွေကြောင့် တစ်အိမ်လုံးမှာ စစ်မြေပြင်အလား ဖြစ်နေသည်။

ယုဂန်သည် တီဗီအသံ ဆူညံလွန်းတာကိုလည်း မပိတ်ပင်ရဲ၊ ဥပေက္ခာပြုပြီးတော့လည်း အခန်းထဲ ဝင်အိပ်မနေချင်တာမို့ ဂွမ်းသွားယူပြီး နားနှစ်ဖက်ကို ဆို့ကာ အပ္ပလောင်ဒဏ်ရာလိမ်းဖို့ ဘီတာဒိုင်းဆေးဘူးနှင့် ဂွမ်းထုပ်ကိုကိုင်ပြီး ရှေးအနားသို့ ချဉ်းကပ်လာနေရပုံမှာ စစ်မြေပြင်ထဲသို့ တွားတက်လာရသည့်အလား ...။

ယုဂန်မှာ ရှေးအနားသို့ လာသာလာရသော်လည်း ရှေး ရုတ်တရက် ထပေါက်ကွဲလိုက်မှာကိုလည်း စိုးထိတ်နေခဲ့မိသည်။

ဒီနေ့အဖို့ ရှေးက ထူးခြားနေခဲ့သည်။

ပုံမှန်အတိုင်းဆို နေ့လယ်က အဖြစ်အပျက်အတွက် ငြင်းခုန်ရန်ဖြစ် စကားနိုင်လု၊ အပြစ်ပုံချနေရမှာ ဖြစ်ပေမယ့် ရှေးက မြူ့အိမ်က ပြန်လာပြီးကတည်းက စကားတစ်ခွန်းမှ မပြောတော့ဘဲ နှုတ်ဆိတ်နေခဲ့သည်။





ရှေးရဲ့ မျက်နှာသည် အေးစက်တင်းမာလျက်ရှိ၏။ တီဗီထဲမှာ ဗုံးတွေ တဝုန်းဝုန်း ပေါက်ကွဲနေတာကို ကြည့်နေသည့် ရှေးကိုယ်တိုင်ကိုက ဗုံးတစ်လုံးဖြစ်နေသည်။ ဗုံးမှ ရိုးရိုးဗုံးတောင်မဟုတ်ဘဲ စနက်တံ ဖြုတ်ထားသည့် ဗုံး။

ရှေးပုံစံကိုကြည့်ရင်း ယုဂန် ကိုယ်တိုင်လည်း တကယ် ပေါက်ကွဲမည့် တကယ့်ဗုံးတစ်လုံးနားမှာ နေနေရသလိုမျိုး စိုးထိတ်ကြောက်ရွံ့မှုကို စတင်ခံစားလာမိသည်။

ခုချိန်မှာ ရှေး နှုတ်ဖျားက သူ့ကို ဒေါသစကား ဆိုမှာကြောက်သည်။ မြူနဲ့ ပတ်သက်ပြီး တစ်ခုခုပြောလိုက်မှာကြောက်သည်။ ရှေးအပေါ် အမြဲတမ်း အနိုင်ကျင့် ဗိုလ်ကျခဲ့ပေမယ့် ဒီတစ်ကြိမ်မှာတော့ ကိုယ့်အလွန်၊ ပြီးတော့ မြူ့အလွန်ဆိုတာလည်း သေချာတာမို့ အပြစ်ရှိသူပီပီ သူက စိုးထိတ်နှုတ်ဆိတ်နေရသည်။ သို့သော် ... မျက်နှာထားကတော့ သူတင်းကိုယ်တင်းပေါ့။ ဟန်ကိုယ့်ဖို့လေးတော့ လုပ်ရသေးသည်။

ရှေးက စကားမပြောတော့ သူလည်း လုံးဝမပြောဘဲ နေလိုက်တာပင်။ သို့သော် ... ရှေးရဲ့ လက်ခုံနှင့် လက်ဖျံပေါ်က နီရဲနေသည့် အပူလောင်ထားသည့် နေရာကို သူ လိုက်လိုက်ကြည့်ရင်း စိတ်မကောင်းဖြစ်နေခဲ့ရသည်။

ခုချိန်မှာတော့ မြူ့ရဲ့ မှုမမှန်မှုတွေကို သူ ရိပ်မိလာခဲ့ပြီဖြစ်သည်။

မြူ ... သူ့ကို ပြန်ချဉ်းကပ်လာတာလည်း ပုံမှန်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ...။ လိုတာထက်ပိုပြီး ဂရုစိုက်နေတာကလည်း ပုံမှန်မဟုတ်။

သူကတော့ မြူ့ကို စွဲလမ်းမက်မောခဲ့ရသူမို့ မြူ့ရဲ့ လိုက်လျောချိုသာခြင်းတွေကို မတွန်းလှန်နိုင်ဘဲ အလိုက်သင့် မျောပါနေခဲ့ရတာပင်။

မြူက ...

"စနိုးက သိပ်ချစ်ဖို့ ကောင်းတာပဲနော်၊ မြူ့ကို ပေးပါလား"

ဟုပြောတော့ သူ ခဏတွေဝေသွားခဲ့သေးသည်။ စနိုးကို ယုဂန်ခေါ်ထားခဲ့တုန်းက ရှေး ဘယ်လောက် ဆတ်ဆတ်ခါသွားခဲ့သလဲဆိုတာ သူအသိဆုံးမို့လို့ပင် ...။ စနိုးကို ပြန်ရရေးအတွက် ရှေး ဘယ်လောက်ကြိုးပမ်းခဲ့သလဲဆိုတာလည်း သူအသိဆုံးပါပင်။

ဒါကြောင့်ပဲ ရှေး အမေဆုံးပြီး ဝမ်းနည်းနေခိုက်မှာ သူက စနိုးကို ရှေးဆီ ပြန်လွှတ်ပေးခဲ့တာပင်။

မြူကတော့ စနိုးကို ဇွတ်ပင် တောင်းနေခဲ့ပါသည်။

"ပေးမယ် မဟုတ်လား ယုဂန်၊ မြူ ခေါ်သွားမယ်နော်"

"စနိုးက ကိုယ့်ခွေးမဟုတ်ဘူး မြူ၊ ရှေးရဲ့ခွေးပါ"

"အို ... လင်မယား နှစ်ယောက် အတူပိုင်တာပဲဟာ၊ မြူက ခဏပဲခေါ်ထားမှာပါ၊ အပြီးခေါ်သွားတာမှ မဟုတ်တာ၊ ခဏတော့ ပေးလို့ဖြစ်တယ်မဟုတ်လား ..."





မြူ့စကားကို မလွန်ဆန်နိုင်တာမို့သာ ခေါင်းညိတ်ခဲ့ရပေမယ့် သူ ရင်ထိတ်ကျန်ခဲ့ရတာလည်း အမှန်ပင်။

မြူ့စကားတွေ ... မြူ့အပြုအမူတွေကို သူ စိတ်ရှုပ်စ ပြုလာတာကိုလည်း ဝန်ခံချင်သည်။

အစပထမတုန်းက မြူလာရင် ကြည်နူးသာယာသလို ရှိပေမယ့် နောက်တော့ မြူလာတိုင်း သူစိတ်ရှုပ်နေမိတတ်သည်။ မြူလာရင် ကိစ္စတစ်ခုမဟုတ် တစ်ခုတော့ ပါလာမြဲမို့ ရှေးနဲ့ ငြင်းခုန်ရန်ဖြစ်ရတာ၊ ကြားထဲက ဗျာများရတာ၊ ဘယ်သူ့ဘက်က ရပ်တည်ရမှန်းမသိ၊ ဘယ်သူမှန်လို့ ဘယ်သူမှားမှန်းမသိဘဲ သူ အာရုံတွေ နောက်လာတတ်သည်။

ဒီနေ့ကိစ္စမှာတော့ မြူ တမင် ကော်ဖီခွက် ဖိတ်ကျအောင် လုပ်လိုက်တာကို ယုဂန်က အသေအချာမြင်လိုက်ရတာမို့ မြူ့အပေါ် စိတ်ပျက်သွားခဲ့မိပါသည်။

ယုဂန်သည် ဆေးဘူးနှင့် ဂွမ်းကိုကိုင်ရင်း သေနတ်သံများ ဗုံးသံများကြားသို့ တရွေ့ရွေ့ တိုးဝင်လာနေပါသည်။

သူ ရှေးထိုင်နေသည့် ဆိုဖာပေါ်မှာ ဝင်ထိုင်သည့်တိုင် ရှေးက သူ့ကိုလှည့်မကြည့် ...။ မျက်နှာကလည်း ပွင့်ကွဲထွက်တော့မတတ် တင်းမာနေသည်။

ယုဂန်က ဘာမှပြောမနေတော့ဘဲ ဆေးဘူးကိုဖွင့်ကာ ဂွမ်းစနှင့်တို့ပြီး အသင့်ကိုင်ထားရင်း အပူလောင်ထားသည့် ရှေးရဲ့ လက်တစ်ဖက်ကို ဖတ်ခနဲ ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးကလည်း ဆတ်ခနဲပြန်ရုန်းသည်။ သူကလည်း လွှတ်မပေး။ ရှေးက အံကြိတ်လျက် အားကုန်ပြန်ရုန်းနေသည်။ ရှေးရှော ယုဂန်ပါ စကားတစ်ခွန်းမှ မပြောဖြစ်ကြ ...။ ရှေး ဘယ်လောက်ရုန်းရုန်း တင်းကြပ်နေအောင်ဆုပ်ထားသော ယုဂန် လက်ထဲမှ လွတ်ထွက်မသွား။

ယုဂန်က ဆောင့်ဆောင့်ရုန်းနေသည့် ရှေးလက်ကို လွတ်ထွက်မသွားအောင် သူ့လက်တစ်ဖက်ဖြင့် ခပ်တင်းတင်း ကိုင်ထားရင်း ကျန်တစ်ဖက်ဖြင့် ဒဏ်ရာကို ဆေးထည့်ပေးလိုက် သည်။

ဆေးထည့်ပေးပြီးတော့မှ ရှေးလက်ကို လွှတ်ပေး လိုက်ပြီး ရှေးနားမှ ထလာခဲ့သည်။

ရှေးက စကားတစ်ခွန်းမဆို။

ယုဂန်ကလည်း ဘာတစ်ခွန်းမှ မပြောခဲ့ပါ။

ယုဂန် အခန်းထဲဝင်လာချိန်မှာ ဖုန်းမြည်သံကြား ရသည်။ ခုတင်ဘေး စားပွဲပေါ်မှာတင်ထားသော ဖုန်းက အဆက် မပြတ် မြည်နေသည်။

မြူ့ဆီက ဖုန်းပေါ့။

ယုဂန်က ဖုန်းမကိုင်ဘဲ အဆက်မပြတ် မြည်နေ သည့် ဖုန်းကိုသာ ငေးကြည့်နေလိုက်ရင်း ဘာကိုမှန်းမသိ ရင် လေးနေသည်။





ဖုန်းမြည်သံ ရပ်သွားသည်။ ဖုန်းကို သူငုံ့ကြည့် တော့ မြူ့ missed call က ရှစ်ခါတောင် ဝင်ထားသည်။ မြူ သူ့ဖုန်းကို ဆက်တိုက် စောင့်ခေါ်နေပုံရသည်။

နောက်တစ်ခါ ဖုန်းမြည်လာတော့ ယုဂန်က သက် ပြင်းဌွေ့ဌွေ့ချရင်း ဖုန်းကောက်ကိုင်လိုက်သည်။

"ဟဲလို ..."

"ယုဂန် ... မြူခေါ်နေတာ ကြာပြီ"

"ဖုန်းတခြား လူတခြား ဖြစ်နေလို့ပါ၊ ဖုန်းက အခန်းထဲ မှာ၊ ကိုယ်က အောက်ထပ် ဧည့်ခန်းထဲ ရောက်နေတာ"

"ဘာလုပ်နေတာလဲ၊ တီဗီကြည့်နေတာလား"

"မဟုတ်ပါဘူး၊ ရှေးလက်ကို ဆေးသွားထည့်ပေးနေတာ ပါ"

မြူ့ဘက်က အသံတိတ်သွားပြီးမှ ...

"မြူက ယုဂန်တို့ အဆင်ပြေရဲ့လားလို့ ဖုန်းဆက်တာပါ"

"... ... ..."

"ခုအတိုင်းဆိုရင်တော့ အဆင်ပြေနေတဲ့ ပုံပါပဲ"

"မြူ ..."

"ပြောလေ ..."

"နေ့လယ်က မြူလွန်တယ်"

"... ..."

"ရှေးအပေါ် အဲဒီလောက်တော့ မလုပ်သင့်ဘူး မြူ"



www.burmeseclassic.com

www.burmeseclassic.com



"မြူ အဲ့ဒီလိုလုပ်အောင် သူ ဘာစကားပြောခဲ့တယ်ဆို တာ မင်းသိလို့လား"

"… …"

"သူကပြောတယ်၊ ရှင်လိုချင်ရင် ယုဂန်ကို အနှမျှောမရှိ ပေးလိုက်မယ်၊ ယူသာသွားလိုက်တော့တဲ့ …"

"… …"

"ယုဂန် …"

"ပြောပါ မြူ …"

"မြူ အခု မင်းနဲ့တွေ့ပြီး စကားပြောချင်တယ်၊ မင်း အိမ်က ခဏထွက်ခဲ့လို့ ရမလား"

"မိုးချုပ်နေပြီ မြူ"

"ကောင်းပြီလေ … ဒါဆိုလည်း မနက်ဖြန်မှပေါ့၊ မနက်ဖြန် ညနေ ၆ နာရီခွဲကျရင် (…)ကော်ဖီဆိုင်ကို လာခဲ့ပါ"

"ကောင်းပြီ … ကိုယ် လာခဲ့ပါ့မယ်"

❑ ❑ ❑



✿ ✿ ✿

ဆိုင်လေးက အေးချမ်း ဆိတ်ငြိမ်နေသည်။

မြူက ဟိုတုန်းကလိုပဲ ညို့ရီသော မျက်ဝန်းများဖြင့် ယုဂန်ကို စိုက်ကြည့်နေခဲ့သည်။ သို့သော် … သူ့စိတ်တွေက အရင်လို မလှုပ်ရှားတော့ဘဲ ထူးခြားစွာ ငြိမ်သက်နေခဲ့သည်။

"မင်း … မတရားဘူး ယုဂန်"

မြူက အနည်းငယ်တုန်ရင်သော အသံဖြင့် စကားစလိုက်သည်။

"ရှေးလကမှာ နည်းနည်းလေး ထိခိုက်သွားရုံနဲ့ ဘာလို့ မြူ့ကို အပြစ်တင်စကား ပြောရတာလဲ"

သူက သက်ပြင်းရှိုက်လိုက်ရင်း …

"မြူ့ကို ကိုယ်တစ်ခုတောင်းဆိုပါရစေ၊ ကျေးဇူးပြုပြီး ကိုယ့်အိမ်ကို ခဏခဏ မလာစေချင်ဘူး၊ မြူနဲ့ ရှေးကို ပြဿနာမဖြစ်စေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မြူက ငြိမ်သက်သွားခဲ့သည်။ ထို့နောက် မဲ့ပြုံးလေး ပြုံးလိုက်ရင်း ...

"မင်းက မြူနဲ့ မိတ်ဆွေအဖြစ်တောင် မခင်ချင်တော့တဲ့ သဘောလား"

မြူက ယုဂန်စိတ်ကို ဆွလိုက်သည်။ ယုဂန်က လည်း နှုတ်ပိတ်နေဖို့ ဆန္ဒမရှိတော့တာမို့ ...

"ရှေးနဲ့ လက်မထပ်ခင်တုန်းကတော့ မြူနဲ့ ချစ်သူတောင် ဖြစ်ချင်ခဲ့တယ်ဆိုတာ မြူလည်းသိပါတယ်၊ ဒါပေမယ့် အဲ့ဒီတုန်းက မြူက ကိုယ့်ကို အထင်မကြီးခဲ့ဘူးလေ၊ ကိုယ့်ကို ခေါင်းနံပါတ် ဘိတ်ချေးအဆင့်မှာ ထားခဲ့တယ်လေ၊ ကိုယ့်ထက်သာတဲ့ လူကြီးလူကောင်း လူရင့်ကျက်ကြီးတွေကိုပဲ မြူက မှန်းခဲ့တယ်လေ၊ ကိုယ့်အချစ်ကို မထိမဲ့မြင် ပြုခဲ့တယ်လေ၊ အဲ့ဒါတွေကြောင့် အဲဒီအချိန်ကတည်းက မြူနဲ့ ကိုယ့်ဇာတ်လမ်းက ပြီးသွားခဲ့ပြီ"

"ဒါပေမယ့် အဲ့ဒီတုန်းက မြူ ဒေါသအလျောက် စကားမှားခဲ့တယ်လို့ မင်းကို တောင်းပန်ခဲ့ပြီးပြီပဲ၊ ပြီးတော့ ... မင်း ရှေးကိုမချစ်ဘဲ မြူ့ကို မခံချင်စိတ်နဲ့ စိတ်လိုက်မာန်ပါ လက်ထပ်ခဲ့တယ်ဆိုတာ မြူသိတယ်၊ မြူ့ကြောင့် မချစ်မနှစ်သက်တဲ့သူ တစ်ယောက်နဲ့ အတူနေနေရတဲ့ မင်းကို မြူသနားတယ်၊ ဒါ့ကြောင့် မြူ့ဘက်က အတတ်





နိုင်ဆုံး မင်းကို စိတ်ချမ်းသာအောင် ဖန်တီးပေးချင်ခဲ့တယ်၊ မင်း စိတ်ဆင်းရဲနေတာကို မြူ မကြည့်ရက်ဘူး"

"ကိုယ် စိတ်ဆင်းရဲနေတယ်လို့ မင်းကို ဘယ်သူပြောလဲ"

"ယုဂန် မပြောလည်း မြူ ရိပ်မိပါတယ်"

"မင်းထင်တာ မှားသွားပြီ မြူ၊ ရှေးနဲ့ လက်ထပ်လိုက်ရတဲ့အတွက် ကိုယ် စိတ်မဆင်းရဲခဲ့ပါဘူး၊ ရှေးနဲ့ ငြင်းခုန်ရန်ဖြစ်နေရပေမယ့်၊ ရှေးကို အမျိုးမျိုး ပြဿနာရှာနေမိပေမယ့်၊ ရှေးရဲ့ ရန်လိုနိုပ်ကွပ်တဲ့ စကားတွေကို ကြားနေရပေမယ့် ကိုယ့်စိတ်က ပေါ့ပေါ့ပါးပါးပဲ၊ ကိုယ်လုံးဝ စိတ်မဆင်းရဲခဲ့ဘူး မြူ ... ၊

"ရှေးက ကိုယ့်ကိုမုန်းတယ်၊ ကိုယ်ကလည်း ရှေးကို မုန်းတယ်လို့ပဲထင်တယ်၊ ဒါပေမယ့် ရှေးနဲ့ခွဲခွာပြီး နေဖို့ တစ်ခါမှ မတွေးမိခဲ့ဘူး ..."

"မင်း လွတ်လပ်သူတစ်ယောက် ဖြစ်သွားတဲ့အခါ မြူက မင်းကို လက်ထပ်မယ်ဆိုရင်ရော ..."

မြူ့မေးခွန်းက အံ့ဩစိတ်လှုပ်ရှားဖွယ် ဖြစ်သော်လည်း ယုဂန်က တည်ငြိမ်စွာပင် ခေါင်းခါယမ်းလိုက်ရင်း ...

"ဆောရီးပါ မြူ၊ အဲ့ဒီလောက်ထိ ကိုယ် တစ်ခါမှ တွေးမကြည့်ခဲ့ဖူးပါဘူး၊ ကိုယ့်ဘက်က သေချာတာတစ်ခုက ရှေးနဲ့တွေ့တဲ့နေ့ကစပြီး ရှေးကို ရန်သူလို သဘောထား



www.burmeseclassic.com

www.burmeseclassic.com



နေရင်းနဲ့ပဲ ရှေးအကြောင်း မတွေးမိတဲ့နေ့ရယ်လို့ တစ်နေ့မှ မရှိခဲ့သလို ရှေးနဲ့ လက်ထပ်ပြီးတော့လည်း တစ်နေ့တောင် ခွဲခွာသွားဖို့ စိတ်ကူးမရှိခဲ့ပါဘူး၊ ရှေးနဲ့ ချစ်ချစ်ခင်ခင် မနေခဲ့မိပေမယ့် ပျော်ပျော်ရွှင်ရွှင် ရန်ဖြစ်နေရင်းနဲ့ပဲ ကိုယ် ကျေနပ်ခဲ့ပါတယ် ...”

❑ ❑ ❑



❀ ❀ ❀

ထိုနေ့ညက ...

ယုဂန်သည် မြနှင့်တွေ့ပြီးနောက် စိတ်ပေါ့ပါးစွာဖြင့် အိမ်သို့ ကားမောင်းပြန်လာခဲ့လေသည်။

စိတ်ထဲရှိတာအားလုံး ပြောပြီး မြနဲ့ ပြဿနာရှင်းခဲ့ပြီးပြီမို့ သူ့စိတ်တွေ ပေါ့ပါးနေခဲ့တာဖြစ်သည်။

ည ၇ နာရီခွဲ အချိန်ဖြစ်၍ ယုဂန်တို့ လမ်းသွယ်တွေထဲမှာ အမှောင်ရိပ်က များများ၊ အလင်းရောင်က နည်းနည်းဖြစ်နေသည်။ ထုံးစံအတိုင်း လမ်းထဲက မီးတိုင် ခပ်ကျဲကျဲက အလင်းရောင် နည်းလျက်ပင် ...။

ယုဂန်က အိမ်ရောက်ချင်ဇောဖြင့် ကားကို ခပ်သွက်သွက်လေး မောင်းနေဆဲမှာ ဖုန်းမြည်သံကြားရသည်။ ဘွားဘွားတို့အိမ်က ဖုန်းမြည်သံဖြစ်၍ ယုဂန်က ကားမောင်းနေရင်းကပဲ ဖင်ကိုအသာကြွကာ ဘောင်းဘီအိတ်ထဲက ဖုန်းကို ဆွဲထုတ်နေစဉ်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



ကားရှေ့သို့ အဖြူရိပ်ကလေး တစ်ရိပ် ဖြတ်ဝင်လာတာကို သိလိုက်ပြီး ကားဘရိတ်ကို အမြန်နင်းချလိုက်သော်လည်း တစ်စုံတစ်ခုနှင့် တိုက်မိသွားတာကို သိလိုက်သည်။

ယုဂန်သည် ကားရှေ့မီးကြီးကို မပိတ်ဘဲ ကားစက်သပ်လိုက်ပြီး ကားပေါ်က အမြန်ပြေးဆင်းလာခဲ့သည်။

"ဟင် ... စနိုး"

ကားရှေ့မှာ လဲနေသည့် ခွေးကလေးဟာ စနိုးဟု သိလိုက်ရချိန်တွင် ယယ်ထိပ်ကို မြွေပေါက်ခံရသလို ခံစားလိုက်ရသည်။

ထိုအချိန်တွင် မလှမ်းမကမ်းက ခေါ်သံသဲ့သဲ့က တဖြည်းဖြည်း နီးလာနေသည်။

"စနိုးရေ ... စနိုး ..."

ရှေးသည် စနိုးကို တကြော်ကြော်အော်ခေါ်လျက် လမ်းဆော ဘယ်ညာကြည့်ကာ ရှာဖွေရင်း လျှောက်လာနေသည်။

ရှေးကို တစ်လှည့်၊ စနိုးကို တစ်လှည့်ကြည့်ရင်း ယုဂန်နှလုံးသားတွေ ရင်ဘတ်ထဲက ခုန်ထွက်သွားတော့မတတ် ခုန်လာကာ ခန္ဓာကိုယ် အနှံ့အပြားမှ ချွေးသီးချွေးပေါက်တွေ စိမ့်ထွက်ယိုစီးလာသည်။

ရှေးသည် လျှောက်လာနေရာမှ ကားမီးရောင်ကို လက်ဖြင့်ကွယ်ကာ ယုဂန် ရပ်နေသည့်ဘက်သို့ လှမ်းကြည့်လိုက်သည်။





ထိုးထားသော မီးရောင်အောက်က လဲနေသော စနိုးနှင့် ရပ်နေသော ယုဂန်ကို တွေ့လိုက်ရချိန်တွင် ရှေးသည် ရုတ်တရက် ဆို့တက် အသက်ရှူကျပ်ကာ ခွေခနဲ လဲကျသွားခဲ့တော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

ရှေး သတိရလာမည့်အချိန်ကို ယုဂန်က ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေဆဲတွင် ရှေးရဲ့ မျက်တောင်တို့ လှုပ်ရှားပွင့်ဟလာလေသည်။

"ရှေး ..."

သူက ရှေးကို ခပ်တိုးတိုး ခေါ်ကြည့်လိုက်သည်။ ရှေးအကြည့်က အသံလာရာဆီသို့ ရွေ့လာသည်။ ထိုအကြည့်သည် ချက်ချင်းပင် ခက်ထန်လာကာ ရှေးက အိပ်ရာပေါ်မှ ကြုံးထလိုက်ပြီး ယုဂန်ရဲ့ အင်္ကျီစကို လှမ်းဆောင့်ဆွဲလိုက်တာမို့ သူ့ခန္ဓာကိုယ်က အမှတ်တမဲ့ ငိုက်ကျသွားသည်။

ရှေးသည် သွေးရူးသွေးတန်းဖြင့် ယုဂန်ကို ထိရာမိရာ အားကုန်သုံး၍ ထုရိုက်ကုပ်ခြစ်လိုက်ရင်း ...

"ရှင် လက်စားချေတာ မဟုတ်လား၊ ရှင့်ခွေးကို ကျွန်မ





ကားနဲ့ တိုက်ခဲ့မိလို့ လက်စားပြန်ချေလိုက်တာ မဟုတ်လား"

ဟု မျက်လုံးစုံမှိတ်လျက် အသံပြာအက်သွားအောင် ဗလုံးဗထွေး အော်လည်းအော်၊ ရိုက်လည်းရိုက်ရင်း မျက်ရည်တွေလည်း ကျလာသည်။

ယုဂန်သည် ရှေးရဲ့ လက်တွေကို ဖမ်းလည်းမချုပ်၊ ရှောင်လည်း မရှောင်ဘဲ ...

"မဟုတ်ဘူး ရှေး၊ မင်းထင်သလို မဟုတ်ဘူး၊ ဒါ မတော်တဆ ..."

"ဘာမတော်တဆလဲ ...၊ ဘာမတော်တဆလဲ ...၊ ကျွန်မတုန်းက မတော်တဆဆိုတာကို ရှင် လက်ခံလို့လားဟင်၊ ရှင် ကျွန်မဘဝတစ်လျှောက်လုံး မပျော်ရွှင်အောင် ကျိန်စာတောင် တိုက်ခဲ့သေးတာ မဟုတ်လား၊ ကျွန်မကို ရေနစ်သတ်ဖို့တောင် ကြံခဲ့တယ်မဟုတ်လား၊ ရှင့်လိုပဲ ကျွန်မလည်း လုပ်တတ်တယ် ယုဂန်ရဲ့ ..."

ရှေးသည် ယုဂန်လက်ကိုဆွဲကာ အခန်းပြင်သို့ ဆွဲခေါ်လာခဲ့သည်။ ယုဂန်က ယောကျ်ားအားနှင့် ရုန်းလိုက်လို့ရပေမယ့် မရုန်းတော့ဘဲ ရှေး ဆွဲခေါ်ရာသို့ ပါလာသည်။

ရှေးသည် ယုဂန်လက်ကိုဆွဲကာ အိမ်ပြင်သို့ ပြေးထွက်လာသည်။ ရှေး ဦးတည်ရာက ရေကူးကန်ဆီသို့ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကူးကန်နားသို့ ရောက်လျှင် ရှေးက ယုဂန်ကို ရေကူးကန်ထဲသို့ တွန်းချပစ်လိုက်သည်။ ထို့နောက် သူမပါ ရေကူးကန်ထဲသို့ ဆင်းလိုက်ပြီး ယုဂန်ရဲ့ ဆံပင်ကို လှမ်းဆွဲပြီး ယုဂန်ရဲ့ ခေါင်းကို ရေထဲသို့ဖိနှစ်ပစ်လိုက်လေသည်။

ယုဂန်က ရေထဲမှ ပြန်ရုန်းတက်လာသော်လည်း ရှေးက ယုဂန်ခေါင်းကို ဆက်ကာ ဆက်ကာ ဖိနှိပ်ပစ်လိုက်သည်။

ယုဂန်သည် ရေမွန်းလျက် အသက်ရှူမဝသော ခံစားချက်ကြီးကို ခံစားရချိန်တွင် တစ်ချိန်က ရှေးလည်း ဒီလို ခံစားခဲ့ရမှာပဲဟု တွေးရင်း နှလုံးသားထဲမှာ နာကျင်လာခဲ့ရသည်။

ရှေးရယ်... ကိုယ်တို့တွေ ဘယ်လို ရေစက်ကြောင့် ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံခဲ့ရတာလဲ...။

မင်း သတ်လို့ သေရမယ်ဆိုလည်း အခုပဲ သေသွားပါရစေတော့...။

မင်းရဲ့ အမုန်းတွေ၊ နာကြည်းချက်တွေကို ကိုယ် မချေဖျက်နိုင်သရွေ့ ကိုယ့်ဘဝမှာလည်း ဘယ်တော့မှ အပြည့်အဝ ပျော်ရွှင်ရမှာ မဟုတ်ပါဘူး ရှေးရယ်။

ယုဂန်သည် စိတ်ကိုလျှော့လိုက်ရင်း မရုန်းတော့ဘဲ ရှေး ဖိနှစ်ထားသည့်အတိုင်း ငြိမ်သက်သွားချိန်မှာ ရှေးက လက်တွေကို ဖယ်လိုက်လေသည်။





ယုဂန်သည် ရေထဲမှ ဘွားခနဲ ပြန်ပေါ်လာသည်နှင့် ရှေးရဲ့ ပခုံးနှစ်ဖက်ကို ကယောင်ကတမ်း လှမ်းဆွဲဆုပ်ကိုင်လိုက်ရင်း...

"မင်း အခု ခံစားနေရတာ ငါခံစားခဲ့တဲ့အတိုင်း ခံစားနေရတယ်ဆိုတာရော မင်း တွေးမိရဲ့လား ရှေး၊ ငါ့ခွေးလေး သေသွားတဲ့အချိန်တုန်းက အခု မင်းဖြစ်သလိုမျိုး ငါ သွေးရူးသွေးတန်း ဖြစ်ခဲ့တယ်၊ မင်းအပေါ် စကားတွေ များခဲ့တယ်၊ အပြုအမူတွေ မှားခဲ့တယ်၊ မင်း အခု ရိုင်းသလို ငါလည်းရိုင်းခဲ့တယ်၊ မင်း အခု ငါ့ကိုမုန်းသလိုမျိုး ငါလည်း မုန်းခဲ့တယ်...၊

"ဒါပေမယ့် အဲ့ဒီအမုန်းစိတ်ကြောင့် မင်းက ငါ့ရင်ဘတ်ထဲမှာ နေရာတစ်ခု ရသွားတယ်၊ အချိန်တွေ ကြာလာတော့မှ ငါ့ရဲ့အမုန်းက အချစ်ဖြစ်နေတာကို သိလိုက်ရတယ်...၊

"ငါ မင်းကို အရမ်းချစ်တယ် ရှေး...၊ မင်းကို ဘာနဲ့မှမလဲနိုင်အောင် ချစ်တယ်၊ အရာရာထက် တန်ဖိုးထားပြီး ချစ်တယ်၊ ငါချစ်ခဲ့ဖူးတဲ့ အချစ်မျိုးထက် ပိုပြီး ချစ်တယ်"

"မချစ်နဲ့... မချစ်နဲ့၊ မုန်းတယ်... ရှင့်ကို အရမ်းမုန်းတယ်၊ ရှင် ထွက်သွား၊ ကျွန်မဘဝထဲက ရှင်ထွက်သွား"

ရှေးသည် ယုဂန်ကို ထုရိုက်ကုတ်ခြစ်လျက် ယုဂန့်



www.burmeseclassic.com

www.burmeseclassic.com



လက်မှ ရုန်းထွက်ရင်း အသံပြာအက်တိမ်ဝင်လျက် ခြေကုန်လက်ပမ်းကျကာ ပျော့ခွေသွားသည်။

ယုဂန်က သတိလွတ်သွားသော ရှေးကို ပွေ့ချီကာ ရေကူးကန်ထဲမှ တက်လာခဲ့ရပါသည်။

❑ ❑ ❑



❀ ❀ ❀

ယုဂန်သည် ရှေးတို့ဘက်က ခြံစည်းရိုးလေးနားမှာ ငုတ်တုတ်ထိုင်ရင်း ရှေးတို့အိမ်ဘက်သို့ ချောင်းကြည့်လိုက်လေသည်။

ယုဂန် ကြည့်နေဆဲမှာ ပိစိက တောင်ကြည့်မြောက်ကြည့်ဖြင့် ယုဂန်တို့ဘက် ခြံစည်းရိုးနားသို့ လျှောက်လာနေသည်။

"ရှုတ် ... ရှုတ် ... ပိစိ ... ငါ ဒီမှာ ..."

ယုဂန်ရဲ့ ခပ်တိုးတိုး လှမ်းခေါ်သံကြောင့် ပိစိက ယုဂန် ခေါင်းပြူနေရာ ခြံစည်းရိုးဆီသို့ အပြေးကပ်လာသည်။

"ပိစိ ... နင့်မမရှေး အခြေအနေ ဘာထူးလဲ"

"ဘာမှမထူးဘူး ကိုယုဂန်"

"သူ အပြင်လည်း မထွက်ဘူး၊ တစ်နေ့တစ်နေ့ အိမ်ထဲမှာ ဘာလုပ်နေလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အားရင်တော့ စစ်ကားနဲ့ အက်ရှင်ကားပဲ ကြည့်နေတာပဲ၊ စစ်မြေပြင်ရောက်နေရသလိုပဲ၊ ပိစိလည်း စိတ်ညစ်လာပြီ"

"နားငြီးရင် ဂွမ်းနဲ့ဆို့ထားပေါ့ဟာ ..."

"အဲဒီလို ဆို့ထားရင် မမရှေး ခိုင်းစရာရှိလို့ခေါ်တော့ မကြားဘဲ နေမှာပေါ့ ..."

"အေး ... ဒါလည်းဟုတ်တာပဲ၊ ဒါနဲ့ နင့်မမရှေးက ထမင်းရော ကောင်းကောင်းစားရဲ့လား"

"မစားဘူး၊ တစ်နေ့တစ်နေ့ စစ်ကားကြည့်ရင်း အာလူးကြော်ထုပ်တွေပဲ တစ်ထုပ်ပြီးတစ်ထုပ် ဖောက်စားနေတာ ..."

"နင် သူစားဖို့ ဘာချက်ကျွေးလဲ ..."

"ဟို ... ဘဲဥချဉ်ရည်ဟင်းတို့၊ ကြက်ဥကြော်တို့၊ ကန်စွန်းပလိန်းတို့ ..."

"ဒါပဲလား ..."

"ဒါပဲ ချက်တတ်တာကိုး ..."

"နင့်ဟင်းကမှ မစွံတာ သူက ဘယ်စားမလဲ၊ ရော ... ရော ... ဒီမှာ ရှေးဖို့ ဟင်းချိုင့်ယူသွား၊ ငါပေးလိုက်တယ်ဆိုတာ မသိစေနဲ့၊ နင့်ဘာသာ ဟင်းချက်နည်း စာအုပ်ကြည့်ပြီး ကောင်းကောင်းလေး ချက်ကျွေးတာလို့ ပြောကြားလား ..."





"ဟုတ်ကဲ့၊ ဒါနဲ့ ကိုယုဂန်က ဒီဘက်အိမ်မှာ ဘယ်တော့ ပြန်လာနေမှာလဲ ..."

"နင့်အစ်မ လက်ခံတဲ့နေ့ပေါ့"

"မမရှေး မြန်မြန် လက်ခံအောင် ကိုယုဂန် ကြိုးစားပေါ့၊ ပိစိ မမရှေးနဲ့ နှစ်ယောက်တည်းနေရတာ ကြောက်တယ်"

"ဘာဖြစ်လို့လဲ ..."

"အိမ်ထဲမှာ အမြဲ တိုက်ပွဲဖြစ်နေတာကိုး၊ မမရှေးက စစ်ကားကြည့်ရင်ကြည့်၊ မကြည့်ရင် ဂြိုလ်သားတွေ ကမ္ဘာကြီးကို ဝင်စီးတဲ့ ကားတို့၊ ကမ္ဘာပျက်တဲ့ ကားတို့၊ မီးတောင်ပေါက်တဲ့ကားတို့၊ သရဲကားတို့၊ ပစ်ခတ်သတ်ဖြတ်နေတဲ့ ကားတို့ပဲ ကြည့်ကြည့်နေတာ၊ သူကြည့်ပြီဆို အသံကလည်း အကျယ်ကြီးပဲ၊ ပိစိ စောင်ခေါင်းမြီးခြုံပြီး အိပ်တာတောင် သေနတ်သံတွေ ကြားပြီး လန့်လန့်နိုးလာလို့ တစ်ခါတစ်ခါ အိမ်ထဲကို ဓားပြတွေ ဝင်လာသလားတောင် ထင်မိတယ်"

"သူက ငါ့ကို ဒေါသဖြစ်ဖြစ်နဲ့ အဲဒီလိုကားတွေ ကြည့်နေတာ နေမှာပေါ့ဟာ ..."

"စနိုးကော ... နေကောင်းပြီလား ကိုယုဂန် ..."

"ဆေးခန်း နေ့တိုင်းသွားပြနေတော့ အခြေအနေကောင်းလာပါပြီ၊ ရှေ့ခြေထောက်လေးတစ်ဖက်တော့ နည်းနည်းထော့နဲ့နဲ့ ဖြစ်နေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမရှေးက စနိုး သေပြီပဲထင်တာ ကိုယုဂန်ရဲ့၊ စနိုးကို ကိုယုဂန် ဆေးကုပေးနေမှန်းသာသိရင် အရမ်းပျော်မှာ၊ ဘာဖြစ်လို့ မမရှေးကို ပြောမပြတာလဲ"

"စနိုး လုံးဝ ကောင်းသွားမှပဲ ပြောတော့မယ်လေ၊ နင်လည်း ကြိုပြောမထားနဲ့ဦးနော်၊ ငါပေးတဲ့ မုန့်ဖိုးတွေ ယူထားတယ်မဟုတ်လား၊ နှုတ်လုံပစေ ..."

"ဟုတ်ကဲ့ပါ၊ ထပ်ပေးရင် ပိုစိတ်ချရတာပေါ့"

"လူလည်မ ...၊ ရော့ ... ရော့ ... နှစ်ထောင်ပဲ ပါတယ်၊ ယူထားလိုက် ..."

"အဟီး ... ကျေးဇူးပဲ"

"သွား ... သွား ... ပြန်တော့၊ တော်ကြာ ရှေး မြင်သွားဦးမယ်၊ သတင်းထူးရင် ပြောဦး ... ကြားလား"

"ဟုတ်ကဲ့ ..."

ပိစိက ယုဂန်ပေးလိုက်သည့် ဟင်းချိုင့်ကိုဆွဲကာ အိမ်ဘက်သို့ ခပ်သွက်သွက်လေး ပြန်လျှောက်သွားလေသည်။

❑ ❑ ❑



❀ ❀ ❀

နောက်တစ်နေ့ နေ့လယ်တွင် ယုဂန်သည် ရှေးတို့ခြံထဲသို့ အရဲစွန့်၍ ဝင်လာခဲ့ပါသည်။

ပေါ်ပေါ်တင်တင် ဝင်လာရဲတာတော့ မဟုတ်ပါ။ ထီးတစ်ချောင်းကို ဖွင့်၍ ရှေ့ကနေ ကွယ်ဆောင်းပြီး ဝင်လာရခြင်းပင်။

ရှေးက လက်မခံလို့သာ ကိုယ့်အိမ်ကိုယ် ပြန်နေရပေမယ့် ယုဂန်က ရှေးစိတ်ပြေတဲ့ တစ်နေ့မှာ အတူပြန်နေခွင့်ကို မျှော်လင့်နေခဲ့မိပါသည်။

အဘွားနဲ့ မေမေကိုတော့ ရှေးနဲ့ ခဏတစ်ဖြုတ်ရန်ဖြစ် စိတ်ကောက်နေရုံပါဟု အသိပေးလျက် လူငယ်တွေကြားကို ဝင်မပါဖို့ တောင်းပန်ထားခဲ့ရသည်။

ယုဂန်သည် အိမ်ဘက်သို့ အသာချောင်းကြည့်ရင်း ကုပ်ချောင်းချောင်းဖြင့် အိမ်ထဲသို့ ဝင်ဖို့ ကြိုးစားဆဲတွင် ...



www.burmeseclassic.com

www.burmeseclassic.com



"ထွက်သွား ..."

"ဟာ ..."

ရုတ်တရက် ရှေးက ရေပုံးတစ်ပုံးကိုင်လျက် အိမ်ထဲမှထွက်လာပြီး ယုဂန်မျက်နှာကို ဆီးပက်လိုက်ရာ ယုဂန်က ထီးဖြင့် လိုက်ကွယ်သော်လည်း မမီတော့ဘဲ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားတော့သည်။

"ရှင် အခုထွက်သွားပါ ယုဂန် ..."

ရှေးက ဒေါသဖြင့် အော်လိုက်သော်လည်း ယုဂန်က နောက်မဆုတ်ဘဲ ...

"ကိုယ့်ပစ္စည်းတစ်ခု ကျန်ခဲ့လို့ ပြန်လာယူတာပါ"

"ဘာပစ္စည်းလဲ ..."

"သွားတိုက်တံ ..."

"ဒါများ အသစ်ဝယ်လိုက်ပါလား"

"အရင် အဟောင်းက အကောင်းကြီးရှိသေးတာ"

"မရှိတော့ဘူး၊ လွှင့်ပစ်လိုက်ပြီ ..."

"ဟာ ... နမြောပါတယ်ကွာ ..."

"နမြောရင် လဲသေလိုက် ..."

ရှေးက အိမ်ထဲသို့ ချာခနဲ လှည့်ဝင်သွားပြီး အိမ်တံခါးမကြီးကို ဂျိုင်းခနဲ ဆွဲပိတ်သွားသည်။

ထိုစဉ် ပိစိက နောက်ဖေး မလှယ်ပေါက်မှ ထွက်လာကာ ...





"ကိုယုဂန်က နေ့ခင်းကြောင်တောင်ကြီး လာတာကိုး၊ မနက်စောစောတို့ ညဘက်တို့ လာရင် နည်းနည်း တော်သေးတာပေါ့ ..."

"အဲ့ဒီအချိန်တွေ လာလည်း သူက လက်မခံတော့ ဘယ်လိုလုပ်မလဲ၊ ခုတောင်မှ မျက်နှာကို ရေနဲ့ဆီးပက်တာ မမြင်ဘူးလား"

"ဒါဆိုလည်း နောက်တစ်နည်း ကြိုးစားဦးပေါ့၊ မမရှေး စိတ်ပြေအောင် နည်းမျိုးစုံနဲ့ ချော့မော့ပြီးမှ ပြန်လာလို့ ရမှာပေါ့"

"ပိစိ ..."

"ဟော ... မမရှေး ခေါ်နေပြီ၊ ကိုယုဂန် ပြန်တော့ ... ပြန်တော့ ..."

ပိစိက လှစ်ခနဲ ပြန်ဝင်ပြေးသွားသည်။

ထီးတစ်ချောင်းကို ခပ်တည်တည်ဆောင်းကာ ရေတွေ ရွှဲနစ်လျက် လျှောက်လာသော ယုဂန်ကို ခြံစောင့်ကြီးက တအံ့တသြ လိုက်ကြည့်နေခဲ့ပါသည်။

ထီးကွယ်ထားသဖြင့် ယုဂန်ရဲ့ မျက်ဝန်းတွေ နီရဲစွတ်စိုနေတာကိုတော့ ခြံစောင့်ကြီးက မြင်မည်မထင်ပေ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

မေမေနဲ့ ဘွားဘွားရှေ့မှာ ပေါ့ပေါ့ပါးပါး နေပြရသည့် နေ့လယ်ခင်းတို့ ကုန်ဆုံးလျက် ကိုယ့်အခန်းထဲမှာ တံခါးပိတ်၍ နေခွင့်ရသော ညများသို့ရောက်လျှင် ယုဂန်စိတ်သည် လွမ်းဆွတ်စိတ်ဖြင့် ဖျော့တော့ နွမ်းနယ်သွားမြဲ ဖြစ်လေသည်။

သူက ရှေးရဲ့ အပြုံးမျက်နှာကို မြင်ရမှမဟုတ်၊ ရှေးရဲ့ ဒေါသမျက်နှာကို မြင်ရလျှင်ပင် အလွမ်းပြေရသည်။

နေ့လယ်က မြင်ခဲ့ရသော ရှေးမျက်နှာက သူ့အာရုံထဲမှာ ထင်ထင်ရှားရှားပင် ရှိနေသေးသည်။

သူက ဂစ်တာကို လှမ်းယူကာ မိုးမိုးရဲ့ သီချင်းလေးကို ခပ်တိုးတိုး ဆိုနေမိသည်။

*"မျက်ရည်များစွာလည်း ကျဆင်းနေရပြီပဲ ... မင်းရိုက် ချိုးကာထားခဲ့ အိပ်မက်တွေ၊ နေ့စဉ်တိုင်းမှာလည်း ကြေကွဲနေရပြီပဲ ... မင်းမပါတော့တဲ့ ငါ့ရဲ့အနာဂတ်တွေ၊ ဘယ်လိုအင်အားမျိုးနဲ့ ငါ ရင်ဆိုင်ရမလဲ မသိတော့ပါ ... ခံနိုင်ရည်မဲ့ အလွမ်းနေ့တွေ*





*ငါလေ တစ်ယောက်တည်း လမ်းတို့ဝေး၊ ဆုံးဖြတ်ထားခဲ့သော ဘဝစိတ်ကူးတွေလည်း တိမ်တိုက်လို လွင့်ကာ အဝေးမှာ ပျောက်ဆုံးပြီ၊ မင်း ချန်ရစ်လေသော အချစ်ရဲ့ မြစ်ကြီးထဲက အလွမ်းရဲ့ သမုဒ္ဒရာထဲကို ငါစီးဆင်း၊ ငါမှားလား မေ့မှာလား၊ တစ်ခါမှ ငါမတွေးခဲ့မိဘူး နင် စွန့်ခဲ့လေသမျှ၊ ဘယ်သူ့မှလည်း မပြောတော့ဘူးကွာ၊ နင်သာ ဖန်တီး ဖျက်ဆီး ငါချည်းချစ်နေရ ..."*

သူ သီချင်းဆိုနေဆဲမှာ စနိုးက သူ့ခုတင်ပေါ်သို့ ခုန်တက်လာသည်။

သူက ဂစ်တာကို ချကာ စနိုးကို ပွေ့လိုက်ရင်း "မင်းသခင်မကို သွားပြောပေးစမ်းပါကွာ၊ ဒီတစ်ခါ အတူနေခွင့်ရရင် ပျော်အောင်ထားပါ့မယ်လို့ ..."

ဟု ... တိုးတိုးလေး ပြောလိုက်မိလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

မနက်ခင်းက ကောင်းစွာ မလင်းသေးချေ...။

ယုဂန်သည် ကျေးဇူးရှင် မပိစိ မှာကြားထားသည့်အတိုင်း မီးဖိုချောင်ဘက်သို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

ပိစိက တံခါးကို ဟဟဖွင့်လျက် အသင့်ကြိုစောင့်နေကာ...

"ကိုယုဂန်... လာ... လာ၊ ဒီတံခါးက ဝင်..."

ဟု လမ်းပြခေါ်ဆောင်လာသည်။

မီးဖိုချောင်ထဲ ဝင်မိတော့ ယုဂန်က နှာခေါင်းရှုံ့လိုက်ရင်း...

"အနံ့အသက်က မကောင်းပါလား၊ နင် သေချာ သန့်ရှင်းရေး မလုပ်ဘူးလား"

"လုပ်တော့ လုပ်ပါတယ်"





ယုဂန်က မီးဖိုချောင် ထမင်းစားခန်း ပတ်ပတ်လည်ကို လှည့်ပတ်ကြည့်လိုက်ရင်း...

"မီးဖိုချောင် တစ်ခုလုံးလည်း ရှုပ်ပွညစ်ပတ်နေတာပါပဲလား ပိစိရယ်၊ နင် အလုပ်ကောင်းကောင်း မလုပ်ဘူးလား"

"လုပ်တော့ လုပ်ပါတယ်"

"နင့်မေးလိုက်ရင် ဒီလိုချည်းပဲ"

"ကိုယုဂန်က မမရွှေးမသိအောင် တိတ်တိတ်လေး အိမ်ထဲဝင်ပြီး မမရွှေးရဲ့ ဝေယျာဝစ္စလေးတွေ လုပ်ပေးချင်တယ်ဆိုလို့ ကိုယုဂန် များများလုပ်ခွင့်ရအောင် ပိစိက မလုပ်ဘဲ ကိုယုဂန်အတွက် တမင် အလုပ်တွေ ချန်ထားပေးတာပါ၊ အခု မမရွှေးစားဖို့သောက်ဖို့အတွက် ကိုယုဂန် စီစဉ်ပေးမှာ မဟုတ်လား၊ ဒီအချိန်ဆို မမရွှေးက အိပ်မောကျနေတုန်းပဲ၊ ညဆို ဇာတ်ကားတွေ ထိုင်ထိုင်ကြည့်ပြီး မနက်ဆို ၁၀ နာရီလောက်မှနိုးတာ၊ မမရွှေး မနိုးခင် ပြီးအောင်လုပ်ပြီး ပြန်နော် ကိုယုဂန်၊ ပိစိ တံခါးဖွင့်ပေးတာ သိရင် အဆူခံရလိမ့်မယ်"

"အေးပါ... ငါသိပါတယ်"

"ဒါဆို ပိစိလည်း ပြန်အိပ်တော့မယ်နော်၊ အဟီး... ကိုယုဂန် နေ့တိုင်း လာလုပ်ရင်ကောင်းမှာပဲ၊ ပိစိ သက်သာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိစိက ပြောင်စပ်စပ်လေးပြောပြီး နောက်ဘက်က သူ့အခန်းလေးထဲသို့ ပြန်ဝင်သွားလေသည်။

ယုဂန်က ကိုင်ဆွဲလာသည့် အထုပ်ကို ထမင်းစားပွဲပေါ် လှမ်းတင်ထားလိုက်ပြီး ဝတ်လာမိသည့် ဂျင်းဘောင်းဘီရှည်ကို ဒူးခေါင်းလောက်ထိ ခေါက်တင်ကာ သန့်ရှင်းရေး အရင်စလုပ်ရသည်။

ပိစိက အရွယ်လည်း ငယ်၊ အပျင်းလည်းကြီးတာမို့ မီးဖိုချောင်ကိစ္စကို နိုင်နိုင်နင်းနင်း မရှိပါ။

ယုဂန်က မီးဖိုချောင် ကြမ်းခင်းကျောက်ပြားတွေကအစ ရေစိုဝတ်ဖြင့် အားပါပါ ပွတ်တိုက် သန့်စင်လိုက်ပြီးလေသန့် စပရေးဘူးဖြင့် လျှောက်ဖြန်းလိုက်သည်။

ပြီးမှ … City Mart က ဝင်ဝယ်လာသည့် ပစ္စည်းတွေထဲက ကြက်ပေါင်၊ ပင်လယ်ငါးနှင့် ကင်းမွန်တွေကို ထုတ်ယူကာ ရေခဲသေတ္တာအပေါ်ကန့်မှာ ထည့်။ အသီးအနှံတွေကို အောက်ကန့်မှာ စနစ်တကျ ထည့်လိုက်သည်။

အားလုံး နေရာချပြီးတော့မှ ဝယ်လာသည့် ချက်နည်းပြုတ်နည်း စာအုပ်ကိုဖွင့်ကာ ဘာကစချက်ရင် ကောင်းမလဲ ဟု စဉ်းစားရသည်။

"အိုကေ … ကြက်သား ဘိတ် (မြိတ်) ချက် ချက်ရမယ်၊ မှန်း … ဘာတွေထည့်မလဲ၊ ဆီရယ်၊ ကြက်သွန်ဖြူနီရယ်၊





မျှင်ငါးပိရယ်၊ ချင်းရယ်၊ ပြီးတော့ … မန်ကျည်းမှည့်ရည်ထည့်ရဦးမယ်၊ ထည့်ရမယ့် ပစ္စည်းတွေကလည်း များပါ့ကွာ၊ ဟင်းတစ်ခွက်ချက်တာ ဒီလောက် ဖယားရှုပ်မှန်း မသိခဲ့ပါဘူး"

ယုဂန်သည် ညည်းညူရင်းကပဲ ကြက်သား ဘိတ်ချက်၊ ငါးဖယ်လုံးချိုချဉ်နှင့် ပုန်းရည်ကြီးသုပ်တစ်ပွဲကို အောင်မြင်စွာ စီစဉ်လိုက်နိုင်သည်။

ဘရိတ်ဖတ်အတွက်ကတော့ အိုဗာတင်းနှင့် ကိတ်မုန့်ပေါ့ … ။

ယုဂန်က တစ်မျိုးပြီး တစ်မျိုး ချက်ပြုတ်နေဆဲမှာ ထမင်းစားခန်း တံခါးဝက ခြေသံတရှပ်ရှပ်ကို ကြားရလေသည်။

သူက မီးဖိုချောင် တံခါးအကွယ်လေးမှာ သွားပုန်းနေလိုက်ပြီး ခြေသံလာရာသို့ ချောင်းကြည့်မိသည်။

ရှေးက ညဝတ်အင်္ကျီ ကပိုကယို၊ ဆံပင်ပွပွ အိပ်မှုန်စုံမွှားပုံဖြင့် ထမင်းစားခန်းထဲသို့ ဝင်လာနေသည်။

"ဒီဗိုက်ကလည်း ဆာပဲဆာနိုင်လွန်းတယ်၊ ဗိုက်ဖြည့်ပြီးမှပဲ ပြန်အိပ်ရတော့မယ်"

ရှေးက တီးတိုးရေရွတ်ရင်း သူ့အနားက ကပ်ဖြတ်သွားသော်လည်း သူ့ကို မမြင်ပါ။

ရှေးသည် နှုတ်ခမ်းလေးစူရူဖြင့် ပါးစပ်က ပွစိပွစိရေရွတ်ရင်း ရေခဲသေတ္တာဆီ လျှောက်သွားပြီး ရေတစ်ဘူးထုတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ ရေခွက်နှင့်မထည့်ဘဲ မော့သောက်ပစ်လိုက်သည်။ ထို့နောက် ပန်းသီးတစ်လုံး ယူလာကာ ထမင်းစားပွဲမှာ ထိုင်လိုက်ရင်း ...

"ထမင်းစားခန်းကလည်း သန့်ပြန့်နေတာပဲ၊ ပိစိတို့တော့ မှန့်ဖိုးလိုချင်ပြီထင်တယ်"

ဟု ရေရွတ်လိုက်ပြီး ပန်းသီးကို အားပါးတရ ကိုက်စားလိုက်လေသည်။

ယုဂန်သည် ချောင်ကွယ်လေးတွင် ပုန်းအောင်း ရပ်တန့်နေရင်း မမြင်ရတာကြာပြီဖြစ်သော ရွှေးရဲ့ ကလေးဆန်ဆန် အမူအရာလေးတွေကို လိုက်ငေးရင်း မျက်ရည်ဝဲလာခဲ့ရသည်။

ရွှေးရယ် ...

မင်းနဲ့အတူ ပြန်နေခွင့်ရရင် မင်း ကျေနပ်ပျော်ရွှင်အောင် ကိုယ် ဘာမဆို လုပ်ပေးပါ့မယ် ...။

အချစ်ဆိုတာ ခုလို တသိမ့်သိမ့်တငြိမ့်ငြိမ့်နဲ့ နူးနူးညံ့ညံ့ ခံစားစေတဲ့ ခံစားမှုတစ်ခုဆိုတာကို ကိုယ်သိအောင် ဖန်တီးပေးခဲ့တဲ့အတွက် မင်းကို အရမ်းကျေးဇူးတင်ပါတယ်။

❑ ❑ ❑



❀ ❀ ❀

ထိုညက ရွှေးသည် သီချင်းသံသဲ့သဲ့ကို အိပ်မက်လို တဲကယ်လိုလို ကြားရပြီး တရေးနိုးလာခဲ့လေသည်။

ရွှေး မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ကြယ်ကလေးတွေ ကျိုးတိုးကျဲတဲ ပြန့်ကျဲနေသော၊ လခြမ်းကွေးကလေး ရေးရေးသာနေသည့် ကောင်းကင်ကြီးကို မြင်ရလေသည်။

ရွှေးသည် လှသော ကောင်းကင်ယံကို ကြည့်နေရင်း ညက ဝရန်တာ ဒရင်းဘက်ပေါ်မှာ ထိုင်လျက် အိပ်ပျော်သွားခဲ့တာကို သတိရလာခဲ့သည်။

ရွှေးသည် ဒရင်းဘက်ပေါ်မှာ ပက်လက်မှီလျော နေလျက်ပင် ငြိမ်သက်နေဆဲမှာ ဂစ်တာသံနှင့် သီချင်းဆိုသံက တဖြည်းဖြည်း ပီပြင်လာခဲ့သည်။

ဒါ ... ဟိုဘက်အိမ် ဝရန်တာက လာတဲ့အသံပဲ။



www.burmeseclassic.com

www.burmeseclassic.com



*"မျက်ရည်များစွာလည်း ကျဆင်းနေရပြီပဲ၊ မင်း ရိုက်ချိုးကာ ထားခဲ့ အိပ်မက်တွေ ...*
*နေ့စဉ်တိုင်းမှာလည်း ကြေကွဲနေရပြီပဲ... မင်းမပါတော့တဲ့ ငါ့ရဲ့ အနာဂတ်တွေ ..."*

ရှေးက နေရာမှာပင် ငြိမ်သက်ရင်း သီချင်းဆိုသံထဲမှာ နစ်မျောသွားခဲ့ရသည်။

*"ဘယ်လိုအင်အားမျိုးနဲ့ ငါရင်ဆိုင်ရမလဲမသိတော့ပါ၊ ခံနိုင်ရည်မဲ့ အလွမ်းနေ့တွေ...ငါလေတစ်ယောက်တည်း လမ်းတို့ဝေး..."*

ဒီအသံဟာ ယုဂန်အသံမှန်း သိပေမယ့် ဒီနေရာကနေ ထသွားလိုက်ဖို့ ရှေးမှာ အင်အားမဲ့နေခဲ့သည်။

သီချင်းသံက နီးလာလိုက် ဝေးသွားလိုက်ဖြင့် ရှေးရဲ့ အာရုံကို ရစ်ပတ်ငြိတွယ်နေခဲ့သည်။

*"မင်း ချန်ရစ်လေသော... အချစ်ရဲ့ မြစ်ကြီးထဲက အလွမ်းရဲ့ သမုဒ္ဒရာထဲကို ငါစီးဆင်း...*
*ငါမှားလား... မင်းမှားလား..."*

သီချင်းသံက တဖြည်းဖြည်း တိုးသွားခဲ့သည်။ ဂစ်တာသံ သဲ့သဲ့ကိုလည်း မကြားရတော့ချိန်မှာ ရှေးသည် အားငယ်ဝမ်းနည်းသော ခံစားချက်ဖြင့် မျက်လုံးတွေကို မှေးမှိတ်ပစ်လိုက်လေသည်။

အချစ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ ခံစားချက်တွေဟာ ဒီကမ္ဘာကြီးရဲ့ နိုင်ငံအသီးသီးက သီချင်းရေးဆရာ





တွေ၊ စာရေးဆရာတွေ တစ်သက်စာ ဖွဲ့နွဲ့လို့ မကုန်နိုင်အောင်ပဲ များပြားနေခဲ့တာလား ...။

ခက်ကတော့ အချစ်အမျိုးအစားတစ်ခုအကြောင်း ပြောပြခဲ့သည်။

*"တချို့ အချစ်တွေဟာ အပေါ်ယံမှာ အမုန်းလို့ထင်ရတဲ့ ဆေးခါးပါးပါးလေး အုပ်ထားတတ်တယ်"* တဲ့။

*"တစ်ခါ တစ်ခါ ချစ်လို့မရတဲ့ ချစ်ဖို့မသင့်တဲ့ အချစ်တွေကို တမ်းတမနေချင်တော့လို့ အမုန်းလို့ ခေါင်းစဉ်တပ်ပြီး ကိုယ့်ကိုယ်ကို နှစ်သိမ့်ရတာမျိုးလည်း ရှိတတ်တယ်"*တဲ့။

အချစ်က တွေးလေ ...တွေးလေ ... ရှုပ်ထွေးလေပဲလား ...။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

ထိုနေ့မနက်က ရှေးသည် အိပ်ရာမှ စောစောနိုးလာခဲ့ကာ အပေါ်ထပ်မှ ဆင်းလာခဲ့ပြီး ထမင်းစားခန်းဘက်သို့ လျှောက်လာခဲ့လေသည်။

ရှေး ထမင်းစားခန်းအဝင်ဝတွင် ရပ်မိချိန်၌ မီးဖိုချောင်ဘက်မှ ကြော်လှော်ချက်ပြုတ်သံ၊ လှုပ်ရှားသံ၊ ဖွန်းသံ၊ ပန်းကန်သံ သဲ့သဲ့ကို ကြားရသည်။ ပြီးတော့ ... ထိုအသံတွေကြားမှ သီချင်းဆိုသံ ခပ်တိုးတိုးကိုပါ ထူးဆန်းစွာ ကြားရလေသည်။

*"ပြန်တွေးကြည့် ငါသိပ်ချစ်မိသွားပြီ ...*
*မြတ်နိုးရတဲ့ မင်းရဲ့ အပြုံးဟာလည်း အမြဲတမ်း တွေ့ချင်ပြီ*
*ရင်ထဲထိ ပစ်ခွင်း စူးနစ်သွားပြီ မင်းအကြည့်များ ဂန္ဓဝင်မြောက်*
*လွန်းတယ်၊ ကမ္ဘာကျော် ပန်းချီလည်း ရှုံးရပြီ ..."*

ရှေးသည် တထိတ်ထိတ် ခုန်လာသော နှလုံးသား





ရှိရာ ဘယ်ဘက်ရင်အုံကို လက်ဖဝါးလေးနှင့် အသာဖိရင်း မီးဖိုချောင်ဘက်သို့ ခြေဖွနင်းကာ ဝင်လာခဲ့မိသည်။

မီးဖိုချောင်ထဲ၌ ရှေး မြင်လိုက်ရသည်မှာ ယောက်မတစ်ချောင်းကို ခါးကြားထိုးကာ သီချင်းကလေးညည်း၍ ကြော်လှော်ချက်ပြုတ်နေသော ယုဂန်ပဲ ဖြစ်လေသည်။

ရှေးသည် အံ့သြစွာဖြင့် အာမေဋိတ်သံ ထွက်လုဆဲဆဲ ကိုယ့်ပါးစပ်ကို လက်ဖြင့်အသာပိတ်ရင်း သူ့နောက်မှာ တိတ်ဆိတ်စွာ ရပ်နေခဲ့မိသည်။

အဲဒီနောက်တော့ သူလှည့်မလာခင်မှာပဲ ရှေးရဲ့ ခြေလှမ်းတွေကို နောက်သို့ပြန်ဆုတ်လာပြီး ထမင်းစားခန်းထဲမှ လှည့်ထွက်လိုက်ချိန်မှာ မျက်ရည်စက်တချို့ လွင့်ကျကျန်ခဲ့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

မြက်ခင်းစိမ်းပေါ်မှာ မိုးရေစက်တချို့ တင်ကျန်စွတ်စိုဆဲဖြစ်သော မိုးရွာပြီးစ စိမ်းလန်းသော မနက်ခင်းတစ်ခုတွင် သွက်လက်ပြုံးရွှင်စွာဖြင့် ရှေးရဲ့ ခြံထဲသို့ လှမ်းဝင်လာနေသော မလုံးနှင့် အေးမြကို လှမ်းမြင်လိုက်ရလေသည်။

"မမရှေးရေ... မလုံးတို့ မအေးမြတို့ ပြန်လာပြီ မမရှေးရေ"

ပိစိသည် ပျော်လွန်းလို့ မလုံးတို့ဆီ ပြေးလွှားခုန်ပေါက်သွားရင်း ရှေးကိုလည်း အော်ဟစ်ပြောသွားသည်။

မလုံးတို့က ရှေးဆီ အပြေးလေးလျှောက်လာကြကာ...

"မမရှေး... နေကောင်းလား၊ ကျွန်မတို့လေ မမရှေးကို အရမ်းလွမ်းတာ သိလား"

"အေးမြတို့က ရွာမှာ ဖိမ်ကျနေတာ မမရှေးရဲ့၊ ကိုယုဂန်





က အေးမြတို့ကို ကားဂိတ်လိုက်ပို့ပေးပြီး နှစ်လစာလခရော မုန့်ဖိုးပါ ပေးပြီး ရွာခဏပြန်ခိုင်းလိုက်တာ"

"မမရှေးနဲ့ ပိစိကို စိတ်မချပေမယ့် ကိုယုဂန်က ပြန်ခိုင်းတော့လည်း ပြန်ရတာပေါ့ မမရှေးရယ်...၊

"အခု ကိုယုဂန်ကလေ နှစ်လုတောင် မပြည့်သေးဘဲ ကျွန်မတို့ ရွာအထိ လိုက်လာခေါ်တာ၊ ကိုယုဂန်က ကားအကောင်းကြီး မောင်းပြီး ရွာအထိ လာခေါ်တော့ ရွာကလူတွေတောင်မှ ကျွန်မတို့ကို ဝိုင်းပြီး အားကျကျန်ခဲ့ရတာ မမရှေးရဲ့..."

"ပိစိကဖြင့် အပြီးပြန်သွားရတယ်မှတ်လို့ ငိုလိုက်ရတာ"

"ငါတို့လည်း အဲ့ဒီလိုပဲထင်လို့ မပြန်ခင် နင့်ကိုဖက်ပြီး ငိုရတာပေါ့ ပိစိရဲ့၊ ကားဂိတ်ရောက်မှ ခွင့်နဲ့ ခဏပြန်လွှတ်မှန်း သိရတာ"

"ကိုယုဂန်က မှာလိုက်တယ် သိလား၊ မမရှေးကို အရင်ကထက် ပိုပြီး ဂရုစိုက်ရမယ်တဲ့..."

ရှေးသည် စကားတွေ အလုအယက်ပြောနေသော သူတို့သုံးယောက်ရဲ့ စကားတွေကို နားထောင်ရင်း စိမ်းလန်းသော မြက်ခင်းပေါ်က မိုးရေစက်လေးတွေကို ငေးကြည့်လျက် အသာအယာပင် ပြုံးနေခဲ့မိလေသည်။

❏ ❏ ❏



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

ဆောင်းဝင်စပြုပြီဖြစ်သော်လည်း မိုးဖွဲကလေးတွေ ကျဆဲဖြစ်သော ဆောင်းဦးတစ်နေ့တွင် ရှေးသည် တစ်ယောက်တည်း အေးအေးလူလူ ဈေးဝယ်ထွက်လာခဲ့သည်။

ရှော့ပင်းမောတစ်ခုမှာ ဖွင့်ထားသည့် ဖြူတီဆလွန်းထဲသို့ ရှေးက ဆံပင်ညှပ်ဖို့ ဝင်လာချိန်တွင် ဖြူတီဆလွန်းထဲမှာ မြူနှင့် အဖော်ယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရသည်။

ရှေးသည် မြူနှင့် မျက်နှာချင်းဆိုင်လိုစိတ် မရှိတာမို့ ဆိုင်ထဲမှ ပြန်လှည့်ထွက်လာခဲ့သည်။

သို့သော် ... မြူက နောက်မှလိုက်လာပြီး ...

"ရှေးလက်ာ ... ခဏလေး ... မြူ ပြောစရာရှိလို့ပါ"

ရှေးက အတတ်နိုင်ဆုံး စိတ်အေးအေးထားပြီး မြူ့ဘက်သို့ လှည့်ကာ ရင်ဆိုင်လိုက်သည်။

မြူ့မျက်နှာပေါ်မှာ ရန်စမည့် အရိပ်အယောင်တော့ မတွေ့ရပါ။





မြူက ရှေးကို ပြုံးပြလာရင်း ...

"ရှေးကို မြူ တောင်းပန်စရာလေး ရှိလို့ပါ၊ ကြုံလို့ ဖမ်းတောင်းပန်တာတော့ မဟုတ်ပါဘူး၊ တကူးတက လာပြီး တောင်းပန်ချင်ပေမယ့် ရှေးဆီကိုလာရင် ရှေး စိတ်အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ ...၊

"ယုဂန်နဲ့ မြူ့ကိစ္စမှာ ယုဂန်ဘက်က ရိုးရှင်း ဖြူစင်ခဲ့ပါတယ် မြူကသာ မခံချင်စိတ်တွေနဲ့ ဇာတ်လမ်း လုပ်ခဲ့မိတာပါ ...၊

"အမှန်အတိုင်းပြောရရင် မြူ့ကိုလိုက်နေရာကနေ ရုတ်တရက်ကြီး ထားခဲ့ပြီး လက်ထပ်သွားတဲ့အဖြစ်မျိုးကို မြူ မကြုံဖူးဘူး၊ မြူ့မာနကို ထိပါးခံရတယ်လို့လည်း ထင်ခဲ့တယ် ...၊

"အဲဒါကြောင့် မြူ သူနဲ့ ပြန်ဆက်သွယ်မိတာပါ၊ ရှေး အပေါ်လည်း မနာလိုစိတ်တစ်မျိုးနဲ့ စိတ်ကသိကအောက်ဖြစ်အောင် လုပ်ခဲ့ပါတယ် ...၊

"ဒါပေမယ့် နောက်ဆုံးတော့လည်း ယုဂန်က ရှေးဘက်ကပဲ ခိုင်ခိုင်မာမာ ရပ်တည်သွားခဲ့တယ်၊ ယုဂန် လွတ်လပ်တဲ့သူတစ်ယောက် ဖြစ်သွားတဲ့အခါ မြူက လက်ထပ်မယ်ဆိုရင်ရောလို့ မြူ မေးလိုက်ချိန်မှာ ရှေးနဲ့ တစ်နေ့တောင် ခွဲသွားဖို့ စိတ်ကူးမရှိဘူးလို့ ပြောခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



"မြူ ... အခု ဒါတွေပြန်ပြောပြီး တောင်းပန်နေတာ မြူ့ဝဋ်လည်မှာ ကြောက်တာလည်းပါပါတယ် ရှေး၊

"မြူ့ဘဝအတွက် အကောင်းဆုံးလို့ မြူသတ်မှတ်ထားတဲ့ သူတစ်ယောက်နဲ့ မြူ မကြာခင် လက်ထပ်တော့မှာ ... ၊ သူနဲ့အတူ မြူ မျှော်မှန်းတဲ့ ပြည့်စုံတဲ့ မိသားစုဘဝကို တည်ဆောက်တော့မှာ၊ ကိုယ်တိုင် မိသားစုဘဝရခါနီးတော့မှ ကိုယ့်မိသားစုဘဝကို အဖျက်ခံရရင်ဆိုတဲ့ စာနာစိတ်မျိုး ဝင်လာခဲ့လို့ ရှေးကို အရမ်းတောင်းပန်ချင်နေခဲ့တာပါ ..."

မြူက ရှေးကို တောင်းပန်ပြီး သူ့အမျိုးသား စောင့်နေသည့် ဗြူတီဆလွန်းထဲသို့ သွက်လက်တက်ကြွသော၊ စမတ်ကျသော ခြေလှမ်းများဖြင့် လှမ်းဝင်သွားခဲ့သည်။

ရှေးက လှစ်ခနဲ ပြုံးလိုက်ပြီး ထိုနေရာမှ သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် ဆက်လျှောက်လာခဲ့သည်။

ရှေး ... ရှေ့ပင်းမောထဲက ပြန်ထွက်လာတော့ အပြင်ဘက်မှာ မိုးဖွဲကလေးတွေ ကျနေခဲ့သည်။

ရှေးက ထီးဖွင့်မဆောင်းတော့ဘဲ မိုးဖွဲလေးတွေအောက်သို့ တိုးဝင်လာရင်း ကောင်းကင်ကြီးကို မော့ကြည့်လျက် မိုးစက်အမှုန်အမွှားလေးတွေရဲ့ ဖျန်းပက်မှုကို ခံယူလိုက်မိလေသည်။

❑ ❑ ❑



❀ ❀ ❀

နောက်တစ်နေ့ ညနေခင်းတွင် ရှေးသည် မမောင်းတာ ကြာပြီဖြစ်သော ရှေးရဲ့ ပြိုင်ကားအနီလေးဆီသို့ လှမ်းသွားနေလေသည်။

ရှေးသည် ရင်တထိတ်ထိတ်ခုန်လျက်ပင် ကားပေါ်သို့ တက်ထိုင်လိုက်ပြီး ကားစက်ကို မရဲတရဲ နှိုးကြည့်လိုက်၏။

အေးမြ၊ မလုံးနှင့် ပိစိတို့ သုံးယောက်မှာ ကားအေးတွင် တန်းစီရပ်လျက် မျက်စိစုံမှိတ်ကာ လက်ဖဝါး နှစ်ဖက်ကို ပွတ်ရင်း ...

"မမရှေး ကားပြန်မောင်းနိုင်ပါစေ၊ ဘုရားသိကြားမလို့ မမရှေး ကားမောင်းနိုင်ပါစေ ..."

ဟု တတွတ်တွတ် ရေရွတ် ဆုတောင်းနေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးသည် ကားစက်နိုးသည်နှင့် စတီယာရင်ကို ခပ်ရဲရဲပင် ဆုပ်ကိုင်လိုက်ပြီး မောင်းထွက်လိုက်လေရာ ဖြိုင်ကားအနီလေးသည် ခြံစောင့်ကြီး အသင့်ဖွင့်ပေးထားသော ခြံဝဆီသို့ ဦးတည်သွားလေသည်။

"ဟေး ... မမရှေး ကားမောင်းနိုင်ပြီကွ ..."

မလုံးတို့ သုံးယောက်သား ဝမ်းသာအားရ သံပြိုင်အော်လိုက်ကြချိန်တွင် ရှေးက သူတို့ကို လက်ပြခဲ့ပြီး ဆက်မောင်းလာခဲ့သည်။

ရှေးသည် ပျော်ရွှင်ပေ့ါပါးစွာ ကားမောင်းလာရင်း ကား ကက်ဆက်ကို လှမ်းနှိပ်လိုက်ရာ FM လိုင်း တစ်ခုက လွှင့်နေသော L ဆိုင်းဖီရဲ့ သီချင်းသံလေးကို ကြားလိုက်ရသည်။

ရှေးက L ဆိုင်းဖီနှင့်အတူ သီချင်းကလေးပင် လိုက်ဆိုလိုက်မိသေးသည်။

*"မင်း ... အချစ်တွေကို နားလည်ခဲ့ပြီး ခုတော့ မင်းရှေ့ကို၊ အပြေးလေး လှမ်းကာ ကိုယ် ရောက်ခဲ့မယ်ဆို ... တကယ်ဆို သူဘယ်ကမှားလဲ၊ နှလုံးသားက ဝန်ခံချင်နေသေးလည်း ... မတွေးနဲ့ အဝေးမယ် ... ဟိုးအဝေးမယ်၊ ဘဝမှာ အိမ်ပြန်ချိန်တွေနောက်ကျမှာ စိုး ...*

*ဟိုတုန်းကလိုမျိုး ... အချစ်ရေ ကိုယ့်ကိုချစ်သေးလား ..."*

ရှေးသည် ဘယ်လိုတွန်းအားမျိုးနဲ့များ ကားပြန်မောင်းနိုင်သည် မသိ ...။



BURMESE CLASSIC .com



ဘယ်လို ပျော်ရွှင်မှုမျိုးနဲ့များ ဒီသီချင်းကလေးကို စိတ်ပါလက်ပါ လိုက်ဆိုနိုင်သည်မသိ ...။

လူတစ်ယောက်ကို ဘယ်တုန်းကများ ချစ်မိသွားသည် မသိတော့ချေ ...။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

ရှေးက ရှေးရဲ့ကားလေးကို ခြံထဲသို့ ပြန်မောင်းဝင်လာချိန်တွင် တစ်ဖက်ခြံစည်းရိုးထဲမှ ခွေးဖြူလေးတစ်ကောင် တိုးထွက်လာတာကို လှမ်းမြင်လိုက်ရလေသည်။

"ဟင် ... စနိုးနဲ့ တူလိုက်တာ"

ရှေးက ကားရပ်ပြီး ကားပေါ်မှ အမြန်ဆင်းလာသည်။

လည်ပင်းက လည်ပတ်လေးမှာ တစ်စုံတစ်ရာ ချိတ်ဆွဲထားသော ခွေးလေးကတော့ ရှေးဆီသို့ ဦးတည်လာနေသည်။

"စနိုး ..."

"ဝုတ် ..."

"စနိုး ... စနိုးရေ ..."

"ဝုတ် ... ဝုတ် ..."



BURMESE CLASSIC .com



နာမည်ခေါ်သံ ကြားသည်နှင့် တဝုတ်ဝုတ် ဟောင်ကာ ရှေးဆီ တည့်တည့်မတ်မတ် ပြေးလာနေသော ခွေးလေးကို ကြည့်ရင်း ရှေးက အံ့ဩမင်သက်နေရာ ...

"မမရှေး ... အဲ့ဒါ စနိုးပဲ၊ စနိုး အစစ်ပဲ၊ စနိုးက မသေဘူး မမရှေးရဲ့၊ ကိုယုဂန် ဆေးကုပေးထားတာ ..."

"ဟင် ..."

ရှေးသည် ရှေးနား အရောက်မှာ ပတပ်ရပ်လိုက်သော စနိုးကို ဆီးပွေ့ကာ မျက်နှာချင်း အပ်ထားလိုက်မိသည်။

"မမရှေး ... စနိုး လည်ပင်းမှာ စာပါတယ် ... စာ ..."

ပိစိက လှမ်းအော်ပြန်တာမို့ ရှေးက စနိုးလည်ပင်းက စာခေါက်လေးကို ဖြုတ်ယူကာ ဖြန့်ဖတ်လိုက်သည်။

*ရှေး ...*

*ဒီတစ်ခါ အတူနေရင်*

*တစ်သက်လုံး ပျော်အောင်ထားပါ့မယ်။*

*ရှေးကို ချစ်တဲ့ ...*

*ယုဂန်*

ရှေးရဲ့ ပါးကလေးတွေ ရဲတွတ်သွားချိန်တွင် ရှေးဆီသို့ လျှောက်လာနေသော ယုဂန်ကို လှမ်းမြင်လိုက်ရလေသည်။

ရှေးသည် ဒီတစ်ကြိမ်မှာတော့ မျက်နှာလွှဲမသွား



www.burmeseclassic.com

www.burmeseclassic.com



တော့သဲ အကြိမ်များစွာ အမုန်းမျက်လုံးများဖြင့် ကြည့်ခဲ့ဖူးသော သူ့မျက်နှာအား ချစ်မြတ်နိုး တွယ်ငြိစွာ ကြည့်ရင်း အပြုံးမျက်နှာကလေးဖြင့် ကြိုစောင့်နေလိုက်တော့သည် ...။

ပုညခင်

ပုညခင်စာအုပ်တိုက်

BURMESE CLASSIC .com
www.burmeseclassic.com